
mgyoe.com SAMPLE BOOK



# သစ္စာနီ

## ဝတ္ထုတိုပေါင်းချုပ်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုတိုသည် ကျွန်တော်တက်မက်တန်ဖိုးထားသော
အနုပညာပုံစံတစ်ရပ်ဖြစ်သည်။
အိုဟင်နရီနှင့် ချက်ကော့ဗ်အလွန်ခေတ်၌ပင်
ဝတ္ထုတို၏ ယုတ္တိဗေဒနှင့် ရသဖောင်းများ ကုန်ဆုံး၍သွားသည်။
မော်ဒန်ဝတ္ထုတိုများ၏ လတ်ဆတ်အသစ်ဖြစ်မှုနှင့်
ပို့စ်မော်ဒန်ဝတ္ထုတိုများ၏ အကန့်အသတ်မဲ့မှုများသည်
ခေတ်ပြိုင်စာပေတော်လှန်ရေး၏
ဝိသေသလက္ခဏာများ ဖြစ်၍လာသည်။

# သစ္စာနီ

## ဝတ္ထုတိုပေါင်းချုပ်

9 248480 504705

ABZ.2022

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK



# ဝတ္ထုတိုပေါင်းချုပ်

## သစ္စာနီ

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၂၅ ၄၈ ၄၈ ၀၄၈
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**
ဝတ္ထုတိုပေါင်းချုပ်
သစ္စာနီ
ဒုတိယအကြိမ်၊ ဇန်နဝါရီ၊ ၂၀၂၄။
ပထမအကြိမ်၊ အောက်တိုဘာ၊ ၂၀၁၉။
အုပ်ရေ – ၁၀၀၀
**တန်ဖိုး –၂၅၀၀၀ ကျပ်**
**ထုတ်ဝေသူ** – ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** – ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက် (၀၀၂၉၀)၊ အမှတ် ၄၆၊ ၄၆လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** – အံ့ဘွယ်ဇင်၊ **ကွန်ပျူတာစာစီ** – သရဖီ၊ **စာအုပ်ချုပ်** – ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


စကားဦး ၁၃

အပိုင်း ၁

ကျွန်တော့် ဝတ္ထုတိုများ၏ သမိုင်းနိဒါန်း ၁၅

၁။ ရွှေမျက်နှာရဲ့ မြအသည်း ၁၇

၂။ ခင်သို့ကို ဘယ်လိုပြောရပါ့ ၂၄

၃။ ခေတ်ကာလ သမီးများ ၃၀

၄။ ပြတင်းပေါက်ကလေး ၃၇

၅။ အကြော်သည်ရှင့် ၄၃

၆။ ဒူ ၄၉

၇။ အဝီစိရေ ၅၄

၈။ ညောင်ညိုရိပ်ဝယ် ၆၁

၉။ သံချေးတက်နေသော တွယ်အပ်ကလေး ၆၇

၁၀။ ရော်ဘင်ဟုဒ် သေဆုံးခြင်း ၉၀

၁၁။ သက်တံရောင်မိုး ၉၆

၁၂။ ချောင်းဆိုး ငါးကျပ် ၁၀၄


mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း ၂


မှတ်တိုင်တစ်ခု စိုက်ထူမိခြင်း၊သို့မဟုတ် ... ၁၁၁

၁။ အိမ်နှင့် လူ ၁၁၅

၂။ ပိုက်ဆံနှင့် လူ ၁၂၄

၃။ တိမ်နှင့် လူ ၁၃၀

၄။ မှန်နှင့် လူ ၁၃၅

၅။ စာအုပ်နှင့် လူ ၁၄၀

၆။ နေကာမျက်မှန်နှင့် လူ ၁၄၇

၇။ ပန်းပွင့်နှင့် လူ ၁၅၁

၈။ နာရီနှင့် လူ ၁၇၆

၉။ မီးခြစ်နှင့် လူ ၁၈၂

၁၀။ ကားနှင့် လူ ၁၈၈

၁၁။ လေယာဉ်ကားနှင့် လူ ၁၉၃

၁၂။ ဦးထုပ်နှင့် လူ ၁၉၇

၁၃။ သက်တံနှင့် လူ ၂၀၂

၁၄။ သမုဒ္ဒရာနှင့် လူ ၂၀၆

၁၅။ ပေတံနှင့် လူ ၂၁၆

၁၆။ တောင်တန်းနှင့် လူ ၂၂၁

၁၇။ စန္ဒရားနှင့် လူ ၂၂၅

၁၈။ ဆိုက်ကားနှင့် လူ ၂၂၉

၁၉။ ယပ်တောင်နှင့် လူ ၂၃၄


အပိုင်း ၃


ဝတ္ထုတိုနှင့် ဒဿန ၂၃၉

၁။ ပြာဖြစ်သွားသော ပန်းသီး ၂၄၁

၂။ အိပ်မက်ခါး ၂၅၀

၃။ အလွှမ်းမပါသော ပြဇာတ် ၂၅၉

၄။ လူ၏ ကွန်တိုမျဉ်းများ ၂၆၈

၅။ သီးသန့် ကောင်းကင် ၂၇၃


mgyoe.com

mgyoe.com SAMPLE BOOK


၆။ စက္ကူပေါ်က သစ်ပင် ၂၇၈
၇။ ပင်လယ်ထဲက မြစ် ၂၈၇
၈။ ပျော်ပွဲစား ၂၉၂
၉။ ရေမရှိတဲ့ လှေ ၂၉၉
၁၀။ အရေးမကြီးသော စကား ၃၀၄
၁၁။ မဖြစ်စလောက် လောကခံ ၃၁၀
၁၂။ သူလိုကိုယ်လို လူများ၏ တောင်ထိပ် ၃၁၄
၁၃။ လေကို ရှူရှိုက်ခြင်း ဒုတိယပိုင်း ၃၂၀
၁၄။ အကယ်၍၏ နယ်နိမိတ် ၃၂၅
၁၅။ ဆယ့်နှစ်ရာသီ တောလား ၃၂၉
၁၆။ အထမမြောက်သော သေကြောင်းကြံစည်မှု ၃၃၆
၁၇။ သစ်ခြောက်ပင် ကိစ္စ ၃၄၂
၁၈။ ချဲ့ကားထားသော မှောက်မှားမှု ၃၄၉
၁၉။ နယ်မြေသစ် ၃၅၅
၂၀။ သဲလွန်စ ၃၆၀
၂၁။ သုံးဆယ့်တစ်ဘုံ အော်ပရာ ၃၆၅
၂၂။ အတ္တုပ္ပတ္တိမဲ့ မှန်တစ်ချပ် ၃၆၉
၂၃။ အနက်ရောင် ရှုမျှော်ခင်း ၃၇၃
၂၄။ ဖရုဿဝါစာ ဝတ္ထု ၃၈၀


**ဒုတိယစာအုပ်**

**အပိုင်း ၄**


ကျွန်တော်နှင့် မော်ဒန်ဝတ္ထုတိုများ ၃၈၅
၁။ နွားနို့ သောက်သူများ ၃၈၉
၂။ စပျစ်သီးထဲက အိပ်မက်များ ၃၉၃
၃။ ခေါ်သံများနှင့် ပျော်ရွှင်မှု ၃၉၉
၄။ အနတ္တ ဆင်ဖိုနီ ၄၀၄
၅။ ဤဝတ္ထုထဲတွင် ကျွန်တော်ကိုယ်တိုင် ဇာတ်ကောင်ဖြစ်ခြင်း ၄၁၁
၆။ ကော်ဖီဆိုင် ပြဇာတ် ၄၁၄


mgyoe.com

mgyoe.com SAMPLE BOOK


၇။ ဝတ္ထုတစ်ပုဒ်တွင် ပါသော နာမ်များ၊ ကံများနှင့် ကတ္တားများ ၄၁၇

၈။ ဗန္ဓုတ် ၄၂၁

၉။ လှံ့ဆော်မှဲ့ အာရုံသိခြင်း ၄၂၇

၁၀။ နားမလည်ဘူး အကို ၄၃၂

၁၁။ မည်ကာမတ္တ ဝတ္ထု ၄၃၅

၁၂။ ပေါက်တတ်ကရမိုး ၄၃၈

၁၃။ စိတ်ရုပ်ကြွင်း ၄၄၁

၁၄။ အခါမဲ့ မိုးကြောင့် သီးနှံများ မထိခိုက်စေရန် နှိုးဆော်ချက် ၄၄၅

၁၅။ သုညနှင့် သူ၏အရိပ် ၄၄၈

၁၆။ မနက်ဖြန် ထွက်မယ့် နေ ၄၅၃

၁၇။ ခေးအော့စ် ပကာသနီ ၄၅၅

၁၈။ သက်တံ ကျောက်ဖြစ်ရုပ်ကြွင်း ၄၅၈

၁၉။ နာရီ စားသူများ ၄၆၁

၂၀။ မဖတ်ဖြစ်သော ပြဇာတ် ၄၆၆

၂၁။ ဓာတ်သဘာဝ၏ ကောက်ကွေ့မှု ၄၆၉

၂၂။ အိပ်မက်ထဲက အိပ်မက် ၄၇၂

၂၃။ ညှပ်ဖိနပ်ခေတ် ကုန်ဆုံးခြင်း ၄၇၆

၂၄။ ဖတ်စာဋီကာ ၄၈၁

၂၅။ အတွင်းခံ ဘောင်းဘီ ၄၈၅

၂၆။ လှောင်ချိုင့်ထဲက တိမ် ၄၈၉

၂၇။ ဘောဂဗေဒ သော့ချက် ၄၉၂

၂၈။ ဘာမှ မဟုတ်ပါနှင့် ခရီးထွက်ရန် ပြင်ဆင်ခြင်း ၄၉၅

၂၉။ တံခါးခေါက်သံ ၅၀၀

၃၀။ ဤဝတ္ထုသည် ... ကျွန်တော် မရေးဖြစ်သောဝတ္ထု ဖြစ်သည် ၅၀၃

၃၁။ စကားပြေ သက်သက် ၅၀၈

၃၂။ ဝတ္ထုရေးသူရဲ့ ဝတ္ထုတို ၅၁၁

၃၃။ လှောင်အိမ် ၅၁၆

၃၄။ မဆုံးသေးသော သီချင်း ၅၂၂

၃၅။ ပြဇာတ် ၅၂၅


mgyoe.com

mgyoe.com SAMPLE BOOK

၃၆။ ထသွားထလာ ဝတ္ထု ၅၃၁
၃၇။ အပိုင်းအစများ ၅၃၅
၃၈။ သစ္စာနီဟု အမည်ရှိသောသူ ရေးသည့်စာ ၅၃၈
၃၉။ မရှိမြို့ ပုံပြင် ၅၄၃
၄၀။ မရေးဖြစ်သော အတ္ထုပ္ပတ္တိ ၅၄၇
၄၁။ မကွယ်လွန်သူ အနုပညာသို့ အမှတ်ရချက်များ ၅၅၀
၄၂။ တွင်း ၅၅၄
၄၃။ ရည်မှန်းချက်များနှင့် ဘဝ ၅၅၈
၄၄။ ဆက်ရန် ရှိသေးသည်ကို အမည်ပြောင်းလိုက်ခြင်း ၅၆၂
၄၅။ ဇော်ဇော်အောင့် ဝတ္ထုကို အလစ်သုတ်ခြင်း ၅၆၆
၄၆။ စကားလုံးများ တိမ်းမှောက်ခြင်း ၅၇၄
၄၇။ အိပ်မက်များ၏ ကားစင် ၅၇၈
၄၈။ ပြတင်းပေါက်နှင့် အိမ် ၅၈၃
၄၉။ ကျွန်တော်တို့ ဒီမှာ ဘာလုပ်နေကြတာလဲ ၅၈၇
၅၀။ ရုပ်ရှင် ၅၉၁
၅၁။ ပိုးသတ်ထားသော ဟင်းလျာ ၅၉၅
၅၂။ ဇွန် ၅၉၉
၅၃။ မှတ်ဆိတ် ဋီကာ ၆၀၃
၅၄။ Remote Control ဖြင့် ဝတ္ထုဖတ်ခြင်း ၆၀၈
၅၅။ တကယ့် အချစ်ဝတ္ထု ၆၁၂
၅၆။ ပဋိရူပ ၆၁၆
၅၇။ ကျုပ်တို့မြို့မှာ ဟိုဟာဖြစ်တုန်းက ၆၂၂

**အပိုင်း ၅**

ကျွန်တော့် ဝတ္ထုတိုအတွဲများ ၆၂၇
၁။ သစ္စာနီ စကားပြောခြင်း ၆၃၁
၂။ သစ္စာနီကို သိသလား ၆၃၅
၃။ သစ္စာနီ မိန်းမရခြင်း ၆၄၁
၄။ သစ္စာနီနှင့် ပုံတူများ ၆၄၆

mgyoe.com

mgyoe.com SAMPLE BOOK


၅။ သစ္စာနီ မဟုတ်သလို သစ္စာနီ ၆၅၂

၆။ မှော်ဆရာ သစ္စာနီ ၆၅၈

၇။ သစ္စာနီ နှစ်ကိုယ်ခွဲ ၆၆၃

၈။ သစ္စာနီ ရောင်းရန်ရှိသည် ၆၆၈

၉။ အိပ်မက်ထဲက သစ္စာနီ ၆၇၃

၁၀။ သစ္စာနီ သရဲပူးခြင်း ၆၇၇

၁၁။ သစ္စာနီ သမိုင်း ၆၈၂

၁၂။ သစ္စာနီနှင့် မျက်နှာဖုံးများ ၆၈၆

၁၃။ သစ္စာနီ မင်းသားဖြစ်ပြီ ၆၈၉

၁၄။ ဝတ်လစ်စားလစ် သစ္စာနီ ၆၉၄

၁၅။ ကျွန်တော့်မှာ ဂျင်းဘောင်းဘီတစ်ထည် ရှိတုန်းက ၆၉၈

၁၆။ ကျွန်တော့်မှာ ကောင်မလေးတစ်ယောက် ရှိတုန်းက ၇၀၂

၁၇။ ကျွန်တော့်မှာ ဂစ်တာတစ်လက် ရှိတုန်းက ၇၀၇

၁၈။ ကျွန်တော့်မှာ သီချင်းတစ်ပုဒ် ရှိတုန်းက ၇၁၂

၁၉။ ကျွန်တော့်မှာ ကျောပိုးအိတ်တစ်လုံး ရှိတုန်းက ၇၁၆

၂၀။ ကျွန်တော့်မှာ ကြောင်နက်တစ်ကောင် ရှိတုန်းက ၇၂၀

၂၁။ ကျွန်တော့်မှာ အိပ်မက်တစ်ခု ရှိတုန်းက ၇၂၄

၂၂။ ကျွန်တော့်မှာ ဥယျာဉ်တစ်ခု ရှိတုန်းက ၇၂၈

၂၃။ ကျွန်တော့်မှာ ပင်လယ်တစ်ခု ရှိတုန်းက ၇၃၁

၂၄။ ကျွန်တော့်မှာ ကောင်းကင်တစ်ခု ရှိတုန်းက ၇၃၅

၂၅။ ကျွန်တော့်မှာ ကျွန်တော်တစ်ယောက် ရှိတုန်းက ၇၃၈

၂၆။ ရှားလော့ဟုမ်း မှန်ဘီလူးအခိုးခံရသော အမှု ၇၄၁

၂၇။ ဟာစ်တလာ့ နှုတ်ခမ်းမွေးကို လေလံပစ်ခြင်း ၇၄၅

၂၈။ ရော်ဘင်ဟုဒ် မြားမှန်ခြင်း ၇၄၉

၂၉။ ရှုပါမင်းကို ဘယ်သူ သတ်သလဲ ၇၅၃

၃၀။ တာဇံကို ကိုက်တဲ့ ခွေး ၇၅၆

၃၁။ ဒါဝင် ဝင်စားတဲ့ မျောက် ၇၅၉

၃၂။ ဒသဂီရိ အရုပ်တော်ပုံ ၇၆၂

၃၃။ နပိုလီယံရဲ့ မြင်းတစ်ကောင် ၇၆၅


mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ၃၄။ ပပဝတီ ပျောက်ဆုံးခြင်း | ၇၆၉ |
| ၃၅။ ဂရေဟာမ်ဘဲလ်ကို ရိုက်မယ့်လူ | ၇၇၂ |
| ၃၆။ စင်ဒရဲလားရဲ့ ဖူးစာရှင် | ၇၇၆ |
| ၃၇။ ကိုလံဘတ် ကြည့်တဲ့ ကုလားကား | ၇၈၀ |
| ၃၈။ နစ်ရှေး၊ သို့မဟုတ် သေဆုံးသွားသော ပင်လယ် | ၇၈၃ |
| ၃၉။ နိုင်ငံရေးဝတ္ထု ၁ | ၇၈၇ |
| ၄၀။ နိုင်ငံရေးဝတ္ထု ၂ | ၇၉၀ |
| ၄၁။ နိုင်ငံရေးဝတ္ထု ၃ | ၇၉၃ |
| ၄၂။ နိုင်ငံရေးဝတ္ထု ၄ | ၇၉၆ |
| ၄၃။ နိုင်ငံရေးဝတ္ထု ၅ | ၇၉၉ |
| ၄၄။ လိမ္မော်ချိန် | ၈၀၃ |
| ၄၅။ ငွေရတုလမ်းဆုံ | ၈၀၆ |
| ၄၆။ ၈၈ ကား စီးဆင်းဆဲ | ၈၁၄ |
| ၄၇။ ဖုန်းမော် အမှတ်တရနှင့် ကျွန်တော် ပတ်သက်သမျှ ... | ၈၁၈ |
| ၄၈။ ဝိဋူရနှင့် မျိုးစောင့်ဥပဒေ | ၈၂၂ |


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# စကားဦး

၁၉၆၅ တွင် ကျွန်တော် စာ စတင် ရေးသားခဲ့သည်။ ၂၀၁၆ ရောက်သော် စာရေးသက်ပင် အနှစ် ၅၀ ကျော်ပြီ။ ကျွန်တော် အသက် ၇၀။ အသက် ၆၀ က 'ဝတ္ထုတို ၆၀' အမည်ဖြင့် ထုတ်ဝေခဲ့သည်။ အသက် ၇၀ တွင် 'ဝတ္ထုတို ၇၀' ဟု ထုတ်ရ ကောင်းမလား စဉ်းစားသည်။ ဒီအစား ဝတ္ထုတိုပေါင်းချုပ် စာအုပ် ထုတ်ရင် မဆိုးဘူးဟု စိတ်ကူးရသည်။ ကျွန်တော့်ဝတ္ထုတို အားလုံး စုပေါင်းလိုက်လျှင် တစ်ရာကျော် ပတ်ဝန်းကျင်တော့ ရှိမည် ထင်ပါသည်။ ကျွန်တော် မမှတ်မိ။

ကျွန်တော့် စာအုပ်စာရင်း ပြန်ကြည့်တော့ ဝတ္ထုတိုပေါင်းချုပ်စာအုပ် ၁၄ အုပ်အထိ ထုတ်ဝေခဲ့ပြီးတာ တွေ့ရသည်။ (ဤအထဲတွင် စာအုပ်တိုက်များသို့ ပေးထားသော်လည်း မထုတ်ဝေရသေးသည့် စာအုပ်များစာရင်း မပါသေး) ထုတ်ဝေပြီး စာအုပ်များတွင်လည်း 'အခြားသောအရာများနှင့် လူ'မှာ လေးကြိမ်၊ 'စက္ကူပေါ်က သစ်ပင်'မှာ နှစ်ကြိမ်၊ 'ဗန္ဓုတ်'မှာ နှစ်ကြိမ် ရိုက်နှိပ်ခဲ့ရသည်။ ဤ စာရင်းတွင် 'စက်နှင့် မျက်ရည်'ဟု အမည်ပေးထားသော သိပ္ပံဝတ္ထုတိုတစ်အုပ် လည်း ပါဝင်သေးသည်။ သိပ္ပံဝတ္ထုတို အများစုမှာ မှိုင်ခြမ်းပြု ဝတ္ထုများ ဖြစ် သဖြင့် ယခု ဝတ္ထုတိုပေါင်းချုပ်တွင် ချန်လှပ်ခဲ့ပါသည်။ စတိုင်ယာ ဝတ္ထုများ ကိုမူ သီးသန့်ခွဲကာ ဖော်ပြထားပါမည်။ ထို့အပြင် အခြားသူများနှင့် တွဲကာ

mgyoe.com

mgyoe.com SAMPLE BOOK

ထုတ်ဝေသည့် ဝတ္ထုတို လက်ရွေးစင်စာအုပ်များလည်း ပါသေးသည်။ ထိုစာအုပ်များကိုလည်း ဤစာရင်းတွင် မထည့်ခဲ့ပါ။ ထို့အပြင် မဂ္ဂဇင်းဝတ္ထုရှည်ဟု ဆိုနိုင်သော ဝတ္ထုလတ် တစ်မျိုးကိုလည်း (ဝတ္ထုတိုပေါင်းချုပ် ဟူသော) အမည်ဖြင့် လိုက်လျောညီထွေ ရှိစေရန် ချန်လှပ်ခဲ့ပါသည်။

ကျွန်တော့် စာဖတ်ပရိသတ် တချို့နှင့် ဆုံသောအခါ ကျွန်တော့် ဝတ္ထုစာအုပ်ဟောင်း တချို့ ရှာဖွေရခက်ကြောင်း ညည်းလေ့ရှိကြပါသည်။ ဤလိုဝတ္ထုတိုပေါင်းချုပ်စာအုပ် ထုတ်ဝေရလျှင် သူတို့ အလိုဆန္ဒလည်း ပြည့်စေ၊ ကျွန်တော့်အတွက်လည်း ပြန့်ကျဲနေသော ကျွန်တော့် ဝတ္ထုတိုများကို တစ်စုတစ်စည်းတည်း ဖြစ်စေဟု ရည်ရွယ်ပါသည်။

ကျွန်တော့် စာများကို စိတ်ရှည်လက်ရှည် စောင့်စား ဖတ်ရှုပေးနေသော စာဖတ်ပရိသတ်များကိုသော် လည်းကောင်း၊ အရှုံးအမြတ်ကို မတွက်ချက်ဘဲ စိတ်စေတနာအပြည့်ဖြင့် ထုတ်ဝေပေးသည့် စာအုပ်တိုက်ကိုသော် လည်းကောင်း အထူး ကျေးဇူးတင်ရှိပါသည်။

*အားလုံးကို လေးစားလျက် ...*

*သစ္စာနီ*

*၂၀၁၆။*

mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း ၁
## ကျွန်တော့် ဝတ္ထုတိုများ၏ သမိုင်း နိဒါန်း

ကျွန်တော်၏ ပထမဆုံး ပုံနှိပ်ဖော်ပြခံရသည့် ဝတ္ထုတိုမှာ ၁၉၆၆၊ ဇူလိုင် ရုပ်ရှင်သစ် မဂ္ဂဇင်း (အတွဲ ၇၊ အမှတ် ၈) တွင် ပါဝင်သော 'မပွင့်မီက ကြွေနှင့်သည်' အမည်ဖြင့် ဝတ္ထု ဖြစ်သည်။ ထိုစဉ်က ရုပ်ရှင်သစ် မဂ္ဂဇင်းသည် သိမ်ဖြူလမ်းတွင်ရှိကာ အယ်ဒီတာက စာရေးဆရာ ကြွယ်ဝ ဖြစ်၏။ ထိုဝတ္ထု၏ သရုပ်ဖော်ပုံမှာ ဆရာ ပန်းချီအောင်စိုး ဖြစ်ပါသည်။ ကျွန်တော့် ကလောင်အမည် နောက်တွင် 'ဉက္ကလာ'ဟူ၍ ပါသေးသည်။ ၁၉၆၉ ခုနှစ်၊ ရှုမဝတွင် ချစ်ကိုယ်တွေ့ ကဏ္ဍ၌ ရေးသောအခါ ကလောင်အမည်ကို 'မင်းကျော်မိုး'ဟူ၍ ပြောင်းလိုက်သည်။ 'လက်ကမ်းမလိုနဲ့ လက်ကို ကာ' (ရှုမဝ အတွဲ ၂၃၊ အမှတ် ၂၆၈)။ ထိုစဉ်၌ တစ်ပြိုင်နက်တည်းပင် ကျွန်တော်သည် ကဗျာများ ရေးသားနေသည် ဖြစ်ရာ စကားပြေ (ဝတ္ထု) ၏ ကဗျာအပေါ် ရိုက်ခတ်မှုကို မခံချင်သဖြင့် ကလောင်နာမည် ခွဲထားခဲ့ခြင်း ဖြစ်ပါသည်။

နောက်ပိုင်းတွင်လည်း တခြား ကလောင်ခွဲများဖြင့် ဝတ္ထုတိုများ ရေးသားခဲ့သည်မှာ ၁၉၇၇၊ နိုဝင်ဘာ ရှုမဝတွင် ပါဝင်ခဲ့သည့် 'ကျွန်တော်နှင့် မီးခြစ်ကလေးများ' ဝတ္ထုတိုအထိ ဖြစ်သည်။ ဤဝတ္ထုမတိုင်မီ ရှုမဝတွင် ဖော်ပြခဲ့သော 'ကုန်စိမ်းတွေ ပုပ်ကုန်လိမ့်မယ်' (၁၉၇၆၊ အောက်တိုဘာ) အထိ မင်းကျော်မိုး အမည်ကို အသုံးပြုခဲ့သည်။ ထိုဝတ္ထုမှစ၍ ဝတ္ထုတိုရေးရာတွင် (မိမိဘာသာယူဆချက်) တန်းဝင်လောက်ပြီ ထင်သဖြင့် ကဗျာရေးရာတွင် အသုံးပြုခဲ့သော

mgyoe.com

mgyoe.com SAMPLE BOOK
'သစ္စာနီ' ကလောင်အမည်ကို အစဉ်တစိုက် သုံးစွဲခဲ့ပါသည်။ နောက်မှ 'ဥက္ကလာ' ကိုလည်း ဖြုတ်ပစ်ခဲ့ပြီး ဖြစ်ပါသည်။ ၁၉၈၅ ဒဂုန်မဂ္ဂဇင်းတွင် သိပ္ပံဝတ္ထုတိုများ ရေးရာ၌မူ လိုင်းကွဲနေသဖြင့် 'တာရာလင်းနွယ်'ဟူသော ကလောင်အမည်ကို အသုံးပြုခဲ့ပါသည်။

ရှုမဝ၊ စန္ဒာ၊ သပြေ၊ ဂီတပဒေသာ၊ သွေးသောက် စသည့် မဂ္ဂဇင်းများ၌ မင်းကျော်မိုး၊ သင်းလှိုင်မြင့်၊ တင်ချမ်းမြ စသည့် ကလောင်ခွဲများဖြင့် အခါ အားလျော်စွာ ဝတ္ထုတိုများ ရေးခဲ့ပါသည်။ ယခု ဝတ္ထုတိုပေါင်းချုပ် ထုတ်ဝေမည် ပြုသောအခါ ...

ကျွန်တော့်ကို မော်ဒန်ဝတ္ထုရေးသူဟု လူသိများသော်လည်း ကျွန်တော် ဝတ္ထုတို စတင် ရေးသားစဉ်က (ထိုစဉ် ၁၉၇၀ တစ်ဝိုက်က မော်ဒန်ဟူသော စကားက မြန်မာစာပေလောကတွင် ခေတ်မစားလှသေး) သရုပ်မှန်ဝတ္ထုတို ရေးသူတစ်ဦးအဖြစ် စတင်ခဲ့သည်ကို မမေ့မလျော့သောအားဖြင့် ရီရယ်လစ်ဇင် ခေါ် သရုပ်မှန် စာပေအမျိုးအစားကို အချီးအဖြစ် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ပါ သည်။ သို့ဖြစ် ကျွန်တော် ထုတ်ဝေခဲ့သော ဝတ္ထုတိုပေါင်းချုပ် စာအုပ်များတွင် ထူးထူးခြားခြား ဘဝသရုပ်ဖော် ဝတ္ထုများချည်း စုစည်း ထုတ်ဝေထားသော 'ညောင်ညိုရိပ်ဝယ်'အမည်ဖြင့် ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကို ဦးစွာ ဖော်ပြလိုက် ပါသည်။ ထိုဝတ္ထုများ ထုတ်ဝေစဉ်က စာပေစိစစ်ရေးက ခွင့်မပြုသဖြင့် ချန် လှန်ခဲ့ရသော ဝတ္ထုတစ်ပုဒ်ဖြစ်သော ချောင်ဆိုးရင်ကျပ် (ရန့်သစ်) ကိုလည်း ဖြည့်စွက် ထည့်သွင်းဖော်ပြလိုက်ပါသည်။ ကျွန်တော် တကယ်တမ်း ရေးသားခဲ့ သည့် (ကလောင်နာမည်ခွဲများ ဖြင့်) သရုပ်မှန်ဝတ္ထုများမှာ ဒီအရေအတွက်ထက်မက များပြားပါသော်လည်း အချစ်ဝတ္ထုတိုများနှင့် ကျွန်တော်ကိုယ်တိုင် သိပ် နှစ်ခြိုက်ခြင်းမရှိသော ဝတ္ထုတိုများကို ချန်လှပ်ခဲ့ကြောင်း ဝန်ခံအပ်ပါသည်။

ဤအပိုင်း ၁ ဝတ္ထုတိုများကို ဖတ်ခြင်းဖြင့် ကျွန်တော်၏ အစောပိုင်း သရုပ်မှန်ဝတ္ထု အရေးအသားကို လေ့လာနိုင်ပြီး မော်ဒန်ဘက် အကူးအပြောင်းကို အကဲဖြတ်နိုင်မည်ဟု ယူဆရပါမည်။ မော်ဒန်ဝတ္ထုတိုများကိုသာ ကြိုက်နှစ်သက် သူများအဖို့မူ သည်းခံဖတ်ရှုရန် သို့မဟုတ် ကျော်လွှားဖတ်ရှုပါရန် တောင်းပန် အပ်ပါသည်။

သစ္စာနီ

mgyoe.com

mgyoe.com SAMPLE BOOK

## ရွှေမျက်နှာရဲ့ မြအသည်း

သူ့ကိုတော့ စောစောကတည်းက မြင်သည်။ မထင်၊ မထင်၍ မခေါ်မိ။ ထင်စရာကလည်း မြင်ရသည့်သူက သာမန်မျှသာ ဖြစ်သည်။ စန္ဒာ၏ ခရမ်းရောင် အိပ်မက်ထဲက သူနှင့်ကား ဂဠုန် နဂါး တစ်ပုံတခြား။ ကြည့်လေ၊ ကန်တော်ကြီး ရေကို ခြေစိမ်ကာ မြက်စိမ်းခင်းပေါ် စိမ်ပြေနပြေ ထိုင်နေသည့် လူ ညိုညိုသွယ်သွယ် သေးသေး၊ ဗယာကြော်ထုပ်ကို ဘေးချပြီး ကမ္ဘာကျော် ကျောက်ဆစ်ပန်းပုရုပ် တစ်ခုလို ငေးငေးငူငူကြီး၊ ဒါပဲ။

* * *

စန္ဒာနှင့် ချိန်းထားသည်က ကဗျာဆရာ ကိုသင်းထုံ။ သူ့ကဗျာလေးများကို ဖတ်ရသည်မှာ ရှိုက်သံကို ပွေ့ဖက်ရသည်သို့ ရှိသည်။ မျက်ရည်ကို အနံ့ရလာသည်။ တစ်ခါတစ်ရံ လောကကို မကျေမနပ် ကျိန်ဆဲသံလေးများ ကြားရသည်။ အဲဒါကိုက စိတ်ဆိုးနေသော နှင်းဆီပွင့်ဖတ်ကလေး ခြေဆောင့်နေသည်နှင့် တူ၏။ ခြောက်သွေ့ အက်ကွဲနေသော သူ့ကာရန်လေးများသည် ငွေရည်စိမ်ထားသော သီဝေခေါင်မြင့်သည့် တိမ်ပွင့်ကြားထဲက ယိုစီး လျှောကျလာသလိုဖြင့် ဘွားခနဲ မြစမ်းချောင်းထဲမှ ရေပွက်ကလေးများ ပလုံစီ ပေါက်ကွဲရာမှ ခုန်ထွက် မွေးဖွားလာသလို ရှိသည်။ စန္ဒာက သူ့ကဗျာလေးများကို

mgyoe.com

mgyoe.com SAMPLE BOOK
ဖတ်ရင်း သည်သို့ ကင်ပွန်းတပ်ခဲ့သည်။ ချစ်စရာ နှုတ်ခမ်းလေးများ။ စန္ဒာရဲ့ ခရမ်းရောင် အိပ်မက် ပန်းတောမှာရော၊ သည် အတောင်ပေါက်နေသည့် ကဗျာလေးများချည်း ဟိုနားသည် ဝဲပျံလို့ပဲ။

နောက်တော့ စန္ဒာ ကဗျာဆရာကို မိတ်ဆက်စာ ရေးမိသည်။ သည်လို နှင့် စာတံတား ခင်းမိသည်။ ကြာပြီ၊ ခုတော့ စန္ဒာက လူချင်းတွေ့ရန် ဗိုလ်ချုပ် ပန်းခြံသို့ ချိန်းဆိုခဲ့သည်။

* * *

'ကျွန်တော် သင်းထုံပါ'

စန္ဒာ ထိုင်နေသော ခုံတန်းလျားနား လာရပ်၍ သူက သူ့ကိုယ်သူ မိတ်ဆက်လာသည်။ စန္ဒာ အံ့သြမိသည်။ စန္ဒာ ထင်နေတာက ကဗျာဆရာဆိုတာ အလုကြိုက်သူ ဖြစ်သည်။ သူ့ကဗျာလေးတွေက ပိုလှသည်။ မောင်ဝင်းဗိုလ်လေး၏ ကကြိုးလို၊ သူလည်း အနည်းဆုံး မောင်ဝင်းဗိုလ်လောက်တော့ လှလိမ့်မည် ထင်ထား၏။ ခုတော့ ဟင် ... အရုပ်ဆိုးလိုက်တာဟုတော့ မပြောနိုင်ပါ။ သို့သော် သာမန်မျှသာ ဖြစ်သည်။ ဈေးထောင့်မှာ၊ ပလက်ဖောင်းပေါ်မှာ လူတွေထဲက တွေ့နေကျ ရုပ်မျိုးသာ ဖြစ်သည်။ ဒါက တဒင်္ဂ မြင်စက စန္ဒာ့ ကောက်ချက်ချမှု။ ဒါပေမဲ့ ကြာကြာတွေ့မိတော့ သူများနှင့်မတူတာတွေ အများကြီး။ ဥပမာ ကြည့်လေ၊ သူ့မျက်လုံးတွေကကို ဒဏ်ရာအနာတရ ရထားသော လိပ်ပြာတောင်လေးနှင့် တူ၏။ ပစ္စုပ္ပန်ထက် အတိတ်ပိုဆန်သော မျက်လုံးမှိုင်းမှိုင်းတို့ ရှိသည်။ ပြီးတော့ ဖယောင်းရည်စိမ်ထားသည့် ကြာစွယ်ကြာရိုးလို သွယ်လျသည့် လက်ချောင်းလေးများ၊ ပြီးတော့ ချိုအေးသော်လည်း ခိုင်ခဲ့သည့် အသံ၊ ကြည်ကြည်သာသာဖြင့် လေးလေးဆေးဆေး ပြောတတ်သော စကား၊ ပြီးတော့ ...။

ဒါတွေက နောက်မှ မြင်သိလာရသည် ဖြစ်သည်။ ခုတော့ ...။

စောစောကတည်းကသာ သူ့ကို ကိုသင်းထုံမှန်း သိလျှင် စန္ဒာ လှည့်ပြန်ဖြစ်လိမ့်မည်။ ခုတော့ မျက်နှာချင်းဆိုင်မိပြီ။ ဒီလိုဆိုတော့ သူနှင့် တွေ့ရမှာ ပျင်းစရာကြီးဟု စန္ဒာ တွေးမိပြန်သည်။

'ထိုင်လေ' စန္ဒာ ထိုင်နေသော ခုံတန်းရှည်ဘေးမှာ ဝင်ထိုင်ရန် စန္ဒာက ဖိတ်ခေါ်လိုက်တယ်။ တကယ် စကားပြောကြတော့လည်း ပျင်းစရာ မကောင်းပေ။ သူက တမင်သက်သက် စကားပြောပညာနှင့် ဆွဲဆောင်နေသည် မဟုတ်
mgyoe.com

mgyoe.com
SAMPLE BOOK
ပါဘဲနှင့် ကိုသင်းထုံကို အထင်ကြီးမိပြန်သည်။ ပြောရာဌာလည်း ပရိယာယ်မပါ။ ရိုးရိုးပင်။

သည်နေရာမှာ ကိုမြတ်ထွန်းအောင်နှင့် ကွာသည်။ ကိုမြတ်ထွန်းအောင်က သူ့ကို အထင်ကြီးရန် ဂရုစိုက်သည်။ ပလွှားသည်။ ဟန်ဆောင်သည်။ ကွာသမှ အကွာကြီး ကွာသည်။

* * *

ကိုသင်းထုံက သူ၏ အိမ်ပြေး၊ ကျောင်းပြေး ဘဝအကြောင်း ပြောပြသည်။ သူ အိမ်က ပြေးစဉ်က တစ်မြို့တစ်ရွာမှာ ထမင်း တစ်ခါပြင် ငါးမူးဆိုင်၍ တစ်နေ့ တစ်နပ် စားနေရကြောင်း၊ နှင်းထူ၍ ခြင်ကိုက်သော ညဝယ် လမ်းဘေး မြက်ခင်းပေါ် ကျောခင်းရင်း ပလက်ဖောင်းကို ခေါင်းအုံးအိပ်ရသည့် အကြောင်းကို ကြားရသည့်အခါ ကိုမြတ်ထွန်းအောင်က သူ အမေရိကကို အလည်သွားစဉ်က တည်းခိုခဲ့ရသော ဟိုတယ်ကြီး ကြီးကျယ်ခမ်းနားကြောင်း၊ စားဖွယ် ဘောဇဉ်တို့ အင်မတန် ကောင်းကြောင်း ပြောဖူးသည်ကို အမှတ်ရမိသည်။ ကိုသင်းထုံက သူ ရုပ်ရှင်ကြည့်စရာ ပိုက်ဆံမရှိလျှင် ကဗျာရေးထားသော စာရွက်ကြမ်းများကို ပိသာချိန်နှင့်ရောင်း ကြည့်ရကြောင်း ပြောသည့်အခါ တစ်ခါက ကိုမြတ်ထွန်းအောင် စန္ဒာ့ကို ရုပ်ရှင်လိုက်ကြည့်ရန် လာခေါ်ရာ ငြင်းဆန်မိ၍ စိတ်ဆိုးပြီး ငါးကျပ်တန် လက်မှတ်များကို ဆုတ်ပစ်ဖူးတာ သွားသတိရမိပြန်သည်။

စန္ဒာ တစ်ထိုင်တည်း ရင်းနှီးသွားမိသည်။ သူ့မှာ ခင်မင်စရာ၊ လေးစားစရာတွေကို တွေ့ရသည်။ ကြင်နာစရာ၊ ကရုဏာသက်စရာတွေကို မြင်ရသည်။ ဒါတွေကို သူက တမင်သက်သက် အရုပ်ကြိုးဆွဲပြသည် မဟုတ်။ ရိုးရိုးသားသား ပြောနေသည့် သူ့စကားထဲမှ စန္ဒာကသာ ရွေကျင်သလို ကျင်ယူခဲ့ရခြင်း ဖြစ်သည်။

'ပစ္စည်းဂုဏ်၊ ရာထူးဂုဏ်၊ ပညာဂုဏ်၊ ဘယ်ဂုဏ်ပဲဖြစ်ဖြစ် ဂုဏ်ဆိုတာ အချစ်ရဲ့ ကြိမ်တစ်လုံး၊ ကြိုးတစ်ချောင်းပဲ။ သူက အချစ်ကို တိုက်ရိုက် ဩဇာ ပေးနိုင်တယ်။ အချစ်ရောင် တဖိတ်ဖိတ် လက်နေပါတယ်ဆိုတဲ့ အသည်းပေါင်း များစွာဟာ ဒီဂုဏ်နဲ့ တွေ့တဲ့အခါ လမ်းဘေးက ကျောက်စရစ်ခဲ တစ်လုံးထက် ပိုပြီး တန်ဖိုးမရှိတော့ဘူး'

သူက တစ်ခါ သေဖူး၍ မျက်ရည်တန်ဖိုး နားလည်နေသူ ဖြစ်သည်။ သူ

mgyoe.com

mgyoe.com SAMPLE BOOK
က ပြန်ညည်းပြသည်။ အတိတ် သို့မဟုတ် ရင်ထဲက ပြာပုံအကြောင်း။ ညနေစောင်း၍ ပြန်မည်ပြုသောအခါ သူက စန္ဒာ့ကားနှင့် မလိုက်ဟု ငြင်း၏။ စန္ဒာ့ကား ထွက်သွားသည်အထိ ပန်းခြံဝမှာ ရပ်ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

* * *

စန္ဒာ မကြာမကြာ သူနှင့် တွေ့သည်။ ကန်တွေမှာ၊ ရုပ်ရှင်တွေမှာ၊ စားသောက်ဆိုင်တွေမှာ ...။ သူ့ကို ခေါ်မရသည့်နေရာမှာ တစ်ခုတည်းသာ ရှိသည်။ ဘုရားဖူး။ စန္ဒာက သူ့ကို ကွန်မြူနစ်ဟု စွပ်စွဲသောအခါ သူက ပြုံးသည်။ ပြီးတော့ ဒေါ်လတန်၏ အဏုမြူသီအိုရီပေါ် တည်ဆောက်ထားသော ရုပ်သည်သာ အခိုင်အမာဆိုသည့် ကားမာက်စ်၏ ဖီလိုဆိုဖီမှာ နှစ်ဆယ်ရာစု သိပ္ပံပညာအရ ခေတ်နောက်ကျနေပြီဖြစ်ကြောင်း ဝေဖန်ပြတော့သည်။ သူ့ကိုယ်သူ ဘာကောင်မှ ဖြစ်မည့်သူ မဟုတ်ဟု နောက်ဆုံး ပြောသည်။ သူနှင့် စကားပြောရသည်မှာ ကျယ်ဝန်းသည်။

ဥပမာ၊ ရုပ်ရှင်အကြောင်း စကားစပ်မိလျှင် 'ဒေါက်တာဇီဗားဂိုး' ဇာတ်ကားမှာ မူရိက်ဂျာရေး၏ ပြောင်မြောက် အကွက်ဝင်သော ဂီတနှင့် ဒါရိုက်တာဒေးဗစ်လန်း၏ အနုပညာမြောက်စွာ တင်ပြမှု၏ ပေါင်းကူး သဘောတရား၊ ရုရှမှ ချူကရိုင်၏ 'လေးဆယ့်တစ်'ဇာတ်ကားမှ စစ်ဆန့်ကျင်ရေး မူနှင့် အီတလီမှ လူချင်းနိုး၏ 'ရိုကိုနှင့် ညီအစ်ကိုများ' ဇာတ်ကားကို လက်ဖျားခါကြောင်း ပြောပြနေတတ်သည်။ ဒေါက်တာဇီဗားဂိုး ကြည့်ရင်း ပျင်းသောကြောင့် ကိုမြတ်ထွန်းအောင် တစ်ဝက်နှင့် ထပြန်လာကြောင်း ပြောသည့်အခါ ပြုံးသည်။ ကိုမြတ်ထွန်းအောင် ပြောတတ်သော ရုပ်ရှင်အကြောင်းမှာ 'ပရက်စလေ' နှင့် 'စတယ်လာစတီဗင်း' တွဲတာ သိပ်လိုက်ကြောင်း၊ 'ပဲရစ်မှာ လုပ်သည်' ဇာတ်ကားမှ 'အင်ဗားဂရက်' သီချင်း ကောင်းကြောင်းနှင့် ကလစ်ရစ်ချတ်ဇာတ်ကား မကြည့်ရတာ ကြာပြီဖြစ်ကြောင်း စသဖြင့်သာ ဖြစ်သည်။

* * *

သူက စကားပြောပြီဆိုလျှင် တစ်ရှိန်ထိုး ပြောတတ်သည်။ နားထောင်သူကို မကြည့်။ ပြောချင်ရာ ပြောနေတတ်သည်။ သူ့စကား ဆုံးမှ ပြုံးကြည့်ရင်း အားနာဟန် ပြတတ်သည်။

ကဗျာဆိုလည်း ကဗျာမို့။ တင်မိုး၏ကဗျာ သဒ္ဒါအသုံး၊ ဒေါင်းနွယ်ဆွေ၏ မာန်နှင့် ရူပကအလင်္ကာများ၊ ကြည်အေး၏ စိတ္တဇ အတွင်းသားနှင့် ဒဂုန်

mgyoe.com SAMPLE BOOK
တာရာ၏ဟန် ကာရန်သစ်များ၊ မောင်ပန်းမွှေး၏ အရွဲ၊ အပလီနှင့် နောင်၏ ဂီတသံတို့ စီကာပတ်ကုံး ပြောပြသည်။

ရှယ်လီ၏ သူပုန်ကဗျာနှင့် ရန်းဘိုး၏ ပြင်သစ် သင်္ကေတဝါဒ၊ ဂျာမန်မှ ဂိုသီ၏ အချစ်ကဗျာလေးများ အကြောင်းလည်း ပါသည်။ ပန်းချီပြပွဲ သွားကြည့်ရင်းမှလည်း ဦးစံဝင်း၏ အလင်းအမှောင်နှင့် ရမ်းဘရန့်၏ အလင်းအမှောင် အကြောင်း၊ အောင်စိုး၏ ရှန်တေနိကေတန် လက်ရာနှင့် ပေါ်ဦးသက်၏ မော်ဒန် အတတ်၊ ခင်မောင်ရင်၏ ဗိသုကာဆန်သော ကားများနှင့် ပီကာဆို၏ ကျူဗစ်ဇင်နည်း၊ စပိန်မှ ဒါလီ၏ ဆာရီယယ်လစ်ဇင်း နည်းမှ ဖရွ၏ စိတ္တဗေဒအထိ ရောက်သွားသည်။

သူ ပြောချင်ရာ ပြောပြီးလျှင် လူကို ကြည့်ကာ အားနာဟန် ပြုံးပြသည်။ တတ်နိုင်လွန်းတဲ့ သူပဲ။

* * *

တစ်နေ့က ကိုမြတ်ထွန်းအောင် အိမ် အလည် လာသည်။ လာစရာ အကြောင်းကလည်း ရှိသည်။ ဖယ်မလီယာကား ကြက်သွေးရောင်ကို စီးရသည်မှာ ငြီးငွေ့၍ ရောင်းပစ်ပြီး အနက် အသစ်တစ်စင်း ဝယ်သည်။ သူ ဒုတိယ အတွန်းဝန် ရာထူး တိုးမြှင့်ခံရသည်။ ဒါတွေက အကာ ဖြစ်သည်။ အဓိကမှာ စန္ဒာ သူ့ကို လက်ထပ်ခွင့်ပြုရန် တောင်းခံခြင်း ဖြစ်သည်။

ထိုနေ့က ကိုမြတ်ထွန်းအောင်က သူ ရာထူးတက်သည့် အထိမ်းအမှတ်လည်း ဖြစ်၊ သူ့ကားသစ်ကိုလည်း စီးကြည့်ရန် စန္ဒာ့ကို ရုပ်ရှင်ဖိတ်ပြသည်။ သူနှင့် စန္ဒာ လက်ထပ်ဖြစ်လျှင် ယခု ပြည်လမ်းရှိ သူ့မိဘများ တိုက်မှာ မနေ။ အင်းလျားလမ်းမှာ ခြံတစ်ခြံ ဝယ်မည်။ သူ့သူငယ်ချင်း ဗိသုကာဆရာကို ခေတ်အမီဆုံး ပုံစံထုတ်ခိုင်းကာ လှပသော တိုက်သစ်ကလေးတစ်လုံးကို စန္ဒာ့အတွက် ဆောက်ပေးမည်ဟု ကားပေါ်မှာ ကိုမြတ်ထွန်းအောင်က ပြောသည်။

စန္ဒာတို့ ရုပ်ရှင်အလွှတ်၊ ရုံမှ အထွက်ဝယ် ကိုသင်းထုံကို တွေ့သည်။ တွေ့သည်ဆိုရာမှာ စန္ဒာကသာ မြင်ခြင်း ဖြစ်သည်။ ကားပေါ်မှလည်း ဖြစ်၊ အတန်ငယ်လည်း လှမ်းနေ၍ စန္ဒာ နှုတ်မဆက်ဖြစ်။ လမ်းဘေး ပလက်ဖောင်းရှိ ထမင်းဆိုင်တစ်ဆိုင်မှာ သူ ထမင်းငုံ့စားနေသည်။

ထိုနေ့ ညစာကို စန္ဒာတို့ အင်းလျားလိပ်ဟိုတယ်မှာ စားရာ တစ်နပ်စာကို တစ်ရာ ကျော်သည်။
mgyoe.com

mgyoe.com SAMPLE BOOK

စန္ဒာ ပြတ်သားရတော့မည်။ စဉ်းစားသည် ဆိုရာ၌ ရှဉ့်လည်း လျှောက်သာ၊ ပျားလည်း စွဲသာအောင် စဉ်းစားလို့ မရ။ တိကျရမည်။ အိမ်ထောင်ပြုတယ် ဆိုတာ ကန်စွန်းရွက်ရောင်းတာ မဟုတ်။ ပန်းချီဆွဲတာ မဟုတ်။ ပြုပြီးမှ ညာတာပါတေး ဆိုလို့လည်း မရ။ ဘွာခတ်လို့လည်း မရ။

ကိုမြတ်ထွန်းအောင်ကို အစ်ကိုကြီးလို ခင်သည်။ ဒါထက် မပိုဟု စန္ဒာ ထင်သည်။ ကိုသင်းထိုက်ကျတော့ကော ...။ သူက ကျန်စာသင့် ရွက်ဝါလေး တစ်ချပ်လေ။ အရောင်တင်ထားသော စံပယ်ပွင့်နှင့်တော့ ကွာသည်။ သိပ်ကွာသည်။ ဒီ မီးသင့်နေသော ဝတ်ဖတ်လေးကို သူ သနားသည်။ ပြီးတော့ ဒီဝတ်ဖတ်လေး က တေးဆိုတတ်ပြန်တော့ သူ ချစ်သည်။ ပြီးတော့ စဉ်းစားရမည်ဆိုတော့ သူ့ ပြောစကားတွေက နားထဲမှာ အိမ်ဖွဲ့နေသည်။ အချစ်ဆိုတာ ဘာလဲ၊ စန္ဒာ တွေးကြည့်၏။ 'ညားတိုင်း မချစ်ဟု ဆိုသည်။ ဒါဖြင့် ဘာကြောင့် ချစ်တိုင်း မညားကြသနည်း' ယင်းအကြားမှ ပျောက်ဆုံးနေသော ဆက်သွယ်မှုသည် ယခင်က စန္ဒာ့အတွက် နားမလည်နိုင်သော တက္ကဗေဒတစ်ပုဒ် ဖြစ်သည်။

'ဂုဏ်ဆိုတာ အချစ်ကို တိုက်ရိုက် သြဇာပေးနိုင်တဲ့ ကြိမ်တစ်လုံး၊ ကြိုး တစ်ချောင်းပဲတဲ့' သူ ပြောမှပဲ နားလည်သည်။ သို့သော် ဒီစကားအတွက် ခြွင်းချက်ကို သူ့အတွက် စန္ဒာ မွေးဖွားပေးလျှင်ကော ကောင်းသည်။ စန္ဒာသည် ဖြူလျော်လျော် စန္ဒာ အဖြစ်မခံနိုင်ပါ။

* * *

စန္ဒာသည် လေပွေထဲမှ အတောင်ပေါက်သော ငွမ်းစိုင်လေးလို ပေါ့ပါး နေသည်။ သူ့ထံ သွားသည်။ သူက မဂ္ဂဇင်းတိုက်တစ်ခုမှာ ကပ်နေသည်။ သူနှင့် လက်ထပ်ဖြစ်လျှင် အင်း ... ပထမဆုံး အိမ်တစ်အိမ် ငှားရန် လိုမည်ဟု စန္ဒာ ဘတ်စ်ကားပေါ်မှာ တွေးလာသည်။ ဟုတ်သည်။ ကနေ့ စန္ဒာ သူ့ အိုပယ်ကားလေးကို အိမ်မှာ တမင်ထားပစ်ခဲ့သည်။ သူ့အရည်အချင်းကို စမ်းသပ်ရမည်။ ကဗျာဆရာကတော် လုပ်မည်ဆိုတော့ စန္ဒာ သူ့အတွေးနှင့် သူ မြုံစိစိ ပြုံးမိ သည်။

ပြုံးရင်းက နှာခေါင်း ရှုံ့မိပြန်သည်။ ဘတ်စ်ကားကို ပထမဆုံး စီးဖူးရုံ နှင့် စိတ်ပျက်သွားသည်။ လူတိုးခံရသည့်အထဲ ချွေးစော်က နံသေး။ လက်ကုန် သည်။ တိုက်ရောက်တော့ ချောင်တစ်ချောင်မှာ သူ့ကို တွေ့သည်။ အမှိုက်ပုံ ပစ်သင့်ပြီဖြစ်သော သူ့ တယောဟောင်းလေးကို တကုတ်ကုတ် ပြင်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

စန္ဒာ့တွေ့တော့ သူက ပြုံးပြသည်။ စန္ဒာက သူ့လက်က တယောကို ယူရင်း တစ်နေရာမှာ ထားလိုက်၏။ ဒီတစ်ခါ မာမီ့ဆီက မုန့်ဖိုးရမှ သူ့အတွက် အီတလီ တယောလေးတစ်လက် အသစ်ဝယ်ပေးလိုက်မည်ဟု စိတ်ထဲမှာ တေး ထားလိုက်သည်။

သည်နေ့ သူတို့ ရုပ်ရှင်ကြည့်သည်။ အပြီး လဟာပြင်ဈေးကို မုန့်စား သွားကြသည်။ သိမ်ကြီးဈေးနား လမ်းမှာ ကိုသင်းထုံနှင့် မိန်းမကြီးတစ်ယောက် စကားလက်ဆုံကျနေ၏။ စန္ဒာက ခပ်လှမ်းလှမ်းမှ ရပ်စောင့်နေသည်။ အတော် မသားနားသော မိန်းမကြီး ဖြစ်သည်။ နှစ်ခါလည် သားလေးကို ခါးထစ်ခွင် ချီပြီး ခေါင်းပေါ်မှာ တောင်းကြီးတစ်တောင်း ရွက်ထားသည်။ သူက ထိုမိန်းမကြီး ကို ဘတ်စ်ကားပေါ် ရောက်သည်အထိ တင်ပေးပြီးမှ စန္ဒာ့ထံ ပြန်လာ၏။ ပြီး တော့ အားနာဟန် ပြုံးပြသည်။ သူ့အပြောအရ ထိုမိန်းမကြီးမှာ စာရေးဆရာ ကတော် ဖြစ်သည်။ ပြောင်းဖူးဖုတ်ရောင်း၍ မြောက်ဥက္ကလာမှာ နေသည်ဟု ဆို၏။ ယခုတလော ယောကျ်ားကလည်း နေမကောင်း။ ကလေးတစ်ပြုံကြီးနှင့် အတော် ကသီလင်တ နိုင်နေသည်ဟု သိရသည်။

သူ ပြောနေသော စာရေးဆရာကို စန္ဒာ သိသည်က အတော်အသင့် နာမည်ကြီးသူ ဖြစ်သည်။ စန္ဒာ သောက်နေသော ဖာလူဒါသည် မျိုမကျတော့။ လည်ချောင်းမှာ တစ်နေ၏။

* * *

ငှက်တို့မည်သည် လေထဲမှာ ပျံ၏။ ဝဲ၏။ တေးဆို၏။ ကစား၏။ စိတ် ကူးယဉ်၏။ သို့သော် ငှက်တို့မည်သည် သစ်ပင်တို့၌သာ အုံကျင်းဖွဲ့ကုန်၏။ သိုက်မြုံ ဆောက်ကုန်၏။ နားခိုကုန်၏။ အိပ်စက် အပန်းဖြေကုန်၏။

စန္ဒာ တစ်နေ့က လက်ထပ်သည်။

* * *

ကိုမြတ်ထွန်းအောင်နှင့် ဖြစ်သည်။

*စန္ဒာ မဂ္ဂဇင်း*

*ဩဂုတ်၊ ၁၉၇၃။*

mgyoe.com

mgyoe.com SAMPLE BOOK

# ခင်သို့ကို ဘယ်လို ပြောရပါ့

လကုန်ရက်မို့ ဌာနခွဲ စာရေးကြီး၏ စားပွဲမှာ လူတွေ အုံနေ၏။ ဌာနခွဲ စာရေးကြီး ဦးလှမောင်က တစ်ယောက်စီ၏ နာမည်ကို ခေါ်ရင်း လစာထုတ်ပေးနေသည်။ အောင်မြင့်သည် ထိုင်ရင်း သည်လအတွက် သူ၏ ရသုံး ခန့်မှန်းခြေ စာရင်းကို တွက်ချက်ကြည့်နေမိသည်။ သူ့ရှေ့မှာက သူ့လစာဖြစ်သော ၈၂ ကျပ်နှင့် အကြွေအချို့ ရှိသည်။ သူသည် အမြဲခန့် စာရေး မဟုတ်သေးပေ။ အကူစာရေးအဖြစ် ကုန်သည်လမ်းရှိ သည်ရုံးတွင် အလုပ် ဝင်ခဲ့သည်မှာ ၆ လခန့် ရှိပြီ။ အကူစာရေးဆိုသည်မှာ တစ်နေ့ သုံးကျပ်ဆယ့်ငါးပြားဖြင့် နေ့စားလရှင်း အလုပ်သမား ဖြစ်သည်။

* * *

သူတို့မှာ မောင်နှမ ခုနစ်ယောက်ရှိ၍ အဖေသည် ပင်စင်စား စစ်ထွက်တပ်ကြပ်တစ်ယောက် ဖြစ်သည်။ တစ်အိမ်သားလုံးမှာ အဖေ့ ပင်စင်လခအပြင် ရုံးစာရေးမဖြစ်သော သူ့အစ်မနှင့် သူ့လစာကိုသာ မှီခိုနေရသည်။ အမှန်တော့ သူက အလုပ်ဝင်သည်မှာ မနှစ်က ဆယ်တန်းကို (ခ) စာရင်းမှ အောင်ပြီးဖြစ်ရာ ၆ လမျှသာ ရှိသေးသည်။ အမေ အသုံးအစွဲတတ်၍သာ သူတို့ ထမင်းနပ်မှန်ခဲ့ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ရှေ့ စားပွဲပေါ်ရှိ ရှစ်ဆယ်ကျော်မျှသော ငွေပုံကို သုံးစရာရှိသော အသုံးစရိတ်အလိုက် ခွဲဝေနေမိ၏။ ပထမဦးဆုံး မဖြစ်မနေ ကုန်ရမည်က လသုံး မီးရထားလက်မှတ် လဲခပင် ဖြစ်သည်။ မြောက်ဥက္ကလာ ပုရွက်ဆိတ်ကုန်းဘူတာမှ ရန်ကုန်ဘူတာကြီးထိ လသုံး လက်မှတ်ခမှာ ၁၀ ကျပ် ဖြစ်သည်။ ကားစီးလျှင် အသွားအပြန် တစ်နေ့ တစ်ကျပ်ကျနှင့် ၃၀ နီးပါး ကုန်မည်။ ရထားစီးရတာ အချိန်မမှန်သည့်အခါ မမှန်၊ တိုးကြိတ် စီးရသည့်အခါ စီးရ၊ ရထား စင်းလုံး ပျောက်သည့်အခါ ပျောက်ပေမဲ့ အကုန်အကျ သက်သာသည်။

ပြီးတော့ သူ တက်နေသော လူငယ်ရေးရာ ညကျောင်းအတွက် ကျောင်းလခ ၆ ကျပ်။ ပြီးတော့ လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုး၊ ရုပ်ရှင်ဖိုးအတွက် ငွေ ၂၀။ ဒါကလည်း တော်တော် ချွေတာသုံးမှ ဖြစ်မည်။ အားလုံးပေါင်း ၃၆ ကျပ်၊ ၄၆ ကျပ်နှင့် အကြွေအနည်းငယ်သာ ကျန်တော့သည်။

မိုးကျသည်မှာ ကြာပြီဆိုတော့ အမေက သူ့အတွက် ထီးတစ်လက် ထုတ်ပေးချင်သေးသည်။ ဒါကလည်း ပြည်သူ့ဆိုင်က ပေးတုန်း ယူမှ။ မနက်က သူ အလုပ်သွားခါနီးမှ အမေက သူ့အင်္ကျီကော်လံနားတွေ စုတ်ဖွာနေတာ မြင်ကာ ပြန်ချုတ်ခိုင်း၍ မျက်စိမှုန်မွှားနှင့် အပ်ဖြင့် သီပေးသည်။ အနားပြာ ဝတ်ရတာ ကျောယားသည်ဆိုကာ သူများတွေ တက်ထရွှန်ရောင်စုံကို ခါးပေါ်မှ မချသော ခေတ်မှာ သူ့သား၏ နီကြန်ဝါရော်သော ကောလံဖွာသော အနားပြာအင်္ကျီ မဖြူ့တဖြူကို ကြည့်ကာ အမေ့ရင်ထဲမှာ ချမ်းမြေ့ဟန်မတူ။ ဒါကြောင့် တက်ထရွှန် မတတ်နိုင်ခင် ထီးတစ်လက်တော့ ဝယ်ပေးဦးမှာပဲဟု အမေ့စိတ်ထဲမှာ စွန့်စား ဆုံးဖြတ်လိုက်ဟန် တူသည်။

အမေ့အဆိုအရ ထီးဖိုး ၁၀ ကျော်ကို ထပ်နုတ်လိုက်လျှင် အိမ်သုံးစရိတ်ပေးရန် ၃၀ ကျော်သာ ကျန်တော့မည်။ သူ့ရှေ့မှာ တကွဲတပြားစီ စုပုံထားသော ငွေတို့ကိုကြည့်ကာ အောင်မြင့် ရင်မောနေမိသည်။ သည်ကြားထဲ သည်ငွေပုံ ဝိုင်းဝိုင်းလေး အလယ်မှာ မနက်က တွေ့ခဲ့ရသော ခင်သို့မျက်နှာကလေးက လည်း ပေါ်လာပြန်ပါသည်။

* * *

ရွာ ဈေး တစ်ဖက်မှာရှိသော သူတို့အိမ်နှင့် ပုရွက်ဆိတ်ကုန်းဘူတာမှာ တော်တော်ကလေး လှမ်းသည်။ ဈေးရှေ့မှတ်တိုင်မှ မြရတနာလမ်းထိပ်ရှိ ခေမာသီကား စီးမည်ဆိုလျှင် ၅ ပြားခရီး ဖြစ်သည်။ သို့သော် အောင်မြင့် ကား

mgyoe.com

mgyoe.com SAMPLE BOOK

စီးလေ့ မရှိ။ စရိတ်လည်း သက်သာ၊ အညှောင်းလည်းပြေရန် လမ်းလျှောက်စမြဲ ဖြစ်သည်။ ၈ နာရီသာသာ ထွက်မည့် ရထားကိုမီရန် သူ ၇ နာရီမခွဲခင် အိမ်က ထွက်သည်။ သူ ထမင်းဘူးယူရန် အမေသည် မနက် ၅ နာရီ ထကာ ထမင်းအိုး တည်ရသည်။ သူတို့အိမ်မှာ စားသည်က ငစိန်ဆန်။ ငစိန်ဆန်၏ သတ္တိက အေးလျှင် မာသည်။ ယင်းကြောင့် သူတို့ လူတန်းစားက 'အေးအေးမာ' ဟု ခေါ်သည်။ ညကတည်းကသာ ချက်ထားရလျှင် မနက် ထမင်းဘူးထဲ ထည့်သည့်အခါ ကျောက်ခဲနှင့် မခြား။ ဒါကြောင့် အမေက ဒုက္ခခံကာ နံနက်စောစောမှ ထချက်သည်။ ဒါတောင် ရုံးရောက်၍ ၉ နာရီခွဲ၊ ၁၀ နာရီ ဖွင့်စားသည့်အခါ မနည်း ကြေညက်အောင် ဝါးရသည်။ သို့သော် ငစိန်က ဈေးသက်သာသည်။ ရင်ခံသည်။ အစာမကြေလွယ်။ ထို့ကြောင့် ခဏခဏ မဆာ။ မုန့်ပဲသရေစာဖိုး အကုန်သက်သာသည်။ တွက်ခြေကိုက်သည်။

မနက် ထမင်းဘူးထည့်ယူရန် အမေ ကန်စွန်းရွက်ကြော်နေ၍ သူ နည်းနည်း နောက်ကျသွားသည်။ ခင်သီက စောင့်နေကျ လမ်းထိပ်က ဗာဒံပင်အောက်မှာ စောင့်နေသည်။ ခင်သီသည် သူတို့နှင့် တစ်ရပ်ကွက်တည်းနေကာ မိခင် မုဆိုးမကြီးနှင့် မောင်လေးတစ်ယောက်ကို ဆေးလိပ် လိပ်ကျွေးနေသူ ဖြစ်သည်။ အောင်မြင့် ဘူတာသွားရာနှင့် တစ်လမ်းတည်းဖြစ်သော မြရတနာလမ်းထဲမှာ ခင်သီတို့ ဆေးလိပ်ခုံရှိသည်။ သူနှင့် ခင်သီသည် နေ့စဉ် လမ်းထိပ်တွင်ဆုံကာ အတူတူ သွားနေကျဖြစ်၍ ဦးသူက ဗာဒံပင်အောက်မှာ စောင့်ကြစတမ်း ဖြစ်သည်။ သူ ဘူတာကအပြန် ညနေကျလျှင်လည်း ခင်သီ့ကို ဆေးလိပ်ခုံမှာ ကြို ရသည်။

သူနှင့် ခင်သီ သမီးရည်းစားဖြစ်ခဲ့သည်က ၃ နှစ် ကျော်ပြီ။ ကြာပြီ။ သို့သော် သူ့ဘဝ၊ ကိုယ့်ဘဝ အခြေအနေကို ချင့်တွက်၍ လက်မထပ်ဖြစ်ကြသေးချေ။ မနက်ကမူ သူတို့နှစ်ဦး စကားတပြောပြောနှင့် လမ်းလျှောက်လာကာ မည်သို့မည်ပုံ စကားစပ်မိလေသည် မသိ။ သူ့နှုတ်က ခင်သီ့ကို လက်ထပ်ခွင့် ဖွင့်တောင်းမိသည်။ အမှန်လည်း သူ မလွန်။ သူတို့ ချစ်သည်မှာ ကြာပြီ။ သည်မျှ ကြာမှတော့ နီးစပ်ချင်လာသည်။ ပြီးတော့ သူ ချစ်သော ခင်သီ့ကို လက်လွှတ်ဆုံးရှုံးရမှာ စိုးသည်။ အိပ်မက်ထဲမှာတောင် တွေးမကြည့်ဝံ့။ ပြီးတော့ ခင်သီတို့ ဆေးလိပ်ခုံပိုင်ရှင်၏ မောင်ဆိုသူ မျက်နှာရူးကလည်း ရှိသည်။ သူက လည်း ခင်သီ့ကို ရိသဲ့သဲ့။

mgyoe.com

mgyoe.com

'သီလေးရယ် ... ကိုယ်တို့ လက်ထပ်ကြရအောင်'

ခင်သီက ချစ်စရာ မျက်နှာလေးဖြင့် သူ့ကို မော့ကြည့်သည်။ သူ့ မျက်နှာရိပ်မှာ အံ့သြမှုတစ်ဝက် လွှမ်းမိုးနေသည်။ အံ့သြမည်ဆိုလည်း အံ့သြလောက်သည်။ ဟုတ်သည်။ သုံးနှစ်သုံးမိုး ကြာပြီဖြစ်သော သူတို့ချစ်ခရီး တစ်လျှောက်မှာ သူ ဒီစကားကို တစ်ခါမှ မပြောခဲ့စဖူး။

'အလျင်မလိုဘူးလား အစ်ကိုရယ် ...'

ခင်သီက ခပ်လေးလေး စဉ်းစဉ်းစားစား ပြောရာက သူ့ခေါင်းလေးကို ရှက်သောဟန်ဖြင့် ငုံ့ပစ်လိုက်သည်။ ခေါင်းငုံ့မပစ်နိုင်ခင် သူ့မျက်နှာ ဝါဝါလေးမှာ ပန်းနုရောင်တစ်ချက် ပြက်သွားသည်ကို အောင်မြင့် မြင်လိုက်သည်။ ခင်သီ့ ခြေလှမ်းကလေးများကလည်း မသိမသာ မြန်လာသည်။

'နောက်တောင်ကျနေပါပြီ ခင်သီလေးရယ်'

ခင်သီ့မျက်နှာလေး ပြန်မော့လာသည်။ ဝန်းစက်သော မျက်လုံးရွဲများမှာ ပို၍ ရွှန်းလက်လာသည်။ အောင်မြင့် လက်ထပ်ခွင့်တောင်းသည့်အတွက် သူ့ မျက်နှာမှာ ဝမ်းသာဂုဏ်ယူဟန် ပေါ်နေသည်။

'အစ်ကို့အိမ် အခြေအနေနဲ့ အသီ့အိမ် အခြေအနေတွေကလည်း ရှိသေးတယ် မဟုတ်လား'

'ကိုယ်တို့လောက် အခြေမခိုင်တဲ့သူတွေတောင် စွန့်ရဲသေးတာပဲ သီလေးရယ်။ ကိုယ်တို့ ဘာကြောင့် သတ္တိနည်းရမှာလဲ။ နောက်တော့လည်း သူ့ဟာနဲ့ သူ ဖြစ်လာမှာပေါ့'

ခင်သီတို့ ဆေးလိပ်ခုံရှိရာသို့ ရောက်လာ၍ သူတို့ လမ်းခွဲခဲ့ကြသည်။ ခင်သီက ညနေကျရင် အတိအကျ အဖြေပေးမယ်ဟု ဝန်ခံလိုက်သည်။ ဒါနှင့် သူ ကျေနပ်ပြီ။ ခင်သီ့ အဖြေကိုလည်း သူ ကြိုသိနှင့်နေပြီ။ ချစ်သော သီလေးသည် သူ့အလိုကို ဘယ်တော့မှ ဆန့်ကျင်လိမ့်မည်မဟုတ်။

* * *

'ကိုအောင်မြင့်၊ ဒီမယ် ... ကိုအောင်မြင့်'

ဘေးက ခေါ်လိုက်သော အသံကြောင့် သူ၏ အတွေးစများ ပြတ်သွားသည်။ ခုမှ သူ့ပတ်ဝန်းကျင်ကို အကဲခတ်မိသည်။ ရုံးဆင်းချိန်တိုင်ပြီဖြစ်ရာ လူခပ်ကျဲကျဲနှင့် တိဆိတ် ကျန်ရစ်သည်။ သူ့ဘေးမှာ သူတို့ဌာနမှ အောက်တန်းစာရေး ကိုသိန်းဟန် ရပ်နေသည်။ သူသည် တောင်ဥက္ကလာမှာနေ၍ ကလေး

mgyoe.com SAMPLE BOOK
၄ ယောက်အဖေ ဖြစ်သည်။

'အာ ... ကိုသိန်းဟန်၊ ဘာကိစ္စလဲဗျ'

ကိုသိန်းဟန် မျက်နှာက ချိုတုံချတုံဟန် ပေါ်နေသည်။ ပြီးမှ မရွံ့မရဲနှင့်

'ကျွန်တော့်ကို ငွေတစ်ဆယ်လောက် ချေးစမ်းပါဗျာ'

'ခင်ဗျာ ...'

အောင်မြင့် ပါးစပ်မှ လွှတ်ခနဲ ထွက်သွားသည်။ လခထုတ်ရက်မှာ ငွေလာချေးသည်ဆိုတော့ အံ့ဩ ေးမောမိသည်။

'ခင်ဗျားရဲ့ လခကရောဗျာ ...'

'အားလုံး အကြွေးဆပ်လို့ ကုန်ပြီလေ။ ခုန ကျွန်တော်နဲ့ ကာဖီဆိုင်ထွက်သွားတဲ့ လူသုံးလေးယောက်ကို မတွေ့လိုက်ဘူးလား။ အဲဒါ ရုံးကို ကြွေးလာတောင်းတဲ့ ကြွေးရှင်တွေပဲ။ အခု အိတ်ထဲမှာ အကြွေနည်းနည်းပဲ ကျန်တော့တယ်'

'ဒါဖြင့် ခင်ဗျားတို့ တစ်လလုံး ဘယ်လိုလုပ် စားမလဲ'

ကိုသိန်းဟန်က မချိတရိ သရော်ပြုံး ပြုံးလိုက်သည်။

'ဒီလိုပဲ ကြွေးသစ်ယူပြီး စားရတာပေါ့ဗျာ။ သည်လောကမှာ သည်သံသရာက မဆန်းပါဘူး'

'ကျွန်တော် ကူညီချင်ပါတယ် ကိုသိန်းဟန်။ ဒါပေမဲ့ ကျွန်တော့်မှာလည်း အပိုအလျှံ မရှိဘူး ခင်ဗျ'

'ကျွန်တော် အတိုး တစ်ကျပ် ပေးပါ့မယ် ကိုအောင်မြင့်ရယ်'

'ကျွန်တော့်မှာ အပိုရှိရင် ခင်ဗျား အတိုးပေးစရာ မလိုပါဘူး။ ခုဟာက ကျွန်တော် မတတ်နိုင်လွန်းလို့ပါ'

အောင်မြင့်စကား အဆုံးမှာ ကိုသိန်းဟန် မျက်နှာသည် ပြိုတော့မည့် မိုးလို ညိုမှိုင်းသွားသည်။

'ဒီတစ်ဆယ်က ဘာလုပ်ဖို့များလဲဗျာ ...'

'အိမ်က ကလေးတွေအတွက် မုန့်ဝယ်သွားချင်လို့ပါ။ မနက် အိမ်ကထွက်ကတည်းက မုန့်ဝယ်လာဖို့ မှာလိုက်တယ်။ သူတို့အဖေ လခထုတ်တဲ့နေ့ဆိုတော့ သူတို့အဖို့ မုန့်ဝယ်လာလိမ့်မယ်လို့ မျှော်လင့်နေကြမှာပဲ။ ကဲ ... ခင်ဗျားပဲ စဉ်းစားကြည့်စမ်း။ ကျွန်တော့် သားသမီးတွေကို ကျွန်တော် ဘယ်လိုလုပ် မျက်နှာပြရမလဲ'

mgyoe.com

ကိုသိန်းဟန် အသံမှာ ဆို့နင့်အက်ကွဲကာ ငိုသံပါကြီး ဖြစ်သည်။ အံကို ကြိတ်ရင်း မျက်ရည်မကျအောင် ထိန်းထားနိုင်ပေမဲ့ ရင်ထဲမှာမူ ရှိုက်ကြီးတငင် ငိုကြွေးနေရသလို ရှိသည်။ သူ့အစား အောင်မြင့်ကိုယ်တိုင် ကြေကွဲလာမိသည်။ စာနာစိတ် ပေါ်မိသည်။ သူ့ရှေ့မှ ယခုတိုင် ချထားဆဲဖြစ်သော ငွေပုံထဲမှ ငွေ တစ်ဆယ်ကို နှိုက်ယူ၍ လှမ်းပေးလိုက်သည်။

'ရော့ဗျာ ... ကိုသိန်းဟန်။ ဒီတစ်ဆယ် ယူသွား။ ဒါ ကျွန်တော် ထီးတစ် လက် ဝယ်ဖို့ ဖယ်ထားတဲ့ ငွေပဲ။ ခင်ဗျားကို ကျွန်တော် ကူညီလိုက်မယ်။ ဒီငွေ အတွက် ခင်ဗျား ကျွန်တော့်ကို အတိုးလည်း ပေးစရာမလိုဘူး။ အရင်းလည်း ပေးစရာမလိုဘူး။ ဟုတ်လား'

သူ ဒီလ ထီးဝယ်နိုင်ဦးမည် မဟုတ်။ မိုးစိုရေစိုနှင့်ပင် ရုံးရောက်ရဦးမည်။ သို့သော် သူ ကျေနပ်သည်။ အမေ့ကို ပြန်ပြောပြလျှင်လည်း အမေ ကျေနပ် လိမ့်မည်။ စိတ်နှလုံးကောင်းသော အမေသည် သူ့ဒါနကိုပင် သာဓုခေါ်ချေဦး မည်။

အမေ့ကို ပြန်ပြောရသည်က လွယ်ပါသည်။

သို့သော် သူ အပြောခက်နေသည်က ခင်သီ့ကိုသာ ဖြစ်သည်။ မနက် ကပဲ သူ ခင်သီ့ကို လက်ထပ်ခွင့် တောင်းခံခဲ့သည်။ ညနေကျမှ ခင်သီက အဖြေ အတိအကျပေးမည် ဆိုသော်လည်း ခင်သီ့အဖြေကို သူ ကြိုသိနေသည်။ ခင်သီ သည် သူ့အလိုကို ဆန့်ကျင်မည် မဟုတ်။

သို့သော် ညနေ ခင်သီနှင့် တွေ့ချိန်၌ ...

သူတို့ အခြေအနေနှင့် ခုလောလောဆယ် လက်မထပ်နိုင်သေးကြောင်း၊ သူ့စကားကို ပြန်ရုပ်သိမ်းကြောင်း ပြောပြလျှင် ခင်သီ့စိတ်၊ ခင်သီ့ရင် ဘယ်သို့ ရှိမည်နည်း။

သူ့ကို ဘဝကို ရင်မဆိုင်ရဲသူဟု အထင်သေးသွားမလား။ စိတ် အပြောင်း အလဲ မြန်သူဟု ရွံရှာသွားမည်လား။ ခင်သီတစ်ယောက် ရှက်သွားမလား။ စိတ်ဆိုးသွားမလား။

'ဩော် ... ခင်သီ့ကို ဘယ်လို ပြောရပါ့ ...'

စန္ဒာ မဂ္ဂဇင်း
ဩဂုတ်၊ ၁၉၇၄။

mgyoe.com

mgyoe.com SAMPLE BOOK

## ခေတ်ကာလ သမီးများ

ကျုပ်တို့ ဝိုင်းမို့ စုမိလျှင် စကားခြေဦး လှည့်မိကြသည်က ညည်းတို့အကြောင်းသာ ဖြစ်သည်။ အပြော လက်ဆိုလည်း ကျသည်။ လှအေးက ချစ်စုအကြောင်း၊ ကျုပ်က မနော် အကြောင်း၊ မြင့်မောင်က မိသွယ်၊ လွင့်ဝေက မှုံ၊ စန်းလွင်က မမ စသဖြင့် တစ်ခွန်းတစ်လက်နှင့် ဆက်ရက်ကျသည့် လက်ပံပင်လို ...။

ညည်းတို့ကလည်း ကျုပ်တို့ ရင်၊ ကျုပ်တို့ အိပ်မက်တို့သာမက ကျုပ်တို့ နှုတ်ခမ်းအထိပဲ စိုးမိုးနိုင်လွန်းလှသည်။ သို့သော် ကျုပ်တို့ကလည်း ယင်းကို ကျေနပ်၏။ အသည်းဖုရားတို့အကြောင်းကို အလုအယက် သူ့ထက်ငါတင် ပြောရလျှင် လျှာမှာပင် ချွေးစို့ရွဲတော့ ရောင့်ရဲ လျော့ရဲသောစိတ် မရှိ။ အပြောကလည်း မခန်းနိုင်။ မနောကလည်း မပန်းနိုင်။

ကျုပ်တို့ကလည်း ကဲတော့ ကဲပါသည်။ သဲတော့ သဲပါသည်။ အဖြစ်ကလည်း ထူးပါသည်။ အချစ်ကလည်း ရူးပါသည်။

* * *

သူ့နာမည် အညို ဖြစ်သည်။ လှအေးကမူ ချစ်စုဟု ခေါ်၏။ ကျုပ်တို့က သရက်သီး နာမည်ကြီးဟု နောက်လေ့ရှိသည်။ လှအေးက ချစ်စုထံ စာရေးသော

mgyoe.com

mgyoe.com SAMPLE BOOK

အခါ ဘယ်နံရောခါမှ 'သို့' ဆိုသည့် ခွန်းချီစကားဖြင့် အစမပျိုး။ 'သို့'သည် သူစိမ်းပြင်ပြင် ဆန်သည်။ သူနှင့် ချစ်စုကမူ နှလုံးသားချင်းပင် ရင်းနှီးပြီးသားဟု ဆိုသည်။ ပြီးတော့ ပန်းချီသမားပီပီ စာကို ရှုခင်းဖြင့် အရောင်အသွေး ခြယ်တတ်သည်။ ဥပမာ၊ စာခေါင်းစီး၌ နေ့စွဲကို အတိအကျတပ်လေ့ မရှိ။ မိုးလယ်ရာသီ၊ သို့မဟုတ် နွေဦးရာသီ၊ သို့မဟုတ် ဆောင်းနှောင်းရာသီ စသဖြင့် သံယောဇဉ်ထံ စာရေးလိုက်သည်၊ သို့မဟုတ် အတွယ်အတာထံ စာရေးလိုက်သည် စသဖြင့် တစ်ပုံတစ်ခန်း တစ်မျိုးဆန်းသည်။

မြင့်မောင်ကတော့ မိသွယ်မှ မိသွယ်။ သူတို့က တစ်ဖုံတစ်နည်း။ အစက လိုက်ပါရစေ ရွှေနွယ်ရိုး၊ သွယ်သွယ်က ပိုးခဲ့ရသည်။ နောက်တော့ ကျွဲကူးရာ ရေက ရှေ့မှ ပါတော့သည်။ မြင့်မောင်က ရေနှယ်၊ မိသွယ်က ကျွဲ။ ချစ်မိတော့လည်း ရွာလွန်ပြီး မြင့်မောင်က အသည်း ရွက်တိုက်တော့သည်။ သူ့နှုတ်ခမ်းမို့ တံခါး မဖွင့်လိုက်နှင့်၊ သူ့လျှာမို့ မလှုပ်လိုက်နှင့် မိသွယ်နှင့် စပြီး မိသွယ်နှင့် ဆုံးသည်ချည်းသာ။ သူက ပေး၍ မိသွယ်က ပြန်ပေးသော စာအစောင်ပေါင်း သုံးရာကျော်ကို ခေါင်းပေါ်ရွက် ကြွားတတ်သည်။ မိသွယ်ကပေးသော ဓာတ်ပုံကိုလည်း စာအိတ်ထဲထည့်၍ အသေပိတ်ထားလိုက်သည်။ တမ်းတမိလို့ လွမ်းလှချည့်ဆိုသည့် ရင်ပူဆာ အသည်း မနေသာသည့်အခါမှ ထုတ်ကြည့်သည်။ မကြာခဏ ထုတ်ကြည့်လျှင် ဓာတ်ပုံလေး နွမ်းသွားမှာစိုးသည်ဟု ဆို၏။ နှစ်တိုင်း အစောဆုံးပွင့်သည့် ပိတောက်ကို မြင့်မောင် ရှာခူးသည်။ ခိုးခူးသည်။ လှည့်ခူးသည်။ လည်ခူးသည်။ ခူးသည့်အချိန်ကလည်း ကျီး မျက်နှာမသစ်ခင်၊ အရုဏ်မှ အိပ်ရာမထသေး။ ပိတောက်တစ်ပွေ့ မိသွယ်တို့အိမ်ရှေ့ မြင့်မောင် ရောက်နှင့်သည်။ ပေးပုံကတော့ သင်းသည်။ လှေကားရင်းမှာ ထား၍ ပြန်လှည့်လာခြင်း ဖြစ်သည်။ ကြာတော့လည်း အကျင့်ရလာသည်။ မိသွယ် ကိုယ်တိုင်ပင် အချိန်ရောက်လျှင် လှေကားရင်းဝယ် ပွင့်မည့် ပိတောက်ကို မျှော်တတ်သည်။

လွင့်ဝေက ခင်မှူးဆင့်ကို ခေါ်ပုံကတော့ သူများထက် ထူးလည်း ထူးသည်။ ဦးလည်း ဦးသည်။ ရူးလည်း ရူးပါသည်။ ဒေါ်မှူးတဲ့လေ။ တလေးတစား ထူးထူးခြားခြား 'ငါ့ရဲ့ ဒေါ်မှူကလေး' စသဖြင့် နှုတ်ရေးပြတတ်သည်။ ကြားသူနားမှာ ပြုံးချင်စရာ၊ ဆန်းသလိုရှိသော်လည်း သူ့စိတ်မှာတော့ အဟုတ်။ ဒေါ်မှူးက ကလေးကချေဆန်သည်ဆို၍ ပျော်ပျော်နေတတ်သော သူ့နဂိုဘဝကို စွန့်ကာ

mgyoe.com SAMPLE BOOK
မတည်တတ်၊ တည်တတ်နှင့် တည်နေသည်။ ကျားကိုးစီး စားမကုန်သော သူ့ခန္ဓာကိုယ်နှင့် မျက်နှာပြကြီးကိုမှ အားမနာ။ မှုံလွင်ဝေဟူသော ကလောင်နာမည်ယူကာ ကဗျာဆရာ လုပ်သည်။ ခံစားမှုတွေ များလွန်းသောကြောင့် ဘောလုံးကစားခြင်းကိုပင် စွန့်လွှတ်လိုက်သည်။

မမ နှုတ်ခမ်းဆိုးဆေး တိုက်ပုံအင်္ကျီလက်စကို စွန်းသောကြောင့် မလျှော်ဖွပ်ဘဲ ခြောက်လ ဝတ်တတ်သည်က ကျုပ်တို့ဝိုင်းက စံရွှေမြင့်ဘွဲ့ ပေးထားသော စန်းလွင် ဖြစ်သည်။ အရပ်ကြီး ကလန်ကလားနှင့် မတော်မလျော် စိတ်နွဲ့သူ ဖြစ်သည်။ မမတို့အိမ်ရှေ့ကို တစ်နေ့ တစ်နေ့ သက်စေ့လောက် ရောက်မှ စန်းလွင် အိပ်ပျော်သည်။ ချစ်မိကြတော့လည်း မမဆိုသည့် စကားကိုတော့ နှုတ်ဖျားမှာ သံမှိုစွဲထားသလို ပါးစပ်က မချ။ သူ့အကြောင်း ပြောရလျှင် လျှာပွန်းလို့ တိုတိုပဲ ဆို၏။

နောက်ဆုံး အထုပ်ဖြေပြရမည့်သူက ကိုယ်။ လက်ညှိုးငေါက်ငေါက်ထိုး၍ ကမ္ဘူ မြင့်မိုရ် မူးမြစ်ဆိုသည့် သူဟု နှုတ်ခမ်းမနာ၊ လျှာမကျိုးတိုင်း မှိုချိုးမျှစ်ဖွဲ့ ပြောနိုင်ပါသည်။ ရင်ထဲက အသည်းရော၊ အူရော၊ စုံစီနဖာ အကုန်လုံး တုန်အောင် ချစ်ရသည်ကလည်း ကိုယ် ဖြစ်ပါသည်။ မျက်နှာ ဆီးရွက်နှင့် စကားလက်ဆုံကျတိုင်း အသည်းလိပ်ပြာ ရှက်ရသည်မှာလည်း ကိုယ် ဖြစ်ပါသည်။ ကိုယ့်ထိပ်ထားက မနော် ဖြစ်သည်။ မနော်က ချစ်စန်းပွင့်သူ။ ကိုယ်ကမူ ချစ်မိုးကောင်းလျက် ချစ်မိုးနှောင်းခဲ့သည်။

ကိုယ် မချစ်ခင် အရင် မနော်က ရည်းစားရှိနှင့်သည်။ ကိုယ်က အမြင်လည်း နောက်ကျ၊ အကြင်လည်း အောက်က ဖြစ်သည်။ ကိုယ်ဆိုသည့် ကိုယ်ကလည်း တုံးကို မြင်ပါလျက် မိုက်ချင်သည်။

နွားရူး ဆူးတိုးနိုင်သည်။ မချစ်ခင်က မနော်၏အကြောင်းစေ့ငကို စုံလင်အောင် မစူးစမ်း။ ချစ်ပစ်လိုက်သည်။ ဟုတ်သည်။ ကုဋ္ဌာစ သံသယ ထွေတလာနှင့် ဝိစိကိစ္စာပွားရအောင် မချစ်ခင်၊ ဗျာလည်း မများချင်။ ချစ်ပြီဆိုရောက်ရာ သဘောထားချင်သည်။ ကိုယ် သိသည်။ ယင်းကြောင့်လည်း နှုတ်ခမ်း လျှာဖျားမှ မသိမ်း၊ စကားစိမ်း ကုဋေနှင့် မိုးကြိုးကို ချွေသော ညည်း၏ အမုန်းတရားဒဏ်ကို ရင်ကော့ခံခဲ့ရခြင်း ဖြစ်သည်။ ကာစရာ မာယာထန်းရွက်မှ မပါ၊ ဗလာ အသည်းထည်ကြီးနှင့်။ ရှောင်လည်း မကွင်းတတ်သူ။ အဘယ်မျှ ဝေဒနာ ခံစားရမည်ကိုမူ တစ်ထွာတစ်ညို နှလုံးချင်း စာလိုစိတ်ဖြင့် ညရိုမ်

mgyoe.com

mgyoe.com SAMPLE BOOK
ညဖျားမှာတောင် ညည်း စဉ်းစားဖူးမည် မဟုတ်။

ဝေလာဝေး။ နေသာသပ လေညာကပေါ့။ ကိုယ်ကလည်း နည်းနည်းတော့ လွန်ပါသည်။ ရည်းစားစာကို စာမျက်နှာ ၁၆၀ ရှိသောစာအုပ် ကုန်အောင် အပြည့်ရေး၍ စာအုပ်လိုက် ပေးခဲ့မိသည်။

* * *

တလောက ကျုပ်တို့အိမ်နားကို သူအို လင်မယားတစ်စုံ ပြောင်းလာသည်။ နှစ်ဦးစလုံး အသက်ခြောက်ဆယ်အထက်မှာ ရှိမည်။ အဘိုးကြီး နာမည်က ဦးဘညွန့် ဖြစ်၍ အမယ်ကြီးနာမည်က ဒေါ်လှစိန် ဖြစ်သည်။ အမယ်ကြီးက အဘိုးကြီးကို ကိုဘညွန့်ဟု ခေါ်သည်။ သို့သော် ချစ်စနိုး မပီကလာနှင့် မြန်မြန် ခေါ်သောကြောင့် ကျုပ်တို့အကြား၊ ကျုပ်တို့နားဝယ် 'ကွညွန့်' ဖြစ်နေသည်။ ထိုနည်းအတူ အဘိုးကြီးအခေါ် အမယ်ကြီး နာမည်မှာလည်း 'မန်းစိန်' ဖြစ်နေသည်။ ငှက်ငယ် လူလား ... လူငယ် ငှက်လိုလား မသိ။ သူတို့ နှစ်ဦး၏ ခွန်းတုံ့လူးသံမှာ 'ကွညွန့်ရေ ... မန်းစိန်းရေ' 'မန်းစိန်ရေ ... ကွညွန့်ရေ' ဖြစ်နေသည်။

အဘိုးကြီးမှာ အလုပ်မရှိ။ အမယ်ကြီးက ဈေးတောင်း ခေါင်းရွက် ကျွေးသည်။ ရွာရိုးကိုးပေါက် လျှောက်ကာ မုန့်ကျွဲသည်း လည်ရောင်းသည်။ သို့စဉ်လျက် အဘိုးကြီးကလည်း အယုယခံချင်သည်။ ထာဝရ ချူချာသည့်ရုပ် ပေါက်နေသည်။ သူ နေကောင်းသည်ဆိုသော နေ့တွင်ပင် အနည်းဆုံး နှာတော့ စေးနေသည်။ ဒေါ်လှစိန်ကြီးကလည်း ကလေးတစ်ယောက်လို ဂရုစိုက်သည်။ ပြတင်းပေါက်နား ထိုင်ရင်ဖြင့် လေစိမ်းတိုက်လိမ့်မည်၊ နေတိမ်းမွန်းလွဲ ရေချိုးရင်ဖြင့် အအေးမိလိမ့်မည် စသဖြင့် ဦးဘညွန့် လက်ခြေတစ်ခုလုံး သူ့ချစ်သြဇာနှင့် ဖုံးထား၏။

သည်ကြားထဲက အဘိုးကြီးကလည်း သဲသည်။ တစ်ခါက ငရုတ်သီးပါရုံရှိ၍ ဖြူရော်ရော်ဖြစ်နေသော ဟင်းကို စားကာ စပ်လှချည်ရဲ့ ဖြစ်နေသည်။ အမယ်ကြီးခမျာ ပျာပျာသလဲ နောက်ဖေးမီးဖိုထဲ ထင်ပြီး ပြန်ထွက်လာသော အခါ လက်တစ်ဖက်က ထမင်းဦးပေါင်း တစ်ဆုပ်နှင့် လက်တစ်ဖက်က သောက်ရေတစ်ခွက် ပါလာသည်။

'ရော့ရော ... ကွညွန့်၊ ထမင်းဖြူဆုပ်လေး စားပြီး ရေသောက်လိုက်'

mgyoe.com

mgyoe.com SAMPLE BOOK
ချစ်တုန်းကတော့ မိုးလို သဲခဲ့ကြသည်။ မှန်လို မျက်နှာကြည်ခဲ့ကြသည်။ စိမ်းစကားကို မဆို။ စိမ်းရိပ်ခိုရာ ရောက်မှာစိုးလို့ သစ်ပင်အောက်တောင် မသွား။ မုန့်ဟင်းခါး စားရာမှာတောင် နံနံပင် မထည့်။ အဟုတ်ပါလေ။ တမာကို အာသိုထား၍ ... သကာလို လျှာညိုဖျားမှာ လှည့်စားခဲ့သည်ဟု ကျုပ်တို့ မထင်ခဲ့စကောင်း။ အကြောင်းပေါင်း မသင့်လို့ အသည်းချတော့မှပဲ ချစ်စားပြတွေမှန်း သိတော့၏။

ချစ်စုတို့အိမ်က လှအေးနှင့် ကွဲအောင် ချစ်စုကို တောင်ကြီး ပို့သည်။ အစတော့ ခဏပေါ့။ မျက်ရည်မစဲ စာမစဲ။ မျက်ရည်စဲသောအခါ စာလည်း စဲတော့သည်။ တစ်နယ် ချစ်စု ရွက်ကျရာ အပင်ပေါက်သည်။ ရောက်လို့ တစ်ယောက် ရှာသည်။ တစ်ရွာမှာ တစ်ပင်ပျိုးသည်။ ကျုပ်တို့ထဲမှာ အရင်ပူရသည်က လှအေး။ နောက်မှ ပူရသည်က ကျုပ်တို့အားလုံး။ ခေတ်ကိုက ထဘီ တစ်ချက် ယမ်းလိုက်လျှင် လင်တစ်သန်း ရနိုင်သည်ဆိုသော ဂေါ်လီတို့ခေတ်။ ပေါင်တစ်ခြမ်းပေါ် ဆံတို ကုပ်ဝဲတို့ ခေတ်။

မြင့်မောင်က ပြောသည်။ 'နှစ်ဆယ်ရာစုခေတ်ရဲ့ အသိုက်အဝန်းထဲမှာ အချစ်ဆိုတာ နောက်ကျဆုံး ပြက်လုံးဟောင်းတစ်ခုလို ဖြစ်နေတယ်။ သစ္စာတရားဆိုရင် ချက်စားရသလားလို့တောင် မေးကြလိမ့်မယ်ဦးမယ်။ မိန်းမတွေရဲ့ ရင်ထဲမှာ အသည်းတွေ၊ နှလုံးတွေ ရှိမယ် မထင်ဘူး။ ရေတွေပဲ ရှိလိမ့်မယ်။ ဒါတောင် ပင်လယ်ရေလို လေးပင်တဲ့ရေ မဟုတ်ဘူး။ ဓာတ်ပျက်နေတဲ့ ဆားမပါတဲ့ ပေါ့ပျက်ပျက်ရေ။ ပြောပေမည်။ ဆိုရေးကလည်း ရှိသည်။ မိသွယ်ကလည်း အနေနီးသူနှင့် အခြေကြီးလေပြီ။ သူနှင့် တစ်တန်းတည်းနေ ကျောင်းသွားဖော်နှင့် ဖြစ်နေသည်။ ပထမ ကြားသူက ကြားသည်။ ဒုတိယ မြင်သူက မြင်သည်။ တတိယ မြင့်မောင်က မိသွယ်ကို ရှာသည်။ တွေ့သည်။ ရင်ဆိုင်သည်။ ဖြေရှင်းသည်။ ကွဲသည်။ ပြတ်စဲသည်။ မိန်းမဆိုသည်ကလည်း နီးရာမီးနှင့် ပျော်တတ်သည့်ချိပ် ဖြစ်သည်။ မိသွယ်တို့အိမ်ကအပြန် ဆေးပေါ့လိပ် အစီခံကျွတ်အောင် မြင့်မောင် ကိုက်လာသည်။ လမ်းတစ်လျှောက်လုံး မျက်ရည်ကျလာသည်။ သုတ်မပစ်ချင်။ သုတ်မပစ်။ ညမှိုသာ တော်ရှော့သည်။

လွင့်ဝေက တစ်မျိုး။ ဒေါ်မှုံကို သူနှင့် ပြိုင်ပိုးဖော် သူငယ်ချင်းတစ်ယောက် ရှိသည်။ ဒေါ်မှုံကလည်း သိသည်။ ထိုသူ့ကို မုန်းသည်လည်း ဆိုသည်။ လွင့်ဝေနှင့် ချစ်မိသောအခါ ဒေါ်မှုံက ထိုသူ့ကို အဖက်မလုပ်၊ စကားမပြော နေ
mgyoe.com

mgyoe.com SAMPLE BOOK
သည်။ ယင်းကို ကြားထဲက လွင့်ဝေက မျက်နှာပူသည်။ အားနာသည်။ ထိုသူနှင့် ဒေါ်မှုံကို အတင်းအကျပ် စကားပြောစေသည်။

လွင့်ဝေကလည်း ကိုယ့်သေတွင်း ကိုယ် လက်နှင့်ယက်သည်။ ဒေါ်မှုံကလည်း ဒေါ်မှုံ။ မပြောတော့လည်း မပြော။ ပြောတော့လည်း လျှာလည်း လွန်၊ သဒ္ဒါလည်းကျုံ၊ တဏှာလည်း မွှန်တော့သည်။ ခရုဆံကျွတ်၊ မျှောက် သစ်ကိုင်းလွတ် ဖြစ်ရသည်က လွင့်ဝေ။ အချိန်များစွာ စောင့်ဆိုင်း၍ ဒေါ်မှုံထံသို့ အသနားခံစာ ငါးဆယ်တိတိ တင်သွင်းပါသေးသည်။ ကျုပ်တို့ အသိ။ သို့သော်လည်း ပစ်သည့်သူက ပစ်သည်ဆိုကတည်းက စေတနာသုံးတန် ပြဋ္ဌာန်းပြီး ဖြစ်ဟန်တူသည်။ ဇက်ညောင်းခံ၍မျှ ငုံ့မကြည့်တော့။ မမကတော့ အိမ်ကို အကြောင်းပြသည်။ ပတ်ဝန်းကျင်ကို လက်ညှိုးထိုးသည်။ စန်းလွင် ဒီဂရီတစ်ခုမပါလျှင် သူ ယူဖို့မလွယ်ကြောင်း ဆိုသည်။ ကလေးကို မုန့်ပေးကြိုက်သည် အထင်ခံရမှာ စိုးသည်ဟု သူ့တာ သူချိုးဖို့အတွက် အကြောင်းပြ ကာကွယ်သည်။ စန်းလွင်ကလည်း သိသည်။ လမ်းခွဲကို ကြုံမှ ဘုတ်နှင့် ကျီးမည်း ကွဲပြားတော့သည်။ အချစ်သည် ကြိုးတစ်ချောင်းမဟုတ်သည်က ခက်သည်။ ပျံမည် ဆိုသော ငှက်ကို ဆက်နားဖို့ရာ သစ်ပင်က တောင်းပန်၍ ရကောင်းသည် မရှိ။ ငှက်ကလည်း လေအဟုန်နှင့် ပျံတက်သည်။ မမကလည်း ခြေအစုံနှင့် ကန်ထွက်သည်။ သေမှာသာ မကြောက်လျှင် စစ်ထဲဝင်မည်ဟု မူးမူးနှင့် ပြောသည်။

ဟုတ်သည်။ ညည်းတို့ကလည်း လွန်သည်။ ကျုံသည်။ မျက်နှာစိမ်းနှင့် ရာမ မင်းသား သေလို့ ဝင်စားလာတဲ့သူတွေများလား။ ညည်းတို့အမေ ဝါးရုံရိပ်အောက် မြကျောက်ဖျာမှာ ဒုတ္တာတွေစား မွေးလို့များ ဒီလောက် စိမ်းအားတွေ ကြွယ်တာလား။

ကိုယ်နဲ့ မနော်ကတော့ ရာမဇာတ်ထဲက သမင်လိုက်ခန်းက နေသည်။ လိုက်သူနှင့် ပြေးသူ ရှေ့နောက် ဘယ်ညာယိမ်းကာ ဝေ့ဝိုက်နေသည်။ မနော်ဆိုသည့် ကိုယ့်လမင်းက လုံးလုံးလည်း မမှောင်။ ပြောင်လည်း မလင်း။ ကြိုးတိုတိုနှင့် လှန်လိုဟန် ရှိသည်။ မေ့တော့လည်း အရိပ်အယောင် ပြသည်။ တွေ့တော့လည်း အဆိပ်မှောင်ချသည်။ အိပ်မက်ကို စိန်စီရပေမဲ့ မျက်ရည်က ရွက်ခြောက်လို ကြွေသည်။

ခြေထောက်တစ်ခတ်၊ မေးတစ်ဆတ်နှင့် ပြတ်သားရသူအဖို့ လွယ်ပါလိမ့်မည်။ ခေါင်းလည်ခါခါ လက်ကာကာနှင့် ငြင်းပယ်ရသူအဖို့ လွယ်ပါလိမ့်မည်။
mgyoe.com

mgyoe.com SAMPLE BOOK
သို့သော် အသည်းသွန်၊ ရင်ကိုမှောက်ပြီး ချစ်ခဲ့ရသူ တစ်ယောက်အဖို့မူ ...။

* * *

ကျုပ်တို့ အံ့ဩသည်။ ကျုပ်တို့က ဦးဘညွန့်နှင့် ဒေါ်လှစိန်တို့သည် ညည်းတို့ ကျုပ်တို့ နည်းတူ ချစ်သူများဖြစ်သည်ဟု ယူဆခဲ့ကြသည်။ ဒေါ်လှစိန် လက်သင်တုန်း ထုံးစံတွင်၌ ဦးဘညွန့်နှင့် ကြိုက်ခဲ့ကြသည်။ အချစ်ငယ်ဖြူများဟု မှတ်ထင်ခဲ့ကြသည်။ ခေတ်စကားနှင့်ဆိုလျှင် နှစ်ဦးသဘောတူ အသည်းဖလှယ်ခဲ့သူများဟု ...။

သူတို့နှစ်ဦးကို ချဉ်းကပ် စုံစမ်းမေးမြန်းလေမှ ကျုပ်တို့အထင် ပါစင်အောင် လွဲမှန်း သိရသည်။ သူတို့သည် ကျုပ်တို့ ညည်းတို့ နည်းတူ အချစ်ကြီး၍ အဖြစ်သည်းခဲ့သူများ မဟုတ်ပေ။ နှစ်ဖက်သော မိဘများ၏ သဘောတူညီချက်နှင့် လက်ဆက်ခဲ့ရခြင်း ဖြစ်သည်။ တစ်ယောက်မျက်နှာ တစ်ယောက်လည်း မင်္ဂလာဆောင်သည့် ရက်တွင်မှ မြင်ဖူးကြရသည် ဆို၏။ ကျုပ်တို့ ဒေါ်လှစိန်ကို အံ့လည်း အံ့သည်၊ ဩလည်း ဩသည်။ အသည်းနှလုံးမပါဘဲ မိဘလက်သိပ်ထိုးပေးရာကို ခေါင်းညိတ်ကာ ယူခဲ့သော ဘဝ၌ပင် နှစ်ရှည်လများ မငြင်မငြို မျက်သိမ့်နှန်ဆန်ခြင်း မရှိ။ လင်၏အပေါ် မယားဝတ် ကျေနိုင်သောသူ့ကို ကြည့်ကာ လေးလည်း လေးစားမိသည်။

လေးလည်း လေးစားလောက်ပေသည်။ ဘုရားမှာ တူပြိုင်ပြိုင် ဆုထူးငယ် ပန်ရှုယ်သွန်းခဲ့သော ပန်းမှ မခြောက်သေးခင် နောက်တစ်ယောက် ရှာချင်သော ခေတ်ကာလ သမီးများနှင့်မူ ...။

*စန္ဒာ မဂ္ဂဇင်း၊ အမှတ် ၃၄*

*ဇန်နဝါရီ၊ ၁၉၇၂။*

mgyoe.com

mgyoe.com SAMPLE BOOK

## ပြတင်းပေါက်ကလေး

ကျွန်တော့်အိမ်တွင် ပြတင်းပေါက်ကလေးတစ်ခု ရှိသည်။

* * *

ထိုပြတင်းပေါက်မှ မြင်နေကျ နေရောင်ခြည် ဝင်သည်။ သေဆုံးပြီးစ သစ်ရွက်ကြွေများ ဝင်သည်။ အရသာမဲ့ လေ ဝင်သည်။ တစ်ခါတစ်ရံ မျက်စိလည်သော လိပ်ပြာတချို့လည်း ဝင်လာတတ်၏။ ထိုပြတင်းပေါက်အနီးတွင် သစ်သားနီနီဖြင့် လုပ်ထားသော ကျွန်တော်၏ စာရေးစားပွဲတစ်လုံး ရှိ၏။ ကျွန်တော်သည် ထိုစားပွဲတွင် ထိုင်ကာ ကဗျာများစွာကို ရေးစပ်ခဲ့သည်။ ကဗျာရေးရာ၌ လိုအပ်သော အကြောင်းအရာ၊ ရင်ခုန်သံ၊ ဒဿန စသည်တို့ကို ပြတင်းပေါက်မှပင် ငေးမောရင်း တူးဆွခဲ့၏။

မိုးလင်းလျှင် ပြတင်းတံခါးကိုဖွင့်ကာ စားပွဲနီနီ၌ ကျွန်တော် ထိုင်လိုက်သည်။ (ကျွန်တော်သည် ကျွန်းနှင့် ပျဉ်းကတိုးတို့ကို ခွဲခြားတတ်သူ မဟုတ်ချေ) ပြတင်းအပြင်ဘက်မှ ချောကလက်ရောင် ရွက်ခြောက်များ ကော့ပျံကြွေဝဲကာ စားပွဲပေါ်သို့ လွင့်မျော ခုန်ဆင်းလာကြ၏။ ထိုရွက်ကြွေများပေါ်တွင် နှင်းရည်စိုစွတ်သော၊ မခြောက်သွေ့သေးသည့် အိပ်မက်တချို့ ပါလာ၏။ စားပွဲပေါ်တွင် အမေ ချပေးသွားသော အပူငွေ့လူနေသည့် ကော်ဖီကို သောက်ရင်း ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK
ကဗျာရေးတတ်သည်။ ကျွန်တော် ရေးသော ကဗျာထဲတွင် စတော်ဘယ်ရီရောင် နှုတ်ခမ်း၏ လောင်မြိုက်သောရနံ့ ပါးလျသည့် အင်းလျားည လေပြည်ထဲတွင် မပျော်ဝင်နိုင်သော မဟော်ဂနီ ပီယာနိုသံ ကွဲရှကြဲလွင့်မှု မျက်လုံးစိမ်းကလေးများ၏ အေးခဲသော စကားထာ၊ ကရင်ဆိုဒါ၊ ရေခဲမုန့်နှင့် စပျစ်သီးခြောက်ကို ရောနှောမြို့ဝါးခြင်း၊ အတ္တလန္တိတ် သမုဒ္ဒရာကို ဖြတ်သန်းလာသည့် ဆောင်းခိုငှက်ကလေးများ၏ လတ်ဆတ်သော သီချင်း၊ ပြင်သစ် ရုပ်ရှင်မင်းသမီး၏ ဂါဝန် တင်ပါးပေါ်မှာ ဝိုင်အိုလက်ပန်းလေး တစ်ပွင့် စသည်တို့မှာ ထွေးသီးရှုပ်နှောလျက် ရှိ၏။

* * *

ပြတင်းတံခါးကို ကျွန်တော် ဖွင့်လိုက်သည်။

ပြတင်းဝမှ မြင်နေရသည်မှာ အင်းလျား၏ ငွေရောင်ဖိတ်ပြက်သော ရေပြာစိမ်းလဲ့ မဟုတ်။ ခြစည်းရိုး သွပ်သံဆူးကြိုးဟောင်းများသာ ဖြစ်၏။ ထိုသံဆူးကြိုးပေါ်တွင် တေးဆိုတတ်သော ဆောင်းခိုငှက်များ တစ်ကြိမ် တစ်ခါမှ လာမနားဖူးချေ။ အစာခိုးကောက်ရန် ချောင်းနေသော ကျီးမည်းမည်းများသာ မကြာခဏ လာနားတတ်၏။ တိုက်ခတ်လာသော လေထဲ၌လည်း လိမ္မော်သီးနှင့် နှင်းဆီဖြူရနံ့များ ယိုစီး ထုံပျံ့မနေ။ ဆင်းရဲသားရပ်ကွက်တစ်ခု၏ အနံ့အသက်ဆိုးများသာ လွင့်ရောပါလာတတ်၏။ ထိုင်၍ နားစွင့်နေလျှင်လည်း အိုမင်းရင့်ရော်၍ သွားမည်။ မဟော်ဂနီ ပီယာနိုအသံကို ဘယ်သောအခါမှ ကြားခွင့်ရလိမ့်မည် မဟုတ်။

ကျွန်တော်တို့ မြို့သစ်များ၌ အိမ်များသည် တစ်လုံး နှစ်လုံး ထိစပ်လု မတတ် ပူးကပ် ကျဉ်းကျပ်စွာ တည်ရှိနေသည်။ ကျွန်တော့်အိမ်မှ ပြတင်းပေါက်နှင့် တည့်တည့်လောက်မှာပင် တစ်ဖက်အိမ်မှ ပြတင်းပေါက် ရှိ၏။ သူတို့သည် ဆင်းရဲကြသည်။ ထိုအိမ်ရှင်သည် ပခုံးထမ်း အလုပ်သမားတစ်ယောက် ဖြစ်၏။ သူ့အဖေမှာ ကားကြိတ်၍ သေဆုံးသွားသည်။ (ကားတိုက်၍ မဟုတ်ပါ) တစ်ည အရက်မူးမူးနှင့် ဈေးထောင့် လမ်းဘေးတွင် အိပ်ပျော်နေသော သူ့အဖေ၏ခေါင်းကို မနက်ဝေလီဝေလင်း ဈေးကြိုကားတစ်စီးက ဝင်ကြိတ် သွားခြင်း ဖြစ်၏။ ထို့နောက်တွင် ကျန်ရစ်သော မိခင်နှင့် ညီမတို့၏ တာဝန်မှာ သူ့ပခုံးပေါ်သို့ လေးလံ နင့်ပိုးစွာ ကျလာသည်။ သူကိုယ်တိုင်သည်လည်း ကလေးငါးယောက်ရှိသော အိမ်ထောင်သည် ဖြစ်၏။ သူ့အဖေလို သူသည်
mgyoe.com

mgyoe.com SAMPLE BOOK

လည်း မုံ့ယစ် သောက်စားတတ်သည်။ မုံ့ယစ်သောက်စားကာ ပြန်လာသော သူ၏ မကြားဝံ့ မနာသာ ဆဲရေးသံများဖြင့် ညနေများသည် အမြဲ အသက်ဝင် လှုပ်ရှားနေတတ်၏။

ကျွန်တော်သည် စားပွဲပေါ်တွင် ခေါင်းငုံ့ကာ ချိုအေးသော ပန်းသီးအသား နှင့် သူတို့၏ ရွှေရောင် ညစာစားပွဲများအကြောင်း 'ကဗျာ'ကို ရေးဖွဲ့လျက် ရှိ သည်။

* * *

ကျွန်တော်၏ ပြတင်းပေါက်နှင့် တည့်တည့်တွင် တစ်ဖက်အိမ်မှ ပြတင်း ပေါက် ရှိလေသည်။ သူတို့အိမ်မှာ ကျွန်တော်တို့အိမ်ထက် နိမ့်၍ သူတို့ ပြတင်း ပေါက်မှာလည်း ကျွန်တော်တို့ ပြတင်းပေါက်ထက် နိမ့်လေသည်။ ထိုအလင်း ရောင် ရရာ ပြတင်းပေါက်ဘေး ကြမ်းပြင်၌ စုဝေးကာ သူတို့ စားလေ့ရှိ၏။ ကျွန်တော် ထိုင်နေရာမှ လှမ်းကြည့်လျှင် ကြမ်းပြင်ပေါ်မှ သူတို့ ထမင်းစားပွဲကို အပေါ်စီးမှ မြင်ရမြဲ ဖြစ်သည်။

'ဘာလုပ်နေတာလဲ။ စာဖတ်နေတာလား။ ထမင်းစားပါဦးလား'

တစ်ဖက်အိမ်မှ မိန်းမက ထမင်းစားနေရာမှ လှမ်းနှုတ်ဆက်လိုက်၏။ သူမသည် ပြင်သစ် ရုပ်ရှင်မင်းသမီး အဗွာဘယ်အယ်ဂျနီ မဟုတ်ချေ။ ကျွန်တော် သည် ဖတ်နေသော ငရဲခန်းပျို့ကို ပိလိုက်မိသည်။

'စားပါ ခင်ဗျာ။ ဘာဟင်းလဲ ခင်ဗျ'

'ဟင်းကတော့ ထုံးစံအတိုင်းပေါ့'

သူမ၏ ထုံးစံအတိုင်းပေါ့ ဆိုသည်မှာ ငါးပိရည်ကျိုတစ်ခွက်ကို ဆိုလို ခြင်း ဖြစ်သည်။ ညိုညစ်မာကျောသော ငစိန်ဆန်များ ထည့်ထားသည့် သံပန်းကန် များ၏ အလယ်၌ သံဇလုံဖြင့် ထည့်ထားသော ငါးပိရည်ကျိုခွက်ကို ချထား၏။ ယင်းမှာ သူတို့၏ နိစ္စဓူဝ မပြောင်းလဲသည့် တစ်ခွက်တည်းသောဟင်း ဖြစ် သည်။ ယခင်က သူတို့၏ ထမင်းဝိုင်းတွင် သံပန်းကန်ပြားတစ်ချပ်နှင့် ထည့် ထားသော ဘူးညွန့်၊ ခရမ်းသီး (သို့မဟုတ် ကျွန်တော် မသိသော အသီးအရွက် များ) စသည့် ဟင်းရွက်ပြုတ် တို့စရာတစ်မျိုးမျိုးကို တွေ့ရတတ်သည်။

သို့သော် သူတို့ ထမင်းဝိုင်း၌ တို့စရာ ပျောက်ဆုံးသွားသည်မှာ ကြာပြီ။

* * *

ပြတင်းတံခါးကို ကျွန်တော် ဖွင့်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အမေ ဖျော်ပေးသော ကော်ဖီမှာ အချိုပေါ့နေ၏။ သကြား ညှံ့သောကြောင့် ဖြစ်မည်။ လီယိုနာဒိုဒါဗင်ချီ၏ 'နောက်ဆုံး ညစာစားပွဲ' ဆိုသော အနုပညာ ဆောင်းပါးတစ်ပုဒ်ကို ကျွန်တော် ဖတ်ရှုနေ၏။ (ထိုခေတ်က လူများသည် သူ့ပန်းချီကားထဲတွင် ပါသကဲ့သို့ စားပွဲ၊ ကုလားထိုင်နှင့် စားသောက်လေ့ မရှိချေ)

စာအုပ်မှ မျက်လုံးကို လွှဲဖယ်လိုက်သောအခါ တစ်ဖက်မှ ထမင်းစားပွဲကို မြင်ရပြန်သည်။ ရုတ်တရက်ပင် သူတို့ ထမင်းပွဲမှ ထူခြားမှုတစ်ခုကို ကျွန်တော် သတိထားမိလိုက်၏။

'ခင်ဗျားတို့ ငါးပိရည်ကျိုက ငရုတ်သီးမှုန့်လည်း မပါပါလား'

'မပါနိုင်ဘူးရှင့်။ ငရုတ်သီးမှုန့် တစ်ထုပ် ဆယ်ပြားတန်အထုပ်က ပြားသုံးဆယ် ဖြစ်နေပြီ။ အပို အကုန်မခံနိုင်ဘူး'

ပြင်သစ်မင်းသမီး မဟုတ်သူက ပြော၏။ ပြီးတော့ သူမက အထူးတီထွင်ထားသော ငါးပိရည်ကျို စီမံကိန်းကြီးကို ရှင်းလင်း တင်ပြနေသည်။ ယခင်က တစ်ထုပ် တစ်မတ် ပေးရသော ငါးပိရည်ကျိုမှာ ယခုအခါ တစ်ထုပ်ကို ပြားခြောက်ဆယ်ပေး ဝယ်ရသည်။ ထို့ကြောင့် သူမက သက်သာအောင် စီမံရသည်။ တစ်ခါသုံးပြီးသော ငါးပိရည်ကျို အကြွင်းအကျန်များကို ထမင်းရည် ထပ်ရောကာ ငါးပိရည်ကျိုအတု ဖန်တီးရ၏။ အငန်ဓာတ် လိုလျှင် ဆားထည့်လိုက်သည်။ အရောင်လိုလျှင် နနွင်းမှုန့်နည်းနည်း ထည့်လိုက်သည်။ ဤနည်းဖြင့် ငါးပိရည်ကျို တစ်ထုပ်ကို သူတို့ အချိန်ကြာမြင့်စွာ ကြိမ်ဖန်များစွာ စားကြရ၏။ နောက်ဆုံး ငါးပိရည်ကျိုအနံ့ မရတော့မှပင် မြေအိုးဖင်တွင် ကပ်နေသည့် ငေါ်င်းစင်းစင်း ကျန်နေသော ငါးပိကောင်အရိုးများကို လွှင့်ပစ်ကြသည်။

တစ်ဖက်အိမ်မှ အိမ်ရှင်မက ပြတင်းဝတွင် ရပ်ကာ ထမင်းစားပြီးသော လက်များကို ထဘီနှင့်သုတ်ရင်း သူမ ဘဝအတွက် အရေးကြီးသော မေးခွန်းတစ်ခုကို လှမ်းမေးနေသည်။

'ဒီမှာ စာရေးဆရာ။ ရှင် ဖတ်နေတဲ့ စာအုပ်တွေထဲမှာ ဟိုအကြောင်း မပါဘူးလား'

'ခင်ဗျာ ... ဘာအကြောင်းလဲ'

'ငါးပိရည်ကျိုအနံ့ကို ဘယ်လိုလုပ်ရတယ်ဆိုတဲ့ အကြောင်းလေ'

* * *

mgyoe.com

mgyo e.com

အမေ ဖျော်ပေးသော ကော်ဖီမှာ အချိုပေါ့ရုံသာမက ကျဲတောက်နေ၏။ အမေ အသုံးပြုသော ရှရှားလုပ် နို့ဆီမှာ ညံ့သောကြောင့် ဖြစ်မည်။ ကျွန်တော်သည် 'စပျစ်သီးထဲမှ အိပ်မက်များ'ဟူသော ကဗျာတစ်ပုဒ်ကို ရေးသား ပြီးဆုံးသွား၏။ မျက်စိလည် လမ်းမှားကာ ဝင်လာသော လိပ်ပြာတစ်ကောင်သည် ထိုကဗျာစာရွက်ပေါ်၌ နားနေ၏။

ထိုကဗျာထဲတွင် ခွဲစိတ်ကုသမှု ခံယူထားသော စံပယ်တစ်ပွင့်၊ ကတ္တီပါ အနက်နှင့် ထုပ်ထားသော မျက်ရည်ခဲ၊ 'ဏ' နံပါတ် လင်ဆာကားပေါ်မှာ နို့နှစ်ရောင် ဒေါက်ဖိနပ်တစ်ရန်၊ ရီဒင်၏ ပန်းပုရုပ်မှ ရေညှိတက်နေသော အနမ်း၊ ကြွေပန်းဆိုင်း မီးဆွဲအောက်မှ ယုန် မြေမနင်းသား ဟင်းတစ်ခွက်နှင့် ဖက်ဖူးရောင် တိမ်တစ်စိုင်၊ သောကနဲ့လုပ်ထားတဲ့ နာရီ၊ တချို့မှာ လိပ်ပြာတောင်ပံနှင့် ကွယ်နေသဖြင့် မမြင်ရချေ။

တစ်ဖက်အိမ် ပြတင်းပေါက် အောက်ခြေ၌ ကြမ်းပြင်ပေါ်တွင် ပန်းကန်များ ချကာ ထမင်းစားနေသော မိသားစုကို မြင်ရ၏။

ရုတ်တရက် လိပ်ပြာကလေး ထပျံလိုက်သည်။ ရီဒင်၏ ပန်းပုရုပ်သည် အသံကျယ်လောင်စွာ ပြုကာ အက်ကွဲသွား၏။

* * *

ပြတင်းတံခါးကို ကျွန်တော် ဖွင့်လိုက်သည်။

စားပွဲပေါ်တွင် မဖတ်ရသေးသော သတင်းစာနှင့် မသောက်ရသေးသော ကော်ဖီခွက်တို့မှာ အေးစက်နေ၏။ ကျွန်တော်သည် 'ကောင်းကင်ဘုံကို လုပ်ယူခြင်း' ဟူသော ကဗျာတစ်ပုဒ်ကို ရေးဖွဲ့ရန် ကြိုးစားနေသော်လည်း မအောင်မြင်။ ပိတ်ထားသော ပန်းချီစာအုပ်ထဲမှ ဗင်းဆင့်ဗန်ဂိုး၏ 'အာလူးစားသူများ' ပန်းချီကားထဲမှ ပြူးစက် ဟောက်ပက်နေသော မျက်လုံးများက ကျွန်တော့်ကို စူးစိုက်ကြည့်နေသလို ခံစားနေရ၏။ ကျွန်တော့်ကိုယ်မှာ ချွေးစို့ စေးထန်းလာသည်။

ဩစတြေးလျ ပန်းသီးနှင့် ခရမ်းရောင် သစ်ခွပွင့်တို့သည် ရေလုံ ပြုတ်ထားသော တို့စရာအဖြစ်နှင့် ကြွေရည်ကွာနေသော သံပန်းကန် တစ်ချပ်ထဲသို့ ရောက်နေ၏။ တစ်ဖက်အိမ်မှ မူးယစ် ဆဲဆိုသံကြောင့် ကျီးမည်းတစ်ကောင် လန့်ပျံသွားသည်။ သံချေးတက်နေသော သွပ်ဆူးကြိုးများပေါ်တွင် တွယ်ငင်ယှက်နွယ်ကာ ဝိုင်အိုလက်ပန်းများ ပွင့်လာကြသော်လည်း မွှေးကြည့်သောအခါ

mgyo e.com

mgyoe.com SAMPLE BOOK
ငါးပိရည်ကျိုအနံ့ နံနေလေသည်။ ပန်းနုရောင် ညနေသည် အစိတ်စိတ် အမြွာမြွာ ကွဲကြေကာ သူတို့၏ လက်ချောင်းများအကြား၌ ရဲရဲနီနေသော ငစိန်ဆန်များအဖြစ် ပြောင်းလဲကာ စေးကပ် တွဲယိုနေ၏။

သူတို့ ထမင်းစားဖို့ ပြင်ဆင်နေကြသည်။

ကျွန်တော်သည် ပြတင်းပေါက်တံခါးကို ဆွဲပိတ်လိုက်မိလေသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အကြော်သည်ရှင့်

နေ့စဉ် ပြုနေကျ ဝတ္တရားအတိုင်းပင် ဒေါ်မြသစ်သည် ရုံးတက်ရန် ကားစောင့်လျက် ရှိသည်။ ကြိမ်ဆွဲခြင်းငယ်ကို လက်မှာဆွဲလျက် ဒေါ်မြသစ် ကားရပ်စောင့်နေပုံမှာ ခပ်ခန့်ခန့်ပင် ဖြစ်သည်။ သူ့ကို မြင်ရသူတိုင်းက ရုံးတစ်ရုံးမှ စာရေးမကြီးဟု သိကြမည်ဆိုသော ပုံစံမျိုးနှင့် ဖြစ်သည်။ သူ့ကြိမ်ဆွဲခြင်းထဲတွင် ခပ်ကျဲကျဲ ဖျော်ထားသည့် ကော်ဖီတစ်ခွက် ထည့်ထားသော ဓာတ်ဘူးနှင့် လမ်းဘေးတွင် တစ်ကျပ်ပေး ဝယ်လျှင် ရသော လကျော် တိုင်းမဂ္ဂဇင်း တစ်အုပ်ကိုလည်း တွေ့ရလေ့ရှိ၏။ အသက် ၅၀ ကျော်အရွယ်၊ အသားဖြူဖြူ၊ ပိန်ပိန်သွယ်သွယ်နှင့် ဒေါ်မြသစ်သည် ရင်ကို မကော့ရုံတစ်မည် ခါးကို ဆန့်မတ်ကာ ရပ်နေသော်လည်း စာရေးလုပ်သက် နှစ်ရှည်ကြာသူတို့၌ ရှိတတ်မြဲဖြစ်သော မျက်နှာသေမျိုးရှိသူ ဖြစ်၏။ လောကကို ဖိုင်တွဲကြားတွင် ညှပ်ထားသော စာရင်းအင်းများသဖွယ် ကြည့်တတ်သည့် သူ့မျက်လုံးများကိုမူ ကော်ကိုင်းမျက်မှန်အနက် တစ်လက်ဖြင့် ဖုံးအုပ်ထားသည်။ အတောင်ပံဖြန့်ထားသော လိပ်ပြာတစ်ကောင်၏ပုံနှင့် တူသည့် မျက်မှန်အနက်ကလေးမှာ မေးချွန်သော သူ့မျက်နှာနှင့် မလိုက်ဖက်ဟု ပြောလျှင် သူ စိတ်ဆိုးတတ်သည်။

သူ့ပခုံးပေါ်တွင် အမွေးတုံးကာ တချို့နေရာများတွင် ကွက်နေသော စိန်ကတ္တီပါ ကြက်သွေးရောင်တစ်ထည်ကို လွှမ်းတင်ထား၏။ လည်ပင်းတွင် အနီရောင် ချည်တဘက်တစ်ထည်ကိုလည်း ပတ်ထားသည်။ သူတို့ရုံးရှိ လူတိုင်း

mgyoe.com

mgyoe.com

လိုလိုက ဒေါ်မြသစ်၏ဖက်ရှင်ဟု ပြောလိုက်လျှင် ဤသို့ဟု သိကြ၏။ ဒေါ်မြသစ်သည် ရန်ကုန်မြို့ရှိ ရုံးကြီးတစ်ရုံးမှ ဘီစီခေါ် ဌာနခွဲစာရေးကြီးအဆင့်ရှိသူ တစ်ဦးဖြစ်၏။ (သူကိုယ်တိုင်ကမူ ဒုရုံးအုပ်ဟု ပြောလေ့ရှိ၏) ဒေါ်မြသစ်သည် မြို့သစ်နေ သူ့လို ဘဝတူ ရုံးဝန်ထမ်းများစု၍ ငှားရမ်းထားသော သီးသန့် ဘတ်စ်ကားကို လပေးစီးသူ ဖြစ်၏။ ထိုသို့ စီးသဖြင့် လူတိုင်း ထိုင်စရာနေရာရကြကာ ကားပေါ်သို့ တိုးဝှေ့တက်ရသော ဒုက္ခလည်း ကင်းဝေးလေသည်။ ခရီးသွားဖော်များမှာလည်း နေ့စဉ် တွေ့နေရသဖြင့် တစ်ယောက်နှင့်တစ်ယောက် ခင်မင်ရင်းနှီးမှု ရနေကြသည်။ အားလုံးမှာ စာရေးဝန်ထမ်းများသာ ဖြစ်သဖြင့် ဒေါ်မြသစ်အနေနှင့် ပေါင်းသင်းဆက်ဆံရသည်မှာ လူရည်သန့်သည်ဟု အမြဲထင်မြင် ခံစားနေရ၏။ သူတို့နှင့် ကိုယ် ဝယ်မဝတ်နိုင်သော အင်ဒိုနီးရှားပါတိတ်အကြောင်း၊ မငြိမ်သက်သော ကမ္ဘောဒီးယားနိုင်ငံငယ်တစ်ခုအကြောင်း၊ သူ ကွန်ဖင့်ကျောင်း တက်ဖြစ်သည့်အကြောင်း၊ လူကြိုက်များနေသည့် ခေတ်ပေါ် အချစ်ဝတ္ထုတစ်ပုဒ်အကြောင်း (တစ်ခါတစ်ရံ မြန်မာဝတ္ထု မဟုတ်ဘဲ ဘာဘရာကက်တန်းနှင့် ဒင်းနစ်ရိုဘင်စ်တို့၏ ဝတ္ထုများအကြောင်း ဖြစ်၏)၊ သာသနာ့ရိပ်သာတစ်ခုမှာ တရားထိုင်ခဲ့စဉ်က အတွေ့အကြုံများအကြောင်း၊ အယ်လိဇဘက်တေလာ၏ ရှစ်ကြိမ်မြောက် လက်ထပ်ပွဲအကြောင်း၊ နတ်ရေကန်မှ ထုတ်လိုက်သည့် ဆောင်းလိမ်းခရင် ဈေးလျှော့သည့်အကြောင်း ထွေရာလေးပါး ပြောနိုင်သည်။

ကားရပ်စောင့်နေစဉ် အကြော်ဖိုမှ ညှော်နံ့ လွင့်လာသဖြင့် ဒေါ်မြသစ်သည် လက်ကိုင်ပဝါ ဖြူဖြူကို ထုတ်ကာ နှာခေါင်းကို ပိတ်ထားမိလေသည်။

ဒေါ်မြသစ် ကားရပ်စောင့်နေသော လမ်းစုံထောင့်အနီးတွင် အကြော်တဲတစ်တဲ ရှိသည်။ ဒေါ်မြသစ်သည် ကားရပ်စောင့်ရင်း ပျင်းပျင်းရှိလျှင် အကြော်တဲကို တစေ့တစောင်း အကဲခတ်ကြည့်နေတတ်၏။ မြေကြီးပေါ်တွင် ဝါးလုံးစိုက်ကာ သက်ကယ်မိုးထားသော အကြော်တဲမှာ မှိုင်းခိုးတို့ကြောင့် မည်းနက်နေ၏။ သို့သော် သူတို့လုပ်ငန်းသည် အတော်တွင်ကျယ်ဟန် ရှိသည်။ မြေပေါ်တွင် တူးထားသော တွင်းကြီးနှစ်တွင်းကို မီးဖိုပြုကာ ကြီးမားသော သံဒယ်ကြီးနှစ်လုံးနှင့် မနားမနေ ကြော်နေရ၏။ မနက် သူ ရုံးသွားချိန်ဆိုလျှင် တောင်းကြီး တောင်းငယ်၊ ဗန်းကြီး ဗန်းငယ်တို့ဖြင့် ဖောက်သည် လာယူနေသူများ ရှုပ်ထွေးစည်ကားလျက် ရှိသည်။ လက်လီလက်ကားရောင်းသော ဆိုင်ပင် ဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

ကာ ဘူးသီးကြော်၊ ငှက်ပျောကြော်၊ ပဲကြော်၊ မုန့်ကြိုသွန်း စသည်ဖြင့် အကြော်လည်း အတော်ပင် စုံလင်လှသည်။

ဤအကြော်များကို အမြဲလိုလို တွေ့နေရသော်လည်း ဒေါ်မြသစ်သည် တစ်ခါမှ ဝယ်မစားဖူးချေ။ သူ့လို ပညာတတ် ဌာနခွဲစာရေးမကြီး အနေဖြင့် လမ်းဘေးတွင် အကြော် ဝယ်စားရသည်မှာ သိက္ခာကျစရာဟု ထင်သည်။ နောက်တစ်ချက်မှာ သူကိုယ်နှိုက်က မုန့်ပဲသရေစာ ဝယ်စားနိုင်လောက်အောင် အပိုသုံးပိုက်ဆံ မထားနိုင်သောကြောင့်လည်း ဖြစ်သည်။ သူ့လက်ဆွဲခြင်းလေးထဲတွင် တစ်တောင်နီးပါးခန့်ရှိသော ပိုက်ဆံအိတ်ဟောင်းကြီးတစ်ခု ထောင်ထည့်ထားသည်ကို လူတိုင်း မြင်ဖူးကြသော်လည်း ထိုပိုက်ဆံအိတ်ကြီး ဖွင့်သည်ကိုမူ တစ်ယောက်မှ မမြင်ဖူးကြချေ။

ဒေါ်မြသစ် လစာသည် လေးရာကျော်သည် ဆိုသော်လည်း ငွေဖြတ်၊ စုငွေဖြတ်၊ အသက်အာမခံကြေးဖြတ်၊ သာမူနာမူထည့်ငွေ နုတ်နှင့် သုံးရာသာသာလေးသာ လက်ထဲ ရောက်သည်။ အိပ်ရာထဲတွင် လဲနေသော ခင်ပွန်းလုပ်သူ၏ ပင်စင်လစာလေးကလည်း မဖြစ်စလောက်။ သူတို့ရင်သွေး ငါးယောက်စလုံးမှာ ကျောင်းတက်နေကြဆဲချည်း ဖြစ်၏။ တက္ကသိုလ်ပညာ သင်နေသူက နှစ်ယောက် ရှိသည်။ ဒီတော့ တစ်လနှင့် တစ်လ စားသောက်နေထိုင်ရေး အဆင်ပြေ အလျဉ်မီအောင် ဒေါ်မြသစ် မနည်းကြံဆောင် ဖန်တီးနေရလေသည်။

သို့သော် ...

တစ်နေ့မှာတော့ ဒေါ်မြသစ်သည် အကြော်တစ်ခု ဝယ်စားခဲ့လေသည်။ ထိုနေ့က ရုံးကားနောက်ကျမည် စိုးသဖြင့် ကသုတ်ကရက် ထွက်လာခဲ့ရရာ အိမ်တွင် သမီးကြီး ကြော်ပေးသော ထမင်းကြော်ကို အချိန်မရ၍ မစားခဲ့ရ။ ကားရပ်စောင့်နေရင်း ဗိုက်ထဲက မခံမရပ်နိုင်အောင် ဆာလောင်လာသည်။ ထို့ကြောင့် အကြော်ဆိုင်က ဘူးသီးကြော်တစ်ခု ဝယ်စားခဲ့ခြင်း ဖြစ်၏။ စားမိသောအခါ သူ ကြိုက်သွားသည်။ ဘူးသီး နပ်သည်။ မုန့်နှစ်စပ်ပုံ ကောင်းသည်။ (ဆိုင်ရှင်က မုန့်နှစ်ထဲတွင် ရွှေခြည်ပါသည်ဟု ပြော၏) ဆီသန့်သည်။ ဝက်ဆီ၊ အမဲဆီ ရောထားပုံမရ။

တစ်နေ့ ထမင်းချိုင့် မမီသောအခါ ဒေါ်မြသစ်သည် ဘူးသီးကြော်သုံးခု ဝယ်ကာ ရုံးကို စက္ကူနှင့် ထုပ်ယူသွားမိသည်။ သို့သော် ရုံးရောက်သောအခါ ဒေါ်မြသစ် မစားရချေ။ သူတို့ဌာနက ကောင်မလေးများက သူ့ဆီမှ အတင်း

mgyoe.com SAMPLE BOOK
လုဝယ်ကာ စားကြ၏။ ဒေါ်မြသစ် ဝယ်လာတာက တစ်ခုကို ပြားလေးဆယ်၊ ပြန်ရောင်းတော့ ပြားငါးဆယ် ရသည်။ ထိုနေ့က ဒေါ်မြသစ် ပြားသုံးဆယ် မြတ်၏။

* * *

ရုံးသူရုံးသားဆိုသည်မှာ နံနက်စောစော အိပ်က အထွက်တွင် ထမင်းစားကြသူများဖြစ်ရာ နေ့လယ်နေ့ခင်းတွင် ဆာတတ်သည်။ တချို့ကျတော့လည်း အပျင်းပြေ တစ်ခုခု စားချင်ကြသည်။ စားတတ်ကြသည်။ နောက်နေ့တွင် ဒေါ်မြသစ်သည် ဘူးသီးကြော် ဆယ်ခု စမ်းဝယ်သွား၏။ ကုန်သည်။ ထိုနေ့က တစ်ကျပ် မြတ်သည်။ နောက်နေ့တွင် ဘူးသီးကြော်သာမက တခြား အကြော်များပါ စမ်း၍ အခုအစိတ်လောက် ဝယ်သွားသည်။ ကုန်ပြန်သည်။

နောက်နေ့၊ နောက်နေ့များတွင် ဒေါ်မြသစ်သည် အကြော်စုံကို တိုး၍ တိုး၍ ဝယ်သွား၏။ သူ့ဌာနသာမက အခြားဌာနများကပါ ဒေါ်မြသစ်ထံမှာ အကြော်ရသည်ဆို၍ လာဝယ်စားကြ၏။ တချို့က တမင် အားပေးသည့်သဘော ဝယ်စား၏။ ယခုအခါ ဒေါ်မြသစ်သည် တစ်နေ့တွင် အကြော်တစ်ရာ ကုန်လေသည်။ ဒေါ်မြသစ် အလုပ်လုပ်သည့် စားပွဲခုံပေါ်တွင် တင်ထားသော ပလတ်စတစ် ခြင်းကြီးတစ်လုံးကို တွေ့ရလိမ့်မည်။ ထိုခြင်းထဲတွင် အကြော်များ ရှိ၏။

'မမသစ် ... ဘူးသီးကြော် ရောင်းပါဦး'

ဆိုလျှင် ဒေါ်မြသစ်သည် ဂဏန်းကို ပေါင်းနေရာမှ ရပ်၍ ထရောင်းသည်။ ဝယ်သူမှာ ထည့်စရာ ပါမလာသဖြင့် သူ့ တိုင်းမဂ္ဂဇင်းကိုပင် ဖြဲကာ ထုပ်ပေးလိုက်ရသည်။ ပြီးလျှင် တဘက်နီနီကို လည်ပင်းတွင် ပြန်ပြင်ပတ်လိုက်ကာ နှာခေါင်းပေါ် လျှောကျနေသော မျက်မှန်ကို ပင့်တင်လိုက်စဉ်မှာပင် ...

'မမသစ် ... ပဲကြော် တစ်ခုလောက်'

ဒေါ်မြသစ်သည် ဖောင်တိန်ကိုချကာ ထိုင်ရာမှ ထလိုက်ပြန်သည်။

* * *

'ကျွန်မက အားလုံး ကောင်းကောင်း စားစေချင်တဲ့ စေတနာနဲ့ အခုလို ဒုက္ခခံပြီး ယူရောင်းပေးနေတာရှင့်။ အကြော်ကလေးတွေကိုလည်း စားကြည့်ဦး။ ကြွပ်ရွနေတာပဲ။ ဆန်မှုန့်ထဲမှာ ရွှေခြည်ရောထားတာရှင့်။ ပြီးတော့ ဝက်ဆီ မသုံးဘဲ ပဲဆီစစ်စစ်နဲ့ ကြော်ထားတာ။ လူမျိုးမရွေး စားနိုင်တယ်။ ကျွန်မ လိမ် မရောင်းပါဘူး။ ကြားထဲက ငရဲအကြီးမခံနိုင်ဘူးရှင့်'

mgyoe.com

mgyoe.com SAMPLE BOOK

သူ့အကြော်အကြောင်းကို ပတ္တမြားတစ်လုံးကို ရောင်းနေသလို ဒေါ်မြသစ်သည် နှုတ်ခမ်းပါးပါး၊ စကားသွက်သွက်နှင့် ပိုင်ပိုင်နိုင်နိုင် ပြောတတ်သည်။

ထို့ကြောင့် ဒေါ်မြသစ်၏အကြော်ကို ရုံးတွင် လူမျိုးမရွေး၊ ဘာသာမရွေး ဝယ်ယူစားသုံးကြသည်။ နာမည်ကြီးလှသော ဒေါ်မြသစ်၏အကြော်ကို ရုံးသက်သာချောင်ချိရေး ဆိုင်မှပင် မှာယူရသည်။ ဒေါ်မြသစ်က သူကိုယ်တိုင် ရောင်းဝယ်နေသော အကြော်များကိုမူ သက်သာချောင်ချိရေးဆိုင်သို့ မရောင်းနိုင်ဟု ဆိုသည်။ သူ ဝယ်မရောင်းသော မုန့်ကြိုသွန်းများမူ သွင်းသည်။ မုန့်ကြိုသွန်း တစ်ခုကို ပြားလေးဆယ် ယူရ၍ သက်သာဆိုင်ကို လေးဆယ့်ငါးပြားနှင့် ပြန်သွင်းရသည်။ သက်သာဆိုင်က ငါးမူးနှင့် ပြန်ရောင်း၏။ သက်သာဆိုင်ကို တစ်နေ့ အခုတစ်ရာ သွင်းရသည်။ ဒီအလုပ်ကတော့ လက်လွှဲကလေးနှင့် မြတ်သော အလုပ်ဖြစ်သည်။ တစ်ခါတစ်ရံ သူ ယူထားသောမုန့်များ မကုန်လျှင် ဒေါ်မြသစ်သည် အနီးအနားရှိ တခြားရုံးများသို့ အကြော်ထည့်သော ပလတ်စတစ်ခြင်းကို ဆွဲယူကာ ကူးသန်းရောင်းဝယ်တတ်၏။

နေ့လယ်နေ့ခင်း တချို့၌ လက်တစ်ဖက်တွင် ပလတ်စတစ်ခြင်းကို ဆွဲကာ မျက်နှာချင်းဆိုင်ရှိ ရုံးသို့ အကြော်ရောင်းသွားရန် လမ်းဖြတ်ကူးနေသော ဒေါ်မြသစ်ကို တွေ့ရတတ်၏။

သူ့ရှေ့တည့်တည့် မီးပွိုင့်သည် နီနေသည်။

* * *

ဆီပူအိုးသည် ပွက်ပွက်ဆူလျက် ရှိ၏။

နေ့စဉ်ပင် အကြော်တဲကို စောစောရောက်ကာ ဖောက်သည်ယူနေသော ဒေါ်မြသစ်ကို တွေ့ရတတ်သည်။ ယခုအခါ ဒေါ်မြသစ်သည် အရပ်ထဲတွင် လည်ရောင်းရန် ဖောက်သည်လာယူကြသော အခြား ခေါင်းရွက်ဈေးသည်များနှင့်လည်း မျက်မှန်း တန်းမိရုံမက သိကျွမ်း ခင်မင်၍နေလေပြီ။ သို့သော် သူတို့နှင့် ဝိပဿနာအကြောင်း၊ ကမ္ဘာ့နိုင်ငံ အရေးအခင်းတစ်ခုအကြောင်း၊ ကွန်ဖင့် ကျောင်းသူအကြောင်း၊ အင်ဒိုနီးရှားပါတိတ်အကြောင်း၊ ခေတ်ပေါ် အချစ်ဝတ္ထုတစ်ပုဒ်အကြောင်းကိုတော့ ပြော၍ မဖြစ်ပေ။ သူတို့သည် ဒင်းနစ်ရိုဘင်စ်ကိုလည်း ကြားဖူးဟန် မရှိ။ ဆောင်းလိမ်းခရင်ကိုလည်း သုံးဖူးဟန် မရှိ။

သူတို့ ပြောလေ့ရှိသော စကားများမှာ ဇီယာဆန်အကြောင်း၊ မနေ့က ယူသွားသည့် အကြော်များ မကုန်သည့်အကြောင်း၊ ပိုက်ဆံတစ်မတ်ပေး

mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်ရသည့် တယ်လီဗေးရှင်း ရုပ်ရှင်ထဲတွင် ကောလိပ်ဂျင်နေဝင်း အမူအရာကောင်းကြောင်း၊ မနေ့က ယောကျ်ားလုပ်သူ အရက်ဖိုးတောင်းတာ မပေးနိုင်သဖြင့် ဖနောင့်နှင့် အပေါက်ခံရသည့်အကြောင်း၊ သူတို့နားက ဘုရားပွဲတွင် ရွှေမန်းဇာတ် ဝင်လျှင် ထဘီပေါ်ကာ ကြည့်မည့် အကြောင်းများသာ ဖြစ်၏။

သို့သော် သူတို့ကို ဒေါ်မြသစ် ခင်မင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ရုံးအလုပ်တစ်ဖက်နှင့်ဖြစ်သော ဒေါ်မြသစ်ကို အကြော်ယူရာ၌ အမြဲတမ်း ဦးစားပေးလေ့ ရှိသောကြောင့် ဖြစ်သည်။ ဒေါ်မြသစ် ယူရသည်မှာ ခေါက်ပြန်ပေးစနစ် ဖြစ်သည်။ ဒီနေ့ ယူသွားသော အကြော်တို့ကို ရောင်းပြီး နောက်နေ့မှ ပေးရ၏။ အရင်းစိုက်စရာမလိုဘဲ ကြားထဲမှ အမြတ်ကို သူ စားနေရသည်။

'မမသစ်တို့များ ရုံးတက် တယ်မှန်ပါလား'

ကားစီးဖော်များက ပြောကြ၏။ ရုံးတက် မှန်ရပေမည်။ ရုံးမတက်၍ အကြော်မရောင်းရလျှင် ဒေါ်မြသစ်အတွက် တစ်နေ့ဆယ့်ငါးကျပ် နစ်နာ၏။ (အကြော်စုံ တစ်ရာက တစ်ဆယ် မြတ်၍ မုန့်ကြိုသွန်းက ဆယ့်ငါးကျပ်မြတ်သည်) ဒီအလုပ်ကလေးတစ်ခုကြောင့် သူ့မှာ အသက်ရှူရ နည်းနည်းချောင်၍ လာသည်။ ဒေါ်မြသစ် အကြော်ဖိုအနီးတွင် ထိုင်နေရင်း ညှော်နံ့သင်းနေသော လေကိုပင် တစ်ဝကြီး ရှူပစ်လိုက်မိ၏။

* * *

နေ့စဉ် ပြုနေကျ ဝတ္တုရားအတိုင်း ဒေါ်မြသစ်သည် ရုံးကားစောင့်လျက်ရှိသည်။ သူ့ပခုံးပေါ်တွင် အမွေးတုံးနေပြီဖြစ်သော စိန်ကတ္တီပါ ကြက်သွေးရောင်တစ်ထည်ကို လွှမ်းခြုံထား၏။ လက်တစ်ဖက်တွင် အကြော်စုံ တစ်ရာ ထည့်ထားသော ပလတ်စတစ်ခြင်းကို ဆွဲထား၏။ အခြား လက်တစ်ဖက်ကမူ ကြွေရည်သုတ် ကိုင်းတပ် ပုံးငယ်တစ်ခုကို ဆွဲထားသည်။ ပုံးထဲတွင် ညီညီညာညာ စီထည့်ထားသော မုန့်ကြိုသွန်း တစ်ရာ ရှိနေ၏။

သူ့ရှေ့ကို ရုံးကား ထိုးစိုက်လာသောအခါ ဒေါ်မြသစ်သည် ကြွေရည်သုတ် သံပုံးငယ်တစ်ဖက်၊ ပလတ်စတစ်ဆွဲခြင်း တစ်ဖက်နှင့် ရုံးကားပေါ်သို့ လှမ်းတက်လိုက်သည်။ ပင့်တင်ရန် လက်မအားသဖြင့် သူ့မျက်မှန် သူ့နှာခေါင်းပေါ်ကို လျှောကျနေပုံမှာ အတောင်ညောင်းသည့် လိပ်ပြာနက်တစ်ကောင် သူ့မျက်နှာပေါ်တွင် နားနေသည်နှင့် တူတော့သည်။ ထိုမျက်မှန်ပေါ်တွင် အကြော်ဆီများ စွန်းကွက်နေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

## ၃

ခွေးညိုသည် ၁၂ နှစ်သား အရွယ်ကပင် စာသင်ခန်းကို ကျောခိုင်းကာ ဓာတ်ထဲကို လိုက်ခဲ့ရ၏။ ထိုအခါ ကျောင်းတက်ခေါင်းလောင်း ထိုးသံအစား တူရိယာငါးပါး အသံကို စတင် ကြားရလေသည်။

* * *

'ဒီကောင့်ကို ဒီအတိုင်း မထားနဲ့။ ငါနဲ့ ဓာတ်ထဲ ထည့်လိုက်'

အဖေ့၏အသုဘ ရက်လည်သောနေ့တွင် အဖေ့မိတ်ဆွေ နှဲဆရာ ဆရာစိမ့်က ပြောလိုက်သောစကား ဖြစ်၏။ ခွေးညိုသည် ရွယ်တူ သူငယ်ချင်းတချို့နှင့် ကြွေပစ်နေရာမှ လှမ်းကြားလိုက်ရသည်။ ထိုစကားသံသည် ပန်းကန်နှင့် ကြွေစေ့ ထိသံတို့ကို ဖုံးကာ သူ့နားထဲသို့ စူးဝင်လာခဲ့၏။ လွန်ခဲ့သော ခုနစ်ရက်ခန့်က သူ့အဖေသည် အငှားကောက်ရိတ်သိမ်းလိုက်ရင်း ပိုးထိ ဆုံးသည်။ ထာဝရ ချူချာနေသော မီးယပ်ရောဂါသည် အမေသည် ရှေ့ရေးအတွက် ညီမ ထံမှာ ခိုကပ်၍ ခဲအိုလုပ်စာကို စားဖို့ ပြင်ဆင်နေခိုက်လည်း ဖြစ်သည်။ ထိုဘဝ ကလေးထဲတွင် ခွေးညို မည်သို့ မှိတွယ်ရပါမည်နည်း။ ပန်းကန်ထဲသို့ သူ ပစ်ထည့်လိုက်သော ကြွေစေ့ ခြောက်စေ့လုံးမှာ မှောက်၍နေ၏။

ဝမ်းနည်း တုန်ယင်မှုကို ကြိုးစားထိန်းကာ ပြောလိုက်သော အမေ့အသံကို ကြားရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'ဆရာစိမ့် သဘောပါပဲ'

ထိုအခိုက်၌ အမေ့မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ရစ်ဝဲနေလိမ့်မည်ကို သူ လှည့်မကြည့်ဘဲ သိလိုက်၏။

သုည်လိုနှင့် အင်္ဂလိပ်အက္ခရာကို မြင်ဖူးခါစ ငါးတန်းဖြေမယ့်ဆဲဆဲ ခွေးညိုသည် အဖုံးစိမ်းနှင့် ကျောင်းသုံးစာအုပ်များ၊ အဖေ့လက်ရာ ရစ်လုံးကလေး၊ ခြံထောင့်က ကနစိုးသီးပင်၊ ဖယောင်းတိုက်ထားသော ဂျင်ကလေး၊ ပေစီနှင့် စိန်လှအောင် စသည်တို့မှ ဆန့်ထွက်ရုန်းကန်ကာ အမေ ပေးလိုက်သော ကြိမ်ပုတီးအဟောင်း တစ်ကုံးနှင့်အတူ မြို့တော် ပန်တျာအောင်ကြည်ဝင်း ဇာတ်သဘင်အဖွဲ့ထဲသို့ ရောက်ခဲ့ရလေတော့သည်။

သဘင်လောကသည် သူ့အဖို့ မရင်းနှီးစဖူးသော လောက ဖြစ်သည်။ ကောင်းစားနေဆဲ ရောမမြို့သို့ မျက်စိလည် ရောက်လာသော တောကျီးကန်းတစ်ကောင်နှယ် ခွေးညိုအဖို့ အရာရာသည် အသစ်အဆန်း ဖြစ်နေ၏။ အပြာရောင် မျက်ခွံများ၊ ရွှေချည်ထိုး အဝတ်အထည်များ၊ ရောင်စုံ ဆလိုက်မီးများ၊ ပရမ်းပတာ လူ့စရိုက်များ၊ အမွေးတုံးနေသော ကတ္တီပါ လိုက်ကာများ၊ ဇာတ်ပစ္စည်း ထည့်သေည့် သေတ္တာကြီးများက အစ အားလုံးမှာ အံ့သြဖွယ်ရာသာ ဖြစ်နေသည်။

ဆရာစိမ့်၏ ဇာတ်ဘော်ဒါအဖြစ် ခွေးညိုသည် ဇာတ်ထမင်း၊ ဇာတ်ဟင်းကို စားရသော်လည်း ဇာတ်ထဲမှာ သူ့ကိုယ်သူ ဘာကောင်မှန်း မသိ။ ဇာတ်စင်ရှေ့မှာ ရွာစားဦးရာကျော်၏ ပတ်စာကို နယ်ပေးရသည်။ ဇာတ်စင်နောက်တွင်မူ ရေနွေးအိုး တည်ရသည်။ ဇာတ်စင်ပေါ်၌မူ ကြိုးဆွဲလက်ထောက် (သူ့ကိုယ်သူ ပေးထားသော ရာထူး) ဖြစ်၏။ ကြိုးဆွဲ ကိုလှကြိုင်နှင့်အတူ ကားတင် ကားချ ကူရသည်။ ဇာတ်ကနေရင်း ဆေးလိပ်သောက်ချင်၍ တင်းတိမ်ကြား ဝင်လာသော မင်းသမီးကြီး ဒေါ်မြရီတင်ကို ဆေးလိပ် မီးညှိပေးရသည်။ နွယ်ကလေးစိန်ကို သောက်ရေ ခပ်ပေးရသည်။ နှစ်ပါးကနေရင်း မကြာခဏ လဲသော ဇာတ်ဆရာ၏ ပုဆိုးကို စောင့်ကာ ခေါက်ရသည်။

တစ်ညလုံး တောက်တိုမည်ရ ကိစ္စများနှင့် အိပ်ခွင့်မရသော ခွေးညိုသည် မိုးစင်စင်လင်းသော်လည်း တခြား ဇာတ်သမားများနည်းတူ အိပ်ခွင့်ရသေးသည် မဟုတ်။ တစ်ညလုံး ပွဲကြည့်သူတို့ စွန့်ပစ်ထားခဲ့သော ရုံအတွင်းရှိ အမှိုက်သရိုက်များကို ရှင်းလင်းရာ၌ ကူရသေးသည်။ ဇာတ်စင်နောက် ထမင်းချက်

mgyoe.com

mgyoe.com SAMPLE BOOK
ရာ၌ ပန်းကန်ဆေး၊ ငရုတ်သီး ထောင်းရသေးသည်။ ဇာတ်ထဲ၌ သူ့အလုပ် ဆို တာ သတ်သတ်မှတ်မှတ် မရှိ။

နေ့အလုပ်၊ ညအလုပ် မရွေး ကြုံသူက ကြုံသလို ခိုင်းတာကို ကြုံသလို လုပ်ရ၏။ သို့မှသာ သူများ အငြိုအငြင်ခံရ သက်သာ၏။ သို့သော် သူသည် လခ သို့မဟုတ် ညကြေးဟူ၍ ရသည်မရှိ။ ဇာတ်ဆရာ အနင်းခံ၊ ဇာတ်ဆရာ ကတော် သန်းရှာခိုင်းအပြီး တစ်ခါတစ်ရံ ပေးတတ်သော မုန့်ဖိုး၊ သူများ အရက် ဝယ်ခိုင်း၍ ပိုသော အကြွေအနည်းငယ် စသဖြင့် ဟိုလူသည်လူ ပေးသော သဒ္ဒါ ကြေး အနည်းငယ်သည်သာ သူ့ဝင်ငွေ ဖြစ်၏။

ဇာတ်ဘိန်းစား ဘဝနှင့် အသားကျစ ပြုလာသောအခါ ယိုစီးပွင့်အန်ခွင့် မရခဲ့သော သူ့အသည်းနှလုံးမှ မျက်ရည်စများသည်လည်း တစ်စထက်တစ်စ ပါးလျ ခန်းခြောက်လာတော့သည်။ အကြေး မလှန်ချင်သော်လည်း ပြောရဦး မည်။ ဇာတ်သမားဘဝ ဆိုသည်မှာ တကယ့် ကမောက်ကမသာ ဖြစ်၏။ ဇာတ် စင်ပေါ်၌ အမြဲ ဘီလူးလုပ်ရသော ဦးစန္ဒယော်သည် ဇာတ်စင်နောက်၌ ခြင်ပင် မရိုက်သူ ဖြစ်၏။ သီရိဓမ္မာသောကမင်းကြီး တင်မြင့်သည် တစ်ဇာတ်လုံး၌ အကြွေးထူဆုံး ဖြစ်၏။ အစဉ် ရသေ့လုပ်နေရသော ကိုသူတော်သည် ပတ်တီး ကိုချစ်အောင် မိန်းမကို ကြာခိုနေသူ ဖြစ်၏။ မဒ္ဒီဒေဝီသည် ဖဲဝိုင်းမှ မထသူ ဖြစ်၏။ လူပြက် ကိုပေါမြကား ထစ်ခနဲရှိလျှင် ဓားဆွဲ ကြိမ်းတတ်သူ ဖြစ်၏။

မီးရောင်အောက်တွင် တောက်ပဖိတ်လဲ့စွာ ဝတ်ဆင်၍ တစ်ဖက်တွင် မင်းသမီး ရှစ်ယောက်စီထားကာ ကနိုင်သော ပန်တာအောင်ကြည်ဝင်းကို ဇာတ် ထဲ ရောက်ခါစက ခွေးညို အထင်ကြီးခဲ့ဖူး၏။

သို့သော် ဇာတ်ဆရာ အောင်ကြည်ဝင်းသည် ဇာတ်စင်နောက်၌မူ ပိန်ပိန် ကပ်ကပ်၊ အသားမည်းမည်း၊ သွားခေါခေါ၊ မျက်ခုံးမွေး သေးသေးဆွဲ၍ ရွှေ ဆွဲကြိုး ကြီးကြီးဆွဲသော သူ့မိန်းမ ဒေါ်ကျင်ပုကို အသေအလဲ ကြောက်ရသူ သာ ဖြစ်၏။ ပိုက်ဆံချမ်းသာသော ဒေါ်ကျင်ပုသည် ပန်တျာကျောင်းဆင်းစ အလုပ်လက်မဲ့ (ယခင်က ဖြူဖြူသွယ်သွယ်) အောင်ကြည်ဝင်းကို မွေးယူခဲ့သည် ဟု သိမီသူများက ပြောကြ၏။ ယခုတော့ ဇာတ်မင်းသားထုံးစံ ပန်တျာ အောင် ကြည်ဝင်းသည် ရှေ့တွင် ရွှေသွားနှစ်ချောင်းနှင့် ဗိုက်လည်း တော်တော်ရွဲကာ ဖဲလည်း တော်တော်စွဲနေလေပြီ။ သူ့စန်းလည်း ကုန်ခဲ့ပြီ။ အခုခေတ်က သူ့ထက် အသက် ထက်ဝက်ချိုးသော မင်းသားလေးများ ခေတ်။ ပန်တျာအောင်ကြည်
mgyoe.com

mgyoe.com SAMPLE BOOK
ဝင်းက သူတို့လို သေတ္တာပေါ် ခုန်မတက်တတ်၊ ကျွမ်းလည်း မထိုးတတ်၊ စတိတ်ရှိုးလည်း မဆိုတတ်။ ထို့ကြောင့် သူ့ကို မုန့်ထုပ်နှင့် ပေါက်သူလည်း မရှိ။ ပန်းကုံးပေးသူလည်း မရှိ။ ငယ်ငယ်က ကောင်းခဲ့သော အောင်ကြည်ဝင်း၏ အသံကလည်း အရက်ကြောင့် ပြာအစ်အစ် ဖြစ်ခဲ့ရပြီး သည်နှစ်များအတွင်း ဝယ် ဇာတ်ဆရာ မပြောင်းလဲတာဆိုလို့ မိန်းမ ကြောက်တာ တစ်ခုပဲ ကျန်တော့သည်ဟု ဆိုကြ၏။

သူတို့ မျက်ခုံးတစ်ချက် ချီလျှင်၊ တစ်ခါတစ်ခါ ပစ်လျှင် ဇာတ်စင်ထောင့် နှစ်ဖက်၌ လက်ခေါက်မှုတ်သံ ညံမစဲအောင် ရှိတတ်သည်ဆိုသော မီးရောင်အောက်တွင် ကြာတွေ၊ မာယာတွေနှင့် ဟန်ပိုလှသည့် ဇာတ်မင်းသမီးကိုလည်း ခွေးညိုက ဇာတ်စင်အောက် နေ့လယ်ကြောင်တောင်တွင် ကာလသားတို့ မြင်စေချင်သည်။ ဆေးနက် (ကာချယ်) ဖြင့် ချဲ့မထားသော မျက်ပေါက်ကျဉ်းကျဉ်း၊ ရိတ်ရုံသာ ရိတ်၍ ဆွဲမထားသော မျက်ခုံးမွေး မရှိသော မျက်လုံး၊ မိတ်ကပ် ဖို့မထားသော တင်းတိပ်၊ ကျောက်ပေါက်မာတို့နှင့် မျက်နှာ၊ နှုတ်ခမ်းဆိုးဆေးဖြင့် ပုံသွင်းမထားသော ပါးစပ်ပြဲပြဲ၊ အခုအခံ မသုံးသော ပိန်ကပ် မွဲခြောက်သော ကိုယ်လုံးနှင့် ရွံစရာ ကလေးအမေ၊ တစ်ခုလပ်၊ နှစ်ခုလပ် မုဆိုးမများသာတည်း။ ဆံပင်ကောက်ကောက်၊ ဘော်လီအင်္ကျီကို အရောင်နှင့် ဝတ်တတ်သော ထိုမိန်းမများသည် ကွမ်း၊ ဆေးလိပ်နှင့် ယုတ်ကြမ်းသော စကားလုံးများကို ပါးစပ်က မချသူများလည်း ဖြစ်၏။ (ဒီအထဲတွင် နွယ်ကလေးစိန် မပါပါ)

တရုတ်သွေးစပ်သော နွယ်ကလေးစိန်သည် ကိုယ်လုံးတစ်တစ်နှင့် အသားက ဝါဝင်းစိုနေသည်။ သွားတက်ကို ရွှေတပ်ထားသဖြင့် ပြုံးလိုက်တိုင်း ဝင်းလက်နေသည်။ ရယ်လိုက်လျှင် ပိတ်လုမတတ်ရှိသော မျက်လုံးမှိုမှိုကလေးများကလည်း ချစ်စရာဟု သူ ထင်နေသည်။ သူမကသာ မျက်လုံးတစ်ချက် စွေကြည့်လိုက်လျှင် အကြည့်ခံရသူသည် သူမ၏ ထဘီဖျားနောက်တွင် ဒူးထောက်၍ ခွေးတစ်ကောင်လို ပါသွားနိုင်သည်ဟု လူပြက် ကိုကြာရိုးက ပြောဖူး၏။ ထိုခွေးသည် အညိုရောင်ဖြစ်နိုင်သည်ဟု ခွေးညို တွေးမိသည်။

အခွင့်အရလျှင် ခွေးညိုသည် နွယ်ကလေးစိန်အပါးတွင် မသိမသာ ရပ်ကာ အရပ်ချင်း တိုင်းတတ်သည်။ ပုတုတု နွယ်ကလေးစိန် အရပ်အမောင်းကိုတော့ သူ နောက်နှစ်ကျလျှင် ကောင်းကောင်း မီတော့မည်။ ဇာတ်ထဲတွင် နွယ်ကလေးစိန်ကို သဘောကျသူတွေ များ၏။ ခွေးညိုကိုတော့ နွယ်ကလေးစိန်က
mgyoe.com

mgyoe.com SAMPLE BOOK

လိုက်လျောညီထွေ ဆက်ဆံတတ်ပါသည်။ အနည်းဆုံး သူမ မောလာလျှင် ခွေးညိုသည် ရေခပ်ပေးဖော်၊ ယပ်ခတ်ပေးဖော်ရသည် မဟုတ်လား။

ဇာတ်ထဲရောက်ခဲ့ပြီး တစ်နှစ်တာ ကာလအတွင်းမှာပင် ခွေးညိုသည် အပြောင်းလဲကြီး ပြောင်းလဲခဲ့သည်။ ကျောင်းစာအုပ်များ၊ ဖယောင်းတိုက်ထားသော ဂျင်ကလေး၊ ပေစိနှင့် ကနစိုးပင်တို့မှာ တစ်စထက်တစ်စ မှုန်ဝါးသွားသည်။ အမေ ပေးလိုက်သော ကြိမ်ပုတီးလေးကိုပင် ဘယ်နားတွင် ထားလိုက်မိမှန်း မသိတော့သည်မှာ ကြာပြီ။ တစ်ဦးတည်းသော အမေ့ထံသို့လည်း သုံးလေးလနေမှ စာတစ်ခါရေးဖြစ်၏။ ရေးတော့လည်း 'သူများလို ဇာမချဲ့ချင်ဘူး၊ မာတယ် အမေ' ဆိုသော တိုတိုတောင်းတောင်း စာမျိုးသာ ဖြစ်သည်။ သို့သော် ...

ခွေးညိုသည် ဇာတ်ဆရာ ဦးစီးသည့် ပိုကာဝိုင်း၍ ဆရာစိမ့်နောက်မှ ထိုင်ကာ ၁၃ ချပ် အကြောင်းကိုတော့ နားလည်ခဲ့ပြီ။ (ဆရာစိမ့် အပေါ့အပါးသွားခိုက် သူ ခဏထိုင်ရသည်ကို အခွင့်ထူးဟု ယူဆကာ မျှော်လင့်နေတတ်၏) လူပြက် ကိုကြာရှိုးတို့ အရက်ဝိုင်း၌ထိုင်ကာ အမြည်းနှိုက်စားရင်း ယောကျ်ားမိန်းမ အတွင်းကိစ္စများကိုလည်း သဘောပေါက် တစ်ချက်၊ မပေါက် တစ်ချက်နှင့် ကြားနာတတ်ခဲ့ပြီ ဖြစ်၏။ ကားဆွဲ ကိုလှကြိုင်နှင့် ပေါင်းကာ ဆေးလိပ်ရှိုးရှိုးသာမက ဆေးခြောက်ကိုလည်း ရှုတတ်ခဲ့ပြီ ဖြစ်၏။

* * *

သူတို့ ဇာတ်ထဲ၌ ထမင်းစားချိန်ကျသည်ကို မောင်းထု၍ အချက်ပေးတတ်သည်။ ထို 'ဒူ' ဟူသော အသံကို ကြားလျှင် ကြားကြားသမျှ ဇာတ်သူဇာတ်သားတို့သည် ထမင်းကျွေးရာ နေရာသို့ စုဝေး သွားရောက်ကြရ၏။

စာသင်ခန်းကို စွန့်ခွာ၍ ဇာတ်ထဲသို့ ရောက်သွားသောအခါ ခွေးညိုသည် ကျောင်းတက် ခေါင်းလောင်းထိုးသံအစား တူရိယာငါးပါးသော အသံကို ကြားရလေသည်။ ထိုအသံများထဲတွင် 'ဒူ' ဟူသော အသံကို အသာယာဆုံးဟု ထင်မိလေသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## အဝီစိ ရေ

ဝက်မ၏ နွေသည် ဗာဂျီးနီးယားဝုဖ်၏ နွေနှင့် မတူချေ။ ရှင်ဥတ္တမကျော်၏ တောလားထဲမှ နွေနှင့်လည်း မတူချေ။ ဝက်မသည် နွေသစ်ရွက်၏ သီဂီတစ်ဝက်၊ မြတစ်ဝက် အလှကိုလည်း ငဲ့စောင်း မကြည့်အား။ ရေထဲဆင်းသေဖို့လည်း စိတ်ကူးချိန်မရ။ နေ့စဉ်နှင့်အမျှ ရေနှစ်ပုံးနှင့် လူလေးယောက်ကို ထမ်းနေရသူဖြစ်ရာ တခြားဟာတွေကို ခေါင်းထဲ မထည့်နိုင်ဘဲ ရှိ၏။ (အဖေမရှိကတည်းက အမေနှင့် ညီမလေး တစ်ယောက်၊ မောင်လေး နှစ်ယောက်တို့၏ တာဝန်ကို သူ ယူခဲ့ရသည်)

နာမည်က ဝက်မ ဆိုသော်လည်း သူသည် မည်းမည်း ပိန်ကပ်ကပ်ကောင်မလေးသာ ဖြစ်၏။ ငယ်စဉ်ကတော့ ဖြူဝခဲ့နိုင်သည်။ ဝက်မ၏ အသက်သည် ၁၅ နှစ်ကျော်ပြီ ဖြစ်၏။ သို့မဟုတ် ၁၆ နှစ်ကျော်သာ။ ၁၅ နှစ်ကျော်တာလည်း ဖြစ်နိုင်၏။ သေသေချာချာ မသိ။ (စာမတတ်သော သူ့အမေလည်း မသိ) ကိုယ့်အသက်ကို ကိုယ် မသိတဲ့လူ ဤလေကို မရှူရဘူးလို့ ကမ္ဘာလုံးကြီးက ဝန်တိုနေတာလည်း မဟုတ်။ သိရုံနှင့်လည်း ထမင်းတစ်နပ် အလကားစားရတာမဟုတ်။ သူ မသိတာတွေ တော်တော်များနေရာ ကိုယ့်အသက်ကိုယ်ကိုယ် မသိတာကိုလည်း အရေးတကြီး မဟုတ်ဟု ထုံနေတော့၏။

mgyoe.com

mgyoe.com SAMPLE BOOK

ရေရောင်းစားနေသည့်အတွက် ဝက်မသည် လူ့ခန္ဓာကိုယ်တွင် ရေ ၆၄ ရာခိုင်နှုန်း ပါဝင်ကြောင်းကိုသော် လည်းကောင်း၊ ရေသည် အောက်စီဂျင် တစ်ဆနှင့် ဟိုက်ဒရိုဂျင် နှစ်ဆ ပေါင်းစပ်ထားခြင်းကိုသော် လည်းကောင်း သိရှိရန် လိုအပ်သည်ဟု ဘယ်သူက အတင်းအကျပ် တောင်းဆိုနိုင်မည်နည်း။ (ရေအသက် တစ်မနက်ဆိုသော မြန်မာစကားပုံကိုပင် ဝက်မသည် ကြားဖူးဟန် မရှိ) ကမ္ဘာကြီးကို လေးပုံ ပုံလျှင် သုံးပုံသည် ရေဖြစ်သည်ဟု တစ်စုံ တစ်ယောက်က ပြောလာပါကလည်း ဝက်မသည် ဟားတိုက်၍ ရယ်လိမ့်မည်။ (ဒီလောက်သာ ရေတွေ ပေါနေလျှင် လူတွေက သူ့ဆီမှာ တစ်စည် သုံးကျပ်နှင့် ဘယ်ဝယ်သုံးလိမ့်မတုံး) ကြည့်ပါလား။ ရေရှားလို့ပေါ့။

ချိုးရန်ရေ၊ သောက်ရန်ရေ၊ လျှော်ဖွပ်ရန်ရေ၊ ချက်ပြုတ်ရန်ရေ၊ ရေ ... ရေ ... ရေ ... ရေ ... ရေ ... ရေ .. ရေလိုသူတို့ စီထားသော ပုံးတန်းကြီးများမှာ ဘုံပိုင်တွင် ရှည်လျားစွာ တွန့်လိမ်လျက် ရှိ၏။ ဝက်မတို့ကတော့ ဤအများသုံး လမ်းဘေး ဘုံဘိုင်တွင် ခပ်လေ့မရှိ။ ဤဘုံပိုင်တွင် တစ်နေ့လုံး စိတ်ရှည်လက်ရှည် တန်းစီစောင့်ပါမှ သုံးထမ်းလောက်သာ ရနိုင်သည်။ ဝက်မတို့က တစ်နေ့ကို အထမ်းသုံးဆယ်အထက် ထမ်းရပါမှ အသက်ရှုချောင်ရုံ ရှိ၏။ ဒီတော့ သူတို့ လမ်းထဲတွင်ရှိသော ပုဂ္ဂလိက ဘုံပိုင်ကိုသာ အားကိုးရသည်။

ဝက်မသည် ထိုဘုံပိုင်မှ ရေကို တစ်ထမ်း ဆယ့်ငါးပြားနှင့် ဝယ်ရရာ ခြောက်ထမ်းကို ပြားကိုးဆယ် ကျ၏။ သူက သည် ‘ခြောက်ထမ်း’ကို သုံးကျပ်နှင့် ပြန်ရောင်းတော့ နှစ်ကျပ်ဆယ်ပြား မြတ်၏။ ဝက်မလို ရေရောင်းစားသူများသာမက ကိုယ့်အိမ်အတွက် ကိုယ် ဝယ်ကာ ထမ်းနေသူများလည်း ရှိသဖြင့် ထိုဘုံပိုင် ပိုင်ရှင်မှာ တစ်နေ့ တစ်ဆယ်၊ ဆယ့်ငါးကျပ် စီသည်။

ဝက်မထံမှ ဝယ်ယူသုံးသော ဖောက်သည်အိမ်များကလည်း သံချေးစော်နံ့ရုံမက သံချေးဖတ် နီကြင်ကြင်များပင် ပါလာတတ်သော အများသုံး ဘုံပိုင်က ရေ၊ သံခဲတို့သားအဖ တွန်းရောင်းသော ရွှံ့စော်နံနေသော ကန်ရေတို့ထက် ဝက်မ ရေကို ပိုသဘောကျကြ၏။ (သံခဲတို့သားအဖသည် ရေစည်လှည်းဖြင့် ရပ်ကွက်အစွန်ရှိ ရေကန်ကြီးမှ ရေကို တွန်းရောင်းကြသူများ ဖြစ်၏) မနှစ် နွေက ရေတော်တော်ရှားခဲ့ရာ သူကလည်း စေ့ငအောင် ထမ်းမပေးနိုင်သဖြင့် သူ့ဖောက်သည် တချို့ကို သံခဲတို့ သားအဖ ဖဲ့ယူသွား၏။ မခံချိ မခံသာ လက်

mgyoe.com

mgyoe.com SAMPLE BOOK
လွှတ်လိုက်ရသည်။

ဒီတုန်းက သံခဲတို့ သားအဖနှင့် အပြိုင်ဖြစ်နေသဖြင့် လက်ထဲတွင်ရှိနေသော ငွေကလေးနည်းနည်းနှင့် လိုတာကို ဈေးငှားဖြည့်ကာ ရေလှည်း တစ်စီးပင် ဝယ်ဖို့ ဝက်မ စိတ်ကူးခဲ့သေး၏။ ငါးရာလောက်ဆိုလျှင် တွန်းဖြစ်ရုံ ရေလှည်းဟောင်း တစ်စီးတော့ ရနိုင်သည်။ လေးတန်း နှစ်ခါဆက် ကျ၍ ကျောင်းမနေချင်တော့ဟု ထွက်လိုက်သော မောင်အကြီးလေးကို သူနှင့်အတူ ရေလှည်း ကူတွန်းခိုင်းနိုင်သည်။ သို့သော် မိုးဦးကျက စ၍ အမေ ချူချာသဖြင့် လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ငွေလည်း အတောင်ပေါက်ကာ ပျံထွက်သွား၏။

ဒီနှစ် နွေပေါက်၍ ရေအရောင်း ပြန်ကျသောအခါ ရေစည်ကို မဆိုထားနှင့်၊ ရေပုံးအသစ် နှစ်ပုံးလောက် ဝယ်ချင်တာပင် ခြိုးခြံနေရပြန်သည်။ (မိုးတွင်းက တင်ထားသော ကြွေးနည်းနည်းလည်း ရှိ၏) သံဈေးစားကာ ပေါက်နေသော ရေပုံးဖင်များတွင် ပျဉ်ကို ကတ္တရာစပ်၍ ဖာကာ ဆက်သုံးနေရ၏။ မနှစ်ကတည်းက ကျိုးလုတဲတဲရှိသော ထမ်းပိုးကိုပင် အသစ် မဝယ်ဖြစ်။ ကျိုးလုလု နေရာတွင် တစ်ထောင်ခန့် ပျဉ်ပြားတစ်စကို အပေါ်မှ ထပ်ပိုးပြီး ဟိုဘက်ထိပ်၊ သည်ဘက်ထိပ်ကို သွပ်နန်းကြိုးနှင့် တုပ်လိုက်ရာ သည်တစ်နွေတော့ ထမ်းလို့ဖြစ်အောင် အဆင်ပြေသွား၏။ ဝက်မက ဘာအကြောင်းမှ မသိသော်လည်း ဘဝအကြောင်းကိုတော့ မသိချင်ဘဲ အရွယ်နှင့်မမျှအောင် သိနေခဲ့ရပြီ။ (ရည်းစားလည်း ထားခဲ့ဖူး၏)

သူ့ရည်းစား သန်းလွင်က သူတို့လမ်းထဲကပင် ဖြစ်သည်။ ဝက်မထက် အသက်နည်းနည်းကြီးကာ ဖိနပ်ချုပ်၏။ တစ်ခါတလေ ယောကျ်ားတန်မဲ့ ပါးကွက် ကွက်တတ်တာက လွဲလို့ သန်းလွင်သည် လူကောင်းတစ်ယောက် ဖြစ်သည်ဟုတော့ ဝက်မ ထင်သည်။ ယခုထက်တိုင် ကြုံလျှင် သူ့ကို ကွမ်းယာ ဝယ်ကျွေးတတ်သေး၏။ အမှန်တော့ သုံးတန်းနှင့် ကျောင်းထွက်ခဲ့ရသော ဝက်မသည် ထိုရည်းစားဆိုသော စကားလုံးကို သိပ်သဘောပေါက်လှသည် မဟုတ်ချေ။ သို့သော် တစ်ခါတလေ ကြည့်ရသော ရုပ်ရှင်ကားများထဲက မင်းသား၊ မင်းသမီးတွေလို နေမှာပေါ့ဟုတော့ တွေးတတ်၏။ သူတို့ကတော့ အင်္ကျီအသစ်တွေ ဝတ်ပြီး တစ်ယောက်နဲ့တစ်ယောက် ခဏခဏ ဖက်နေကြတာပဲ။ ရေထမ်းတာလည်း မတွေ့ရ၊ ဖိနပ်ချုပ်တာလည်း မတွေ့ရ။ အေးလေ ... ဒါက ရုပ်ရှင်ကိုး။
mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ တစ်နှစ်လောက် ချစ်ခဲ့ကြသည်။ နောက်တော့လည်း သူနှင့် သန်းလွင် ကွဲသွားသည်။ ဘာအကြောင်းကြောင့်မှန်းတော့ သတိမရတော့။ သန်းလွင် ဒူးယားဖိုး တောင်းတာကို သူက မပေးမိလို့လား၊ သန်းလွင်က အုန်းမှုတ်စိန် ဇာတ် အတူကြည့်ရအောင် ချိန်းတာကို ငြင်းခဲ့မိလို့လား မသိ။ (ကွဲတော့လည်း လွမ်းဖို့ အချိန်မရသူပီပီ ဝက်မ လွမ်းမနေတော့ချေ)

ဒီနှစ်တော့ ရည်းစားမထားဘဲ သူ ကြိုးစား အလုပ်လုပ်ရမည်။ အမေ့ ရောဂါက တစ်နေ့ ရွှေ၊ တစ်နေ့ ငွေ။ အမေက သူ မသေခင် သားကလေးတွေ ကို ကိုရင်ဝတ်နှင့် မြင်သွားချင်တယ် ဆို၏။ ဘုန်းကြီးကျောင်းကို ကန်တော့ ပွဲနှင့် ပို့ကာ ဘုန်းကြီးဆီက သင်္ကန်းအဟောင်း တောင်းကာ ဝတ်တယ်ဆိုတာ တောင် ငွေအသင့်အတင့် ကုန်မည်။ သူ အပင်ပန်းခံကာ ရှာမည်ဟု ဝက်မ စိတ်ကူး၏။ သို့သော် ...

တစ်နေ့ မနက်စောစော ဝက်မ ရေထမ်းရန် ပြင်ဆင်နေခိုက် လမ်းထဲမှ ကလေးများ ဆူညံနေသံကြားသဖြင့် အိမ်ပြင် ထွက်ကြည့်မိသည်။ သူတို့ လမ်း ထိပ်တွင် လက်တွန်းလှည်းကြီးတစ်စီး ရပ်ထား၏။ ထိုလှည်းပေါ်တွင် စွန် လွှတ်သော ရစ်လုံးနှင့် သဏ္ဍာန်တူသည့် ကြီးမားသော ဘီးလုံးကြီးတစ်လုံး တင်ထားကာ ထိုဘီးလုံးတွင် ပလတ်စတစ်ပိုက် နီနီများ ရစ်ထားသည်ကို တွေ့ ရ၏။ ထိုလှည်းကြီးဘေးတွင် လမ်းထဲက ကလေးများမှာ အထူးအဆန်းသဖွယ် ဝိုင်းအုံနေကြသည်။ ထိုလှည်းနှင့်ပါလာသော လူနှစ်ယောက်အနက် တစ်ယောက် က ရစ်လုံးသဏ္ဍာန် ဘီးကြီးမှ ပိုက်များကို လမ်းပေါ် ဆွဲနေသည်။ လည်ပင်း တွင် လွယ်အိတ်လွယ်ထားသော မျက်မှန်နှင့် လူကြီးက တစ်အိမ်ဝင် တစ်အိမ် ထွက် ရေရောင်းရန် လိုက်စပ်နေ၏။

ဝက်မ၏ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။ ဒီလူကြီးကို သူ ကောင်း ကောင်း သိသည်။ တစ်ဖက်လမ်းမှ အဝီစိ ရေစက်ပိုင်ရှင်ကြီး ဖြစ်၏။ (မနှစ် က တစ်သောင်းခွဲခန့် အကုန်ခံကာ အဝီစိတွင်း တူးခဲ့သည်) သူလည်း ရေရောင်း ၏။ ရောင်းပုံက တစ်မျိုး။ အိမ်တိုင်ရာရောက် တိုင်ကီထဲအထိ ပိုက်နှင့်တပ်ကာ ထည့်ပေးခြင်း ဖြစ်၏။ ရေတစ်စည်ကို တစ်ကျပ်သာ ယူ၏။ အရင်က သူ နေသော တစ်ဖက်လမ်းတွင်သာ ရောင်းနေခဲ့ရာ အခုတော့ ဝက်မတို့လမ်းထဲ အထိ ဈေးကွက်ချဲ့လာသည်။ ဈေးပေါပေါနှင့် ရေသုံးရတော့မည့်အရေးကို တွေးကာ ဝက်မတို့ လမ်းထဲက လူတွေ မျက်နှာမှာ တပြုံးပြုံး ဖြစ်နေသည်။

mgyoe.com

mgyoe.com

'အားလုံးပေါင်း လေးသောင်းလောက် ကျတယ်'

သူ့ဘေးတွင် ဝိုင်းရပ်နေသူများအား အဝီစိ ရေစက်ပိုင်ရှင်က ရှင်းပြနေ၏။ ဒီဘက်လမ်းထဲ ရောက်အောင် ပိုက်ထဲမှ ရေကို တွန်းပို့နိုင်ရန် မြင်းကောင်ရေ ဘယ်လောက်ရှိသော မော်တာ တပ်ဆင်ထားရကြောင်း၊ သူ အသုံးပြုသည့် ကျပ်လုံးခန့်ရှိ ပလတ်စတစ်ပိုက်များ တစ်တိုက်ကို ဘယ်လောက် တန်ကြောင်း စကားသံတို့ကို ဝက်မ မကြားချင်ဘဲ ကြားနေရသည်။ ဝက်မ ဝယ်နေကျ လမ်းထဲက ရေဘုံပိုင် ပိုင်ရှင်သည် မျက်နှာကလေး ငယ်ငယ်နှင့် ခြံဝမှာ ထွက်ကြည့်နေ၏။ (သူ ဘုံပိုင်သွယ်ရာ၌ ကုန်ကျခဲ့သော ငွေငါးထောင် မကျေနိုင်တော့ တွေးပူနေဟန် ရှိသည်) ခြေလက်များကိုပင် မသယ်ချင်လောက်အောင် အားအင်ကုန်ခန်းသွားသလို ခံစားလိုက်ရကာ ဝက်မ ဖိနပ်ချွတ်တွင် ထိုင်ချလိုက်မိသည်။

'ပူမနေစမ်းပါနဲ့ သမီးရယ်။ လူထွင်းတဲ့ ခံတွင်း မဟုတ်ပါဘူး။ နတ်ထွင်းတဲ့ ခံတွင်းပါ'ဟု အိပ်ရာထဲတွင် လဲနေသော အမေက လှမ်းအားပေး၏။ သို့သော် တစ်အိမ်လုံး ဝန်ကို ထမ်းနေရသော ဝက်မကတော့ ရင်မအေးနိုင်။ တကယ်တမ်းလည်း ဤကိစ္စတွင် အပြင်းထန်ဆုံး ထိခိုက်ခံရသည်မှာ ဝက်မသာ ဖြစ်သည်။

လှည်းရှိသော သံခဲတို့သားအဖက ဤရပ်ကွက်တွင် မရောင်းဘဲ တခြားရပ်ကွက်ကို ကူးကာ ရောင်းနေ၏။ သူတို့အဖို့ ရေစည်လှမ်းကို တခြားနေရာသို့ ပြောင်းကာ တွန်းသွားရသည့် ဒုက္ခသာ ရှိသည်။ ထမ်းရောင်းရသည့် ဝက်မအဖို့မှာ ဝေးဝေးလံလံ သွားရောင်းရန် ခက်ခဲ၏။ တော်ပါသေးသည်။ ပိုက်ဆံတတ်နိုင်သော အိမ်တချို့က အဝီစိရေကို မသုံး။ ချိုးရတာလည်း စေးကပ်ကပ်၊ သောက်ရတော့လည်း ပေါ့ရွှတ်ရွှတ်မို့ မကြိုက်။ ဝက်မဆီက ဘုံပိုင်ရေကိုသာ ဝယ်သုံး၏။ သို့တိုင် သူ့ဝင်ငွေမှာ သိသိသာသာ လျော့နည်းသွားသည်။

မောင် အကြီးလေးက ဈေးထဲက လက်ဖက်ရည်ဆိုင်မှာ တစ်လကို ခြောက်ဆယ်နှင့် တောက်တိုမည်ရ ခိုင်းတာ ဝင်လုပ်ရ၏။ သို့သော် ငွေက လိုမြဲ။ ရပ်ကွက်ထဲမှ ဆေးခန်းက ဆရာဝန်ဆီမှာ အမေ့ ဆေးကုစရိတ်တွေ ကြွေးမှတ်ထားတာ တော်တော်များနေပြီ။ ဆရာဝန်လုပ်သူက သဘောကောင်း သူမို့ မတောင်းပေမဲ့ သူ့အမေက အားနာသည်။ နည်းနည်းဖြစ်ဖြစ် ဖွဲ့ဆပ်ချင်နေ၏။ ကံဆိုးချင်တော့ မောင် အငယ်ဆုံးကလေးကလည်း ကျောင်းအပိတ်မှာ တေဇလူငယ်သင်တန်း တက်ရန် ရွေးချယ်ခံရ၏။ သူကလေးမှာလည်း အကျီ

mgyoe.com

mgyoe.com SAMPLE BOOK

အဖြူ ကောင်းကောင်း မရှိ။ နောက်ဆုံး အင်္ကျီအသစ် ထပ်မချုပ်ဘူးပဲ ထား၊ သင်တန်းသုံး ဦးထုပ်၊ လည်စည်း၊ ကင်းဗတ်ဖိနပ် ဝယ်ရမည်။ ငွေလေးဆယ် လောက်တော့ ကုန်မည်။

ငွေလိုနေတုန်း မင်္ဂလာဆောင်တစ်ခုက ရေထမ်းရန် သူ့ကို ခေါ်သဖြင့် ဝက်မ ပျော်သွားသည်။ ဒီလို ထမင်းကျွေးသည့် မင်္ဂလာဆောင်မျိုး၌ ချက်ပြုတ် ဆေးကြောရန် တိုင်ကီ သုံးလေးဆယ် သုံးရလေ့ ရှိသည်။ ဖိနပ်ထောင် ဆရာ၏ သမီးနှင့် သန်းလွင်တို့ လက်ထပ်သည့်ပွဲ ဖြစ်သည်။ (ဤ သန်းလွင်မှာ ဝက်မ ရည်းစားဟောင်း သန်းလွင်ပဲ ဖြစ်ပါသည်)

ဝက်မသည် အရုဏ်မကျင်းခင်ကတည်းက ထ၍ ရေကို ကူသယ် ခေါက်သယ် အပြေးအလွှား ထမ်းနေ၏။ တစ်စထက် တစ်စ ပြည့်လာသော တိုင်ကီများ၊ ဆရာဝန်ကြီး၏ ကြွေးစာရင်း၊ အဝီစိ ရေစက်ကြီးမှ မော်တာခုတ်သံ၊ နွမ်းကြေနေသော ငွေစက္ကူ မည်းညစ်ညစ်များ၊ ရှင်လောင်းဝတ်နှင့် မောင်လေး၊ ညညာ အမေ့ညည်းသံ၊ လိမ္မော်သီးပုပ် တစ်လုံးနှင့်တူသော နေရောင်၊ စားပွဲထိုး လက်မှ လွတ်ကျသွားသော ပန်းကန်လုံး၊ ရေရွှဲနေသော လမ်းနီနီ၊ ကင်းဗတ်ဖိနပ် ဖြူဖြူ၊ အပျိုဖော်ဝင်စ သူ့အောက်က ညီမ၊ ငန်ကျိုကျို ချွေး။

ဒိုင်းခနဲ အသံတစ်သံ ကြားလိုက်ရ၏။

ရုတ်တရက် သူ့ပခုံးပေါ်မှ ထမ်းပိုးမှာ ကျိုး၍ သွား၏။ အပြေးအလွှား ထမ်းလာခိုက်ဖြစ်သဖြင့် ရှောင်တိမ်းချိန်မရ။ ရှေ့မှ ရေအပြည့်ပါလာသော ပုံးသည် သူ့ခြေခုံပေါ်သို့ ကျ၏။ သံချေးတက်ကာ စုတ်ပြတ်နေသည့် ရေပုံးဖင်သည် သူ့ခြေဖမိုးကို ဓားဖြင့် ဟက်တက်ခွဲလိုက်သလို သွေးတို့ဖြင့် စိုရွှဲစေသည်။ သွေးက တော်တော်နှင့်မတိတ်။ အိမ်ပြန်လာကာ ဒဏ်ရာကို မီးဖိုချောင်ထဲက နနွင်းနှင့် သိပ်ပြီး ရေလဲထဘီစုတ်ကို ဖြဲကာ ပတ်တီးလုပ် စည်းရ၏။ ဝက်မက ရေပြန်ထမ်းမည် ပြင်သည်။ အမေက မထမ်းနဲ့တော့ဟု တား၏။ အိမ်တိုင်ကို ခေါင်းမှီထိုင်ရင်း သူ့အစား သံခဲတို့သားအဖ မင်္ဂလာဆောင်အိမ်တွင် ရေထည့်နေသည်ကို မြင်ရသောအခါ ဝက်မ ခြေထောက်က သိပ်မနာဘဲ ရင်ထဲက နာနေ၏။

သို့ဖြင့် သုံးလေးရက်ခန့် ကြာသောအခါ ခြေထောက်မှ အနာကြောင့် ငန်းဖမ်းကာ ဝက်မ သေဆုံးသွားလေသည်။ (တချို့က မေးခိုင်ပိုင်း ဝင်တာဟု ပြောကြ၏) သင်ဖြူးဖျာအစုတ်ပေါ်တွင် ပက်လက်ကလေး ဖြစ်နေသော ဝက်မ

mgyoe.com

mgyoe.com SAMPLE BOOK
၏ အလောင်းဘေးတွင် ထိုင်ကာ ရပ်ကွက်ထဲက သင်္ချိုင်းဆရာ ရေရွတ်နေသံ ကြားရ၏။

'နတ္ထိဝိစိ ဇတ္တာဟိ အဝိစိတဲ့။ မီးလျှံနဲ့ ငရဲသားရော ဆင်းရဲဒုက္ခပါ အကြား အလပ်မရှိ ပြည့်နှက်လျက်ရှိလို့ အဲဒီငရဲကို အဝိစိငရဲလို့ ခေါ်တာတဲ့ဗျ ...'

(ဝက်မ၏ အသုဘတွင် လိုသလောက်သုံးရန် ရေကို အဝိစိရေစက် ပိုင်ရှင်က ငွေတစ်ပြားတစ်ချပ်မှ မယူဘဲ အလကား ကူပါ၏)

■

mgyoe.com

mgyoe.com SAMPLE BOOK

## ညောင်ညိုရိပ်ဝယ်

လ မရှိ။

* * *

ညသည် ကြယ်ရောင်များကြောင့်သာ မှုန်ပျပျ လင်းလက်နေသည်။ ကွင်းစပ်မှ အထီးတည်းဖြစ်သော ညောင်ရိပ် မည်းမည်းသည် လေတိုးတိုင်း ယိမ်းလှုပ်နေပုံမှာ ကြောက်မက်ဖွယ် သတ္တဝါကြီးတစ်ကောင်က လက်ယပ်ခေါ်နေသလို ရှိ၏။ အေးမြ ကျောရိုးထဲက စိမ့်သွားသည်။ ဤညောင်ပင်ရှိရာ အရပ်မှာ ရပ်ကွက်အစွန် ကျသည်။ သင်္ချိုင်းနှင့်လည်း ကပ်နေ၏။ မျှော်ကြည့်လိုက်လျှင် အားနည်းလှသည့် အလင်းရောင်ဖြင့်ပင် အုတ်ဂူဖြူဖြူ ထုံးကျဲတဲနှင့် သုသာန် တစပြင်ကို လှမ်းမြင်နေရ၏။

ပြီးတော့ အေးမြ ကျောချမ်းစရာ ဤညောင်ပင်နှင့် ပတ်သက်သော မထိတ်သာ မလန့်သာ သတင်းစကားများကလည်း ရှိသေး၏။ ဤညောင်ပင်တွင် သင်္ချိုင်းစောင့် တစ္ဆေကြီးနေသည်ဟု လည်းကောင်း၊ မှင်စာ လေးကောင်ရှိသည်ဟု လည်းကောင်း၊ တချို့ကလည်း သိုက်နယ်မြေဟု လည်းကောင်း၊ ဤနေရာတွင် ဆိတ်ကျောင်းရင်း ဘယ်သူက ဘာဖြစ်လို့၊ ညဘက် ဖားရိုက်ထွက်ရင်း ဘယ်သူက ဘာဖြစ်လို့ဟူသော ပါးစပ်စကားများမှာ အရင်က အပျင်းပြေ နားထောင်ချင်စရာ ဖြစ်ခဲ့သော်လည်း ခုလိုအချိန် ပြန်တွေးမိတော့ သွေးလေချောက်ချားစရာ ဖြစ်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အမှန်တော့ ရှစ်တန်း နှစ်နှစ်ကျကာ ကျောင်းထွက်ခဲ့ရသော အေးမြသည် ခေတ်ကာလ သမီးပီပီ တစ္ဆေသရဲဆိုတာကို ယုံကြည်လှသည် မဟုတ်။ လမ်းထဲက တစ်ကျပ်ပေး ကြည့်ရသော ဗီဒီယိုအိမ်မှာ သရဲကားပြလျှင်လည်း ရှေ့ဆုံးက ကြည့်နေကျ။ တချို့ သရဲကားများမှာ မကြောက်ရသည့်အပြင် ရယ်တောင် ရယ်ခဲ့ရသေးသည်။ အခုတော့လည်း မရယ်နိုင်ပြန်။ လူ့စိတ်ဆိုတာက ခက်သားကလား။

အင်း ... အငယ်မကို အဖော်ခေါ်ခဲ့လျှင် အကောင်းသားဟု အခုမှ အေးမြ တွေးမိသည်။ လမ်းပေါ်မှာ ဖန်ခုန်ကစားနေတာ ပျက်မှာစိုးပြီး မခေါ်ခဲ့မိတာ မှားသည်။ အမှန်တော့ ကိုယ့်ညီမလေးများသည် ပင်ပန်းရှာပါသည်။ တစ်နေကုန် တစ်နေခန်း ခါးချည့်အောင် လုပ်ခဲ့သမျှ ညကလေးကမျှ အညောင်းပြေ ကစားချိန်ရကြ၏။ အငယ်မ ဆယ့်လေးနှစ်၊ အငယ်မအောက် မိထွေးက ဆယ့်နှစ်နှစ်။ သူတို့ကလေးတွေသည် အရွယ်နှင့်မလိုက်အောင် သိတတ်သူများ ဖြစ်သည်။ ကျောင်းသွားချိန်မှလွဲ၍ မိမိရယ်၊ အမေရယ်နှင့်အတူ ထိုင်ရာမထ ကြက်မွေးတံ လိပ်ကြရသည်။ ဤလုပ်ငန်းမှာ အေးမြတို့ မိသားစု၏ အဓိက အသက်မွေးလုပ်ငန်း ဖြစ်၏။

လွန်ခဲ့သော ငါးနှစ်က လက်သမားလုပ်သော ဖေဖေသည် အိမ်ဆောက်ရင်း အမြင့်က ကျကာ ကွယ်လွန်ခဲ့၏။ သည်ကတည်းက အမေ ချူချာသည်။ ဆယ့်သုံးနှစ်ခန့်သာ ရှိသေးသော အေးမြသည် ကျောင်းတစ်ဖက်နှင့် ဈေးထွက်ရောင်းခဲ့၏။ ကောက်ညှင်းပေါင်း၊ ဖရဲသီးစိတ်၊ ကန်စွန်းဥပြုတ်၊ ရာသီစာလည်း ရောင်းဖူး၏။ ပလတ်စတစ်လည်း လျှော်ဖူး၏။ အမွှေးတိုင်လည်း လိပ်ဖူး၏။ တစ်နေ့ တစ်သောင်း လိပ်နိုင်မှ ခုနစ်ကျပ်သာ ရ၏။ နောက်တော့ ဖုန်လှည်းသော ကြက်မွေးတံကို ဖောက်သည် ယူရောင်းသည်။

ဤလုပ်ငန်းမှာ အချိန်ကြာတော့ လာဘ်မြင်လာသည်။ တစ်ဆင့် ယူရောင်းရတာထက် ကိုယ်တိုင် လုပ်ရောင်းရလျှင် ပိုမြတ်စွန်းမည်ကို သိလာ၏။ ခက်ခက်ခဲခဲလည်း မဟုတ်။ ကြိမ်လုံးကို ကတ္တရာစေးသုတ်ပြီးတော့ ကြိုးကို ကြက်မွေးညှပ်ကာ တစ်ရစ်စီ လိမ်သွားရုံပင်။ ကျင့်သားရတော့ ကြက်မွေးကောက်တာ၊ ကြိုးရစ်ရတာ မြန်ဆန်လာ၏။ အမေလည်း အိမ်က မသွားဘဲ ချက်ရင်းပြုတ်ရင်း အေးမြကို ကူညီနိုင်သည်။ ညီမလေး နှစ်ယောက်လည်း ကျောင်းမသွားခင် ဝင်လုပ်နိုင်သည်။ အေးမြကတော့ သည်လိုနှင့် ကျောင်းဖြင့် ဝေးခဲ့၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဤလုပ်ငန်းတွင် အဓိကကျသော ကုန်ကြမ်းနှစ်ခုမှာ ကြိမ်လုံးနှင့် ကြက်မွေး ဖြစ်သည်။ ကြက်မွေးကို ဈေးထဲမှာ ကြက်သတ် ရောင်းသူများထံတွင် ပိဿာချိန်နှင့် ပြန်ဝယ်ရ၏။ ကြိမ်လုံးကတော့ ...

ပြောရလျှင် အစစ အရာရာ ဈေးတက်နေသည့်ထဲတွင် ကြိမ်လည်း ပါသည်။ ကုန်ကြမ်းဈေး တက်သော်လည်း သူတို့ ကြက်မွေးကတော့ သိသိသာသာ ဈေးတက်ရောင်းရန် ခက်သည်။ သူတို့လို ဆင်းရဲသားတွေ နေထိုင်ရာ မြို့သစ်ထဲမှာပင် လှည့်လည်ရောင်းချရတာဆိုတော့ ကြက်မွေးကြီးတစ်ခု ငါးကျပ် ဆိုလျှင်ပင် ဈေးဝယ်သူက အင်တင်တင် ဖြစ်ချင်၏။ ပြီးတော့ အပြိုင်အဆိုင် တွေကလည်း ရှိသေးသည်။ ကိုယ်က ပစ္စည်းချင်းတူလျှင် သူများထက် ဈေးနည်းအောင် ရောင်းနိုင်ရမည်။

ထိုကဲ့သို့ ရောင်းနိုင်မည့် နည်းလမ်းကို ရှာဖွေရင်း အေးမြ နည်းလမ်း တစ်ခု တွေ့လာ၏။ ရပ်ကွက်ပေါင်းစုံ တစ်လမ်းဝင် တစ်လမ်းထွက် ကြက်မွေး တံ လျှောက်ရောင်းရင်း အေးမြသည် လမ်းဘေး သစ်ပင်တချို့နှင့် ညောင်ပင် တချို့ရှိ နတ်စင်ငယ်များတွင် လူများ စွန့်ပစ်ထားသော နတ်ဆက်သည့် ယပ် များကို တွေ့လာ၏။ နတ်ဆက်ယပ်ဆိုသည်မှာ အမှန်တော့ ဝါးယပ်တောင်ကို ကြိမ်လုံးရှည်ရှည် လက်ကိုင်ရိုးတပ်ထားခြင်းသာ ဖြစ်သည်။ ယပ်သစ် ဆက် သည် ဆိုလျှင် ထိုယပ်ဟောင်းကို လမ်းဘေး နတ်စင်နှင့် ညောင်ပင်တချို့၌ လူတို့ စွန့်ပစ်တတ်ကြသည်။ ယပ်ဟောင်းဆိုသော်လည်း ကြိမ်လုံးယပ်တောင် ရိုးများက အကောင်းပကတိသာ ဖြစ်သည်။ သပ်ယပ်တောင်ဟောင်းများကို တွေ့ကတည်းက ယပ်တောင်ရိုးများသည် သူ့လုပ်ငန်းအတွက် ပိုက်ဆံ တစ် ပြားမှ မကုန်ဘဲ ရနိုင်သည့် ကုန်ကြမ်းတွေဟု အေးမြ မျက်စိကျခဲ့သည်။

သည်လိုနှင့် နေ့ခင်းနေ့လယ်ဘက် ဈေးရောင်းထွက်ရင်း ကြည့်ရှု မှတ် သားလာခဲ့သော ညောင်ပင်တချို့နှင့် နတ်စင်တချို့မှ ယပ်များကို ယခုလို လမိုက်ရက် ညဘက်များတွင် လှည့်လည်ယူသည့် အလေ့အထကို အေးမြ အကောင်အထည်ဖော်ခဲ့သည်မှာ ကြာခဲ့လေပြီ။ သည်အတွက် ကုန်ကြမ်းခ တော်တော် သက်သာသွား၏။ အမြတ်အစွန်း ပိုလာ၏။ သူနှင့် လုပ်ငန်းပြိုင်ဘက် များကို ဤနည်းဖြင့် အလဲထိုးနိုင်ခဲ့သည်။

တစ်နေ့ ညောင်ပင်ဆီမှ ငှက်တစ်ကောင် အော်မြည်ကာ ထပျံသွားသည်။ ညောင်ပင်ဆီသို့ သွားနေသော အေးမြ၏ ခြေလှမ်းများ ရုတ်တရက် တုံ့ရပ်

mgyoe.com

mgyoe.com SAMPLE BOOK
သွား၏။ ဤညောင်ပင်ကြီးအောက်ရှိ ပတ်ပတ်လည် နတ်စင်များတွင် ယပ်တောင် တော်တော်များများ ရှိနေသည်ကို လွန်ခဲ့သော သုံးလေးရက်ကတည်းက အေးမြ ကြိုတင် လေ့လာထားပြီး ဖြစ်သည်။ လမိုက်ရက်ထိအောင် တမင် စောင့်စားနေခဲ့ခြင်း ဖြစ်၏။

ညောင်ပင်အောက်ရှိ မှောင်ထဲမှ မမြင်ရသော ယပ်တောင်များက အေးမြကို လက်ယပ်ခေါ်နေသလို ရှိသည်။ ရင်ထဲက ကြောက်စိတ်ကို အေးမြ မောင်းထုတ်ပစ်လိုက်၏။ သည်နားရောက်မှတော့ နောက်လှည့် မပြန်သင့်တော့။

လူရိပ်လူခြည်ကြည့်၊ ညောင်ပင်ရင်းကို ကပ်၊ ယပ်တွေကို ဆွဲဖြုတ်၊ ကြိမ်လုံးချည်းပဲ ယူ၊ ပုဆိုးစုတ်နှင့် ထုပ်၊ ခပ်သုတ်သုတ် ပြန်။

ကြက်သီး ဖြန်းခနဲ ထသွား၏။ လေတိုးသဖြင့် ညောင်ရွက် ညောင်ကိုင်းများ ရှတ်ရှတ်သဲသဲ လှုပ်ရှားသွားသည်။ ညောင်ပင်အောက်ရှိ အမှောင်ထုမှာ ကြယ်ရောင်၏ အလင်းပြောက်စက်များဖြင့် စွန်းပြက်သွားခိုက် ခဏ၌ ...

'အမယ်လေး ...'

အော်ဟစ်လိုက်သော အေးမြ၏ အသံသည် လည်ချောင်းဝတွင်ပင် ပျောက်ကွယ်သွားသည်။ ညောင်ပင်အောက်မှ ကုန်းကုန်းကွကွ အရိပ်မည်းကြီး။ အေးမြ လိပ်ပြာစဥ်မတတ် ဖြစ်သွား၏။

'အမယ်လေး ...'

အေးမြဆီမှ ထွက်လာသောအသံ မဟုတ်။ အရိပ်မည်းမည်းဆီမှ ထွက်လာသောအသံ ဖြစ်၏။ အေးမြ ချက်ချင်း အကြောက်ပြေသွား၏။ တစ္ဆေသရဲ တစ်ကောင်ကတော့ ဤကဲ့သို့ ကြောက်လန့်တကြား အော်မည်မဟုတ်တာ သေချာပါသည်။ အခုတော့ တစ်စုံတစ်ခုကို အေးမြ ဆက်စပ် တွေးမိသွား၏။ အမှောင်ထဲတွင် ဖြစ်သော်လည်း ပုံဖမ်းမိသွားသည်။

'အဘတောက်လား ...'

'အေး ... အေး၊ လုံမလေးလား'

ဝမ်းသာအားရ တုံ့ပြန်သံနှင့်အတူ ညောင်ပင်အောက် မှောင်ရိပ်ထဲမှ အသက် ခုနစ်ဆယ်ခန့် ရှိပြီဖြစ်သည့် အဘိုးအိုတစ်ယောက် ကုန်းကုန်းကွကွ ထွက်လာသည်။ သူ့ခါးမှာ ကိုင်းနေပြီဖြစ်သည်။ ကျောပေါ်တွင် အတန်ငယ် လေးဟန်ရှိသည့် အိတ်မည်းမည်းတစ်ခုကို ထမ်းပိုးထား၏။

'အဘကလည်း ... အေးမြကို မြင်တာနဲ့ လန့်အော်ရသလား'

mgyoe.com

အဘိုးအိုက ပါးစပ်ထဲမှ ကွမ်းတံတွေးကို ပျစ်ခနဲ တစ်ချက် ထွေးလိုက်ပြီးမှ ...

'လုံမလေးက မလင်းတလင်း အမှောင်ထဲမှာ အသံမပေး၊ ဘာမပေး ဖြုန်းခနဲ ရောက်လာတော့ အဘလည်း ရုတ်တရက် ဥစ္စာစောင့် ထင်သွားတာပေါ့'

အခုတော့ အေးမြလည်း ပြုံးနိုင်ပြီ။ အဘတောက် ဆိုတာကလည်း အေးမြနှင့် ဘဝတူပဲ ဆိုပါတော့။ အဘတောက်သည် ယခင်က ရုပ်သေးပညာရှင် တစ်ယောက် ဖြစ်ခဲ့သည်ဟု ဆိုသည်။ အခုတော့ သားထောက် သမီးခံ မရှိသော အထီးကျန်ဘဝနှင့် လောကကို ဖြတ်သန်းနေရသည်။

အဘတောက် အလုပ်ကလည်း အေးမြအလုပ်နှင့် သိပ်မထူးလှ။ ယခုလို လမိုက်လကွယ်ရက်မျိုးတွင် ညောင်ပင်နှင့် နတ်စင်တချို့၌ စွန့်ပစ်ထားသော နတ်ဆက်သည့် မြင်းဖြူရုပ်များကို လှည့်လည်က သိမ်းယူ၏။ မြင်းရုပ်များကို အကောင်းပကတိဟူ၍တော့ ရခဲ၏။ ခေါင်းပြတ်၊ ခြေပြုတ် အင်္ဂါမစုံမလင်သာ ရတတ်သည်။ ရတတ်သမျှကို သူ့ပခုံးပေါ်ရှိ အိတ်မည်းမည်းကြီးထဲမှာ ထည့်ကာ သယ်သည်။ နေ့ဘက်များတွင် အရွယ်အစားချင်းတူရာ ရွေးကာ အရုပ်ကောင်းများဖြစ်အောင် ပြန်လည် ဆက်စပ်ရ၏။

အင်္ဂါမစုံသည့် မြင်းရုပ် နှစ်ရုပ်၊ သုံးရုပ်ကို တစ်ရုပ်က ခေါင်း၊ တစ်ရုပ်က ခြေ စသဖြင့် ယူကာ ဆက်စပ်လိုက်လျှင် အရုပ်ကောင်းတစ်ရုပ် ရလာသည်။ ဤအရုပ်ကို ကြေးလဲတပ်၍ ဆေးထပ်ခြယ်လိုက်သောအခါ အသစ်စက်စက် မြင်းရုပ်တစ်ရုပ် ဖြစ်လာလေသည်။ ထိုအခါ ဤမြင်းရုပ်မျိုး ရောင်းသည့်ဆိုင်များသို့ သွားကာ ပိုသက်သာသော အဘတောက်ဆီမှ မြင်းရုပ်များကို လိုလိုချင်ချင် လက်ခံကြသည်။

'အဘတောက် ... မြို့ပတ်လမ်းက ညောင်ပင်ကို သွားလိုက်ဦး။ အဲဒီမှာ အရုပ်တော်တော်များများ အေးမြ တွေ့ထားတယ်'

သူတို့ချင်း ဆုံမိလျှင် ယခုလို အကျိုးရှိမည့် သတင်းမျိုးကို ဖလှယ်နေကျဖြစ်သည်။

'လုံမလေး ...'

အဘတောက်က တိုးတိုး ခေါ်လိုက်သည်။

'ရှင် ...'

'အဘ ခုန ချောင်းစပ်နားက နတ်စင်ကို ရောက်ခဲ့သေးတယ်။ အဲဒီမှာ

m g y o e . c o m

mgyoe.com SAMPLE BOOK
ဘယ်သူနဲ့ တွေ့ခဲ့တယ် ထင်သလဲ'

'ခင်စိန်နဲ့ ...'

အေးမြ ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားသည်။ ခင်စိန်ဆိုတာ သူတို့နှင့် ကြက်မွေးတံ အပြိုင်လုပ်ဖက် ဖြစ်သည်။ အေးမြနှင့် လူချင်းလည်း မတည့်။

'သူ ... သူ ဘာလာလုပ်တာလဲ ... အဘ'

'ညည်းလိုပဲ ယပ်တောင်တွေ လာယူတာပေါ့။ ညည်း ဘာလုပ်နေသလဲ ဆိုတာ သူ ရိပ်မိသွားပုံရတယ်'

သွားပါပြီ။ ပြိုင်ဘက်က ခြေလှမ်း သွက်လာပြီ။ အေးမြ ရင်မောစွာ သက်ပြင်း ချလိုက်၏။ သူတစ်ဦးတည်း လက်ဝါးကြီးအုပ်ထားသော ကုန်ကြမ်းနယ်မှာ အခုတော့ အခြိမ်းခြောက်ခံနေရလေပြီ။

'အဘတောက် ...'

'ဘာလဲ ... လုံမလေး'

'အေးမြက တကယ်ပဲ ဥစ္စာစောင့်မလေးနဲ့ တူသလားဟင် ...'

တဟူးဟူး တိုက်ခတ်နေသည့် လေထဲမှာ ခေါင်းလျှော်လာသဖြင့် ဖြန့်ချထားသော အေးမြ၏ ဆံပင်ရှည်ရှည်များသည် တဖားဖား တလူလူ လွင့်ပျံနေသည်။ ဗြုန်းခနဲကြည့်လိုက်လျှင် မှုန်ပျပျ ကြယ်ရောင်အောက်မှာမို့ ပုံပြင်တွေထဲက ဥစ္စာစောင့်မလေးနှင့် တူနေ၏။ အဘတောက်က ...

'ငါလည်း ဥစ္စာစောင့်ဆိုတာကို မမြင်ဖူးတော့ ဘယ်ပြောတတ်မလဲ။ ဒါပေမဲ့ ဥစ္စာစောင့်မလေးဟာ လပြည့်ညတွေမှာမှ သိုက်ထဲက ထွက်တတ်တယ်တဲ့'

'အေးမြတော့ ညမိုက်ညတွေမှာ ထွက်တတ်တဲ့ ဥစ္စာစောင့်မလေးပေါ့'

'စိတ်ကူးယဉ်ပါပေ့ လုံမလေးရယ်။ နင်တော့ ရူးပြီ ထင်တယ်။ ဥစ္စာစောင့် ဖြစ်ရအောင် နင့်မှာ စောင့်စရာ ဘယ်ဥစ္စာများ ရှိလို့လဲ'

'ရှိတာပေါ့ အဘရဲ့။ ဟောဒီ ယပ်တောင်ဟောင်းလေးတွေလေ။ ဒီယပ်တောင်ဟောင်းတွေကို ခင်စိန်တို့ ... အဲလေ ... ဘယ်သူမှ မယူရအောင် စောင့်မှာပေါ့'

အေးမြ စကားအဆုံးမှာ ထွက်ပေါ်လာသည့် ခပ်အက်အက် ခြောက်သွေ့သွေ့ အဘတောက်၏ ရယ်မောသံသည် ကွင်းပြင်တစ်လျှောက် လွင့်ပါး ရိုက်ခတ်ကာ မှိန်ဝါးပျောက်ကွယ်၍ သွားလေသည်။
mgyoe.com

mgyoe.com SAMPLE BOOK

## သံချေးတက်နေသော တွယ်အပ်ကလေး

ဆိုပါစို့။ အချစ်ဆိုတဲ့ စကားလုံးနှစ်လုံးကို မသုံးစွဲဘဲ ရင်ထဲကဟာကို စေ့ငုခြုံငုံမိအောင် ဖော်ပြနိုင်မည့် ဝေါဟာရသစ်တစ်လုံးကို တစ်စုံတစ်ယောက်ကသာ ကျွန်တော့်အား ရှာဖွေပေးခဲ့လျှင် ထိုလူကို ကျွန်တော် အင်းဝဆိုင်၌ ရေခဲမုန့်နှစ်ခွက် ဝယ်ကျွေးရန် ဝန်မလေးပါ။

မတတ်သာသည့်အဆုံး အားနာစွာပင် (အထူးသဖြင့် ကြောင်ကလေးကို အားနာစွာဖြင့်ပင်) ဤ အချစ်ဆိုသော စကားလုံးကို သုံးစွဲရပါတော့မည်။ (ကြောင်ကလေးဆိုသည်မှာ ကျွန်တော် ချစ်သောသူကို အမြတ်တနိုး ကျွန်တော် တစ်ကိုယ်တည်း ကြိတ်ကာ သုံးစွဲ ခေါ်ဝေါ်လေ့ရှိသော နာမည်ပြောင်ကလေး ဖြစ်ပါသည်)

ထိုနေ့က ကမ္ဘာပေါ်တွင် မတရားမှုတစ်ခု ဖြစ်ပွားခဲ့သည်။ ကျွန်တော် ထီးယူ ဆောင်းမလာခိုက် မိုးရွာခြင်း ဖြစ်သည်။ ကျွန်တော်သည် အခြေအနေ နှင့် အချိန်အခါကို တွက်ဆရာ၌ ယခုတိုင် ညံ့ဖျင်းဆဲ ဖြစ်သည်။ (အိုင်စတိုင်း ၏ ရီလေတီဗစ်တီ သီအိုရီကို နားလည်ပါသည်) နီးရာ အဆောက်အအုံ၏ ပေါ်တီကိုအောက်သို့ မိုးခိုရန် ဝင်မိတော့မှ ကျွန်တော့်တွင် ဘယ်တုန်းကမှ ထီးတစ်လက် မရှိခဲ့ဖူးသည်ကို သတိရလာ၏။ ထားပါတော့၊ ကျွန်တော့်တွင်

mgyoe.com

mgyoe.com SAMPLE BOOK
မရှိသော အရာများမှာ အတော်များပါသည်။ ဥပမာ၊ မော်တော်ကားတစ်စင်း မရှိ၊ မိန်းမ မရှိ၊ ဗိုင်းရပ်စ်ပိုး မရှိ၊ ချောကလက်စက်ရုံ မရှိ။

ထိုနေ့က၊ ထိုနေ့သည် သာမန် မိုးဦးကျနေ့တစ်နေ့သာ ဖြစ်ပါသည်။ ထူးထူးခြားခြား မရှိလှပါ။ နဝဒေး၏ ရတုပိုဒ်ထဲကနှင့်လည်း မတူပါ။ (ခပ်ညံ့ညံ့ ရုပ်ရှင်ကားများထဲ၌ ထည့်သွင်း ရိုက်ကူးတတ်သော မိုးရွာခန်းနှင့်ပင် တူနေသေးသည်) ရေခဲရေသည် နှစ်ဦး ဆိုင်သိမ်းသွားကြသည်။ သူ့ကိုယ်သူ လှသည်ဟု ထင်ဟန်ရှိနေပုံရသော ကောင်မလေးတစ်ယောက် မိုးရွာထဲတွင် ဒီအတိုင်း လမ်းလျှောက်သွားသည်။ ဓာတ်ကြိုးပေါ်တွင် ကျီးကန်းတချို့ နားနေသည်။ မိုးစက်များ ကျနေသည်။ ကျွန်တော် လက်မှတ်တစ်စောင် ဝယ်လိုက်၏။ (ကျွန်တော် မိုးခိုရန် ဝင်လိုက်မိသော အဆောက်အအုံမှာ ရုပ်ရှင်ရုံတစ်ရုံ ဖြစ်နေသည်) ထိုရုံ၌ ဘာကားပြန်နေမှန်း ကျွန်တော် မသိပါ။ ကျွန်တော် ဤမြို့သို့ ပြန်ရောက်သည်မှာ ၂ ရက်၊ ၁၀ နာရီ ၄၇ မိနစ် စက္ကန့်အနည်းငယ်မျှ စွန်းရုံသာ ရှိပါသေးသည်။ နှစ်ပေါင်းများစွာ ကွဲကွာနေသော ငယ်သူငယ်ချင်းတစ်ဦးကို တွေ့ဆုံနှုတ်ဆက်ရန် အိမ်မှ ထွက်လာခိုက် လမ်းတွင် ယခုကဲ့သို့ မိုးမိခြင်း ဖြစ်ပါသည်။ မိုးသည် တော်တော်နှင့် တိတ်မည့်ပုံမပေါ်။ သူ့အိမ်သို့ လောလောဆယ် သွားရန် မဖြစ်နိုင်တော့ပါ။ ကျွန်တော် အိမ်သို့ပြန်ရန်လည်း မဖြစ်နိုင်သေးပါ။ ရုပ်ရှင်ကြည့်နေပါက မိုးတိတ်သွားနိုင်ပါသည်။ ကံကောင်းပါက ကျွန်တော် လက်မှတ်ဝယ်လိုက်သော ကားသည် ခင်သီတာထွန်း ပါဝင်သော ကားတစ်ကား ဖြစ်နိုင်ပါသည်။ ကံကောင်းပါက ရုပ်ရှင်ရုံထဲ၌ ကြမ်းပိုးမရှိသော ခုံတစ်ခုံတွင် ကျွန်တော် ထိုင်ခွင့်ကြုံနိုင်ပါသည်။ (အနီးတစ်ဝိုက်၌ ငိုတတ်သောကလေးလည်း မရှိစေရ) သို့သော် ကျွန်တော်သည် ကံကောင်းလေ့မရှိပါ။

ထိုနေ့က သူနှင့် ပြန်ဆုံရခြင်းကိုတော့ ကံမကောင်းခြင်းတစ်မျိုးဟု မဆိုရက်ပါ။ ကျွန်တော် သူ့ကို စတင်မြင်သော်လည်း သူက ကျွန်တော့်ကို မြင်ဟန်မတူ။ သူ့ဘေးမှ ရှည်မြင့်သောလူ၏ မျက်နှာကို မော့ကြည့်ကာ ပြုံးချိုစွာ စကားပြောနေပါသည်။ ထိုလူသည် သူ့ယောကျ်ားဖြစ်ကြောင်း ကျွန်တော် ကောင်းကောင်း သိ၏။ သူတို့ မိုးရွာကြီးထဲမှာ ဘာလို့ ရုပ်ရှင်လာကြည့်ကြတာလဲ။ ဘာလို့ အိမ်မှာ စာဖတ်မနေကြတာလဲ။ အမျိုးတွေ အိမ်ကို ဘာလို့ သွားမလည်ကြတာလဲ။ နောက်တစ်နေ့မှ ဘာလို့ လာမကြည့်တာလဲ။ ဒါ တိုက်ဆိုင်အောင်
mgyoe.com

mgyoe.com SAMPLE BOOK
ရေးထားသော ဝတ္ထုတစ်ပုဒ်မှ မဟုတ်တာ။ ရင်ထဲက တဒိတ်ဒိတ် ခုန်နေသော အသံကို ဘေးမှလူများ ကြားသွားမှာ ကျွန်တော် မလုံမလဲ ဖြစ်နေသည်။ (အမှန်တော့ ကြောင်ကလေး ကြားသွားမှာ ပိုစိုးရိမ်သည်) ဒါတွေဟာ ကြာခဲ့ပြီပဲ။ ဘာလို့ မအေးခဲရသေးတာလဲ။ အတောင်ပံခတ်သံ ကြားရ၏။ တစ်ခုခု ကျွန်တော့်ဆီက ပျံထွက်သွားသည်။ တစ်ဆယ့်ငါးနှစ်နီးပါး ကိုယ့်ကိုယ်ကိုယ် လှည့်စားလာခဲ့တာ အလကားပဲ။ တစ်ခုခု လုပ်ချင်နေသည်။ ဘာလုပ်ရမလဲ။ ဒူးယားတစ်လိပ် ဝယ်သောက်ရရင် ကောင်းမလား။ (ကျွန်တော် ဆေးလိပ်ပြတ်ခဲ့တာ ကြာပြီ) သူ့ကို ကျောပေးရပ်လိုက်ရ ကောင်းမလား။ ချောင်းဆိုးလိုက်ရ ကောင်းမလား။ ဒါပဲ အလွယ်ဆုံးထင်၍ ချောင်းဆိုးဖို့ ကြိုးစားသော်လည်း လည်ချောင်းထဲမှ အသံထွက်မလာ။ ကွမ်းယာဆိုင်မှာ ချိတ်ထားသော မှန်ကလေးထဲကို မကြည့်မိအောင် သတိထားနေရ၏။ ကျွန်တော့်မျက်နှာတွေ နီနေသည်ကို ပြန်မကြည့်ချင်သောကြောင့် ဖြစ်သည်။ နှစ်တွေ အတော်ကြာမြင့်ခဲ့သော်လည်း အရာရာ ပူနွေးနေတုန်းပဲ ရှိသေးတာပဲ။

သူလည်း လှတုန်းပဲ။ (ကြောင်ကလေးကို ပြောတာ) သူတို့ လင်မယားကလေး မရကြဟု သတင်းကြားရ၏။ နည်းနည်းတော့ ဝလာသလိုပဲ။ သူလည်း သုံးဆယ်ကျော်ခဲ့ပြီကိုး။ ကိုယ့်ထက် နှစ်နှစ်ပဲ ငယ်တာ မဟုတ်လား။ လှပသော မေးချွန်ချွန်ကလေးက နှစ်ထပ်ဖြစ်လုပြီ။ သူ လေ့ကျင့်ခန်းလုပ်ဖို့ ကောင်းသည်။ သို့သော် ကျွန်တော်သာ သူ့ယောကျ်ားနေရာမှာဆိုလျှင်လည်း တကယ်တမ်းကျတော့ ကြောင်ကလေး ပင်ပန်းမှာစိုးကာ လေ့ကျင့်ခန်း ယူခိုင်းရက်လိမ့်မည် မထင်။ (သူက နဂိုက သွယ်သွယ်နွဲ့နွဲ့ရယ်) အသား နည်းနည်းတိုးလာတာနဲ့ အချစ် နည်းနည်း လျော့သွားစရာ အကြောင်းမရှိပါဘူး။ ထိုလူနှင့် စကားပြောနေရင်း သူ့အကြည့်တစ်ချက်က ကျွန်တော့်ထံ ရောက်လာသေး၏။ ကျွန်တော် ချစ်ခဲ့သော မျက်တောင်ကော့မှ ထိုမျက်လုံးဝိုင်းများသည် ကျွန်တော့်ထံမှ ခဏချင်းမှာပင် ပြန်လည် လွှဲဖယ်သွားသည်။ ကျွန်တော့်ကို မမှတ်မိတာ ဖြစ်နိုင်သည်။ လွန်ခဲ့သော ဆယ့်ငါးနှစ်နီးပါးက ကျောင်းတစ်ကျောင်းတွင် တစ်နှစ်ခန့် အတူနေခဲ့ဖူးသော မထင်မရှား လူတစ်ယောက်ကို မမှတ်မိဘူးဆိုတာ ဖြစ်နိုင်သည်။ ဒါ သဘာဝကျသည်။ ကျွန်တော်က အဲဒီတုန်းက သူ စီးခဲ့သော သဲကြိုးဖြူဖြူလေးနှင့် ဖိနပ်ကအစ သူ့ညာဘက်တံတောင်ဆစ် အထက်နားက ရွေးစေ့ခန့် အမာရွတ်ကလေးတစ်ခု ရှိနေတာအထိ သူနှင့်ပတ်သက်၍ မြောက်
mgyoe.com

mgyoe.com SAMPLE BOOK
မြားစွာ မှတ်မိနေတာလည်း သဘာဝကျသည်။

ထိုနေ့က ကျွန်တော် ရုပ်ရှင် မကြည့်ဖြစ်ပါ။ သူတို့နှစ်ယောက် ရုပ်ရှင်ရုံထဲ ဝင်သွားသောအခါ ရုပ်ရှင်ရုံအောက်မှ ထွက်ကာ အိမ်ပြန်လာခဲ့သည်။ သူငယ်ချင်းထံသွားရန် ကိစ္စကိုလည်း သတိမရတော့ပါ။ ခင်သီတာထွန်းကိုလည်း သတိမရတော့ပါ။ အိမ်ကို ဘယ်လမ်းက လျှောက်ပြန်လာခဲ့မှန်း သတိမရတော့ပါ။ အနည်းဆုံး ဖတ်ကောင်းအောင် ရေးထားသော ဝတ္ထုတစ်ပုဒ်ထဲကလို အဆိုတော် ကိုမြကြီး၏ 'မိုး'သီချင်းထဲမှ စာသားတချို့ကိုတော့ သတိရဖို့ကောင်းသော်လည်း သတိမရခဲ့ပါ။ ကြောင်ကလေးကိုသာ သတိရနေပါသည်။

ထိုနေ့က ကျွန်တော် အိမ်ပြန်ရောက်သောအခါ အခန်းထဲသို့ တန်းဝင်ကာ ခုတင်အောက် သံသေတ္တာထဲတွင် ထည့်ထားသော အပြာရောင် ဖိုင်ဟောင်းတစ်ခုကို ဆွဲထုတ်လိုက်သည်။ ဤဖိုင်မှာ ကြောင်ကလေးနှင့် ပတ်သက်သမျှကို စုစည်း သိမ်းဆည်းထားသော ဖိုင်တွဲဖြစ်၏။ ပြန်လှန်မကြည့်ဖြစ်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ။ (အမှန်အတိုင်း ဝန်ခံရလျှင် ပြန်လှန်ကြည့်ဝံ့အောင် ကျွန်တော့်တွင် သတ္တိမရှိသောကြောင့် ဖြစ်၏) အသက် သုံးဆယ်ကျော်ခဲ့ပြီး လူတစ်ယောက်ဟာ ဆယ့်ရှစ်နှစ်သားလေး တစ်ယောက်ရဲ့ ဘဝထဲကို ပြန်လည် ပျော်ဝင်နိုင်သလား။

ထိုနေ့က ကျွန်တော် ကျောင်းရောက်သွားသောအခါ ရုံးခန်းဝတွင် ရစ်သီရစ်သီ လုပ်နေသော အတန်းထဲမှ ကျောင်းသားတချို့ကို တွေ့ရ၏။ 'ဟေ့ကောင် ... တို့အတန်းထဲကို ကျောင်းသူ အသစ်ကလေးတစ်ယောက် ရောက်မယ်ကွ။ နယ်က ပြောင်းလာတာတဲ့။ ကောင်မလေးက လှတယ်' တစ်ယောက်က ကျွန်တော့်ကို သတင်းပေးသည်။ သူ ပေးသော သတင်းကို ကျွန်တော် စိတ်မဝင်စားပါ။ မနက်ဖြန် ကစားမည့် တိုင်းဘောပွဲတွင် တနင်္သာရီတိုင်းနှင့် ပဲခူးတိုင်း ဘယ်သူနိုင်မလဲဟုသာ စဉ်းစားနေပါသည်။ (ထိုကောင်မလေးဟာ ကျွန်တော့်ရဲ့ ကြောင်ကလေး ဖြစ်လာလိမ့်မည်ဟုရော ထိုစဉ်က ဘယ်သို့ တွေးမိပါမည်နည်း) ကျွန်တော်သည် သဘာဝအားဖြင့် ရွယ်တူ ကောင်မလေးတွေကို စိတ်ဝင်စားသူ မဟုတ်။ ဤကောင်မလေးသည်လည်း အခြား ကောင်မလေးတွေလိုပင် ထဘီကို တိုတိုဝတ်ကာ နှုတ်ခမ်းနီ ရဲရဲဆိုး၍ စွာကျယ်ကျယ် စကားပြောတတ်ပြီး ကျောင်းမုန့်ဈေးတန်းထဲတွင် အုန်းနို့ခေါက်ဆွဲ နှစ်ပွဲနှင့် ရေခဲသုပ်တစ်ပွဲ ဆက်လျက် စားတတ်သော ရွံစရာ ကောင်မလေးပဲ ဖြစ်မည်ဟု တွေးခဲ့၏။ (အစား

mgyoe.com

mgyoe.com
SAMPLE BOOK
လောဘကြီးသူများကို ကျွန်တော် မုန်းတီးသည်) ဒီတုန်းက ဒီလို ရွှယ်တူ ကောင်မလေးထက် စိတ်ဝင်စားစရာ ကျွန်တော့်ဘဝတွင် များစွာရှိခဲ့သောအခါ ဖြစ်၏။ ညနေ ကျောင်းဆင်းလျှင် ချိန်းကန်သော ရပ်ကွက်ထဲက ဘောလုံးပွဲ ရှိသည်။ (ရှေ့တန်း ညာတောင်ပံမှာ ကျွန်တော် ကစား၏) လစဉ်ထုတ် မဂ္ဂဇင်း များနှင့် ရုပ်ရှင်ရုံ ရှိသည်။ ညဆယ့်တစ်နာရီအထိ သူငယ်ချင်းတစ်စုနှင့် ထိုင်သော လမ်းထောင့်က ကိုကာဆင် လက်ဖက်ရည်ဆိုင် ရှိသည်။ ပြီးတော့ ကြောင်ကလေးတစ်ကောင် ရှိသည်။ (ကျွန်တော် မွေးထားသော အမွေးဝါဝါနှင့် ရွှေဝါဟု ခေါ်သည့် တကယ့် ကြောင်အစစ်ကလေးတစ်ကောင် ဖြစ်ပါသည်။ ကြောင်မလေးကဲ့သို့ ကောင်မလေး အခြားတစ်ယောက် မဟုတ်ပါ) သို့သော် ...

ထိုနေ့က အတန်းထဲသို့ ဝင်လာသော သူ့ကို တွေ့လိုက်ရသောအခါ ... ဆိုပါစို့၊ တစ်ခါတည်း ကျွန်တော် ချစ်သွားပါသည်။ သူ၏ ကျောင်းဝင်နာမည်မှာ သုံးလုံးဖြစ်၍ အတော်လှပါသည်။ သို့သော် ကျွန်တော့်စိတ်ကြိုက် ကြောင်ကလေး ဆိုသည်လောက် မကောင်းသဖြင့် မဖော်ပြတော့ပါ။ ဆိုပါစို့။ ကြောင်ကလေးသည် တခြား ကောင်မလေးတွေလိုပင် ထဘီကို ခပ်တိုတို ဝတ်ထား၏။ နှုတ်ခမ်းနီရဲရဲ ဆိုးထား၏။ (နောက်ပိုင်းတွင် တစ်ခါတစ်ရံသာ ဆိုးသည်) ဆံပင်ကို နားရွက်တစ်ဝက် ဖုံးထား၏။ သူ့ကျတော့ ကျွန်တော် ချစ်သည်။

တိုက်ဆိုင်မှုတရားဆိုတာ ဒီတစ်ခါပဲ မှတ်မှတ်ရရ ဖြစ်ရကာ ကျွန်တော့် ရင်ထဲတွင် ကျေးဇူးတင်ဖူးသည်။ ဒီလောက်ကျယ်တဲ့ ကမ္ဘာကြီးထဲမှာ ကြောင်ကလေးနှင့် ကျွန်တော် စာသင်ခန်းတစ်ခုထဲတွင် တစ်နေ့ နာရီနည်းနည်း (ကျောင်းပိတ်ရက်က လွဲလို့) အတူတူ နေထိုင်ခွင့်ရတာ ဘယ်လောက် အံ့သြဖို့ ကောင်းသလဲ။ ကျွန်တော်က ခင်သန်းနုနဲ့တူတဲ့ တခြား ကောင်မလေး တစ်ယောက်ကို ချစ်မိဖို့ ကောင်းလျက်သားနှင့် ကြောင်ကလေးကိုမှ ရွေးချစ်မိတာ ကရော ဘယ်လောက် အံ့သြဖို့ကောင်းသလဲ။ ရှေ့ဆုံးတန်းမှာ ထိုင်သော သူ့ကို ကျွန်တော်သည် နောက်ဆုံးတန်းက ထိုင်၍ ချစ်ခဲ့သည်။ တစ်ခါတစ်ရံ အတန်းထဲဝင်၍ (အင်္ဂလိပ်စာ) သင်တတ်သော ကျောင်းအုပ်ကြီးက ကျွန်တော်တို့ နောက်ဆုံးတန်းအား နံရံကပ်အတန်းဟု ခေါ်၏။ ရှေ့တန်းမှ ကျောင်းသား များသည် ကျောင်းမပြေးကြ။ မျက်နှာတွင် ပေါင်ဒါလိမ်းကြသည်။ အိမ်သာထဲ တွင် ဆေးလိပ်မသောက်ကြ။ ရီပို့ကတ်ထဲတွင် အကျင့်စာရိတ္တကောင်းသည်ဟု

mgyoe.com

m g y o e . c o m SAMPLE BOOK
ရကြ၏။ အိမ်စာကို မှန်မှန်လုပ်ကာ ပုဆိုးကို ချက်ပေါ်တင် ဝတ်ကြသည်။ နောက်ဆုံးတန်းက ကျွန်တော်တို့သည် ပုဆိုးကို ချက်ပြုတ်ဝတ်ကြသည်။ ရင်ဘတ်မှ အင်္ကျီကြယ်သီး သုံးလုံးကို အမြဲ ဖြုတ်ထားကြ၏။ ကျွန်တော်တို့ အင်္ကျီအိတ်တိုင်းတွင် ဘီးများကို ထောင်ထည့်ထားကြသည်။ ကျွန်တော်တို့၏ အမောက်များသည် ထောင်ကြသည်။ ကောလံများသည် ထောင်ကြသည်။ လမ်းသွားသောအခါ ပခုံးနှစ်ဖက်ကို ရှေ့တွင်စု၊ လက်ပြင်ကုန်း၍ လျှောက်ကြ၏။ (တမင်လုပ်ယူထားရသော အဲဗစ်ပရက်စလေ၏စတိုင် ဖြစ်သည်) ကျွန်တော်သည် ညာသန်ဖြစ်သော်လည်း အခြား အဖော်များလိုပင် အရာရာကို ဘယ်နှင့် ကိုင်သည်။ လွတ်အိတ်ကို ဘယ်ဘက် ပခုံးပေါ်တွင် တင်သည် (လွယ်ထားခြင်း မဟုတ်ပါ)။ ထိုကဲ့သို့ ဘယ်ကို အသုံးပြုရခြင်းမှာ တခြားသူများနှင့် ခြားနားစေသည်။

ထိုနေ့မှစ၍ ကျွန်တော်သည် ကျောင်းမှန်မှန် တက်၍နေသည်။ 'ဟေ့ကောင် ... ကျောင်းပြေးပြီး အင်းလျားမှာ ရေသွားကူးရအောင်'ဟု သူငယ်ချင်းများက ပြော၏။ ကျွန်တော် ခေါင်းခါပြလိုက်သောအခါ သူတို့တစ်သိုက်က ဒီကောင် ကြောင်နေပြီဟု ပြောကြ၏။ အင်းလျားမှာ ရေတော့ သွားကူးချင်တာပေါ့။ ဒါပေမဲ့ ကြောင်ကလေးကို ပို၍ ကြည့်နေချင်သည်။ သူ့ဘေးမှ အဖော်ကို ခေါင်းကလေးငဲ့ကာ ပြောခိုက် သူ့မျက်နှာလေး တစ်ခြမ်းကို မြင်ခွင့်ရသည်မှာ မကြာမကြာ မျှော်ရတတ်သော အခွင့်အရေး ဖြစ်၏။ ထိုသို့ဖြင့် ပြတင်းပေါက်မှ ဝင်လာသော ကျနေ၏ အရိပ်များ တစ်စထက် တစ်စ ရှည်လျားလာကာ နီကြင်သော နေရိပ်ရှည်တစ်ခု ထိုးကျ၍ သူ့ရဲ့မျက်နှာတစ်ခြမ်း ရွှေရည်ဝင်းလဲ့နေသည်ကို ငေးကြည့်နေချိန်တိုင်လျှင် ကျောင်းဆင်းသံချောင်း ခေါက်သံကို ကြားရ၏။ 'ကမ္ဘာမကြေ'သီချင်းဆိုရန် အားလုံး မတ်တတ်ရပ်ကြရသည်။ စာသင်ချိန်များမှာ တိုတောင်းလှသည်ဟု ကျွန်တော် ထင်သည်။ ကျွန်တော်က လွမ်းနေ၏။

ကျောင်းဆင်းလျှင် စုဝေး လှုပ်ရှနေသည့် လူအုပ်ကြီးထဲတွင် သူနှင့် မလှမ်းမကမ်းက ကျွန်တော် ပါသွားသည်။ ကားမှတ်တိုင်တွင်လည်း သူနှင့် မနီးမဝေးမှာပင် ကျွန်တော် ရပ်နေသည်။ သူ့မျက်နှာကလေးကို ထိုနေ့ တစ်နေ့တာအဖို့ ကြည့်ရှုရန် နောက်ဆုံး အခွင့်အရေးများကို ယူနေခြင်း ဖြစ်၏။ တကယ်တမ်းဆိုလျှင် သူက တောင်ဘက်ကိုသွားသော ကားကို စီးရမည် ဖြစ်
m g y o e . c o m

mgyoe.com
SAMPLE BOOK
ပြီး ကျွန်တော်ကမြောက်ဘက်သို့ သွားသော ကားကို စီးရမည်ဖြစ်သည်။ သူ ကားပေါ်သို့ တက်သွားပြီးမှ ကိုယ်စီးရမည့် မှတ်တိုင်သို့ ကျွန်တော် သွားသည်။ သို့မဟုတ် တစ်ခါတစ်ရံ သူ စီးမည့်ကားကိုပင် တက်စီးကာ သူ့နောက်သို့ ပါသွားတတ်၏။ (ထို တစ်ခါတစ်ရံ ဆိုသည်မှာ ကျွန်တော်က ညစာမစားသေးဘဲ အိတ်ထဲတွင်လည်း ကားခ အပို ရှိတတ်သောနေ့များ ဖြစ်၏) ကျွန်တော်သည် ကားပေါ်တွင် သူမနှင့် မလှမ်းမကမ်းမှာ ရပ်ကာ သူ့ကို ငေးကြည့်နေခိုက် အရာ ရာကို မေ့လျော့နေတတ်သဖြင့် ပိုက်ဆံတောင်းသော စပယ်ယာ၏ အအော် အငေါက်ကို မကြာခဏ ခံရ၏။ ပိုက်ဆံ ဆယ်ပြားဆိုတာ ... ပြီးတော့ တခြား အရာများဆိုတာ အချစ်လောက် အရေးမကြီးပါဘူးဆိုတာကို အဲဒီ စပယ်ယာ ကံကောင်းသော တစ်နေ့တွင် သိပါလိမ့်မည်။

ကျွန်တော် ကြောင်ကလေးကို တကယ် ချစ်နေခဲ့သည်။ (အက်ဒွပ်ဘုရင် လို သက်သေပြစရာတော့ မရှိဘူးပေါ့) ဘောလုံးလည်း မကန်တော့ဘဲ၊ လက် ဖက်ရည်ဆိုင် ထိုင်ကာ သူငယ်ချင်းများနှင့် လေကန်ခြင်းလည်း မပြုတော့ဘဲ (အတူတူ ထိုင်သော သူငယ်ချင်းများက 'ဟေ့ကောင် ... တခြားစကားပြော၊ မင်း ကြောင်ကလေးအကြောင်း မပြောနဲ့။ တို့ နားညည်းတယ်'ဟု တားမြစ် ထား၏)

ကျွန်တော် အင်မတန်ကြိုက်သော မင်းသမီး ဘားဒေါ့ ပါသည့် ရုပ်ရှင် ကားသစ်ကိုပင် သွားမကြည့်နိုင်ဘဲ နှစ်ဆယ့်လေးနာရီလုံးလုံး သူ့ကို သတိရနေ တာကိုမှ အချစ်လို့ မခေါ်ရင် ဘာကို ခေါ်ရမှာလဲ။ အချစ်အတွက် ကျွန်တော် ရေချိုးဖူးခဲ့ပြီ။ အချစ်အတွက် ကျွန်တော် ပို့စကတ် ဝယ်ခဲ့ဖူးပြီ။ အချစ်အတွက် ကျွန်တော် အိပ်မက် မက်ခဲ့ဖူးပြီ။ ဟဲ့ကောင်လေး ... နင် ရေချိုးတာ ကြာလှ ချည်လား။ အဆုတ် အအေးပပ်မယ်ဟု ကျွန်တော် ဒုတိယအကြိမ် ဆပ်ပြာ တိုက်ပြီးစတွင် ပြတင်းဝမှ အမေက ထွက်ကာ အော်၏။ အမေ့ကို ကျွန်တော် စကား ပြန်မပြောနိုင်။ ခြေသည်းများကို ရေစိုပုဆိုး အောက်နားစနှင့် ကုန်းကာ ပွတ်တိုက်နေရ၏။ ခြေသည်းများမှာ ပန်းနုရောင် တောက်ပြောင် သန့်လက် နေသည်။ ထမင်းကို ခပ်သုတ်သုတ် စားလိုက်သည်။ မှန်ရှေ့တွင်ရပ်ဖို့ အချိန် ပိုရရန်အတွက် ဖြစ်သည်။ ကြာမြင့်စွာ ခေါင်းဖြီးနေရာ နောက်ဆုံးတွင် ကျွန် တော့် အမောက်သည် အဲဗစ်ပရက်စလေ၏ အမောက်လို ထောင်လာ၏။ ကျွန် တော် စီးမည့် မန္တလေးဖိနပ် သဲကြိုးများသည် ဝက်မှင်ဘီး အထပ်ထပ် ပွတ်
mgyoe.com

mgyoe.com SAMPLE BOOK
တိုက်ခြင်း ခံရသဖြင့် နက်ပြောင်နေ၏။ ကျွန်တော် ကျောင်းလွယ်အိတ်ကြီးကို ဘယ်ဘက်လက်နှင့် တွဲလောင်းဆွဲကာ ပခုံးပေါ် ပစ်တင်လိုက်သည်။ အိမ်က တိုင်ကပ်နာရီသည် အသံ တစ်ဆယ့်တစ်ချက် ပြည့်အောင် မြည်နေသည်။ ကျွန်တော့် ခြေထောက်များကို သူ့ကိုယ်လုံးနှင့် လာရောက် ပွတ်တိုက်နေသော ကြောင်ဝါကလေးကို ကျွန်တော့်ခြေထောက်ဖြင့် ခတ်ပစ်ခဲ့သည်။ ဟဲ့ကောင်လေး ... နင့်ပုဆိုးများ အပေါ် နည်းနည်းတင်ဝတ်ပါလား။ ခွေးချေးသိမ်း ဖြစ်နေပြီ ဆိုသော အမေ့စကားများကို မကြားယောင်ပြုကာ ကျွန်တော် အိမ်မှ ထွက်လာခဲ့၏။ ကျွန်တော် ဝတ်ထားသော လုံချည်မှာ ခြေမျက်စိဖုံးအောင်ပင် ရှည်လျားနေသည်။

ကျွန်တော်တို့ ကျောင်းလမ်းတွင် တံတားဖြူကလေးတစ်ခု ရှိ၏။ (ခပ်နောက်နောက် လူများက မေတ္တာပေါင်းကူးတံတားဟု ခေါ်ကြ၏။ ထိုအမည် ဖြစ်ပေါ်လာသည့် ရာဇဝင်ကို ကျွန်တော် မသိပါ) ကျွန်တော်သည် နေ့တိုင်း ကျောင်းသို့ စောစောရောက်အောင် လာကာ ထိုတံတားဖြူကလေးမှ နေ၍ ကြောင်ကလေး အလာကို စောင့်ငေးကြည့်လေ့ ရှိသည်။ ကျွန်တော် တံတား လက်ရန်းကို မှီကာ ဟန်ပါပါ ရပ်နေလိုက်သည်။ ကျွန်တော့် ဘယ်ခြေမှာ မျှင်းဖြောင့် ဖြစ်ကာ ထိုမျှင်းဖြောင့်ပေါ်တွင် ညာခြေက ၉၀ ဒီဂရီ မျှင်းမတ်ကျနေသည်။ ဒီလို ခြေထောက်ထားပုံကို ကျွန်တော်တို့ အကျင့်ပါနေကြသည်။ ကျွန်တော်တို့သည် ရပ်တိုင်း ဤကဲ့သို့ပင် ရပ်ကြသည့်။ မင်းသားသစ် ဇော်ခင်လည်း ဤကဲ့သို့ ရပ်သည်။

သူ လာတာကို ခပ်ဝေးဝေးက မြင်ကတည်းက ကျွန်တော့် ရင်တွေ ခုန်နေသည်။ သူ ကျွန်တော်နှင့် တစ်စထက်တစ်စ နီးကပ်လာ၏။ ကျွန်တော့်ထံတွင် ရှိသော ဖန်တီးယူထားသည့်ဟန်မှာ အားလုံး ပျက်ပြားသွား၏။ ဤအချိန်တွင်မူ ကျွန်တော်သည် ဖန်တီးမယူရသော သိုးကလေးတစ်ကောင်၏ပုံ ပေါက်နေမည်သာ ဖြစ်၏။ ကျွန်တော့် အင်အားတွေကို ရုတ်ခြည်း ဘယ်အရာက စုပ်မျိုသွားသလဲ။ သည် ဖြူဖြူသွယ်သွယ် နွဲ့နွဲ့ ကောင်မလေးကလား။ သူ သိပ်နီးလာသောအခါ ကျွန်တော် ခေါင်းငုံ့ထားမိသည်။ (သူ့ကို ဘာလို့ ကြောက်ရမှာလဲ) သူသည် ကျွန်တော့်ရှေ့မှ ဖြတ်သွားနေသည်။ ဟုတ်တယ်။ သူ ကျွန်တော့်ရှေ့က ဖြတ်သွားနေတယ်ဆိုတာ ဒီနေရာမှာတော့ သေချာမှုတစ်ခုပါပဲ။ ကြောင်ကလေး ကျွန်တော့်ရှေ့မှ ဖြတ်သွားနေသည်။ ငုံ့နေသော ကျွန်တော့်
mgyoe.com

mgyoe.com SAMPLE BOOK
ခေါင်းရှိ မျက်လုံးများက သဲကြိုးဖြူဖြူကလေးများ နစ်မြုပ်နေသော သူ့ခြေဖမိုး ဝါဝါကလေးများကို မြင်နေရတယ် မဟုတ်လား။ ကျွန်တော်သည် သူနှင့် နီးကပ်နေလွန်းသောကြောင့် သူ့ကိုယ်နံ့ သင်းသင်းကလေးကိုပင် ရလိုက်သလို ရှိ၏။ သူ ... ကျွန်တော့်ကို နောက်ဆုံး ဖြတ်ကျော်သွားခါနီးတွင် ရှေ့မှာ လာနေသူတစ်ဦးအား မတိုက်မိအောင် ရှောင်လိုက်ရ၏။ (တံတားကလည်း ကျဉ်းလွန်းသည်) သူက ကျွန်တော့်ဘက်သို့ တိမ်းကာ ရှောင်လိုက်ခြင်း ဖြစ်သည်။ သူနှင့် ကျွန်တော်သည် သိပ်နီးကပ်လွန်းသွားကာ သူ့ထဘီ အောက်အနားစကလေးသည်ပင် ကျွန်တော့်ပုဆိုး အောက်နားစကို တစ်ချက် ထိခိုက်သွားသည်။ (ထိသွားသည်ဟု ထင်ရသည်။ ဤအချက်မှာ သိပ်မသေချာသော်လည်း မကြာခဏ ပြန်လည် တွေးတောမိသောအခါ ကြောင်ကလေးနှင့် ကျွန်တော့်အဖို့ အမှတ်ရ စရာ အရင်းနှီးဆုံး ဖြစ်ခဲ့ဖူးသည်မှာ ဤအရာကလေးတစ်ခုသာ ရှိသည်ကို တွေ့ရ၏) ကျွန်တော် ရင်ခုန်နေဆဲမှာပင် သူသည် ကျွန်တော့်ကို ကျောပေးကာ ဝေးကွာသွားနေသည်။ သူငယ်ချင်းတချို့က ရပ်ရှင်သွားကြည့်ကြသည်။ ကျွန် တော် လိုက်မသွား။ ကောင်းကင်ပြာပြာ၌ တိမ်ဖြူတို့ လွင့်ပါးနေကြသည်။ နေ့သည် ရွှေရောင် တောက်ပနေသည်။ နေ့တိုင်းသည် ဒီလို မလှပနိုင်။ သို့သော် လှပလိမ့်မည်ဟုကား မျှော်လင့်နိုင်လေသည်။

ထိုနေ့က ကြောင်ကလေး ကျောင်းမတက်။ သူ ကျောင်းမတက်သော နေ့များ၌ ကျောင်းချိန်တစ်ချိန်လုံး ကျွန်တော် နေမထိ ထိုင်မသာ ဖြစ်နေတတ်သည်။ ကြောင်ကလေး မရှိသော စာသင်ခန်းလောက် ခြောက်သွေ့သော သဲကန္တာရဟူ၍ ရှိလိမ့်မည် မထင်။ ကြောင်ကလေး ဘာဖြစ်လို့ ကျောင်းမတက်တာလဲကွယ်။ နေမကောင်းလို့လား။ သူ့ကို ကျောင်းမှာ တစ်ယောက်ယောက် စောင့်မျှော်နေမယ်ဆိုတာ မသိဘူးလား။ (သိရင်ရော အရေးထားပါ့မလား) စာသင်ခန်း ပြတင်းဝမှ မြင်နေရသော မြက်ရိုင်းကွင်းပြင်ကျယ်ထဲတွင် နွားတချို့ မြက်စားနေကြသည်။ (မြက်များမှာ စိမ်းစိမ်းလန်းလန်း မရှိပါ) ထိုနွားများကို ရေတွက်ရမှာ ကျွန်တော် ပျင်းနေ၏။ နေသည် မျက်စိကျိန်းလောက်အောင်ပင် ကျဲကျဲတောက် ပူလောင် လင်းထိန်နေ၏။ လေသည် တိတ်ဆိတ်နေသည်။ ယင်ကောင်တစ်ကောင်သည် စိတ်တိုဖွယ် ကောင်းလောက်အောင် ကျွန်တော့် မျက်နှာ တစ်ဝိုက်၌ တဝီဝီမြည်ကာ ပျံသန်းနေ၏။ ဤနေ့သည် လက်ဖက်ရည် တစ်ခွက်ဆိုလျှင် ကျွန်တော် ချက်ချင်း သွန်ပစ်လိုက်မိပေမည်။
mgyoe.com

mgyoe.com
SAMPLE BOOK

ထိုနေ့က ညနေ ကျောင်းဆင်းလျှင် ကျွန်တော် သူတို့အိမ်ရှေ့ သွားကာ ကြောင်ကလေး၏မျက်နှာကို ကြည့်ဖြစ်အောင် ကြည့်ခဲ့သည်။ ကျောင်းပိတ်ရက်များတွင်လည်း သူတို့အိမ်ရှေ့သို့ ကျွန်တော် အမြဲ ရောက်လေ့ ရှိ၏။ တစ်ခါ တစ်ရံ တစ်နေ့တည်း နှစ်ခေါက်၊ သုံးခေါက် ရောက်တတ်၏။ ကျွန်တော် သွားတိုင်း သူ့မျက်နှာကလေးက မြင်ခွင့်သာသည် မဟုတ်ချေ။ သူသည် ဧည့်ခန်းထဲတွင် ထွက်၍ ထိုင်နေတတ်သည်။ ကာထားသော ခန်းဆီး၏နောက်ကွယ်မှ ကြောင်ကလေးဟု ထင်ရသော အရိပ်ကလေးတစ်ခု လှုပ်သွားသည်ကို မြင်ရရုံနှင့် လှည့်ပြန်လာရသော အခါများလည်း ရှိ၏။ ဤမျှလောက်မှ မမြင်ရမချင်းမူ ကျွန်တော် လှည့်ပြန်ခဲလှသည်။ သူတို့အိမ်ရှေ့ကို ဖြတ်ကာ ဟိုဘက်ကို လျှောက်သွားသည်။ မတွေ့လျှင် ဟိုဘက်လမ်းထိပ် ကွမ်းယာဆိုင်၌ စီးကရက်တစ်လိပ် ဝယ်သောက်ကာ ဒီဘက်ကို ပြန်လျှောက်လာ၏။ သူ့ကို မတွေ့ရသေးသော် ဒီဘက်လမ်းထိပ် ကုန်စုံဆိုင်၌ ခဏရပ်ပြီး ငှက်ပျောသီးတစ်လုံး ဝယ်စားပြီးလျှင် သူတို့အိမ်ရှေ့ကို ဖြတ်၍ ဟိုဘက်လမ်းထိပ်သို့ လျှောက်ပြန်သည်။ သူ့ကို မတွေ့ရသေးသော် လမ်းထပ် ဗာဒံပင်အောက်ရှိ သောက်ရေအိုးတွင် ရေတစ်ခွက် ခပ်သောက်ပြီး (ကျွန်တော် သောက်ရန် ရေခပ်တိုင်း ထိုသောက်ရေအိုးထဲ၌ ရေကုန်နေသည်နှင့်သာ ကြုံရလေ့ရှိ၏) သူတို့အိမ်ရှေ့မှ ဖြတ်ကာ ဒီဘက်ကို ပြန်လျှောက်လာပြန်သည်။ လမ်းဘေး ရေဘုံပိုင်တွင် ရေခပ်နေသူတချို့က ကျွန်တော့်ကို အထူးအဆန်းသဖွယ် ငေးကြည့်နေကြသည်။ ခွေးလေခွေးလွင့်တချို့က လမ်းဘေးဝယ် အိပ်နေရာမှ ထကာ ကျွန်တော့်ကို ဟောင်ကြသည်။ သို့တိုင်အောင် တစ်ခါတစ်ရံ ကြောင်ကလေး၏မျက်နှာကို မြင်ခွင့်မသာဘဲ အိမ်ပြန်လာရသော အခါများလည်း ရှိ၏။ ထိုအခါမျိုး၌ တောင် တစ်လုံးကို ရွေ့ပေးနေရသူလို စိတ်ရောကိုယ်ပါ နွမ်းနယ်၍နေသည်။ (သို့မဟုတ် ခံစားရပုံမှာ လေအကုန်ထွက်သွားသော ပူဖောင်းတစ်လုံးနှင့်လည်း အတော်တူမည် ထင်ပါသည်)

သူတို့အိမ်ရှေ့မှ ဖြတ်လျှောက်စဉ် အိမ်ထဲသို့ စောင်းငဲ့ကြည့်ခိုက် ကျွန်တော်နှင့် မကြာခဏ မျက်လုံးချင်း ဆုံမိတတ်သည်မှာ ဆေးတံခဲထားသော သူ့အဖေ၏ အောက်သိုးသိုးမျက်နှာကြီး ဖြစ်သည်။ ကျွန်တော့်ကိုမြင်လျှင် သူ့ဆေးတံ မည်းမည်းကောက်ကောက်ကြီးမှာ မီးခိုးတွေ ပို၍ ထွက်လာတတ်သည်။ ဤသို့သော မီးခိုးများကို မြင်ရပြီးလျှင် သူတို့အိမ်ရှေ့ကို ကျွန်တော် နောက်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ကြိမ် ပြန်မလျှောက်ရဲတော့ချေ။ ထိုမိခိုးငွေ့များဘေးမှ ကင်းဝေးသည်မှာ သူတို့ရပ်ကွက် ဈေးမှ လက်ဖက်ရည်ဆိုင်တွင် ထိုင်၍ သူ့ကို စောင့်ကြည့်ခြင်းသာ ဖြစ်၏။ ထိုဆိုင်၏ လက်ဖက်ရည်မှာ သိပ်မကောင်းပါ။ ထိုဆိုင်၏ အမည်မှာ ဘဘကြီး လက်ဖက်ရည်ဆိုင် ဖြစ်၏။ (ဤအကြောင်းသည် အချစ်ဝတ္ထုတစ်ပုဒ်သာ ဖြစ်မည်ဆိုပါက ထိုဆိုင်အမည်မှာ ပန်းကမ္ဘာ၊ ရွှေယမင်း စသည် ဖြင့် သို့မဟုတ် အခြား လှပသောအမည်တစ်ခု ဖြစ်နိုင်စရာ ရှိသည်။ ကျွန်တော်သာ ဤဆိုင်ကို ပိုင်ဆိုင်ခွင့်ရပါက ဤဆိုင်၏အမည်ကို ကျူးပစ် (မြားနတ်မောင်) ဟု ပြောင်းပစ်လိမ့်မည် ထင်ပါသည်) ထားပါတော့။ မနက်ပိုင်းတွင် ကြောင်ကလေးသည် သူ့အစ်မဖြစ်သူနှင့်အတူ ဈေးကို လာတတ်၏။ သူ၏အစ်မ တက္ကသိုလ်ကျောင်းသူသည် လှပါသည်။ သို့သော် ကြောင်ကလေးလောက် မလှပါ။ အိပ်ရာမှနိုးစ ဆံပင် ကပိုကရိုနှင့် မျက်နှာမှာ မည်သည့်အရာမှ လိမ်းခြယ်မထားသော ကြောင်ကလေးသည် ကျွန်တော့်မျက်လုံးထဲတွင် တစ်မျိုး လှနေသည်။ ကျွန်တော်သည် လက်ဖက်ရည်ဆိုင်၏ ချောင်ကျသော စားပွဲတစ်လုံးတွင် ထိုင်ရင်း သူ ဈေးလာတာကို ခိုးကြည့်တတ်သည်။ ထိုဆိုင်က လက်ဖက်ရည်မှာ သိပ်မကောင်းပါ။

ဒါဖြင့် စာပေးလိုက်ပေါ့ဟု ကျွန်တော့်သူငယ်ချင်း တစ်ယောက်က ပြော၏။ ကျွန်တော်သည် (ယခင်က) သတ္တိရှိသူ ဖြစ်ခဲ့၏။ ယောကျ်ားလေးချင်း တစ်ယောက်ချင်းလည်း ချိန်းထိုးဖူး၏။ (နဖူးစောင်းတွင် အမာရွတ်သေးသေး တစ်ခု ရှိ၏) သူငယ်ချင်းများနှင့် လက်ဖက်ရည်တိုက်ကြေး အလောင်းအစား ပြုကာ ခပ်စွာစွာ ကောင်မလေးများကိုလည်း စာလိုက်ပေးဖူး၏။ စကားလိုက် ပြောဖူး၏။

အခုကိစ္စကတော့ ဒါတွေနဲ့မတူ။ ကြောင်ကလေးကို စာလိုက်ပေးဖို့ မဆိုထားနှင့်၊ သူနှင့် နီးနီးကပ်ကပ်မိသည်နှင့်ပင် ကျွန်တော့်ရင်တွေ ထိန်းသိမ်းမရအောင် ခုန်နေတတ်သည်။ ကျွန်တော်သည် သူ့ကို စာတစ်စောင်မှ မပေးဖြစ်သော်လည်း သူနှင့်ပတ်သက်သမျှ ခံစားနေရသရွေ့ကို စာအုပ်တစ်အုပ်ထဲတွင် နေ့စဉ်ပင် ရေးမှတ်ထားခဲ့ပေသည်။ ထိုနေ့စွဲတပ်ထားသော ခံစားချက် စာတမ်းများ၏ အထက်၌ နေ့တိုင်း သူ ဝတ်စားလာသမျှလေးတွေကိုလည်း ရေးမှတ်ထားခဲ့၏။ ထိုမှတ်တမ်းများ၌ ကြောင်ကလေး ဝတ်လာခဲ့သည့် ထဘီ၊ အင်္ကျီသာမက စီးလာသည့် ဖိနပ်၊ သူ့ခေါင်းမှ ဆံညှပ်၊ ဖဲကြိုးကလေးများ၊ ခေါင်းစည်းပဝါမှ

mgyoe.com

mgyoe.com SAMPLE BOOK
အစ သူ ကိုင်လာသည့် လက်ကိုင်ပဝါ၊ ပန်လာသည့် ပန်းကလေးများအထိ အတိအကျ ပါလေသည်။ (ကြောင်ကလေးရဲ့ တရားမဝင်ခဲ့တဲ့ မော်ကွန်းထိန်းလေ) ကြာသော် ကျွန်တော်သည် သူ၏ ညာဘက် တံတောင်ဆစ်၌ ရွေးစေ့ခန့် အမာရွတ်လေးတစ်ခု ရှိနေတာ သိသလို (သိစက ဒီဒဏ်ရာကလေး ရတုန်းက သူတော့ သိပ်နာမှာပဲ။ ဘယ်တုန်းက ဘာဖြစ်ခဲ့တာလဲဟု ကြောင်ကလေး ကိုယ်စား နာကျင်စွာ တွေးမိ၏) သူ၏ လုံချည်ဆင်ကလေးများပင် အလွတ်ရနေသည်။ သူ့တွင် အင်္ကျီ ဘယ်နှထည်၊ ထဘီ ဘယ်နှထည်၊ လက်ကိုင်ပဝါလေးတွေ ဘယ်နှထည် ရှိတာကိုပင် ရေတွက်ကြည့်ကာ သိနေသည်။ ကြောင်ကလေး အင်္ကျီအသစ်တစ်ထည် ချုပ်တာ၊ ဆံညှပ်ကလေးအသစ်တစ်ခု ဝယ်တာက အစ သိနေသည်။ (နည်းနည်း ရူးတယ်လို့လည်း ထင်နိုင်ပါသည်) ဘဝဆိုတာ တစ်ချိန်ချိန်မှာ တစ်ခုခုအတွက် ဖြစ်ပျက်နေတာ မဟုတ်လား။

အဲဒီအချိန်တုန်းကတော့ အဲဒီ တစ်ခုခုဆိုတာ ဖိနပ်စင်ပေါ်တွင် လဲကျနေသော၊ ပင့်ကူမျှင်များ ငြိတွယ်နေသည့် ဘောကန်ဖိနပ်လည်း မဟုတ်။ မဖတ်ရသေးသော လကျော် မဂ္ဂဇင်းလည်း မဟုတ်။ ကိုကာဆင်၏ လက်ဖက်ရည်ဆိုင်လည်း မဟုတ်။ ကျွန်တော်၏ ကြောင်ကလေးသာ ဖြစ်သည်။

အားလျှင် ပက်လက်ကုလားထိုင်တစ်လုံးတွင် ထိုင်ကာ ခပေါင်းစီးကရက် တစ်လိပ်ပြီးတစ်လိပ် မီးညှိသောက်ရင်း သူ့ကို သတိရနေတာကို ဘာနှင့်မျှ မလဲချင်။ (လက်ဖက်ရည်သောက်ရန် လာခေါ်သော သူငယ်ချင်းများကိုပင် စိတ်တိုချင်နေ၏) ညတိုင်းလိုလိုပင် အိပ်မက် မက်တတ်ကာ အိပ်မက်တိုင်းလိုလို၌ သူ ပါနေတတ်သည်။ အိပ်မက်များမှာ ဆေးရောင်စုံ ဖြစ်၏။ အိပ်မက်ထဲမှာလည်း ကြောင်ကလေးသည် အပြင်ကလို လှပနေသည်။ ပြီးတော့ သူသည် ကျွန်တော့်ရှေ့မှ အမြဲတမ်းလိုလိုပင် ထွက်ပြေးနေသည်။ ကျွန်တော်သည် အမြဲတမ်းလိုလိုပင် သူ့နောက်မှ ပြေးလိုက်နေလေသည်၊ သို့မဟုတ် (ကျွန်တော့် ခြေထောက်များကို အိပ်မက်ထဲတွင် ဂရုထားကာ မကြည့်မိသဖြင့်) မပြေးဘဲ လိုက်နေခြင်းလည်း ဖြစ်ချင် ဖြစ်မည်။ သူ့ကို ဖမ်းဆွဲလိုက်လျှင် သူက နိုင်လွန်ပဝါတစ်ခုလို ပါးလှပ်ပေါ့ရှစွာ ကျွန်တော့်လက်ထဲမှ ရုန်းထွက် လွင့်ပါးသွားတတ်သည်။ (သူ ရုန်းလျှင် နာကျင်မည်စိုးကာ ကျွန်တော် လွှတ်ပေးလိုက်မိသည်ချည်း ဖြစ်၏) တစ်ခါတစ်ရံ သူသည် ကျွန်တော့်ရှေ့မှ ပျောက်ကွယ်သွားတတ်သည်။ ပန်းတောထဲဝယ် ပန်းကလေးတစ်ပွင့် အယောင်ဆောင်ကာ ပုန်း

mgyoe.com

mgyoe.com SAMPLE BOOK
နေခြင်း ဖြစ်၏။ ပန်းကလေးတွေကို အသေအချာ ကြည့်လိုက်လျှင် ကျွန်တော် မှတ်မိနေသော ကြောင်ကလေး၏ မျက်နှာကို မြင်ရ၏။ (ထိုအိပ်မက်ထဲတွင် မျက်နှာတစ်ခုနှင့် ပန်းပွင့်တစ်ခု ဘာကြောင့် တူသည်ဟု ထင်နိုင်ကြောင်း ဖရွိုက်က ရှင်းပြချင်မလား မဆိုနိုင်ပါ) ထိုပန်းပွင့်ကို (ကြောင်ကလေးနှင့်တူသော ပန်းပွင့်) ကျွန်တော် ခူးလိုက်လျှင် နှမြောဖွယ်ရာပင်။ ပန်းကလေးမှာ ကျွန်တော့် လက်ထဲတွင် အငွေ့ဖြစ်ကာ လွင့်ပြယ် ပျောက်ပြယ်သွား၏။ သူ ပါသော အိပ်မက်ကို မက်ပြီး နိုးလျှင် ကျွန်တော့်ရင်မှာ ပန်းလျှဖိုလှိုက်နေတတ်၏။

ကျွန်တော့် ပတ်ဝန်းကျင်မှာလည်း လှပသော ဆေးရောင်စုံများ မရှိတော့။ အမှောင်ထုကသာ ထူပိန်းစွာ လေးလံ ဖိစီးထား၏။ ကျွန်တော့် လည်ချောင်းများ အက်ကွဲ ခြောက်သွေ့ကာ ပြင်းထန်စွာ ရေငတ်နေပေသည်။

ထိုနေ့က ရေသောက်ရန် အသွား ကျောင်းက သောက်ရေအိုးစင်မှာ သူနှင့် ကျွန်တော် ဆုံမိကြသည်။ သူကလည်း အဖော်တစ်ယောက်နှင့် ကျွန်တော်ကလည်း အဖော်တစ်ယောက်နှင့်ပင် ဖြစ်၏။ ခွက်က တစ်ခွက်တည်း။ သူတို့ အရင်ရောက်နှင့်နေသဖြင့် သူတို့ သောက်တာကို ကျွန်တော်တို့ ရပ်စောင့်နေရသည်။ အပြန်၌ ကျွန်တော်သည် သူ သောက်သွားသော သောက်ရေခွက်ကလေးကို ယူလာခဲ့သည်။ သတ္တုရေခွက်ကလေးမှာ ပိန်သည့်နေရာ ပိန်၊ ချိုင့်သည့်နေရာ ချိုင့်ကာ ဟောင်းနွမ်းလှပြီ။ (သို့သော် ဤခွက်ကလေးကို ကြောင်ကလေးသည် သူ၏ နှုတ်ခမ်းကလေးများနှင့် ထိသွားခဲ့သည်) သို့ဖြင့် ဤခွက်ကလေးမှာ ကျွန်တော့် အိမ်သို့ ပါလာခဲ့လေသည်။

ကျွန်တော့်အခန်းထဲရှိ စာကြည့်စားပွဲမှ အံဆွဲထဲတွင် ထိုသောက်ရေခွက်ကလေးကို ထည့်သိမ်းထားလိုက်၏။ ကြောင်ကလေးကို လွမ်းသောအခါ ထုတ်ကြည့်ပါသည်။ သူငယ်ချင်းတွေက ငတုံးဟု ခေါ်ကြသည်။ စာပေးဖို့ အတင်း တိုက်တွန်းကြသည်။ ကျွန်တော့်တွင်လည်း သူ့ကို ဘယ်လောက်ချစ်ကြောင်း ရေးထားသည့် စာတွေ ရှိနေ၏။ 'ငါ သူ့ကို လိုက်မပေးရဲဘူးကွာ' ကျွန်တော့် နှုတ်က ငြင်းလိုက်သော်လည်း တတ်နိုင်သမျှ ရေးထားသော ကျွန်တော့်စာများကိုမူ သူ ဖတ်ကြည့်စေလိုသောစိတ် ရှိနေသည်။ ဆိုပါစို့၊ သူငယ်ချင်း တစ်ယောက် ပေးသော အကြံအတိုင်း သူ့ကို စာတစ်စောင် ပေးဖြစ်ခဲ့၏။ လူ့ဘဝတွင် အခွင့်သင့်ခိုက် ပြန်လည်ကြားဝါစရာ မိန်းမတစ်ယောက်ကို ပေးခဲ့ဖူးသော ရှားရှားပါးပါး ပထမဆုံးနှင့် နောက်ဆုံး စာတစ်စောင် ဖြစ်သည်။ စာပေးနည်း
mgyoe.com

mgyoe.com SAMPLE BOOK
မှာ တော်တော် လွယ်ပါသည်။ အတန်းထဲသို့ သူမ မရောက်ခင်၊ ဘယ်သူမှ လည်း မရောက်ခင် စောစောသွားကာ ထည့်ထားလိုက်ရုံသာ ဖြစ်ပါသည်။ (ထို စာအုပ်သည် မြင့်ကျော်၏ ပြားခြောက်ဆယ်တန် စာအုပ်တစ်အုပ် ဖြစ်နိုင်သည်။ စာအုပ်၏ နာမည်သည်လည်း အသည်း၊ သို့မဟုတ် မျက်ရည်ဆိုသော စကား လုံး တစ်လုံး ပါနိုင်သည်) ထိုနေ့က ကျွန်တော် ကျောင်းမတက် (ရဲ) တော့ချေ။ ကျောင်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ထိုင်ကာ အခြေအနေကို သတင်းလာပို့ မည့် သူငယ်ချင်းများအား စောင့်စားနေရသည်။ သူ ... သူ ... ကိုယ့်စာအုပ်ကို (စာအုပ်ထဲက စာကို) တွေ့ရင် ဘာလုပ်မလဲ။ အမျိုးမျိုး ဖြစ်နိုင်သည်။ မဖတ် ဘဲ အစိတ်စိတ် အမွှာမွှာ ဆုတ်ပစ်နိုင်သည်။ ဘယ်သူမှ မသိအောင် လွယ်အိတ် ထဲကို တိတ်တိတ် ထည့်ယူသွားနိုင်သည်။ အတန်းထဲမှ ထွက်ကာ ဆရာ့ဆီ လျှောက်သွားပြီး တိုင်နိုင်သည်။ စာကို တွေ့သောအခါ ရှက်ကာ ငိုနိုင်သည်။ သို့မဟုတ် လမ်း၌ ကျွန်တော်နှင့်တွေ့သောအခါ ကျွန်တော့်ပါးကို ရိုက်နိုင်သည်။ သို့မဟုတ် ကျွန်တော်နှင့် သူသည် အညံ့စား ဝတ္ထုနှင့် ရုပ်ရှင်တွေထဲကလို တစ် ယောက်နှင့် တစ်ယောက် အဆင်ပြေသွားနိုင်သည်။ (အဆင်ပြေသည် ဆိုသည် မှာ ချစ်သွားကြသည်ကိုပင် ဆိုလိုပါသည်)

ကျွန်တော့်ရင်တွေ ခုန်နေသည်။ သူငယ်ချင်းတစ်ယောက် ကျောင်းဘက် မှ ခပ်သုတ်သုတ် လျှောက်လာနေသည်ကို တွေ့ရ၏။ သူက စားပွဲတွင် ဝင် ထိုင်ရင်း လက်ဖက်ရည်တစ်ခွက်ကို အရင် လှမ်းမှာနေ၏။ (ဤစားပွဲဝိုင်းတွင် ကျသင့်သမျှ ငွေကို ယနေ့အဖို့ ကျွန်တော်က တာဝန်ယူ ပေးချေရမည် ဖြစ်၏) ဘာတွေ ဖြစ်ကုန်ပြီလဲဟု ကျွန်တော် သိချင်သော်လည်း မမေးရဲသလို ဖြစ်နေ သည်။ စီးကရက် အသစ်တစ်လိပ်ကို ကျွန်တော် မီးညှိလိုက်၏။ ကျွန်တော့် သူငယ်ချင်းသည် သူ့ရှေ့မှ လက်ဖက်ရည်ခွက်ကို အလောတကြီး မော့သောက် လိုက်၏။ ပြီးမှ လျှာအပူလောင်သွားသလို မျက်နှာကို မသိမသာ ရှုံ့မဲ့ကာ မင်း တော့ သွားပြီဟု ပြောချလိုက်၏။ ကောင်မလေးက မင်းစာကို ဆရာ့စားပွဲပေါ် တင်ထားလိုက်ပြီ။ ကျွန်တော် ထူပူသွားသည်။ ကျွန်တော်တို့အတန်းတွင် ပထမ ဆုံးအချိန် ယူသူမှာ ကျွန်တော်တို့အတန်းမှ သချ်ာဆရာ ဖြစ်၏။ သူသည် လူပျိုကြီး ဖြစ်သော်လည်း ဤကိစ္စမျိုးတွင် တင်းကျပ်စွာ အရေးယူလေ့ရှိသူ ဖြစ်၏။ အဲဒီစာသာ ဆရာ့လက်ထဲ ရောက်သွားရင် မင်းတော့ မစားသာဘူး။ တစ်ယောက်က ချောက်ထဲ တွန်းချနေ၏။ သူ တွန်းချစရာ မလိုပါ။ ယခုအချိန်

mgyoe.com

mgyoe.com SAMPLE BOOK
၌ ကျွန်တော့်အရှေ့တွင်သာ ချောက်တစ်ခုရှိနေပါလျှင် ကျွန်တော် ခုန်ချလိုက်မိမည်သာ ဖြစ်ပါသည်။

သွားပြီ။ ကျွန်တော့်လက်ထဲမှ စီးကရက်ကို စားပွဲပေါ်တွင် ထိုးချေပစ်လိုက်သည်။ ပထမတော့ သူတို့ မင်းစာကို ဖတ်ပြီး ရယ်နေကြသေးတယ်ကွ။ (ရယ်တော့ မရယ်သင့်ဘူးပေါ့ ကြောင်ကလေးရယ်) သူတို့ ဘာစကားတွေ ဆက်ပြောနေသလဲ ကျွန်တော် မကြားတော့ချေ။ သို့သော် နောက် ရောက်လာသော သူငယ်ချင်း လက်ထဲတွင် ကျွန်တော် သူ့ခုံမှာထည့်ခဲ့သော စာအုပ်ကလေးကို ကိုင်လာတာ မြင်ရ၍ ကျွန်တော် နည်းနည်း ပျော်သွားသည်။ လောကကြီးမှာ ထင်သလောက် မဆိုးဝါးဟု ခံစားမိသည်။ သူက ပြောသည်။ ဆရာကလည်း သူ့စားပွဲပေါ်မှာ စာအုပ်ကလေး တင်ထားတာ အမှတ်တမဲ့ပဲကွ။ မနေ့က ပေးလိုက်တဲ့ အိမ်စာတွေကို ဘာလက်ဘုတ်မှာ ပြန်တွက်ပြနေတယ်။ သူ ကျောပေးနေတုန်း ငါလည်း ခပ်တည်တည်နဲ့ ထယူခဲ့တာ။ မင်းရဲ့ကောင်မလေးက ငါ့ကို မျက်စောင်း လှမ်းထိုးလိုက်သေးတယ်။ ထိုသူငယ်ချင်း၏ စကားအဆုံးတွင် ကျွန်တော် အသံကျယ်ကျယ်နှင့် လက်ဖက်ရည်တစ်ခွက်၊ မလိုင်များများနဲ့ဟေ့ဟု လှမ်းမှာလိုက်ပါသည်။ (ထိုနေ့က ကျူသမျှကိုရှင်းရန် ကျွန်တော့်တွင် ငွေမလောက်သဖြင့် ပိုင်းလော့ ဖောင်တိန်ကို ဆိုင်ရှင်ထံ အပေါင်ထားခဲ့ရသည်)

ထိုနေ့က အဖြစ်အပျက် ကြုံပြီးသည့်နောက်တွင် သူ့ခုံထဲသို့ နောက်ထပ် စာသွားမထည့်ရဲတော့ချေ။ ဘာမှလည်း ဆက်မလုပ်တော့ဘဲ ကြောင်ကလေးကိုပဲ ဆက်ကာ ချစ်နေစဉ် မိုးဦးကျလာသည်ကို သတိမပြုမိချေ။ စာသင်ခန်းတံစက်မြိတ်မှ မိုးစက်များ သွယ်တန်းစီးကျနေသည်။ ပြတင်းဝမှ လှမ်းမြင်နေရသော ကောင်းကင်မှာ မီးခိုးရင့်ရောင် မည်းကာ လွမ်းချင်စဖွယ်ရှိသော်လည်း သွပ်မိုးပေါ်ကို မိုးစက်များ အဆက်မပြတ် ပြင်းထန်စွာ သွန်ကျနေသံမှာ ဆူညံလွန်းသဖြင့် လွမ်းဖို့မကောင်းပြန်ပေ။ ကျွန်တော်တို့ အခန်းထဲတွင် အပြာရင့်ရောင် အမှောင်က လွှမ်းမိုးထား၏။

မိုးရေထဲတွင် စာကလေးတစ်ကောင် ဖြတ်ပျံသွားသည်။ မိုးခိုရာ ရှာဖွေနေခြင်း ဖြစ်မည်။ သူသည် ပြာလဲ့လဲ့ အမှောင်ရိပ်ထဲတွင် မှုန်ဝါးစွာ လှုပနေသည်။ (တစ်ခါက ကျွန်တော် မက်ဖူးသော အိပ်မက်ထဲမှာ တွေ့ရပုံမျိုးနှင့် ဆင်ဆင် တူနေ၏) ကျွန်တော့်ဘေးမှ ထိုင်နေသော သူငယ်ချင်းကို ကြောင်ကလေး၏ပုံ ဆွဲပေးဖို့ တောင်းပန်နေ၏။ (ဒီကောင်က ပန်းချီလေး ဘာလေး ဆွဲတတ်
mgyoe.com

mgyoe.com SAMPLE BOOK
သည်) ကျွန်တော်၏နှလုံးသားနှင့် ယှဉ်၍ အရေးကြီးသော ကိစ္စကို ပန်းချီဆရာက ပျင်းတယ်ကွာဟု မီးရှို့ပစ်လိုက်၏။ နောက်ဆုံး ပုံဆွဲခအဖြစ် 'အဲဗစ်'ပုံပါသော အပြာ ဟာဝေယံ ရုပ်ရှင်ဇာတ်ကားကို ပြပါမည်ဆိုတော့မှ ဈေးတည့်သွား၏။ ကြောင်ကလေးသည် ကျွန်တော့်ကို နောက်ကျောပေးကာ ထိုင်နေသည်။ ထိုပုံမှာလည်း ကျွန်တော့်ကို ကျောပေးထားလေသည်။ (သူ့ကို နောက်က နေ၍ မြင်လိုက်ရသလို ရေးခြင်း ဖြစ်၏) ထို့ကြောင့် ထိုပုံထဲတွင် ကြောင်ကလေး၏မျက်နှာ မပါချေ။ နောက်စေ့သာ ပါလေသည်။ သူ့ထံတွင်ရှိသော ကျစ်ဆံမြီး နှစ်ချောင်းအနက် (ပုံထဲတွင်) တစ်ချောင်းသာ ပါလေသည်။ ထိုတစ်ချောင်းမှာ ကျောပေါ်တွင် ကျနေသော တစ်ချောင်း ဖြစ်၏။ ကျစ်ဆံမြီးတစ်ချောင်းကိုမူ ကြောင်ကလေးသည် ပခုံးပေါ်ကို ကျော်ကာ ရင်ဘတ်ပေါ်တွင် ချထားသည့်အတွက် နောက်က မြင်ရသူအဖို့ ပျောက်နေလေသည်။ (ပန်းချီဆရာသည် ဤမျှ တိကျသည်)

'ဘယ့်နှယ်လဲ ... ကောင်းရဲ့လား' ပန်းချီဆရာသည် စာအုပ်ထဲက ပုံကို ဆုတ်ဖြဲပေးရင်း ကျွန်တော့်ကို မေး၏။

ပန်းချီဆရာ၏လက်ရာ ကောင်း၊ မကောင်း ကျွန်တော် မသိပါ။ သို့သော် ကြောင်ကလေး၏ပုံမှာ လှပနေသည်။ (အပြင်မှာလည်း လှတာပါပဲ) သူ့ပခုံးလေးများမှာ စက်ဝိုင်းခြမ်းသဖွယ် လှပစွာ ကွေးဝိုက်နေ၏။ ဆံပင်အောက်မှ တစ်ဝက်မျှ ပေါ်နေသော သူ့နားရွက်ကလေးများမှာလည်း လှပကြသည်။ နည်းနည်းသာ မြင်ရသော သူ့လည်ကုပ်ကလေးမှာလည်း လှပသည်။ ကျစ်ဆံမြီးတွင် ချည်နှောင်ထားသော ဖဲကြိုးကလေးမှာလည်း တောင်ပံဖြန့်ထားသော လိပ်ပြာကလေးလိုပင် လှပနေသည်။ ကျွန်တော်သည် စကားမပြောဘဲ ပုံကိုသာ တမက်တမော ကြည့်နေခဲ့သည်။ သိပ်တူတာပဲ။ ကျွန်တော့် မျက်လုံးထဲမှာတော့ သူမှ သူပင်။ ထိုပုံကို ကြည့်လိုက်သည်နှင့် သူ့မျက်နှာလေး ပေါ်လာသည်။ သည်လို နောက်က ကြည့်နေရတာလည်း သူပဲ မဟုတ်လား။ ကျွန်တော်က ပုံကို အကြာကြီး ကြည့်နေသည့်အတွက် သိပ်တော့ မတူဘူးကွဟု ပန်းချီဆရာက စိတ်ပျက် အားလျော့ဟန်နှင့် ပြောလိုက်၏။ ဟာဝေယံ အပြာ ဇာတ်ကား မကြည့်ရတော့မှာ စိုးရိမ်ပူပန်နေပုံရ၏။ ကောင်းပါတယ်ကွ၊ သိပ်တူတာပဲ။ မနက်ဖြန် ည ခြောက်နာရီခွဲပွဲ တို့ ရုပ်ရှင်ကြည့်ကြတာပေါ့ဟု ကျွန်တော်က ပြောလိုက်တော့မှ သူ ပြုံးနိုင်သည်။
mgyoe.com

mgyoe.com
SAMPLE BOOK

ထိုနေ့က ကျောင်းဆင်းသည့်တိုင်အောင် မိုးက ရွာဆဲ ဖြစ်၏။ ကျွန်တော်နှင့် အပေါင်းအသင်းများသည် မိုးတွင်းမှာလည်း ထီးဆောင်းလေ့ မရှိချေ။ (ထီးကိုင်ရမှာ ပုံသည်ဟု ထင်သည်) မိုးရွာထဲမှာ အစိုခံ၍ သည်အတိုင်းသာ သွားလာကြ၏။ ထိုနေ့က မိုးစဲသည့်တိုင်အောင် ကျွန်တော် ကျောင်းမှာ စောင့်နေသည်။ ကျွန်တော့်ကို မိုးစိုသည်မှာ အရေးမကြီးပါ။ ကျောင်းစာအုပ်များကို မိုးစိုသည်မှာ အရေးမကြီးပါ။ ကြောင်ကလေး၏ပုံကို မိုးစိုသွားမှာ အရေးကြီးပါသည်။ မိုးရေသာထိလျှင် မင်နဲ့ရေးထားသော ထိုပုံကလေးသည် ပျက်စီးသွားပေလိမ့်မည်။ (ထိုပုံကလေးကို ခေါက်ရိုးကျိုးမသွားအောင် ဗလာစာအုပ်ထဲတွင် သေသေချာချာ ညှပ်ထား၏)

ထိုနေ့က မိုးစဲအောင် စောင့်ရသောကြောင့် ကျွန်တော် အိမ်သို့ နောက်ကျမှ ရောက်သည်။ အရင်ဆိုလျှင် ကျွန်တော်သည် အခန်းထဲတွင် လွယ်အိတ်ကို ပစ်ချပြီးသည်နှင့် အင်္ကျီပင်မလဲဘဲ ထမင်းစားခန်းဆီသို့ အူယားဖားယား လျှောက်သွားမြဲ ဖြစ်သည်။ အခုတော့ အမေက ထမင်းစားခန်းထဲမှ လှမ်းခေါ်နေသော်လည်း ကျွန်တော် မဆာသေးဘူး အမေဟုသာ ပြန်အော်ခဲ့၏။ ကျွန်တော့် ရင်ထဲတွင် အလိုလို ပြည့်နေသည်။ ခုတင်ပေါ်မှာထိုင်ကာ လွယ်အိတ်ထဲမှ ဗလာစာအုပ်ကို ကွဲရှစေတတ်သော ပစ္စည်းတစ်ခုကို ကိုင်ဆောင်သလို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်၏။ ထိုဗလာစာအုပ်ထဲ၌ ကြောင်ကလေး၏ပုံ ရှိလေသည်။ ထိုပုံထဲ၌ သူသည် ကျွန်တော့်ကို ကျောခိုင်းနေလေသည်။ မီးဖိုချောင်ရှိ ပစ္စည်းဟောင်းများထားသော အခန်းသို့ ကျွန်တော် ထွက်လာခဲ့၏။ အမေက ကျွန်တော့်ကို ခေါ်စစ်ဆေးနေသည်။ ကျွန်တော်က လမ်းတွင် တစ်ခုခု စားလာခဲ့သည်ဟု ပြီးစလွယ် ဖြေလိုက်၏။ (မုန့်ဟင်းခါး စားလာခဲ့သည်ဟု ပြောလိုက်မိသလား၊ လက်သုပ် စားလာခဲ့သည်ဟု ပြောလိုက်မိသလား ကောင်းစွာ မမှတ်မိတော့ပါ) အမေက ထမင်းစားချိန် နီးနီးတွင် ရင်ပြည့်စာတွေ စားလာရမလားဟု ဆက်ကာ ဆူနေသည်။ ကျွန်တော် စတိုခန်းထဲသို့ ဝင်လာခဲ့သည်။ ကျွန်တော် လိုချင်သော အရာကို တွေ့သွားသည်။ တောင်းစုတ်တစ်လုံးထဲမှ ထိုအရာကို ကျွန်တော် ဆွဲယူလိုက်၏။ ဖုန်အလိမ်းလိမ်း ကပ်ငြိနေသော မှုန်နှင့် မှုန်ပေါင်အတွင်းမှ ပျက်စီးစပြုနေသော ဓာတ်ပုံဟောင်းထဲတွင် အဘိုးသည် ကျွန်တော့်ကို ပြုံးပြနေ၏။ ကျွန်တော်သည် အဘိုး၏ဓာတ်ပုံကို ဖြုတ်ကာ တောင်းဟောင်း တစ်လုံးထဲသို့ ထိုးထည့်ခဲ့၏။ မှုန်နှင့် မှုန်ပေါင်ကို ရေတိုင်ကီဆီသို့

mgyoe.com

mgyoe.com SAMPLE BOOK
ယူသွားကာ ဆပ်ပြာနှင့် တိုက်ဆေးသည်။ မှန်မှာ အကြည်လင်ဆုံး ဖြစ်လာပြီဟု ယူဆတော့ ရပ်လိုက်၏။ ရွှေဝါတော့ နေ့ခင်းက ကားတိုက်ခံရ၍ ဆုံးပြီဟူသော အမေ၏စကားသံသည် ဤဘက်နားမှ ဝင်၍ ဟိုဘက်နားမှ ထွက်သွား၏။ လေးထောင့် သစ်သားပေါင်နှင့် မှန်အတွင်းမှ ကြောင်ကလေးသည် ကျွန်တော့်ကို ကျောခိုင်းနေလေသည်။ ကျွန်တော်သည် ပျော်ရွှင်နေကာ သူ့ပုံကို ဘယ်နေရာမှာ ထားရမယ်မှန်း စဉ်းစားမရချေ။ စာကြည့်စားပွဲပေါ်မှ နံရံကို မှီ၍ ထောင်ထားကြည့်၏။ သဘောမကျ။ (ကျွန်တော်က စာကြည့်စားပွဲမှာ အင်မတန် ထိုင်ခဲသည်) ခုတင်ခြေရင်းက နံရံတွင် ချိတ်ထားရရင်တော့ မဆိုး။ ခုတင်ပေါ်တွင် ပက်လက်လှန်လဲရင်း အချိန်မရွေး မြင်နိုင်သည်။ သို့သော် ခြေရင်းမှာတော့ ကြောင်ကလေးပုံကို မထားချင်။ အချစ်ကို မလေးစားရာ၊ တန်ဖိုးမထားရာ ရောက်မှာပေါ့။ နောက်ဆုံး ခုတင်ခေါင်းရင်း နံရံတွင် ချိတ်ထားဖို့ ဆုံးဖြတ်လိုက်သည်။ ကျွန်တော့် ခုတင်ခေါင်းရင်း နံရံမှာက သည့်အရင် ပုံတစ်ပုံ ရှိနေပါသည်။ ချီဂွေဗားရား၏ပုံ ဖြစ်သည်။ ကြောင်ကလေး၏ပုံကို ချီဂွေဗားရားပုံထက်တော့ နည်းနည်းမြင့်အောင် ချိတ်မှ ဖြစ်မည်။ ကျွန်တော်သည် ပျော်ရွှင်စွာ ခေါင်းရင်းနံရံကို သံတစ်ချောင်း ရိုက်သွင်းလိုက်၏။ အပြင်ဘက်တွင် ဘုရားစင်မှ သောက်တော်ရေခွက် မှောက်သွားသည်။ (နားလည်ခွင့်လွှတ်ပေးတော်မူပါ ဘုရား) အမေက ဟဲ့ ... ကောင်လေး ... တဝုန်းဝုန်း တဒိုင်းဒိုင်းနဲ့ ဘာတွေ ထုနေတာလဲဟု လှမ်းအော်သည်။ ကျွန်တော် အခန်းထဲက မီးချောင်းကို ဖွင့်လိုက်၏။ အဖြူမှာ အပြာလုသော အလင်းနုသည် မှန်ပေါင်ထဲမှ ကြောင်ကလေးပုံပေါ်ကို လှပစွာ ဖြာကျနေသည်။ ပုံထဲတွင် သူသည် ကျွန်တော့်ကို ကျောခိုင်းနေသည်။ ခုတင်ပေါ်တွင် ထိုင်ရင်း သူ့ပုံကို ကျွန်တော် အကြာကြီး ကြည့်နေမိသည်။ သစ်သားမှန်ပေါင်များကို ရွှေချထားရင် ကောင်းမလားဟု စဉ်းစားမိ၏။ ပုံထဲတွင် ကြောင်ကလေးသည် ကျွန်တော့်ကို ကျောခိုင်းနေလေသည်။

ထိုနေ့က မိုးဖွဲနေသည်။ ကျွန်တော်သည် ကြောင်ကလေးကို ချစ်နေသည်။ မိုးစက်ထိမှန်၍ ခြံထဲရှိ သစ်ရွက်များ လှုပ်ခါနေကြသည်။ (ကိုယ့်နှလုံးသား ငြိမ်သက် နားနေရာ မရခဲ့သည်မှာ ကြာပြီကောကွယ်) အမေက အခန်းထဲသို့ ဝင်လာကာ ကျွန်တော့်ကို ဆေးတိုက်ရင်း ပြတင်းတံခါးကို လေစိမ်းတိုက်သည်ဟု အကြောင်းပြကာ ပိတ်သွား၏။ မှန်ပြတင်းပေါက်တွင် မိုးစက်တို့ ထိမှန်
mgyoe.com

mgyoe.com SAMPLE BOOK
ကာ တွန့်လိမ် ယိုဆင်းနေသည်မှာ ရင်ထဲဝယ် အမည်မဲ့ နာကျင်မှုတစ်ခုလိုပဲ။ အပြင်ဘက်မှ မြင်ကွင်းမှာ မှုန်ဝါးနေ၏။ မိုးစွေနေသည်မှာ ဘယ်နရက် ရှိပြီနည်း။ ကျွန်တော် ဖျားနေသည်မှာ သုံးရက် ရှိပြီ။ တစ်နေ့က ကျောင်းအပြန်မှာ မိုးမိခဲ့သည်။ ထုံးစံအတိုင်း ထိုနေ့ကလည်း ကျွန်တော် ထီးမပါ။ ကျောင်းလွှတ်သောအခါ ကောင်းကင်တစ်ခုလုံး အုံ့မှိုင်းကာ မိုးရွာလိမ့်မည်ဟု ကျွန်တော် သိသော်လည်း သူ့နောက်ကို လိုက်သွားသေးသည်။ (ထိုနေ့က အထက်အောက် ရွှေဝါရောင် ဝတ်ထားသော ကြောင်ကလေးသည် ကျွန်တော့် မျက်လုံးထဲတွင် ကြည့်မဝအောင် လှနေ၏) သူ့အိမ်ရှေ့မှ အပြန်တွင် ကျွန်တော် မိုးမိသည်။ နောက်နေ့တွင် ဖျား၏။ ကျောင်းမတက်ရ၍ ကြောင်ကလေး၏မျက်နှာကို မမြင်ရတော့မှ သူ့ကို ကျွန်တော် ဘယ်လောက် ချစ်နေမိပြီ ဆိုတာကို ခန့်မှန်းနိုင်တော့၏။

သူ့မျက်နှာကို မြင်ချင်လှပါသည်။ အခုနေသာ အိပ်ရာထဲ လဲနေသော ကျွန်တော့်နဖူးကို သူ့လက်ကလေးနှင့်သာ လာစမ်းကြည့်မည်ဆိုလျှင် သူ ပြန်သွားပါက ကျွန်တော် သေရဲပြီ။ (အမှန်တော့ ကျွန်တော် မသေချင်သေးပါ) ကြောင်ကလေးကို ချစ်ဖို့ရာ အကြာကြီး အသက်ရှင်နေချင်သေးသည်။ ကျွန်တော် ချစ်တဲ့သူအပါးမှာ အဲသည် အကြာကြီး အမြဲနေချင်တာ တစ်ခုပါပဲ။ (အေးလေ ... တချို့ဟာကလေးများလည်း ပါတော့မည်။ ဥပမာ) သူ့မျက်နှာကလေးကို ငေးကြည့်ရင်း မျက်တောင်ကော့ကလေးများကို ရေတွက်၍နေမည်။ သူ့လက်သည်း ရှည်ရှည်ကလေးများကိုလည်း ကျွန်တော်ပဲ ချွန်ပေးမည်။ ဝါဝင်းသော သူ့ပါးပြင်ပေါ်မှ သွေးကြောစိမ်းစိမ်းကလေးများ ယှက်ဖြာ စီးဆင်းနေပုံကိုလည်း အလွတ်ကျက်ရဦးမည်။ ကြောင်ကလေး ပျင်းလျှင် စန္ဒကိန္နရီသီချင်းကိုလည်း ရသလောက် (သူသာ တကယ် နားထောင်ချင်တယ်ဆိုရင် တစ်ပုဒ်လုံးကို အလွတ်ကျက်ထားဖို့ ဝန်မလေးပါ) ကျွန်တော် ဆိုပြရဦးမည်။ ပြီးတော့ သူ စီးဖို့ ဖိနပ်ကလေးတွေ၏ အရောင်ကိုလည်း ကျွန်တော်ပဲ ရွေးချယ်ပေးရဦးမည်။ (သူကသာ ခွင့်ပြုမည်ဆိုရင်တော့ လျှော်ပြီး ခြောက်သွေ့စ သူ့ဆံပင်အဖျားကိုလည်း နူးညံ့စွာ နမ်းချင် နမ်းမှာပေါ့) သည်လို ဆိုပြန်တော့လည်း ကျွန်တော် မသေချင်သေးပြန်ချေ။ ခုလို ကျောင်းမတက်ရသော နေ့များ၌ သူ့မျက်နှာကလေးကို မြင်ရအောင် မည်သို့ ကြံဆောင်ရမည်နည်း။

ထိုနေ့က ကျွန်တော် ကျောင်းပြန်တက်၏။ ကျွန်တော်သည် ကျောင်း
mgyoe.com

mgyoe.com SAMPLE BOOK
စာရေးကို လက်ဖက်ရည်တိုက်ကာ ပူဆာရလေသည်။ မင်းက ကောင်မလေး ဓာတ်ပုံကို ဘာလို့ လိုချင်တာလဲကွ။ ကျောင်းစာရေးက နားမလည်သလို မေး၏။ ကြည့်နေချင်လို့ပေါ့ဗျ။ ကျွန်တော်က အရိုးသားဆုံး ဖြေလိုက်သည်။ ကျောင်းစာရေးက တော်တော် ရှုးတဲ့ကောင်ပဲဟု ပြော၏။ သူ ဘာပြောပြော ကျွန်တော် လိုချင်တာ ရဖို့အတွက် ငြိမ်နေခဲ့ရ၏။ ကျောင်းဖွင့်စက ကျောင်းသားကျောင်းသူများ ကျောင်းဝင်ခွင့်ပုံစံ လျှောက်လွှာတင်ရသည်။ ထိုလျှောက်လွှာပုံ အဟောင်းကြီးထဲက သူ့လျှောက်လွှာကို နှစ်ယောက်သား မနည်း ရှာရ၏။ တွေ့သောအခါ ထိုလျှောက်လွှာပေါ်မှာ ကပ်ထားသော သူ့ဓာတ်ပုံကလေးကို ဖြုတ်ကာ ကျောင်းစာရေးက ကျွန်တော့်ကို ပေးလိုက်၏။ (ကျွန်တော့်တွင် လူတစ်ယောက်ထံမှ ရသော ကြီးမားသည့် ရက်ရောမှုတစ်ခု ဖြစ်၏) ထိုလိုင်စင်ပုံ သေးသေးလေးထဲ၌ ကြောင်ကလေးသည် မျက်မှောင်ကြုတ်ကာ ကျွန်တော့်ကို ခပ်တည်တည် ကြည့်နေလေသည်။

ထိုနေ့က ကျွန်တော် ပျော်နေ၏။ တော်တော် ပျော်နေ၏။ (ဘယ်လောက်ပျော်သလဲ၊ အတိအကျ မပြောတတ်ပါ) ဓာတ်ပုံသေးသေးလေးကိုပင် ကိုင်ကာ ကြည့်သည်။ ထောင်ကြည့်သည်။ လှဲကြည့်သည်။ ခေါင်းအုံးပေါ် တင်ကာ ဝမ်းလျားမှောက် ကြည့်သည်။ (နမ်းတော့ မကြည့်ခဲ့ကြောင်း အခိုင်အမာ ပြောရဲပါသည်) ထိုနေ့က တစ်နေ့လုံး ကြည့်လို့ အားမရနိုင်။ အိပ်ရာဝင်ခါနီးအထိ ကြည့်၏။ အိပ်ရာမှထကာ တစ်ခါ ပြန်ကြည့်၏။ ကြည့်မဝ၊ ဓာတ်ပုံကလေးက သေးလွန်းသည်။ အတန်းထဲမှ သူငယ်ချင်းတစ်ယောက်ဆီမှာ သိပ္ပံစမ်းသပ်ခန်းထဲက ခိုးထားသော မှန်ဘီလူးတစ်လက် ရှိသည်။ မနက်မှ ငှားကြည့်ရမည်။

ထိုနေ့က ကျွန်တော် ဈေးထောင့်က စာအုပ်ဆိုင်ကို ရောက်သွား၏။ (ထိုဆိုင်သည် စာအုပ်နှင့်အတူ ပို့စကတ်များကို တွဲဖက်ရောင်းသည်) သည်ဟာယူပါလားဟု ရောင်းသူက ယောက်ျားနှင့် မိန်းမ ဖက်ထားသော ပုံတစ်ပုံကို ထုတ်ပြ၏။ ကျွန်တော် နှာခေါင်းရှုံ့ကာ ပခုံးတွန့်လိုက်သည်။ ပုံက ရိုင်းလိုက်တာ။ သန်ဘက်ခါသည် ကြောင်ကလေး၏ ၁၇ နှစ်မြောက်မွေးနေ့ ဖြစ်သည်။ သူသည် ကျွန်တော့်ထက် တစ်နှစ် ကိုးလနှင့် သုံးရက် ငယ်လေသည်။ သူက ၁၉၅၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှာ မွေးတာ။ တနင်္ဂနွေသမီး။ (ကြောင်ကလေး၏ မွေးနေ့သက္ကရာဇ်ကိုလည်း သူ့ဓာတ်ပုံရသော လျှောက်လွှာပေါ်ကပင် ရပါသည်) တလောက ဗေဒင်တွက်တတ်သည်ဆိုသော သူငယ်ချင်း
mgyoe.com

mgyoe.com SAMPLE BOOK

တစ်ယောက်၏ အစ်ကိုနှင့် ဆုံသည်။ သူက ကျွန်တော် တိုက်သော လက်ဖက် ရည်တစ်ခွက်နှင့် ဒူးယားတစ်လိပ်ကို သောက်ပြီး ကျွန်တော့်ကို ဗေဒင်တွက် ကြည့်၏။ ဓမ္မာသောက အင်းဝရာဇာ အိမ်ထောင်ဖက် အသက်မရှည်ရာတဲ့။ အင်းဝဓာတ် ကျနေတယ်။ မင်းက ဗုဒ္ဓဟူး။ ကောင်မလေးက တနင်္ဂနွေ။ မဖြစ် နိုင်ဘူး။ တနင်္ဂနွေ ရှောင်လေ ဗုဒ္ဓဟူးတဲ့၊ မှတ်ထား။ မရှောင်ရင် မင်း ဒုက္ခရောက် မယ်။ ကျွန်တော် လက်ဖက်ရည်ဆိုင်က ဒေါပွပွနှင့် ထပြန်လာခဲ့သည်။ လမ်း တွင် တွေ့သော ကျောက်စရစ်ခဲလေး တစ်လုံးကို ကောက်ကာ ခပ်လှမ်းလှမ်းက ဓာတ်တိုင်ဆီသို့ လွှဲပစ်လိုက်၏။ လှမ်းပစ်ရင်း ကျွန်တော်နှင့် သူနှင့် ချစ်ရပါက ဓာတ်တိုင်ကို မှန်ပါစေဟု စိတ်ထဲက အဓိဋ္ဌာန်လိုက်၏။ ခဲမှာ ဓာတ်တိုင်နှင့် လွဲ၍သွားသည်။ ဒါ ယူမလားဟု ရှောင်းသူက ပို့စကတ်တစ်မျိုး ထုတ်ပြပြန်၏။ ကျွန်တော်သည် သူ့ထံသို့ မကြာခဏ ပို့စကတ်လေးများ ပို့နေကျ ဖြစ်၏။ သီတင်းကျွတ်လပြည့်နေ့၊ ပြည်ထောင်စုနေ့၊ ခရစ္စမတ်နေ့၊ ဓမ္မစကြာအခါတော် နေ့၊ နေ့ကြီးရက်ကြီးများနှင့် ဆုံတိုင်း သူ့ထံသို့ သတိတရ ပို့စကတ်များ ပို့ပေး နေကျ ဖြစ်၏။ (ပို့စကတ်တစ်ခုကို ဝယ်ရန် ကျွန်တော် လက်ဖက်ရည် လေးကြိမ် မသောက်ဘဲ ခြိုးခြံရ၏) ပေးပို့သူ၏နေရာ၌ မည်သည့်နာမည်ကိုမှ ထည့်လေ့ မရှိပါ။ နောက်ဆုံး သစ်ကိုင်းပေါ်တွင် ငှက်ကလေးတစ်ကောင် နားနေသည့် ပို့စကတ်ကို ကျွန်တော် ရွေးလိုက်သည်။ ထိုငှက်သည် ကျီးကန်းသော် လည်း ကောင်း၊ ဆက်ရက်သော်လည်းကောင်း မဟုတ်ပါ။ ဘာငှက်မှန်းလည်း ကျွန် တော် မသိပါ။ ပန်းချီဆရာ၏ စိတ်ကူးထဲမှ ငှက်ကလေး တစ်ကောင်ကောင် ဖြစ်နိုင်ပါသည်။ ငှက်ကလေးမှာ တစ်ကောင်တည်းဖြစ်ရာ ပို့စကတ်ပို့သူ၏ အထီးကျန်ဆန်မှုကို ဖော်ပြနေသလို ရှိသည်။ ကျွန်တော် သဘောကျသည်။ သူက ကြိုက်မှ ကြိုက်ပါ့မလား။ သူ့သူငယ်ချင်းတစ်ယောက်က ပြန်ပြောပြ တော့ ကြောင်ကလေးသည် ကျွန်တော် ပို့သမျှသော ပို့စကတ်များကို အမြဲ ဆုတ်ဖြဲပစ်သည်ဟု ဆို၏။

ထိုနေ့ကို ကျွန်တော် မမေ့။

ကြောင်ကလေးသည် လူငယ်တစ်ယောက်နှင့်တွဲကာ ကျောင်းသို့ လာ သည်။ ထိုလူသည် ကျွန်တော့်ထက် အသက်အနည်းငယ်ခန့် ကြီးမည်။ ဖြူဖြူ မြင့်မြင့်နှင့် မင်းသားသစ် ဇော်ခင်၏ ရုပ်ရည်မျိုးရှိသူ ဖြစ်၏။ တက်ထရွန် လက်ရှည်အဖြူ သက္ကလတ်ဘောင်းဘီ မီးပူခေါက်ရိုးကျနှင့် နက်ပြောင် သော

mgyoe.com

mgyoe.com SAMPLE BOOK
သပ်လှသဖြင့် အမေ မွေးကတည်းက ထိုအဝတ်အစားများ ဝတ်ကာ မွေးလာသလားဟု ထင်မှတ်ရ၏။ ကျွန်တော့် ကြောင်ကလေးသည် ထိုလူနှင့်တွဲကာ လမ်းလျှောက်လာရင်း ထိုလူ၏မျက်နှာကို ပျောက်သွားမည် စိုးသည့် ဟန်ဖြင့် မကြာခဏ မော့ကြည့်ကာ စကားပြောလိုက်၊ ပြုံးလိုက် လုပ်နေသည်။ 'ဟာ ... မင်း ကောင်မလေးက အတွဲနဲ့ပါလား'ဟု သူသာ မျက်စိရှိသည် ထင်သော သူငယ်ချင်းတစ်ယောက်က ပြော၏။ သည်ကောင်တော့ မောပြီဟု နောက် တစ်ယောက်က ပြော၏။ မဟုတ်ပါဘူးဟု ကျွန်တော့်နှုတ်က ထွက်သွားသည်။ ဤစကားစုသည် အငြင်းဝါကျတစ်ခု ဖြစ်သော်လည်း ကျွန်တော့်ကိုယ် ကျွန်တော် ဘာကို ငြင်းမိတာလဲဟု ဝေခွဲမရ။ ကျွန်တော် မမောဘူး ဆိုတာကိုလား။ ထိုလူဟာ ကြောင်ကလေးရဲ့အတွဲ မဟုတ်ဘူး ဆိုတာကိုလား။ ကမ္ဘာကြီးတစ်ခုလုံး ဒီနေ့တစ်နေ့နဲ့ အရာရာကိုပဲလား။ (အမှန်တော့ ဤနေရာတွင် သည့်ထက် ကောင်းသော ဤ မဟုတ်ပါဘူး ဆိုတာထက် ကောင်းသော စကားတစ်ခွန်းခွန်းကို ကျွန်တော် ပြောခဲ့မိဖို့ကောင်းသည်) ကြောင်ကလေးနှင့် တစ်လမ်းတည်းနေ သူငယ်ချင်းက ပြောသည်။ အဲဒါ မင်း ကောင်မလေးရဲ့ အစ်ကိုဝမ်းကွဲကွ။ ဆေးကျောင်း တက်နေတာ။ သူတို့ချင်း လက်ထပ်ဖို့ စီစဉ်ပြီးသားတဲ့။

ကျွန်တော့်ကိုယ်ကျွန်တော် သတိထားမိသောအခါ လွယ်အိတ်ကို လွယ်၍ တစ်ယောက်တည်း လမ်းမပေါ်ကို ရောက်နေသည်။ ထိုနေ့က မိုးမရွာ။ (မိုးကုန်သွားခဲ့တာ ကျွန်တော် သတိမရခဲ့) စိတ်များ ပြန်လည် လွင့်ပါးသွားပြန်သည်။ ဒုတိယအကြိမ် ပြန်လည် သတိရလာသောအခါ ကျွန်တော် အိပ်ရာပေါ်ကို ရောက်နေသည်ကို တွေ့ရ၏။ အိပ်ရာပေါ်ဝယ် မှောက်ချလိုက်သောအခါ ဘယ်က ရောက်လာမှန်း မသိသော မျက်ရည်စများ မျက်လုံးအိမ်မှ ယိုစီးကျလာလေသည်။

ထိုနေ့က သူတို့နှစ်ယောက်ကို မြင်ပြီးကတည်းက ကျွန်တော် ကျောင်းဆက်မတက်တော့ပါ။ အမေက တောင်းပန်နေသည့်အထဲမှ နီးကပ်နေသော တက္ကသိုလ် ပထမနှစ် စာမေးပွဲကိုလည်း ဝင်မဖြေတော့။ မျှော်လင့်ဘဲ ရုပ်ရှင်ရုံတွင် သူနှင့် ပြန်ဆုံရသည်။ ထိုအခါ အရာရာသည် ပူနွေးနေဆဲပင်ဖြစ်ကြောင်း တွေ့ရှိရလေသည်။ နှစ်ကာလများစွာ ကြာမြင့်လာသော်လည်း ကြောင်ကလေးနှင့် ပတ်သက်လာလျှင် ကျွန်တော့်ရင်သည် လတ်ဆတ်စွာ ခုန်စမြဲ ဖြစ်၏။ (သန့်ရှင်းစွာ ခုန်ခြင်းမျိုးသာ ဖြစ်၏)

mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်တော့်ရှေ့ရှိ ဖွင့်ထားသော ဖိုင်တွဲထဲတွင် ပန်းချီကားလေးတစ်ချပ်ရှိနေသည်။ အချိန်ကြာမြင့်လှပြီ ဖြစ်သဖြင့် မင်ရောင်များ ပျက်လွင့်စပြုနေသော ဤပန်းချီကားလေးထဲတွင် ကျစ်ဆံမြီးတစ်ချောင်းနှင့် သူသည် ကျွန်တော့်ကို ကျောပေးမြဲ ကျောပေးနေသည်။ (ထိုပန်းချီကားကလေးမှာ သူငယ်ချင်း ပန်းချီဆရာကို ရုပ်ရှင်ပြကာ ဆွဲခိုင်းခဲ့သောပုံ ဖြစ်သည်) ဤဗလာစာအုပ်များမှာမူ သူနှင့်ပတ်သက်၍ ခံစားရသမျှကို နေ့စဉ် ရေးမှတ်ထားခဲ့သော စာအုပ်များ ဖြစ်၏။ ထိုစာအုပ်များ၏ စက္ကူများမှာလည်း ဝါရော် ကြွပ်ဆတ်၍နေလေသည်။ ဓာတ်ပုံသေးသေးလေးထဲတွင် သူမသည် မျက်မှောင်ကြုတ်၍ ကျွန်တော့်ကို ခပ်တည်တည် ကြည့်နေသည်။

ထိုဓာတ်ပုံကလေးကို စာရွက်အလွတ်တစ်ခုတွင် တွယ်အပ်တစ်ချောင်းဖြင့် ချိတ်ထားသည်။ တွယ်အပ်မှာ သံချေးတက်နေပြီဖြစ်ရာ သံချေးတချို့မှာ ဓာတ်ပုံကလေးကိုပင် စွန်းကွက်နေ၏။ ဓာတ်ပုံတွင် ကပ်နေသော သံချေးများကို သန့်စင်ရန် ကျွန်တော် တွယ်အပ်ကို ဖြုတ်လိုက်သည်။ သံချေးတက်နေသော တွယ်အပ်ကလေးမှာ ဖြုတ်ရ ခက်ခဲနေ၏။ အားပြု၍ ဖြုတ်လိုက်သောအခါ အမှတ်မထင်ပင် သံချေးတက်နေသော တွယ်အိပ်ဖျားသည် ကျွန်တော့် လက်ညှိုးထိပ်ကို စူးဝင်၍သွားသည်။ လက်ညှိုးထိပ်တွင် သွေးအနည်းငယ် စို့ထွက်လာသည်။

ထိုနေ့က တွယ်အပ်စူးရာမှ ရရှိသော ဒဏ်ရာဖြင့်ပင် မေးခိုင်ရောဂါပိုးဝင်ကာ နောက် နှစ်ရက်ခန့် ကြာသောအခါ ကျွန်တော် သေဆုံးသွားလေသည်။

ကျွန်တော်၏ ကြောင်ကလေးသည် မိန်းမပီပီ မနက်မိုးလင်းလျှင် သတင်းစာ ဖတ်ရာ၌ နာရေးကြော်ငြာနှင့် မင်္ဂလာသတင်းကို ဦးစားပေး ကြည့်လေ့ရှိသူဖြစ်ရမည်။ ကျွန်တော်၏ နာရေးကြော်ငြာသတင်းကို ဖတ်ရသောအခိုက်၌ သူ့မျက်နှာ မည်သို့ ရှိနေလိမ့်မည်ကို ကျွန်တော် သိပ်သိချင်ပါသည်။

*ရန့်သစ် မင်္ဂဇင်း။*

mgyoe.com

mgyoe.com SAMPLE BOOK

## ရော်ဘင်ဟုဒ် သေဆုံးခြင်း

ရှားဝုဒ် သစ်တောစိမ်းသည် ဆိတ်ငြိမ်လျက် ရှိ၏။ သို့သော် ရော်ဘင်ဟုဒ်၏ နားများကတော့ လှမ်းလာနေသော ခြေသံတိုးတိုးကို ကြားနေသည်။ သူက ပခုံးတွင် လွယ်ထားသော မြားကို ဖြုတ်၍ မြားတံတစ်ချောင်းကို ဆွဲထုတ်ကာ အနီးဆုံး ဝက်သစ်ချပင်တစ်ပင်၏ နောက်ကို ပုန်းကွယ်ရန် ခိုကပ်လိုက်၏။ တစ်စထက် တစ်စ ခြေသံက နီးကပ်လာသည်။ ခြေသံရှင်ကို တွေ့လိုက်ရသော အခါ ရော်ဘင်ဟုဒ်၏ နှုတ်ခမ်းများက ပြုံးယောင်သမ်းလာ၏။

'ဘာလုပ်နေတာလဲ'

အသံတစ်သံ ထွက်ပေါ်လာသည်။ ထိုအသံမှာ မိန်းကလေးတစ်ဦး၏ အသံ ဖြစ်သည်။ ကိုယ် မှတ်မိနေသော အသံ။ မြတ်နှယ်ငြိမ်း၏ အသံ။ သူက ကိုယ့်ထက် အရင် ဤသစ်တောစိမ်းထဲသို့ ရောက်နေပါလား။ သစ်ပင်တစ်ပင် အကွယ်မှ ကိုယ့်ကို စောင့်ကြို့ကြည့်နေဟန် ရှိသည်။

'ဘာမှ မလုပ်ပါဘူး'

သိပ်မဆီလျော်လှသော ကိုယ်၏ အငြင်းဝါကျ ဖြစ်သည်။ ကိုယ်က နောက်သို့ လှည့်ကြည့်ရင်း အနီးရှိ ဝက်သစ်ချပင်တစ်ပင်ကို ကျောမှီကာ ရပ်

mgyoe.com

mgyoe.com
SAMPLE BOOK

လိုက်သည်။ ပြီးတော့ မမြင်ရတာ ကြာပြီဖြစ်သော နွယ့် မျက်နှာကလေးကို တမက်တမော ငေးကြည့်နေမိသည်။ မြတ်နွယ်ငြိမ်း၏ မျက်လုံးဝိုင်း နက်နက်ကလေးများမှာ တောက်ပ ရွှန်းလက်ဆဲ ဖြစ်သည်။

'ရန်ကုန်မှာ ဘယ်လိုနေသလဲ တိုး'

ကိုယ် ကျင်လည်နေသော ရန်ကုန် အနုပညာလောကကို ရည်ရွယ်မေးခြင်း ဖြစ်သည်။ ဆယ်တန်းကို ပြိုင်တူအောင်ကြသောအခါ သူက စီးပွားရေး တက္ကသိုလ်သို့ တက်သည်။ ကိုယ်က သူ တက်စေချင်သော ဆေးကျောင်းကို မတက်ဘဲ ကိုယ် ဝါသနာပါသော ပန်းချီကျောင်းကို တက်ခဲ့၏။ ကျောင်းဆင်းပြီး သုံးနှစ်ခန့် ကာလအတွင်းမှာ ကိုယ့်အခြေအနေက အတန်အသင့် အောင်မြင်ခဲ့သည်ဟု ဆိုရမည်။

'မဆိုးလှပါဘူး နွယ်။ မင်းရော ...'

'နွယ်ကတော့ စာရင်းအင်းတွေ၊ ဖိုင်တွဲတွေ၊ ကိန်းဂဏန်းတွေကြားမှာ ကူးခတ် နစ်မြုပ်နေဆဲ ဆိုပါတော့။ တစ်ခါတလေ လွတ်လွတ်လပ်လပ် နေခဲ့ရတဲ့ ကလေးဘဝကို ပြန်တောင့်တမိတယ်။ တိုးရော ...'

'ကိုယ်လည်း နွယ့်လိုပဲပေါ့။ ဒါပေမဲ့ တို့ဟာ ကလေးတွေ မဟုတ်တော့ဘူး နွယ်'

* * *

ဝက်သစ်ချပင်အကွယ်မှ ထွက်ကာ ရော်ဘင်ဟုဒ်က သူ့လက်ထဲမှ မြားဖြင့် ကောင်မလေးကို ချိန်လိုက်၏။ ကောင်မလေး၏ ခြေလှမ်းများက ရပ်တန့်သွားသည်။ လှပသော မျက်လုံးဝိုင်းကလေးများထဲတွင် ကြောက်ရွံ့ရိပ်များ ပေါ်လာ၏။ ရော်ဘင်ဟုဒ်က မြားကို အောက်သို့ စိုက်ချပစ်လိုက်ကာ နူးညံ့စွာ ပြုံးပြလိုက်၏။

'သစ်တောစိမ်းထဲကို မင်း တစ်ယောက်တည်း ဘာလာလုပ်တာလဲ မိန်းကလေး'

'ကျွန်မနာမည် မြတ်နွယ်ငြိမ်းတဲ့။ ကျွန်မ အဖေက ကျွန်မကို သူရဲကောင်းနက် တစ်ယောက်နဲ့ အတင်း ပေးစားတော့မလို့ ကြံနေတယ်။ ဒီလူနဲ့ လက်ထပ်ရတာထက်စာရင် သေတာက ကောင်းဦးမယ်ဆိုပြီး ကျွန်မ ထွက်ပြေးလာတာပါ'

'မပူနဲ့တော့။ မင်း သေလည်း မသေရတော့ဘူး။ သူရဲကောင်းနက်နဲ့လည်း လက်မထပ်ရတော့ဘူး။ အခု မင်း ရော်ဘင်ဟုဒ်နဲ့ တွေ့နေပြီ'

mgyoe.com

mgyoe.com SAMPLE BOOK

သူမ၏ မျက်လုံးများက တောက်ပြောင်လာ၏။

'ပုံပြင်တွေ၊ သီချင်းတွေထဲမှာ ပါတဲ့ ရော်ဘင်ဟုဒ်ဆိုတာ ရှင်လား'

'အေး ... မင်း ငါနဲ့ သစ်တောစိမ်းထဲမှာ နေမလား'

ကောင်မလေးက ခေါင်းညိတ်ပြ၏။

'ဒါဖြင့် မင်း ငါ့ လင့်စင်တဲကို လိုက်ခဲ့ပေတော့'

ဝက်သစ်ချပင်ကို ကျောခိုင်းကာ လမ်းမဲ့ မြက်ခင်းပြင်ထဲတွင် ကိုယ်နှင့် မြတ်နွယ်ငြိမ်း အေးဆေးတိတ်ဆိတ်စွာ လမ်းလျှောက်လာကြရင်းက ...

'တိုး ... နွယ်တို့ ငယ်ငယ်က ဒီမှာ လာလာ ကစားကြတာ မှတ်မိသေးလား'

ကိုယ်တို့ အိမ်နှင့် မြတ်နွယ်ငြိမ်းတို့ အိမ်သည် ဤတောင်ကုန်းပေါ်မှ သစ်တောအုပ်ကလေးနှင့် မဝေးလှ။

'အဲဒီလို ကစားရင် တိုးက အမြဲတမ်း ရော်ဘင်ဟုဒ် လုပ်တယ်နော်'

ကိုယ် ပြုံးမိသည်။ ဝါခြမ်းစိမ်းဖြင့် ပြုလုပ်ထားသော မြားကို လက်တွင် ကိုင်ကာ ကက်ဦးထုပ်အစုတ်တွင် ကြက်တောင်ဖြူ တစ်ချောင်းကို စိုက်ထားသော ခပ်ပိန်ပိန် ဆယ့်သုံးနှစ်သား ကောင်လေးတစ်ယောက်ကို မျက်လုံးထဲတွင် မြင်နေ၏။

ကိုယ်တို့ ဝက်သစ်ချပင်ကြီးတစ်ပင်၏ အနားသို့ ရောက်လာ၏။ ထို အပင်၏ မြေပြင်မှာ အတန်ငယ်မြင့်သော နေရာတွင် ဆောက်လုပ်ထားခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်သဖြင့် ယိုယွင်းပျက်စီးနေသော လင့်စင်တဲလေးတစ်လုံး ရှိသည်။ ကိုယ် ဤလင့်စင်တဲလေးကို တစ်ပတ်ခန့် အချိန်ယူကာ ဆောက်ခဲ့ရသည်။

'ဒီလင့်စင်တဲကလေး ဆောက်ဖို့ ကိုယ့်အဖေရဲ့ လက်သမားသေတ္တာထဲက လွှကို ကိုယ် ခိုးလာခဲ့တာ နွယ် မှတ်မိလား'

'မှတ်မိတယ်။ အဲဒီလွှ ကျိုးသွားတယ်လေ'

'ဟုတ်တယ်။ အဲဒီလွှ ဘယ်သူ့ကြောင့် ကျိုးရတယ်ဆိုတာ အဖေဟာ သေသည်အထိ သိမသွားရရှာဘူး'

'နွယ် ဝမ်းနည်းပါတယ်'

နွယ် ဘာကို ဝမ်းနည်းသည်ဟု ပြောချင်သနည်း။ တစ်ကြိမ်က နှစ်ဦး အတူ တည်ဆောက်ခဲ့သည့် လင့်စင်တဲကလေး ပျက်စီးနေတာကိုလား။ လွှ

mgyoe.com

mgyoe.com SAMPLE BOOK
ကျိုးသွားတာကိုလား။ ကိုယ့်အဖေ သေဆုံးခဲ့တာကိုလား။

ဝက်သစ်ချပင်ကြီး၏ ပင်စည်ပေါ်တွင် ဆေးဖြူသုတ်ထားသော စက်ဝိုင်းသုံးထပ် မထင်မရှား ရှိနေဆဲပင်။ ငယ်စဉ်က ကိုယ် မြားပစ် လက်တည့်စမ်းခဲ့ရာ ပစ်ကွင်း ဖြစ်သည်။

'ကိုယ်က ရော်ဘင်ဟုဒ်သာ ဖြစ်ချင်တာ။ မြားပစ် သိပ်ညံ့တဲ့လူ။ တစ်ခါမှ စက်ကွင်း ဗဟိုချက်ကို ဖွဲအောင် မပစ်နိုင်ခဲ့ဘူးနော်'

'ဒါပေမဲ့ တိုးက ငယ်ငယ်က သစ်ပင်တက်တာတော့ သိပ်တော်တယ်။ နွယ်လေ ... တိုးလို သစ်ပင် သိပ်တက်တတ်ချင်တာပဲ'

ခုပင် မြတ်နွယ်ငြိမ်း၏ရှေ့တွင် ငယ်ငယ်တုန်းကလို သစ်ပင်ထိပ်ဖျားထိအောင် တက်ပြလိုက်ချင်စိတ် ပေါ်လာ၏။ ဒီလိုဆို ကိုယ့်ကိုကြည့်ကာ စိုးရိမ်တကြီး စိတ်နှင့် ...

'ပြန်ဆင်းခဲ့ပါ တိုး။ လိမ့်ကျလိမ့်မယ်။ ပြန်ဆင်းခဲ့ပါ တိုး'ဟု နွယ်ကရော ငယ်ငယ်ကလို ကြင်နာသံဖြင့် အော်ပါဦးမည်လား။

သို့သော် ကိုယ်တို့အရွယ်က သစ်ပင်တက်ရမည့်အရွယ် မဟုတ်တော့။

* * *

ရော်ဘင်ဟုဒ်က သစ်ပင်ပေါ်မှ လင့်စင်တဲတစ်ခုကို လက်ညှိုးထိုးပြကာ ပြောလိုက်သည်။

'ဒါ ကိုယ့်အိမ်ပဲ မြတ်နွယ်ငြိမ်း။ ဒီကနေ ကြည့်ရင် သစ်တောစိမ်းကြီးတစ်ခုလုံးကို အပေါ်စီးက မြင်ရတယ်။ ဒီမှာ ငါရယ်၊ မင်းရယ်၊ မင်းရယ်၊ ငါရယ် ပဲ ရှိမယ်။ မင်းကို ဘယ်သူမှ တွေ့တော့မှာ မဟုတ်ဘူး'

'ဒါဖြင့် ကျွန်မတို့ ဘယ်လိုလုပ် လက်ထပ်မလဲ'

'ဒေါက်တာ တင်မြင့်သန်းရော ဘယ်မှာ ကျန်ခဲ့သလဲ နွယ်'

ကိုယ့်အမေးကို မြတ်နွယ်ငြိမ်းက တည်ငြိမ်စွာ တုံ့ပြန်၏။

'သူ့ကို ဘာလို့ မေးရတာလဲဟင်'

ကိုယ် ခေါင်းခါပြမိသည်။

ကိုယ်တို့ အထက်တန်းကျောင်းသား ဘဝတွင် တင်မြင့်သန်းတို့ မိသားစု ကိုယ်တို့မြို့သို့ ပြောင်းရွှေ့လာ၏။ နွယ်တို့နှင့် ကပ်လျက်ခြံကို တင်မြင့်သန်းတို့ ဝယ်လိုက်၏။ တင်မြင့်သန်း အဖေသည် အစိုးရ အရာရှိကြီးတစ်ဦး ဖြစ်သည်။ တင်မြင့်သန်းက ရန်ကုန် ဆေးတက္ကသိုလ်ကျောင်းသား။ ငွေကြေး

mgyoe.com SAMPLE BOOK
ကြွယ်ဝသည်။ ကိုယ်တို့လို မြို့ကလေးမှာပင် ကိုယ်ပိုင်ကား သုံးစီးထား စီးနိုင်၏။
ကားတစ်စီး၏ စက်သံကို ကိုယ် ကြားလိုက်ရ၏။ ကိုယ်တို့ ရပ်နေရာ တောင်ကုန်းပေါ်မှ လှမ်းကြည့်လိုက်လျှင် တောင်ပတ်လမ်းအတိုင်း မောင်းတက်လာနေသော ရွှေအိုရောင် ကိုရိုလာ ကားသစ်ကလေးတစ်စီးကို တွေ့ရ၏။ မြတ်နှယ်ငြိမ်းက ပြောလိုက်သည်။
'ဟော ... သူ လိုက်လာနေပြီ'
* * *
သံချပ်ကာ အင်္ကျီနက် ဝတ်ထားသော သူရဲကောင်းက သူ့ဓားအိမ်မှ ဓားကို ဆွဲထုတ်လိုက်၏။ ရော်ဘင်ဟုဒ်ကလည်း သူ့ဓားအိမ်မှ ဓားကို ချွတ်လိုက်၏။ ကြားထဲမှ မြတ်နှယ်ငြိမ်းက အော်သည်။
'အို ... မလုပ်ကြပါနဲ့။ ကျွန်မအတွက်တော့ ခိုက်ရန်မဖြစ်ပါနဲ့။ သူက သံချပ်ကာအင်္ကျီနဲ့။ ရှင်က ဒီအတိုင်းပဲ။ သူနဲ့ယှဉ်ရင် ရှင် သေသွားလိမ့်မယ်'
'တကယ်လို့ ငါ သေသွားရင်လည်း မင်း မရှိဘဲ အသက်ရှင်နေရတာထက်စာရင်တော့ တော်သေးတယ်လို့ ဆိုရမှာပဲ မြတ်နှယ်ငြိမ်း'
တိတ်ဆိတ်သော သစ်တောစိမ်းထဲဝယ် သံချင်း ထိသံများ အဆက်မပြတ် ထွက်ပေါ်လာ၏။ ရော်ဘင်ဟုဒ် တစ်ကိုယ်လုံးတွင် ထိခိုက်မိသော ဓားဒဏ်ရာများမှ သွေးတို့ဖြင့် ရွှဲနစ်နေ၏။ သို့သော် နောက်ဆုံးမှာတော့ သူရဲကောင်းနက်မှာ ရော်ဘင်ဟုဒ်၏ ဓားချက်မိကာ လဲကျ သေဆုံးသွားလေသည်။ မြတ်နှယ်ငြိမ်းက သူ့ဆီသို့ ပြေးလာကာ ဖက်လိုက်၏။
'ဒဏ်ရာတွေ သိပ်နာလားဟင်'
'မမှုလောက်ပါဘူးကွယ်'
အသည်းနှလုံးတွင် ရခဲ့သော ကိုယ့်ဒဏ်ရာမှာ တော်တော်နှင့် ကျက်နိုင်ဦးမည် မထင်။ ကိုယ် ပန်းချီကျောင်းမှဆင်းသော နှစ်မှာပင် သူ့အဖေ သဘောတူသော တင်မြင့်သန်းနှင့် နှယ် လက်ထပ်သွားကြောင်း သတင်းရခဲ့သည်။ သည်ကတည်းက သည်မြို့ကို ကိုယ် တစ်ခေါက်မှ ပြန်မရောက်ဖြစ်ခဲ့တော့။ ယခု အဖေ၏ အသုဘကိစ္စအတွက် ဤမြို့သို့ ကိုယ် ပြန်ရောက်ခိုက် မြတ်နှယ်ငြိမ်းတို့ လင်မယားသည် ဤမြို့တွင် အလည်ပြန်ရောက်နေကြောင်း အပေါင်းအသင်း အချို့ထံမှ သတင်းရသည်။ ဒီတော့ ရင်ထဲက ဒဏ်ရာဟောင်းက အသစ်လို ပြန်ဖြစ်လာ၏။ ပြီးတော့ ငယ်ငယ်က ကစားနေကျနေရာကို အလွမ်း
mgyoe.com

mgyoe.com SAMPLE BOOK
ပြေ လာကြည့်မိသော ကိုယ်နှင့် မြတ်နွယ်ငြိမ်းတို့ တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံရသည်။

'သူ့ကို တောင်ပေါ်ကို လမ်းလျှောက် ခဏထွက်ဦးမယ်လို့ ပြောလာခဲ့တာ'

နွယ်က တိုးတိုးလေး ပြောသည်။

'သူ နွယ့်အပေါ်မှာ ကြင်ကြင်နာနာ ရှိရဲ့လား'

ဤမေးခွန်းကို ကိုယ် ဘာကြောင့် မေးမိမှန်း မသိ။

'သူဟာ လူကောင်းတစ်ယောက်ပါ တိုး။ နွယ့်အပေါ်မှာလည်း ကြင်နာတယ်'

ကားဝါဝါကလေးက တောင်ကုန်း ဆင်ခြေလျှော လမ်းစပ်တွင် ထိုးရပ်သွားသည်။ ကားတံခါးကို ဖွင့်ကာ ဒေါက်တာတင်မြင့်သန်း ဆင်းလာ၏။ သူ့လက်ထဲတွင် မိန်းမဝတ် ဆွယ်တာလေးတစ်ထည်ကို ကိုင်ထားသည်။

'နွယ် သွားတော့မယ်'

မြတ်နွယ်ငြိမ်းက နှုတ်ဆက်စကား တိုးတိုးပြောရင်း ရပ်ထားသော ကားဆီသို့ လျှောက်သွားသည်။ တင်မြင့်သန်းက အနားရောက်လာသော မြတ်နွယ်ငြိမ်း၏ ပခုံးပေါ်သို့ သူ့လက်ထဲမှ ဆွယ်တာလေးကို တယုတယ လွှမ်းခြုံပေး၏။

ကမ္ဘာလောကကြီး၏ အရာကိစ္စများမှာ ကလေးဘဝက သိခဲ့ရပုံမျိုးနှင့် များစွာ ကျယ်ပြန့် ခြားနားကြောင်း ကိုယ် ပထမဦးဆုံးအကြိမ် ဆင်ခြင်မိသည်။

ကားဝါဝါကလေး ကိုယ့်မျက်စိအောက်မှ ပျောက်ကွယ်သွားလေပြီ။ သစ်တောစိမ်းထဲသို့ ကိုယ်တစ်ယောက်တည်း ပြန်လျှောက်ဝင်လာခဲ့မိ၏။ ကိုယ့်ကျောနောက် မြက်ခင်းစိမ်းပေါ်တွင် ရော်ဘင်ဟုဒ်သည် လဲကျသေဆုံးရင်း ကျန်ရစ်ခဲ့လေသည်။

*ပေဖူးလွှာ မဂ္ဂဇင်း၊ အမှတ် ၂၅*

*ဇွန်၊ ၁၉၈၃။*

mgyoe.com

mgyoe.com SAMPLE BOOK

# သက်တံရောင် မိုး

သူရိန်ဇော် သူမကို ဦးဆုံး သတိထားမိသည်မှာ သူမ လက်မှာ ဆွဲလာသော ခွေးကလေးကြောင့် ဖြစ်သည်။ ခွေးကလေးမှာ အယ်စတီးယန်းအမျိုး ဖြစ်ကာ လှပသည်။ ဤအချက် တစ်ချက်တည်းကြောင့်လည်း မဟုတ်။ ဤခွေးမှာ ပန်းခြံထဲတွင် တွေ့ရသော တစ်ကောင်တည်းသောခွေး ဖြစ်သည်။

သူတို့အတွဲ (ခွေးနှင့် ကောင်မလေး) ပန်းခြံထဲသို့ ဖြည်းညင်းစွာ လမ်းလျှောက် ဝင်လာသည်ကို သူ ငေးမောကြည့်နေမိသည်။ ခွေးကလေး၏ သားရေလည်ပတ်နှင့် ဆက်သွယ်ထားသော ကြိုးကို ကောင်မလေးက ကိုင်ထားသည်။ ရှေ့မှ ခွေးက ဣန္ဒြေသိက္ခာ ကြီးစွာသောပုံနှင့် လျှောက်နေ၏။ ကြည့်ရသည်မှာ ခွေးက ကောင်မလေးကို လမ်းလျှောက်ထွက်ရအောင် ခေါ်လာတာနှင့်ပင် တူသေးသည်။ သည်လို တွေးမိတော့ သူ တစ်ချက် ရယ်မိသည်။

ဘုရားရေ … တကယ်ပဲ သူ ရယ်မိသလား။ သူ မရယ်ခဲ့တာ ကြာပြီဆိုတာ ပြီးမှ သူရိန်ဇော် သတိရသွားသည်။ ဟုတ်သည်။ သူ မရယ်မောခဲ့မိသည်မှာ လနှင့်ချီ ကြာမြင့်ခဲ့ပြီ။ တိတိကျကျ ပြောရလျှင် လွန်ခဲ့သော သုံးလခန့်က သူ မောင်းလာသော ကားနှင့် စည်းမဲ့ကမ်းမဲ့ မောင်းလာသော ကုန်စိမ်းတင်သည့်

mgyoe.com

mgyoe.com
SAMPLE BOOK
ဒေါ်ဂျစ်ကားကို ဝင်တိုက်မိပြီးကတည်းက ဆိုပါတော့။ သည်တုန်းက သူ့ချစ်သူ ပန်းမုံဦးနှင့် လက်ထပ်လုဆဲဆဲ ရက်ပိုင်းအလို ဖြစ်သည်။

ခွေးနှင့် ကောင်မလေးက သူ ထိုင်နေသော သူ့ခုံတန်းလျားဆီသို့ ဦးတည်လျှောက်လာနေ၏။ 'သူ့ခုံတန်းလျား'ဆိုသော စကားလုံးကိုပင် သုံးစွဲရတော့မည်။ ဗိုလ်ချုပ်ပန်းခြံထဲမှ ဤခုံတန်းလျားလေးပေါ်မှာ သူ ညနေခင်းတိုင်း စွဲစွဲမြဲမြဲ ထိုင်ခဲ့သည်မှာ သုံးလခန့်ရှိခဲ့ပြီ မဟုတ်လား။ နောက်တစ်ကြောင်းလည်း ရှိသေးသည်။ ဤခုံတန်းလျားက လွဲ၍ သူ ဘယ်ခုံတန်းလျားမှ မထိုင်။ ဤ သူ့ခုံတန်းလျားပေါ်သို့လည်း သူကလွဲ၍ ဘယ်သူမှ လာမထိုင်။

သူ့ပုံကိုလည်း ကြည့်ဦး။ မဖြီးမသင်ဘဲထားတာ ကြာပြီဖြစ်သည့် ဆံပင်တွေက ဖရိုဖရဲ။ ဖြစ်ကတတ်ဆန်း ဝတ်ထားသည့် အဝတ်အစားတွေက မသေမသပ်။ အဆိုးဆုံးက ကားတိုက်မှုဖြစ်စဉ်က ရခဲ့သည့် သူ့ပါးပြင်ပေါ်မှ ကန့်လန့်ဖြတ် အမာရွတ်ကြီး။ နမော်နမဲ့နိုင်သော အပန်းဖြေသူတချို့။ အမှတ်တမဲ့ ဝင်ထိုင်မိပြန်လျှင်လည်း ကြာကြာမထိုင်နိုင်။ သူ့ပါးပေါ်မှ ဒဏ်ရာကို တွေ့ကာ တစ္ဆေသရဲတစ်ကောင်ကို တွေ့သလို အလျင်အမြန် သူ့ဘေးမှ ထကာ တခြားခုံတန်းလျားများသို့ ပြောင်းသွားလေ့ရှိသည်။ ဤအဖြစ်မျိုးက သူ့အဖို့ ရိုးနေပါပြီ။ ဒီလူတွေက သူ့ပါးပေါ်က ဒဏ်ရာသာ မြင်တာပါ။ သူ့အသည်းပေါ်က ဒဏ်ရာကိုတော့ မမြင်နိုင်ကြ။ လက်ထပ်လုဆဲဆဲ ပန်းမုံဦးက သူ့ကို စွန့်ခွာသွားခဲ့သည်။

သူမက သူနှင့် နီးကပ်လာ၏။ သူ့ပါးပြင်ပေါ်က အမာရွတ်ကို သူမ တွေ့သွားလေမလား၊ စိုးရိမ်စိတ် ဝင်မိသေးသည်။ သို့သော် သူမက သူ့ကို လှည့်မကြည့်။ သူ့ရှေ့မှ ကျော်လျှောက်သွားကာ ခုံတန်းလျား တစ်ဖက်စွန်းမှာ ရပ်လိုက်၏။ သူက တစ်ယောက်တည်းသာ တွေးငေးနေချင်သူ ဖြစ်သည်။ လုပတဲ့ ညနေခင်းမှာ ကြည်ကြည်နူးနူး စကားပြောချင်လို့ ဤခုံတန်းလျားကို ရွေးခဲ့တယ်ဆိုရင်တော့ သူမ အကြီးအကျယ် မှားယွင်းခဲ့ပြီ။ သူ့ခြေရင်းမှာ ထောင်ထားသော တုတ်ကောက်ကို ကြည့်၍ သူ့ရင်ထဲမှာ လှောင်ပြုံးကလေးသာ ပြုံးလိုက်မိသည်။ သူ့ခြေထောက် တစ်ဖက်က ခုချိန်ထိ မကောင်းသေး။ တုတ်ကောက်ကို အားပြုကာ သွားလာနေရတုန်း ဖြစ်သည်။

သူက ခုံတန်းလျားတစ်ဖက်စွန်းမှာ ကျောက်ဆစ်ရုပ်တစ်ရုပ်လို ထိုင်နေစဉ်မှာပင် တခြား တစ်ဖက်စွန်းမှာ သူမက ညင်ညင်သာသာ ဝင်ထိုင်လိုက်၏။
mgyoe.com

mgyoe.com SAMPLE BOOK
သူမ အမူအရာမှာ ငြိမ်းအေး ငြိမ်သက်လှသည်။ အသားက ဆွတ်ဆွတ်ဖြူ၍ နှုတ်ခမ်းက နီနီထွေးထွေး။ မျက်တောင်ကော့ကလေးနှင့် ခန္ဓာကိုယ် ပါးလျ နွဲ့နှောင်းကာ ချစ်စဖွယ် ချောမောသူလေးဖြစ်ကြောင်း သူ့မျက်လုံးများကို ထောင့်ကပ်ကြည့်ရင်း သူရိန်ဇော် အကဲခတ်မိ၏။

ဒီကောင်မလေးက ဘာကြောင့်များ သူ့ခုံတန်းလျားကိုမှ ရွေးချယ်ကာ လာထိုင်ရသနည်း။ သူ ထရွှေ့သွားရင် ကောင်းမလား။ ဒီလိုတော့လည်း မလုပ်ချင်။ ပန်းခြံထဲတွင် ဤခုံတန်းလျားမှာ ရှုခင်းရှုကွက် အကောင်းဆုံးနေရာ ဖြစ်သည်။ သူ ကောင်မလေးကို အကဲခတ်ကြည့်လိုက်ပြန်သည်။ ကောင်မလေးက ကန်တော်ကြီးရေပြင်ကိုသာ အေးအေးလူလူ ငေးစိုက်ကြည့်နေသည်။ ကန်ရေပြင်ကို ဖြတ်သန်းလာသည့်လေ သူမ၏ ဆံပင်တွန့်တွန့်ကလေးများကို လွင့်ပါးအောင် ဆော့ကစားနေသည်မှာ ကြည့်၍ပင် ကောင်းသေးသည်။ ခွေးကလည်း သူ့သခင်မ နည်းတူ ငြိမ်ငြိမ်သက်သက် ထိုင်နေ၏။ အချိန် အတော်လင့်သွားသည်။ သူရိန်ဇော်သည် သူစိမ်းတစ်ရံဆံကို စကား စတင်ပြောရမှာ ဝန်လေးနှုတ်ဆွံ့သူ ဖြစ်သည်။ သို့သော် ဘာကြောင့်မှန်း မသိ။ ကောင်မလေးကိုတော့ စကား စတင်ပြောမိ၏။

'မင်း ခွေးကလေးက လိမ္မာတယ်နော်'

ကောင်မလေးက အတွေးထဲမှာ နစ်မျောနေဟန် ရှိသည်။ ရုတ်တရက် ကြားလိုက်ရသည့် သူ့အသံကြောင့် ကိုယ်ကလေး ဆတ်ခနဲ တုန်အောင် လန့်သွား၏။ ပြီးမှ ...

'ကျေးဇူးတင်ပါတယ်ရှင်။ စန္ဒာဟာ ခွေးကောင်းလေး တစ်ကောင်ပါ'

ခွေးမကလေး၏နာမည်မှာ စန္ဒာဟုဆိုသဖြင့် သူ သဘောကျသွားသည်။ ကောင်မလေး အသံမှာ တကယ့်ကို တိုးတိုးချိုချိုကလေး ဖြစ်သည်။ အပြုံးကလည်း နူးညံ့လှသည့် ရှက်ပြုံး။ သူမ ခွေးကလေးခေါင်းကို လက်ဖြင့် အသာအယာ ပွတ်ပေးရင်း ...

'စန္ဒာဟာ မဟူရာ့အတွက်တော့ အစစ အားထားရတဲ့ အဖော်ပေါ့'

ဆွတ်ဆွတ်ဖြူသော ကောင်မလေး၏နာမည်မှာ မဟူရာလို့ သူ သိသွားသည်။ သူရိန်ဇော် ခွေးတွေအကြောင်းကို သိပ်မသိ။

'သူ ကိုက်တတ်လား'

'သူ့ကို ရန်မူမှပါ။ ဒါမှမဟုတ် မဟူရာ့ကို ရန်မူရင်ပေါ့။ မကိုက်တတ်

mgyoe.com

mgyoe.com SAMPLE BOOK
ဘူးလို့တော့ မဟူရာလည်း အာမ မခံရဲဘူး'

ပြောပြီး သူမ ရယ်လိုက်သည်။ ဒီရယ်သံမျိုးကို သူ ကြားဖူး၏။ ကြည်လင်သော စမ်းချောင်းကလေးတွေ စီးဆင်းသံနှင့် တူသည်။ သူ့ရင်ထဲမှာ ရုတ်တရက် ပူနွေး ပျော်ရွှင်လာ၏။

'ကျောင်းပိတ်ထားသလား'

သူမက အတန်ကြာ တုံ့ဆိုင်းနေပြီးမှ အသံတိုးတိုးနှင့် ဖြေသည်။

'ကျွန်မ ကျောင်းမနေပါဘူး။ ရှင်ရော အလုပ်ပိတ်ထားသလား'

ဒီတစ်ခါတော့ သူရိန်ဇော် ပြုံးမိသည်။ ကြေကြေကွဲကွဲ အပြုံး။

'ငါ့လိုလူကို ဘယ်သူက အလုပ်ခန့်မှာလဲ'

'ရှင် ... မဟူရာတော့ နားမလည်ဘူး'

'မင်း ကြည့်ပါလား။ ကိုယ့်ပါးမှာ မြင်မကောင်းတဲ့ ဒဏ်ရာ အမာရွတ်ကြီးနဲ့။ ခြေထောက်တစ်ဖက်ကလည်း ကောင်းကောင်း မသန်ဘူး။ ကားတိုက်မှု တစ်ခုက ရခဲ့တာတွေ ဆိုပါတော့'

သူကလေး မျက်နှာမှာ ရုတ်တရက် ညှိုးငယ်သွားသည်။ သူ့အတွက် စိတ်မကောင်းဖြစ်ဟန် မျက်နှာပေါ်တွင် ပေါ်လွင်နေသည်။

'အရင်ကတော့ ကိုယ်ဟာ သက်တံရောင်မိုး တီးဝိုင်းအဖွဲ့ရဲ့ ခေါင်းဆောင်ပေါ့။ ဒရမ်လည်း တီးတယ်။ ကိုယ်တိုင်လည်း သီချင်းရေး၊ ဆိုတယ်။ မတော်တဆ ဖြစ်ခဲ့တဲ့ ကားတိုက်မှုဟာ ကိုယ့်ဘဝရဲ့ မျှော်လင့်ချက် အိပ်မက်တွေကို အစစ ကွဲကြေစေခဲ့တာပဲ။ ကိုယ်နဲ့ လက်ထပ်လုဆဲဆဲ ချစ်သူကလည်း ကိုယ့်ကို ပစ်သွားတယ်။ ပြီးတော့ ဒီမျက်နှာ၊ ဒီခြေထောက်တွေနဲ့ ကိုယ် ဘယ်လိုလုပ်ပြီး ပရိသတ်ရှေ့ စင်ပေါ်ကို တက်မလဲ'

'ကျွန်မ မေးမိတာ ဝမ်းနည်းပါတယ်။ တကယ် ဝမ်းနည်းပါတယ်'

'တော် ...' သူရိန်ဇော် အော်လိုက်သည်။

'မင်း ငါ့အတွက် ဝမ်းနည်းစကား ပြောစရာ မလိုဘူး။ ငါက ဘယ်သူ့ဆီကမှ သနားတယ်ဆိုတာကို လက်ခံချင်တဲ့ကောင် မဟုတ်ဘူး'

သူ့စကား ဆုံးသည်နှင့် သူရိန်ဇော် ခုံတန်းလျားမှထကာ ထွက်လာခဲ့သည်။ သူ ကျောပေးခဲ့ရာ နောက်တွင် ခွေးတစ်ကောင်နှင့် သူမ ကျန်ရစ်ခဲ့လေသည်။

* * *

mgyoe.com

mgyoe.com SAMPLE BOOK

နောက်နေ့ ပန်းခြံထဲကို ရောက်နေကျအချိန် သူရိန်ဇော် ရောက်သွားသော အခါ မဟူရာ့ကို မနေ့က သူမ ထိုင်နေသော နေရာတွင်ပင် ထိုင်နေသည်ကို တွေ့ရသည်။ ထုံးစံအတိုင်း သူမ ခြေရင်းမှာ စန္ဒာ ရှိနေ၏။ ဒီနေ့ ထူးခြားသည် မှာ သူမဘေး ခုံပေါ်တွင် ကက်ဆက်သေးသေးလေးတစ်လုံး တင်ကာ တိုးတိုး ကလေး ဖွင့်ထားခြင်း ဖြစ်သည်။ တစ်ဖက်စွန်းမှာ သူရိန်ဇော် ဝင်ထိုင်လိုက် သည်။ သီချင်းမှာ သူ၏ ပွဲဦးထွက် 'ပျော်ရွှင်ခြင်းရာသီ'ဆိုသော အခွေမှ သီချင်း တစ်ပုဒ် ဖြစ်သည်။

'မင်းက ဂီတကို နှစ်သက်သလား'

'အင်း … ဂီတဟာ မဟူရာ့ဘဝမှာ အရေးပါဆုံး အရာတစ်ခုပေါ့'

သူက မနေ့က ရိုင်းပျသလိုဖြစ်ခဲ့သည့် သူ့အပြုအမူအတွက် မဟူရာ့ကို တောင်းပန်စကား ဆိုသည်။ အမှန်တော့ လူတွေကို သူ စိတ်အချဉ်ပေါက်မိနေ ခြင်း ဖြစ်သည်။ တည်ကြည်ငြိမ်သက်သော မဟူရာကတော့ တခြားသူတွေနှင့် မတူဟု သူ ခံစားမိသည်။ သူ့မျက်နှာပေါ်က အမာရွတ်နှင့် သူ ခြေတစ်ဖက် မသန်တာကို ဘယ်လိုမှ ဂရုမထားဘဲ သာမန်လို ဆက်ဆံနိုင်သည်။

'ကံအကျိုးပေးကြောင့် ဖြစ်လာရတာကို ဘာလို့ စိတ်ပျက်နေမှာလဲ ကို သူရိန်ဇော်ရယ်။ ဘဝကို အရှုံးပေးတာနဲ့ တူနေမှာပေါ့။ ကိုသူရိန်ဇော့် ခြေ ထောက်ကလည်း တစ်နေ့ ပြန်ကောင်းလာနိုင်တာပဲ။ ပြီးတော့ ကိုသူရိန်ဇော်ရဲ့ အသံ။ ဒီအသံကတော့ နဂိုအတိုင်း ရှိနေတာပဲ။ ပွဲဦးထွက် စီးရီးမှာ လူတွေ လက်ခံမှု ရရဲ့သားနဲ့ ဘာလို့ ဆက်ပြီး မဆိုရတာလဲ'

မဟူရာ ပြောသလို သူ မစဉ်းစားခဲ့။ သူ့ ဂီတမိတ်ဆွေတွေကလည်း သူ့ ကို ဂီတလောကထဲက ထွက်မသွားစေချင်ပါ။ ပါရမီရှိသူဟု အမြဲ လက်ကမ်း ကြိုဆိုနေ၏။ သူကသာ သူ့ကိုယ်သူ ရှင်လျက် သေနေသူဟု ယူဆခဲ့သည်။ ဘာဖြစ်လို့ အချိန်မီ မပြုပြင်နိုင်ရမှာလဲ။ ဒီ ဖြူဖျော့ဖျော့ ကောင်မလေးဆီက ဘဝအားမာန်ပါသော စကားတွေကို ကြားရလိမ့်မည်ဟု သူ မမျှော်လင့်ခဲ့။

'မင်းကို ကိုယ် ကျေးဇူးတင်တယ်။ မနက်ဖြန်ကျရင် ဂီတမိတ်ဆွေတွေရဲ့ ဆိုတီးပွဲ တစ်ပွဲ ရှိတယ်။ မင်း လိုက်နားထောင်မလား'

ကောင်မလေး သွက်လက် ရွှင်လန်းသွားသည်။

'နားထောင်ချင်တယ်။ အဲဒီကို စန္ဒာ့ပါ ခေါ်လာလို့ ရမလားဟင်'

သူ စိတ်ပျက်သွားသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

'မင်းက ဘာလို့ ဒီခွေးကို ခေါ်ချင်ရတာလဲ။ ဗီသိုဗင် သေလို့ ဝင်စားတာ လို့ ထင်နေလို့လား'

'စန္ဒာနဲ့ မဟူရာဟာ ခွဲလို့မှမရဘဲ။ အမြဲ တွဲလာကြတာ ကြာပြီ။ စန္ဒာ့ပါ ခေါ်လို့ မရဘူး ဆိုရင်တော့ ...'

'ကဲပါလေ ... ဒီကိစ္စ မေ့ပစ်လိုက်ပါတော့။ ငါလည်း မသွားတော့ပါဘူး'

သူရိန်ဇော်က သူ့ခြေထောက်နှင့် ပါးကို သတိရသွားပြန်သည်။ သူ လူတောမတိုးခဲ့သည်မှာ ကြာပြီ။ ပွဲခင်းထဲကျမှ မိန်းကလေးတစ်ယောက် ရှေ့မှာ လှောင်ပြောင်ခံရလေမလား။ စိုးရိမ်စိတ် ဝင်နေပြန်၏။ ကောင်မလေးက ထိုင်ရာ က ထလိုက်သည်။

'မင်း ပြန်တော့မလို့လား'

'မိုးရွာလိမ့်မယ် ထင်တယ်'

ဟုတ်သည်။ ပတ်ဝန်းကျင်တွင် မိုးငွေ့ပါသော လေက တိုက်ခတ်နေ သည်။ မဟူရာ ထွက်သွားသည့်တိုင် သူရိန်ဇော် ခုံပေါ်တွင် တစ်ကိုယ်တည်း ထိုင်ပြီး တွေငေး ကျန်ရစ်ခဲ့လေသည်။

နောက် နှစ်ရက်လုံးလုံး ပန်းခြံထဲကို သူ ဆက်သွားသော်လည်း မဟူရာ ပေါ်မလာ။ သူ နေမထိ ထိုင်မသာ ဖြစ်နေသည်။ တတိယမြောက်နေ့တွင်တော့ ပန်းခြံသို့မသွားခင် သူ့ကိုယ်သူ အတော်ပြင်ဆင်နေမိသည်။ အကောင်းဆုံး ဝတ်စုံကို ထုတ်ဝတ်၏။ မဖြီးသင်တာ ကြာပြီဖြစ်သော ခေါင်းကို ဖြီးနေရင်း မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ကြည့်ကာ ပြုံးမိသည်။ ဒီနေ့တော့ ပန်းခြံထဲကို မဟူရာ လာလိမ့်မည်ဟု ထင်သည်။

တကယ်ပင် ပန်းခြံထဲမှာ သူမက ရောက်နှင့်နေ၏။ သူရိန်ဇော် ပျော် သွားသည်။ သူမကတော့ ထုံးစံအတိုင်း ကြွေပန်းအိုးထဲမှာ ထိုးစိုက်ထားသော နှင်းပန်းဖြူဖြူ တစ်ပွင့်လို ငြိမ်သက်တည်ကြည်စွာ ထိုင်နေ၏။ တစ်ခါတလေ သူမ၏ ဣန္ဒြေကြီးမားမှုမှာ အသက်ကင်းမဲ့လှသည်ဟု ထင်ရလောက်အောင်ပင် အေးစက်လွန်းသည်ဟု ထင်မိသည်။ အခုလည်း သူကသာ အပန်းတကြီး ဝတ် စားလာရသည်။ သူမက ဤအဖြစ်ကို အရေးစိုက်ဟန် မရှိ။

'မင်း နှစ်ရက်လုံးလုံး ဘယ်ပျောက်နေတာလဲဟင်'

'မဟူရာ ဖျားနေလို့'

ဖြစ်နိုင်သည်။ တစ်နေ့က အပြန် သူမ အအေးမိသွားဟန် တူ၏။ မိုးပြ

mgyoe.com

mgyoe.com SAMPLE BOOK
ရောင် ဆွယ်တာကလေးကို ဝတ်ထားသည်။ သူက ရုတ်တရက် ...

'ကြည့်စမ်း ... မဟူရာ။ ဟိုမှာ ပန်းရည်စုပ်ငှက်ကလေး နှစ်ကောင်'

ညာဘက်ဘေး ပန်းရုံတစ်ရုံပေါ်မှ ကိုယ်လုံးနီနီနှင့် တွေ့ရသော ငှက်ကလေး နှစ်ကောင်ကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။

'ဟုတ်တယ်။ လှလိုက်တာ။ ချစ်စရာကလေးတွေနော်'

သူရိန်ဇော် ရင်တွေ ဒိန်းခနဲ မြည်သွားသည်။ သူ့ဘေးမှ မဟူရာ့ကို ကြည့်မိ၏။ သူမက သူ ညွှန်ပြရာ ညာဘက်ကို မကြည့်ဘဲ မဆီမဆိုင် ဘယ်ဘက်ကို ကြည့်နေသည်။ ထိုနေရာတွင် ဖိတ်လှဲ့နေသော ရေပြင်ကလွဲ၍ ဘာမျှ မရှိ။

သူရိန်ဇော် အသံမကြားအောင် တိတ်တိတ်ကလေး ထလိုက်သည်။ ပြီးတော့ သူမရှေ့တည့်တည့်မှာ ညင်ညင်သာသာ သွားရပ်ကာ အကဲခတ်၏။ သူမ မျက်လုံးများက တစ်နေရာသို့ ငေးကြည့်နေဆဲဖြစ်ကာ နှုတ်ခမ်းထောင့်က တော့ ပြုံးနေ၏။ သူ့လက်ချောင်းများကို သူမ မျက်နှာရှေ့တွင် ဘယ်ညာ ယိမ်းပြ၏။ သူမဆီက တုံ့ပြန်မှု မရ။ မဟူရာ၏ မျက်လုံးကလေးများမှာ လှပပါသည်။ သို့သော် ဘာကိုမှ မြင်ရဟန်မတူ။ သည်တော့မှပင် ထာဝရ မှောင်ကျနေသော ကမ္ဘာထဲတွင် စန္ဒာဆိုသော ခွေးကလေးတစ်ကောင်ကို အမှီပြုနေရသည့် မဟူရာဆိုသည့် ကောင်မလေး၏ သနားစရာ ဘဝကို သူ စတင် နားလည်ခွင့် ရခဲ့သည်။ ရုတ်တရက် သူမ လက်ချောင်းကလေးများက လှုပ်ရှားလာကာ သူ ထိုင်ရာဘက်ကို စမ်းသပ်ရှာဖွေနေ၏။ သူ အသံပြုလိုက်သည်။

'ကိုယ် ရှိပါတယ် မဟူရာ။ မင်းရှေ့တည့်တည့်မှာ ရှိနေပါတယ်'

ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်သွား၏။ နောက်မှ သူမအသံ ထွက်ပေါ်လာသည်။

'ကျေးဇူးပြုပြီး မဟူရာ တောင်းပန်ပါရစေ။ ကိုသူရိန်ဇော် မဟူရာ့ကို ဝမ်းနည်းစကား မပြောပါနဲ့။ ဒီလိုစကားမျိုးကို မဟူရာ မကြားချင်ဘူး။ မဟူရာ့ဘဝကိုလည်း မဟူရာ ဝမ်းမနည်းဘူး'

'ရဲရင့်လိုက်တာ မိန်းကလေးရယ်' သူ့ရင်ထဲမှာ ရည်ရွယ်ပြီး မဟူရာ့ဘေး ခုံတန်းလျားပေါ်မှာ ပြန်ထိုင်လိုက်သည်။ ဒီတစ်ခါတော့ အစွန်းတစ်ဖက်စီမှာ မဟုတ်ဘဲ သူတို့နှစ်ဦးသည် နီးကပ်နေကြလေသည်။ သူရိန်ဇော်က ခွေးလည်ပတ်နှင့် ဆက်သွယ်ထားသော မဟူရာ့လက်ထဲမှ သားရေကြိုးကို ဆွဲယူလိုက်၏။
mgyoe.com

mgyoe.com SAMPLE BOOK

'ဘာလုပ်တာလဲ ကိုသူရိန်ဇော်'

'စန္ဒာ့ကို လွှတ်လိုက်တော့မလို့'

လည်ပတ်ကြိုးကို ဖြုတ်လိုက်သည်နှင့် စန္ဒာက ပြေးထွက်သွားသည်။ သူ့ဘေးမှာ ထောင်ထားသော လက်ကိုင် တုတ်ကောက်ကိုလည်း သူရိန်ဇော် ကန်ထဲသို့ လွှင့်ပစ်လိုက်သည်။

'တို့အတွက် အဲဒါတွေ မလိုတော့ပါဘူး မဟူရာရယ်။ အခုချိန်ကစပြီး တစ်သက်လုံးအတွက်ပေါ့'

မဟူရာ့ပခုံးကို သူ အားပြု ရပ်လိုက်၏။ သူ့လက်မောင်းကို မဟူရာက အသာအယာ ဆုပ်တွယ်ထားသည်။ ပန်းခြံကလေး အဝကို သူတို့ ထွက်လာခဲ့ကြ၏။ တွေ့သူတိုင်းက သူတို့ကို သာမန်စုံတွဲ တစ်တွဲဟုသာ ထင်ကြသည်။ မိုးဖွဲကလေး ကျလာသည်။ ကောင်းကင်တွင် လှပသော သက်တံတစ်ခု ထွက်ပေါ်နေ၏။

*သဘင် မဂ္ဂဇင်း*

*မတ်၊ ၁၉၈၈။*

mgyoe.com

mgyoe.com SAMPLE BOOK

## ချောင်းဆိုး ငါးကျပ်

မီးတွေ ထိန်လင်းနေအောင် ထွန်းထားသော ရေခဲမုန့်ရောင်းသည့် ကားကြီး တစ်စီး ဂူးခနဲမြည်ကာ အရှိန်ပြင်းစွာ ဖြတ်မောင်းသွား၏။ ကားစက်သံ လွင့်ဝေး ပါးတိမ်သွားသောအခါ ခပ်တိုးတိုး ဖွင့်ထားသော လက်ဖက်ရည်ဆိုင်မှ ကက်ဆက်သီချင်းသံက နွံ့မှျင် ပျံ့ညင်းလာပြန်သည်။

ပလက်ဖောင်းပေါ်တွင် ခင်းထားသည့် ခွေးခြေပုကလေးတစ်လုံး ပေါ်တွင် ထိုင်နေသော မိမူကို အောင်တိုး လှမ်းကြည့်လိုက်သည်။ မိမူက သူ့ကို မြင်ဟန်မတူ။ ကက်ဆက်မှ ထွက်ပေါ်နေသော မေခလာ၏ သီချင်းတစ်ပုဒ်ကို စားပွဲခုံပုကလေးအောက်တွင် ထိုးသွင်းထားသည့် သူမ၏ ခြေထောက်တစ်ဖက်နှင့် စည်းချက်လိုက်ရင်း နစ်မျောနေသည်။ သူမ၏ ခြေထောက်မှ အပေါ်စားဒေါက်ဖိနပ်နီနီကလေးနှင့်အတူ ညသည် ခါယမ်း ယိမ်းလှုပ်နေသလို ရှိ၏။

'ရေနွေး ရပြီ'

ဟူသော အသံကြောင့် သူ လန့်သွားသည်။ မတ်တတ်ရပ်လျက် အငေးလွန်နေသည့် အဖြစ်ကို အောင်တိုး ပြုံးလိုက်မိသည်။ စားပွဲထိုးကလေး ကမ်းပေးနေသော ရေနွေးကရားအိုးကို လှမ်းယူရင်း ထိုနေရာက လှည့်ထွက်ခဲ့၏။ သူ ညစောင့်တဲကလေးတွင် ပြန်ထိုင်မိသောအခါ သက်ပြင်းရှည်တစ်ခုကို လေးလံ

mgyoe.com

mgyoe.com SAMPLE BOOK

စွာ မှုတ်ထုတ်လိုက်မိသည်။ နှာခေါင်းဝမှ လေပူနှင့်အတူ လျှောဆင်း ယိုစီးကျသွားသည့် အလိုမပြည့်ခြင်း ဆင်းရဲသည် ညကို ထူပိန်းစွာ စွန်းကွက်သွားသည်။ ဘယ်လို ညပါလိမ့်။ ကောင်းကင်တွင် ကြယ်ကလေး တစ်ပွင့်တလေတောင် မမြင်ရ။ ဆယ့်တစ်နာရီလောက်တော့ ရှိပေမည်။ အောင်တိုးလို ညစောင့် အလုပ်သမားတစ်ဦးအဖို့ အချိန်ကို ခန့်မှန်းရာ၌ အတွေ့အကြုံကြောင့် လွဲခဲ၏။ နောက်တစ်နာရီခန့်ဆိုလျှင် ဆိုင်လည်း ပိတ်တော့မည်။

မြို့တော်ရှိ ပြောက်မြားလှစွာသော လမ်းဘေး ပျံကျလက်ဖက်ရည်ဆိုင်လေးများ နည်းတူ ဤဆိုင်ကလေး၌လည်း ခန့်ထည်သော နာမည်တစ်လုံးတော့ ရှိ၏။ 'မိလျံနာ တီးဟောက်စ်' ဟူ၏။ ဤ လက်ဖက်ရည်ဆိုင် ပိုင်ရှင်သည် ပီမိုးနင်း၏ စာဖတ်ပရိသတ်တစ်ဦး ဖြစ်ခဲ့ဟန်တူသည်။ ထိုဆိုင်ကလေးသည် ည ခြောက်နာရီတွင် ထွက်၍ ဆယ့်နှစ်နာရီတွင် သိမ်းတတ်၏။ ထိုဆိုင်တွင် ညမီးထွန်းရန်နှင့် ကက်ဆက်ဖွင့်ရန်အတွက် လျှပ်စစ်ဓာတ်အားကို သူ စောင့်ရသော အဆောက်အဦမှ အောင်တိုးက တိတ်တိတ် သွယ်ပေးထား၏။ အောင်တိုး၏ ခွင့်ပြုချက်အရ တရားဝင် ခိုးသုံးသည့်သဘော ဖြစ်၏။ ဤအတွက် ထိုလက်ဖက်ရည်ဆိုင်ပိုင်ရှင်က အောင်တိုးကို တစ်နေ့ ဈေးသုံး နှစ်ကျပ် ပေး၏။ လက်ဖက်ရည် တစ်နေ့တစ်ခွက် တိုက်၏။ ရေနွေးကြမ်း လိုသလောက် တောင်းသောက်နိုင်၏။

(အမှန်တော့ ယခုကဲ့သို့ မီးခိုးသွယ် ရောင်းစားနိုင်သော လုပ်ပိုင်ခွင့် သူ့တွင် မရှိ။ ဤဆောက်လက်စ အဆောက်အဦမှ ဖုန်တစ်မှုန် ရေတစ်ပေါက်မျှ ပျောက်ရှ လွင့်စဉ်ခြင်းမရှိအောင် စောင့်ရှောက်ရမည့် တာဝန်သာ ရှိ၏။ သို့သော် ဤကိစ္စအတွက် သူ လိပ်ပြာသန့်သည်။ ဤအဆောက်အဦ တည်ဆောက်ရေး လုပ်ငန်းနှင့် ပတ်သက်လာလျှင် ထိပ်ဆုံးမှ ကန်ထရိုက်ကြီးက အစ အင်ဂျင်နီယာနှင့် အလုပ်သမား ခေါင်းဆောင်များ အလယ် သူတို့လို အောက်ခြေလူတွေ အဆုံး ဘယ်သူများ အကြံအဖန်ကိစ္စနှင့် ကျွတ်လွတ် ကင်းရှင်းလို့တုံး။ ကိုယ့်နည်းကိုယ်ဟန်နှင့်တော့ ညစ်ထေးနေကြသူချည်းပင်။ ကန်ထရိုက်ကြီးဆိုလျှင် ဤနည်းနှင့် ရသောငွေနှင့် မယားငယ်ချည်း သုံးယောက်တိတိ ထားသည်ဟု သိရသည်။ အောင်တိုးတို့က ဒီလိုဘက်တွင် အပိုကုန်ဖို့ ငွေရှာသည် မဟုတ်။ မိသားစု ငါးယောက် ထမင်းမငတ်ရုံအတွက်ဆိုတော့ ကိုယ့်ဘာသာ လိပ်ပြာ သန့်သည်)

mgyoe.com

mgyoe.com SAMPLE BOOK

တလောက ရေရှားတုန်းကဆိုလျှင် ရေတောင် ခိုးရောင်းလိုက်သေးသည်။ သူတို့ အဆောက်အဦရှိနေသည့် နေရာတစ်ဝိုက်တွင် လေးထပ်တိုက်များချည်း ရှိ၏။ မီးပျက်လျှင် အပေါ်ထပ်တွေ ရေတင်မရ။ တစ်ခါတစ်ရံ ဘုံပိုင်ရေ မလာ။ ထိုအခါ တချို့အခန်းများတွင် မျက်နှာသစ်စရာ ရေပင် မရဟု ဆိုသည်။ ဘယ်မှာ ရေ မရရ၊ အဆောက်အဦဆောက်နေသော အောင်တိုးတို့ဆီမှာတော့ ရေက မရှား။ မော်တာဖြင့် စုပ်တင်ထားသဖြင့် အုတ်ကန်များ အမြဲ ပြည့်နေတတ်သည်။ ထိုသို့ ရေရှားခိုက် ရပ်ကွက်ထဲမှ ရေရောင်းစားသူတွေကို အောင်တိုးက တစ်ဆင့် ရေပြန်ရောင်းသည်။ သူတို့က ဘယ်နှုန်းနှင့်ရောင်းသည် မသိ။ အောင်တိုးထံတွင် ရေလှည်းတစ်စည်ကို ခုနစ်ကျပ်ပေး၍ပင် အလုအယက် တန်းစီဝယ်ကြ၏။ သုံးညတည်းနှင့် အောင်တိုး ငွေနှစ်ရာကျော် ပွလိုက်သည်။ မိန်းမ မီးဖွားစဉ်က နှစ်ဆယ်တိုးနှင့် ချေးထားသော ငွေတစ်ရာကို ပြန်ဆပ်လိုက်နိုင်၏။ ရေက ရှားမနေတာ ခက်သည်။

တစ်ခါက ငွေ အရေးတကြီးလိုနေခိုက် သံချောင်းက အလုပ်ကိစ္စတစ်ခု ကြောင်းလမ်းလာဖူးသည်။ သံချောင်းဆိုတာက ပွင့်ပွင့်လင်းလင်း ပြောရလျှင် ခေါင်း။ မကောင်းတာ လုပ်စားသည့် မိန်းကလေးများကို ချုပ်ကိုင်သည့်သူ။ အစက ပြောရလျှင် အောင်တိုး စောင့်သော ဤအဆောက်အဦသည် လမ်းထောင့် ကြက်လျှာစွန်းတစ်ခုပေါ်တွင် ရှိ၏။ ဤကြက်လျှာစွန်းသည် ညမှောင်ပြီ ဆိုလျှင် မကောင်းတာ လုပ်စားသော မိန်းကလေးများ စုဝေးရာနေရာ ဖြစ်သည်ကို အောင်တိုး အလုပ်ဝင်ပြီးမှ သိလာရလေသည်။ ညရှစ်နာရီကျော်လောက် ဆိုလျှင် ထိုစုရပ်တွင် လူစုံတတ်၏။ အောင်တိုး၏ ညစောင့်တဲမှ ထိုင်ကြည့်လျှင် သူတို့ အလုပ်လုပ်ပုံ အလုံးစုံကို အားလုံး မြင်တွေ့နေရသည်။ ဈေးစကားပြောကြပုံ၊ လူဆွယ်ပုံ၊ ကားနှင့်ပါသွားပုံ၊ အရဏ်တက်ခါနီး ဝေစုခွဲရင်း ပူညံပူညံ ဖြစ်ပုံထိ ဆိုပါတော့။ လမ်းဘေး ရေဘုံပိုင်တွင် မျက်နှာသစ်ကာ ခါးက ထဘီဖြင့် မျက်နှာသုတ်သော မိန်းကလေးကိုလည်း မြင်ဖူးပြီ။ ခေါင်း လုပ်သူကို လူတောထဲတွင် ပုဆိုးကျွတ်ကျအောင် ခံသတ်သော မိန်းကလေးကိုလည်း တွေ့ဖူးပြီ။ တစ်ဦးနှင့်တစ်ဦး ခေါ်ငင် ပြောဆိုနေတတ်သဖြင့် သူတို့အမည် တချို့ကိုလည်း ရုပ်နှင့်တွဲကာ မှတ်မိနေပြီ။ သံချောင်းလို တချို့ကိုတော့ မျက်မှန်းတန်းမိရုံမက လက်ဖက်ရည်ဆိုင်တွင်ဆုံကာ စကားစမြည်ပင် ပြောဆိုခဲ့ဖူးပြီ။ အောင်တိုး စောင့်ရသော အဆောက်အဦတွင် ဆောက်လုပ်ပြီး အခန်းလွတ်တွေ

mgyoe.com

mgyoe.com SAMPLE BOOK

အများကြီး ရှိနေရာ အခန်းတစ်ခန်းကို သူတို့လုပ်ငန်းအတွက် ခဏ ငှားဖို့ သံချောင်းက ပြောလာ၏။

'သိပ်ရှုံကလေးတင်ပါ အစ်ကိုရာ။ မချော့ပါဘူး။ ကျွန်တော် ငါးဆယ် ပေးမယ်'

သိပ်ရှုံကလေးဆိုတာ အထာကလေးနှင့် အလုပ်တစ်ခါဖြစ်မှုကို ပြောခြင်း ဖြစ်ကြောင်း အောင်တိုး နားလည်သည်။ ချော့မည်ဆိုလျှင်တော့ ကြာမည် ဆို သော သဘောဖြစ်၏။ တစ်နာရီလောက်နှင့် အင်မစိုက် အားမစိုက် ငွေငါးဆယ် ရမည်ဆိုတော့ မက်မောစရာ ဖြစ်သည်။ သည်တုန်းက သူ့မိန်းမက နေ့စေ့ လစေ့ကြီး။ သူ့လက်ထဲတွင်လည်း မီးဖွားစရိတ် မရှိသေး။

'အစ်ကို့နေရာက လုံခြုံလို့ပါ။ အစ်ကို့ပစ္စည်းတွေ သဲတစ်ပွင့် မပျောက် စေရဘူး။ ဒါအတွက်တော့ စိတ်ချ။ ကျွန်တော်တို့က ကိုယ့်အလုပ် ကိုယ်လုပ် တာ'

သံချောင်းက တွေဝေနေသော သူ့ကို ကြည့်ကာ တစ်မျိုး အဓိပ္ပာယ် ပေါက်ဟန်ဖြင့် အာမခံစကား ရဲရဲ ဆိုသည်။ သူ့နေရာမှာ ဆောက်လက်စ အဆောက်အဦဆိုတော့ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေနှင့်တကွ သစ်တို သစ်စ၊ သံတိုသံစတွေက မြေပြင်မှာ ဟိုတစ်ပုံ သည်တစ်ပုံ ရှိနေသည်။ ထို ပစ္စည်းများ မပျောက်ပျက်အောင် အဆောက်အဦ ပတ်ပတ်လည်ကို လူတစ်ရပ်ခန့် မြင့်သော ဝင်းထရံ လုံလုံခြုံခြုံကာ၍ သစ်သားတံခါး တပ်ဆင်ထား၏။ နေ့ ဘက် အလုပ်သမားများ ပြန်သွားပြီးသည့်နောက်တွင် ဤအဆောက်အဦဝင်း အတွင်း အောင်တိုး ခွင့်ပြုချက်မရဘဲ လူစိမ်း ဝင်ခွင့် မရှိတော့။

အဆောက်အဦတွင် အပေါ်ထပ်များ၌သာ မီးထွန်းထား၏။ အောက် ထပ်က မီးမရှိ။ အောက်ထပ် အခန်းမှောင်မှောင်များမှာ ချောင်ကြိုက်သူတွေ အတွက် မျက်စိကျစရာ ဖြစ်နေသည်။ သံချောင်း ဆွေးနွေးလာသော ကိစ္စကို အောင်တိုး လက်ခံမိလုနီး ဖြစ်သွား၏။ သို့သော် (ဘယ်သူ သိတာမှတ်လို့ဟု ဖြေတွေးသည့်တိုင်) လိပ်ပြာက မသန့်ချင်။ ဒီကိစ္စက ရေခိုးရောင်းတာ၊ မီးခိုး သွယ်တာနှင့် မတူ။ နောက်ဆုံး မဖြစ်ပါဘူးဗျာဟု နှုတ်က ငြင်းလိုက်မိ၏။ နောက်ပိုင်းတွင် ဤကိစ္စနှင့်ပတ်သက်၍ သံချောင်း လက်လျှော့သွားဟန် တူ သည်။ စကားစပ်ကာ ပြောဆိုလာခြင်း မရှိတော့။

လက်ခံလိုက်ရ ကောင်းသားဟု တစ်ခါတစ်ရံတော့ သူ နောင်တရသလို

mgyoe.com SAMPLE BOOK
ရှိ၏။ သူ စောင့်နေသော အဆောက်အဦက ကောင်းစွာ ရုပ်လုံးပေါ်နေပြီ။ နောက် နှစ်လဆိုလျှင် အပြီးသတ်ကာ သက်ဆိုင်ရာသို့ အပ်နိုင်တော့မည်ဟု ဆို၏။ အပ်လိုက်လျှင် သူ့လို နေ့စား လရှင်း ယာယီ ညစောင့်အလုပ်သမား တစ်ဦးသည် အလုပ်လက်မဲ့ဘဝပင် ပြန်ရောက်ရဦးမည်။ ကန်ထရိုက်ကြီးကတော့ နောက်ထပ် လုပ်ငန်းသစ်တစ်ခု လက်ခံကာ မယားငယ် အသစ်များနှင့် အခြေမပျက် ရှိနေပေမည်။ ထို့နောက် လုပ်ငန်းတွင် အောင်တိုး အလုပ်ရမည်၊ မရမည် ဆိုတာ မသေချာ။

ဒီတော့ သံချောင်း ပေးလာသည့်ငွေကို အခွင့်သာခိုက် သူ လက်ခံဖို့ ကောင်း၏။ အထူးသဖြင့် ယခုလို ငွေလိုနေသော ရက်မျိုး၌ ပို၍ ယူကျုံးမရချင် သလို တွေးမိသည်။ သူ့မိန်းမက ဒုတိယသား မွေးပြီးကတည်းက ချူချာကြုလို လာသည်။ တတိယသား မွေးသောအခါ ကလေး နို့မရ။ လူရည်ချွန် နို့မှုန့် ကိုသာ အားကိုးခဲ့ရသည်။ သူတို့အိမ်တွင် ဆန်သာ အပြတ်ခံသည်။ နို့မှုန့် အပြတ်ခံ၍ မဖြစ်။ ယခုလည်း သောက်လက်စဘူး ကုန်တော့မည်ဟု မိန်းမက ကြိုတင် သတိပေးနေသည်မှာ သုံးရက်ခန့် ရှိပြီ။ သူ့လက်ထဲတွင် ငွေပြည့် အောင် မရှိသေးသဖြင့် 'အေး'ဟု မယုတ်မလွန် ပြောထားရသည်။ လူရည်ချွန် နို့မှုန့်ကလည်း တစ်ဘူးကို ၄၀ ကျပ်။ ဒါတောင် ၆၀ ကျပ်ကျော်ကနေ ဈေးကျ လာတာ ဖြစ်သည်။

'အစ်ကို ... အစ်ကို ...'

ဟူသော ခေါ်သံကြောင့် သူ အတွေးစများ ပြတ်သွားသည်။ ကြည့် လိုက်တော့ တံခါးဝတွင် ရပ်နေသော မိမူကို တွေ့လိုက်ရ၏။ မိမူဆိုတာက လည်း သူ ပြောသော ကောင်မလေးတွေထဲက တစ်ယောက် ဖြစ်၏။ အသား လတ်လတ်၊ ကိုယ်လုံး သွယ်သွယ်တစ်ယောက် ဖြစ်၏။ အသားလတ်လတ် ကိုယ်လုံးကျစ်ကျစ်နှင့် ရုပ်ရည်ကလေး သနားကမားမို့ သူတို့အုပ်စုထဲတွင် တော့ စူပါစတား ဖြစ်နေသည်။ ကောင်မလေးက တခြား သူ့လိုဟာတွေလို နှုတ်လျှာလည်း မကြမ်း။ အောင်တိုးနှင့်လည်း နည်းနည်းခင်နေသည်။ ငွေပို ငွေလျှံလေး ရှိလျှင်ဟု အောင်တိုးပင် တစ်ခါ၊ နှစ်ခါ စိတ်ကူးယဉ်ကြည့်ဖူး၏။

'မိမူတို့ အထဲ ခဏဝင်ပုန်းပါရစေ အစ်ကို။ ပတ္တရောင် လာနေလို့'

မိမူနောက် ခပ်လှမ်းလှမ်း မှောင်ရိပ်တွင် ဘဝတူ ကောင်မလေးတစ်စု ရပ်နေသည်ကိုလည်း တွေ့ရ၏။ အောင်တိုးကို ပြန်ကြည့်နေသော သူတို့၏
mgyoe.com

mgyoe.com SAMPLE BOOK
မျက်လုံးများမှာ အမှောင်ထဲတွင်ပင် စိုးရွံ့ရိပ်ဖြင့် တောက်ပနေကြသည်။

'လုပ်စမ်းပါ အစ်ကိုရယ်။ တစ်ယောက်ကို သုံးကျပ် ပေးပါ့မယ်။ ဆယ့်ငါးမိနစ်လောက်ပဲ နေမှာပါ'

တစ်ယောက် သုံးကျပ် ပေးပါ့မယ်ဆိုသော မိမူ စကားက အောင်တိုး စိတ်ခတ်ကို ယိုင်နဲ့သွားစေသည်။ လူရည်ချွန်နို့မှုန့်၊ မိမူ၊ ပီမိုးနင်းစာအုပ်၊ ရေခဲမုန့်ကားကြီး၊ ငွေလေးဆယ်၊ ကြယ်မရှိတဲ့ ည၊ မေခလာ။

'အစ်ကို မကယ်ရင် မိမူတို့ ဒုက္ခရောက်လိမ့်မယ်။ လုပ်ပါ အစ်ကိုရယ်။ ကုသိုလ်ရပါတယ်'

'နင်တို့ ဘယ်နှယောက်ရှိသလဲ'

မိမူကို မေးလိုက်သော သူ့အသံမှာ မသိမသာ တုန်ယင်နေသည်ကို အောင်တိုး သတိထားလိုက်မိသည်။ မိမူက ဝမ်းသာအားရဟန်ဖြင့် ခြောက်ယောက် ရှိတယ် အစ်ကိုဟု ပြောရင်း မှောင်ရိပ်ထဲမှ ကောင်မလေးများကို လက်ယပ် ခေါ်လိုက်သည်။ အောင်တိုးထံမှ သဘောတူညီချက်ရပြီဟု သူ့ဘာသာ ဆုံးဖြတ်လိုက်ဟန်တူသည်။

အောင်တိုးက တံခါးကို ဆွဲဖွင့်ရင်း ...

'မြန်မြန် ဝင်ကြ၊ မြန်မြန် ဝင်ကြ'

ဟု ပြောလိုက်သည်။ အလုအယက် အထဲကို တိုးဝင်နေကြသော ကောင်မလေးများကိုတော့ သူ မလွတ်အောင် ရေတွက်ကြည့်လိုက်သေးသည်။ ပြီးတော့ အောက်ထပ် မှောင်နေသော အခန်းတစ်ခန်းထဲတွင် သူတို့ကို စုထိုင်ခိုင်းလိုက်သည်။ မလုပ်စဖူး အလုပ်တစ်ခုကို လုပ်မိသဖြင့် အောင်တိုး ကိုယ်တိုင်ပင် ကတုန်ကယင် ဖြစ်ချင်နေ၏။

မလုံမလဲ စိတ်နှင့် အပေါက်ဝဘက်ကို သူ ပြန်လှည့်ထွက်လာသည်။ လှမ်းကြည့်လိုက်သောအခါ တစ်ဖက် ပလက်ဖောင်းတွင် ရပ်ထားသော ပတ္တာရောင်ကားကို တွေ့ရ၏။ ကိုယ်ကို အလှည့်တွင် တံခါးဝ၌ တစ်စုံတစ်ခုကို ခလုတ်တိုက်မိ၏။ ငုံ့ကြည့်လိုက်တော့ ကြိုးပြတ်နေသော ဒေါက်ဖိနပ်နီနီကလေး တစ်ဖက်။ တော်တော်စောစောက မေခလာသီချင်းကို စည်းလိုက်နေသည့် ခြေထောက်ကလေး တစ်ခုအား ပြန်မြင်ယောင်လာသည်။ ထိုဒေါက်ဖိနပ်ကလေးကို ခြေဖြင့်ညှပ် သယ်ကာ လမ်းဘေး မြောင်းထဲသို့ ချလိုက်သည်။ ပြီးတော့ တံခါးကို ပိတ်လိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

မိမူတို့ ပုန်းနေသော အခန်းဆီသို့ အောင်တိုး ပြန်လျှောက်လာသောအခါ မိမူ အသံကို ကြားရသည်။

'ဟော့ကောင်မတွေ ... ငါ့အစ်ကိုကို ကျပ်တန်အသစ်ကလေးတွေ ရွေးပေးနော်'

အခန်းမှာ မှောင်နေသဖြင့် သူတို့ကို မမြင်ရ။ သို့သော် မှောင်မိုက်နေသော အခန်းထဲတွင် ကောင်မလေး ခြောက်ယောက် ရှိနေကြောင်းကို သူ သိနေရသည်။ တစ်ယောက် သုံးကျပ်။ ခြောက်ယောက်ဆိုတော့ ဆယ့်ရှစ်ကျပ်။ သူ့မှာ ရှိသည့် ငွေဆယ့်ငါးကျပ်နှင့် ပေါင်းလျှင် သုံးဆယ့်သုံးကျပ်။ လူရည်ချွန်နို့မှုန့်က တစ်ဘူး လေးဆယ်။ ငွေနည်းနည်း လိုနေသေးသည်။

အခုတော့ အုံသြဖွယ်ကောင်းလောက်အောင် သူ တည်ငြိမ်နေသည်။ အောင်တိုးသည် မှောင်ထဲသို့ ငေးစိုက်ကြည့်ရင်း တစ်လုံးချင်း ပြောလိုက်လေသည်။

'ပတ္တရောင်ကား ရှိနေတုန်းပဲ။ အားလုံး ငြိမ်ငြိမ် ထိုင်ကြနော်။ မတ်တတ် မရပ်နဲ့။ ချောင်းမဆိုးနဲ့။ မတ်တတ်ရပ်ရင် ငါးကျပ်။ ချောင်းဆိုးရင် ငါးကျပ်'

*ရန့်သစ် မဂ္ဂဇင်း*

*ဩဂုတ်၊ ၁၉၈၈။*

mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း ၂
## မှတ်တိုင်တစ်ခု စိုက်ထူမိခြင်း၊ သို့မဟုတ် ...

၁၉၇၇ တွင် ရှုမဝမဂ္ဂဇင်း၌ ပါဝင်သည့် 'ကျွန်တော်နှင့် မီးခြစ်ကလေးများ' ဝတ္ထုက စတင်၍ ကျွန်တော်သည် သစ္စာနီဟူသော ကလောင်အမည်ကို အစဉ်တစိုက် သုံးစွဲခဲ့ပါသည်။ ('ကျွန်တော်နှင့် မီးခြစ်ကလေးများ' ဝတ္ထုတိုကို 'အခြားသောအရာများနှင့် လူ' အမည်ဖြင့် ထုတ်ဝေသည့် ဝတ္ထုတိုပေါင်းချုပ်တွင် 'မီးခြစ်နှင့် လူ'ဟူသော အမည်ဖြင့် ထည့်သွင်း ဖော်ပြခဲ့ပါသည်)

ကျွန်တော်သည် ဤကလောင်အမည်ဖြင့် 'ပြတင်းပေါက်ကလေး'(ရုပ်ရှင်မျက်မှန်)၊ 'အကြော်သည်ရှင့်'(ပန်မဂ္ဂဇင်း)၊ 'ဒူ'(ရုပ်ရှင်အောင်လံ)၊ 'ငန်းနဲ့ ရေ'(ဂီတပဒေသာ)၊ 'အိပ်မက်ခါး'(ရုပ်ရှင်ကောင်စီ မဂ္ဂဇင်း)၊ 'ချောင်းဆိုး ငါးကျပ်၊ ညောင်ညိုရိုပ်ဝယ်'(ရနံ့သစ် မဂ္ဂဇင်း) ရေးဖွဲ့ခဲ့ရာ၌ တချို့ဝတ္ထုများတွင် မော်ဒန်အငွေ့အသက်များ ရိုက်ခတ်နေသည်ကို တွေ့နိုင်ပါသည်။ (ဥပမာ ပြတင်းပေါက်ကလေး၊ ငန်းနဲ့ ရေ)

၁၉၈၅ တွင် ဒဂုန်မဂ္ဂဇင်း ထွက်ပေါ်လာသည်။ စိစဉ်သူက အေဝမ်း ဦးတင်မောင်၏ သမက် ကိုကိုထူး။ တာဝန်ခံအယ်ဒီတာက ကိုစိန်သန်း (မြတ်သစ်)။ သူတို့နှစ်ဦးစလုံး ကျောင်းသားဘဝကပင် ကျွန်တော်နှင့် ရင်းနှီးသူများဖြစ်သဖြင့် ဒဂုန်မဂ္ဂဇင်းတွင် ထုတ်ဝေမှုရပ်ဆိုင်းသွားသည်အထိ ကဗျာ၊ ဆောင်းပါး၊

mgyoe.com

mgyoe.com SAMPLE BOOK
ဝတ္ထုတိုများ ရေးဖြစ်ခဲ့သည်။ (ထိုမဂ္ဂဇင်းတွင် တာရာလင်းနွယ် နာမည်ဖြင့် သိပ္ပံဝတ္ထုတိုများ၊ ရဲသူ့ကြီးအမည်ဖြင့် ဘာသာရေး အက်ဆေးများလည်း ရေးဖြစ်ခဲ့သည်) ထိုအချိန်၌ ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် ဝတ္ထုတို ပိုရေးတတ်လာသည်ဟု ထင်လာသည်။ အသက်အရွယ်အရ ဘဝနှင့် လောကအကြောင်းကိုလည်း အရင်ကထက်ပို၍ အလေးအနက် ဆင်ခြင်မိလာသည်ဟု ထင်ပါသည်။ ထိုအချက်များကို ဒဂုန်မဂ္ဂဇင်း၌ အစဉ်တစိုက်ပါခဲ့သော 'လူ' ဝတ္ထုတိုတွဲများ၌ အကဲဖြတ် တွေ့ရှိနိုင်ပါသည်။

ပထမ 'တိမ်နှင့် လူ'ဟူသော ဝတ္ထုတိုတစ်ပုဒ် စတင် ရေးလိုက်သည်။ ထိုဝတ္ထုတိုကို လူကြိုက်များရာမှ ဆက်ရေးရန် တိုက်တွန်းသူများကြောင့် ဘာနှင့်လူ၊ ညာနှင့် လူဟူသော ဝတ္ထုတိုတွေ အစဉ်တစိုက် ဖြစ်ထွန်းလာခဲ့ပါသည်။ ထိုဝတ္ထုတိုများတွင် ဇာတ်လမ်းဇာတ်ကွက်ထက် တွေးတော ဆင်ခြင်စရာကို အသားပေး ဖော်ပြရန် အားထုတ်ထားပါသည်။ သရုပ်မှန် အရေးအသားထက် တချို့ဝတ္ထုများတွင် လွန်အောင် ဖော်ပြထားပါသည်။ Semi-Modern အမျိုးအစား၊ သို့မဟုတ် မော်ဒန်ရီရယ်လစ်ဇင် အမျိုးအစားဟု ဆိုချင်က ဆိုနိုင်ပါသည်။ မော်ဒန်ဘက် ပို၍ ယိမ်းညွတ်သော 'နေကာမျက်မှန်နှင့် လူ'၊ 'နာရီနှင့် လူ'လို ဝတ္ထုများလည်း ပါဝင်သည်။ ဤဝတ္ထုတိုများကြောင့် ကျွန်တော့်ကို (ကဗျာရေးသူ အပြင်) ဝတ္ထုတိုရေးသူအဖြစ်ပါ အသိအမှတ်ပြုလာသော လူတွေရှိပါသည်။

ယခုအချိန်အထိ ကျွန်တော်သည် လုံးချင်း ဝတ္ထုတိုပေါင်းချုပ် ၁၄ အုပ်ကို ထုတ်ဝေခဲ့ရာတွင် ထို 'လူ'ဝတ္ထု အတွဲများဖြစ်သည့် 'အခြားသောအရာများနှင့် လူ' စာအုပ်သည် လူကြိုက်များကာ လေးကြိမ်တိုင် ပြန်လည် ရိုက်နှိပ်ခဲ့ရပါသည်။ (၁၉၉၄ မှ ၂၀၁၆ အထိ ရေတမာစာပေ၊ အနော်မာစာပေ၊ ရာစုသစ်စာပေ၊ ကံ့ကော်ဝတ်ရည်စာပေတို့မှ ရိုက်နှိပ်ထုတ်ဝေခဲ့သည်) ဤဝတ္ထုများလူကြိုက်များရခြင်းမှာ ကျွန်တော့်လက်ရာ တခြား မော်ဒန်ဝတ္ထုများကဲ့သို့ ဖတ်ရှုရာ၌ ခက်ခဲမှုမရှိခြင်းသည်လည်း တစ်ကြောင်းအပါအဝင် ဖြစ်လိမ့်မည် ထင်ပါသည်။

ဤဝတ္ထုတို (လူစီးရီး) များ စုစည်းထုတ်ဝေရာတွင် ကျန်ရစ်ခဲ့သော ဝတ္ထုတို အနည်းငယ်ရှိကြောင်း အသိပေးအပ်ပါသည်။ ယခုအကြိမ်တွင်လည်း လက်လှမ်း မမီသဖြင့် ထည့်သွင်း ဖော်ပြခြင်း မပြုနိုင်ပါ။ ယင်းတို့မှာ 'ယပ်
mgyoe.com

mgyoe.com
SAMPLE BOOK


တောင်နှင့် လူ' (စရဏ မဂ္ဂဇင်း)၊ 'ကြယ်နှင့် လူ' (ဘာသာရေးမဂ္ဂဇင်းတစ်ခု) အားလုံး ၂၀၀၆ ကာလ တစ်ဝိုက်က ဖြစ်ပါသည်။ နောင် ထုတ်ဝေလျှင် ထည့်သွင်းနိုင်အောင် ကြိုးစားပါမည်။

သစ္စာနီ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အိမ်နှင့် လူ

**မြက်ခင်းစိမ်းစိမ်းများ ဖုံးလွှမ်းနေသည့်**
**မနိမ့်မမြင့်သော တောင်ကုန်းလေး**

အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။

ဂဟာကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ။

ဉာဏ်တော် ကြီးမြတ်တော်မူလှသော အရှင်သည် တစ်ခုတည်းသော သံသရာပုဏ္ဏာ၏အဖြေကို တွေ့သိတော်မူပေသည်။ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက်၊ 'ခန္ဓာအိမ်ကို အကြိမ်ကြိမ် ဆောက်တတ်သော တဏှာယောကျ်ား၊ ဟယ် ... ပဲခွပ်သမား'ဟု ဥဒါန်းကျူးရင့်တော်မူနိုင်ခဲ့သည်။ ပါရမီ မရင့်သန်သူမို့ ခန္ဓာအိမ်ကို အဖန်ဖန် အကြိမ်ကြိမ် ဆောက်မိပါသည်ဘုရား။ အတ္တဘော တည်းဟူသော ခန္ဓာအိမ်ကို ရသောဘဝမှာ ထိုအိမ်ကလေးအား ထားရန် အိမ်ကြီးကို ရှာပြန်လေသည်။

သူ အိမ်တစ်လုံး ဆောက်ဖူးပါသည်။ မြက်ခင်းစိမ်းစိမ်းများ ဖုံးလွှမ်းနေသည့် မနိမ့်မမြင့် တောင်ကုန်းလေးတစ်ကုန်းပေါ်မှာ ပင်လယ်ပြာပြာကို မျက်နှာပြုထားသော မိသားစုလေးယောက် နေနိုင်ရုံ တစ်ထပ် သစ်သားအိမ်ကလေး တစ်လုံး ဖြစ်သည်။ နေရာလပ် မရှိအောင် ဆေးဖြူသုတ်ထားသော ထိုအိမ်ကလေးတွင် အလင်းရောင် ကောင်းကောင်းရရန်နှင့် လေကောင်းကောင်းရရန်

mgyoe.com

mgyoe.com SAMPLE BOOK
မှန်တံခါးချပ်များ တပ်ဆင်၍ ပြတင်းပေါက်ကျယ်ကျယ်များ ဖောက်လုပ်ထားသည်။ အိမ်ဝရန်တာတွင် ခရမ်းနုရောင် အပွင့်သေးသေးကလေးများ ပွင့်သည့် နွယ်ပင်များ တွယ်ကပ်နေကြသည်။ ခြံထဲမှာတော့ ပင်လယ်ကဗွီးပင်နှင့် ယူကလစ်ပင်များ ခပ်ကျဲကျဲ ပေါက်နေ၏။

ထိုအိမ်ကလေးတွင် အသားဖြူဖြူ ပါးချိုင့်ကလေးနှင့် ချစ်စရာကောင်းလောက်အောင် အရုပ်ဆိုးသော သူနှင့် အတူနေသည့် မိန်းကလေးတစ်ယောက်လည်း ရှိသည်။ (သူတို့ ဘယ်တုန်းကမှ လက်မထပ်ခဲ့) ပြီးတော့ သူ တစ်ခါတလေ ရေးနေသည့် ဆီဆေးပန်းချီကားပေါ်၌ သူ့အလစ်တွင် စုတ်တံဖြင့် ကြက်ခြေခတ်ရာဖြစ်အောင် ခြစ်တတ်သော မျက်လုံးပြူးပြူး သမီးကလေးတစ်ယောက်နှင့် တစ်ခါတစ်ရံ မှန်ပြတင်းပေါက်များ ကွဲအောင် ဘောလုံးဖြင့် ကန်တတ်သော ဆံပင်ရှည်ရှည်နှင့် သားကလေးတစ်ယောက်လည်း ရှိသည်။ (နှစ်ခုလုံးမှာ ပျော်စရာကိစ္စများ ဖြစ်ခဲ့သည်) ချစ်စရာကောင်းလောက်အောင် အရုပ်ဆိုးသော မိန်းကလေး ဈေးကအပြန် ဆံပင်ကောက်လာသော နေ့တွင် သူနှင့် ရန်ဖြစ်ကြသည်။ ထိုလိုခဏမှာတော့ ဆေးဖြူသုတ်ထားသော အိမ်ကလေးအတွင်းမှာ အနည်းငယ် မှိုင်းညို့နေချင် နေပေမည်။ စာဖတ်ခန်းထဲဝင်ကာ စာဖတ်ချင်ယောင်ဆောင်နေဖို့ သူ ကောက်ကိုင်လိုက်သော စာအုပ်မှာ ပီ၊ ဂျီ၊ ဝုဒ်ဟောက်စာအုပ် ဖြစ်နေတတ်၏။ သားနှင့် သမီးကတော့ သူတို့ကြိုက်သော မက်ဒိုနာ၏ ဗီဒီယိုအခွေကိုဖွင့်ကာ ငြိမ်ငြိမ်ကုပ်ကုပ် ခြေထောက်ဖြူဖြူကလေးများနှင့် စည်းချက်လိုက်နေကြမည်။ ဆံပင် ကောက်ကောက်အသစ်နှင့် စိတ်အသစ် ကောက်နေသော မိန်းကလေး မီးဖိုထဲမှနေ၍ သူ ကြိုက်တတ်သော ဝက်ပေါင်ခြောက်ကို တမင် သူ ညှော်နံ့ရအောင် ကြော်နေသည်။

ဆေးဖြူသုတ်ထားသော အိမ်ကလေးအတွင်းမှ မှိုင်းညို့မှုမှာ တာရှည်ခံလေ့ မရှိပါ။ တစ်ယောက်ယောက်က (သူသာ ဖြစ်ဖို့များသည်) ပြတင်းပေါက်ကျယ်ကျယ်တစ်ချပ်ကို တွန်းဖွင့်လိုက်လျှင် အပြာနုရောင်ပင်လယ်ဆီမှ လတ်လတ် ဆတ်ဆတ် လေအေးအေးက အိမ်ထဲကို တိုးဝင်လာကာ အထဲမှ မှိုင်းညို့မှုများကို အပြင်သို့ တိုက်ခတ် သယ်ယူသွားတတ်သည်။ ထိုခဏ၌ ရုတ်တရက်ဝင်လာသော အလင်းရောင်ကြောင့် အိမ်အတွင်းမှာ ပို၍လည်း ဖြူလက်သွားတတ်၏။

* * *

mgyoe.com

mgyoe.com SAMPLE BOOK

ထိုသို့ သူ ဆောက်ခဲ့ဖူးသော အိမ်ကလေးမှာ သူ့စိတ်ကူးအတွင်းမှာသာ ဖြစ်လေသည်။

'ခင်ဗျား ဒီနေ့ ဘယ်မှာအိပ်မှာလဲ'

လက်ဖက်ရည်ဆိုင်မှ အထတွင် အကြောင်းသိသော မိတ်ဆွေက မေးလိုက်သော စကားကို ချက်ချင်း ပြန်မဖြေနိုင်။ 'ရှိပါတယ်'ဟုသာ ပြီးစလွယ်ပြောရင်း ထွက်ခဲ့၏။ မိုးတဖွဲဖွဲ ကျလာပြန်သဖြင့် ပန်းခြံအနီးမှ အဆောက်အအုံတစ်ခု၏ ဆင်ဝင်အောက်တွင် ခိုကပ်လိုက်ရပြန်သည်။ သူ့လိုပင် ခရီးသွားသူတချို့ မိုးခို နေကြ၏။ လှေကားထစ်အောက် အုတ်ခုံပေါ်မှာ အိပ်ပျော်စ ဖြစ်ဟန်တူသော အိန္ဒိယလူမျိုး အဘိုးအို တစ်ဦးကို တွေ့ရ၏။ သည်ညအဖို့ ကျောခင်းစရာ တစ်နေရာ ပြေလည်သွားရှာသော လူသားတစ်ယောက်ကို သူ ဝမ်းမြောက်ဝမ်းသာ ကြည့်နေမိသည်။ နေ့ဝင်တိုင်း ထိုကိစ္စအတွက် ပူပန်ရသောဘဝမှ သူကော ဘယ်တော့ လွတ်မြောက်နိုင်ပါမည်နည်း။

ကိုယ် ယုံကြည်ရာမှာ ဘဝကို နောင်တမဲ့ စိုက်နစ် စွဲမက်တော့မည်ဟု မိဘအရိပ်ကို စွန့်ခွာလာကတည်းက နွေးထွေးသော၊ လုံခြုံသော၊ ငြိမ်းအေးသော၊ သက်သောင့်သက်သာဖြစ်သော 'အိမ်' ဆိုသော အရာသည် အဝေးတွင် မှုန်ဝါး လွင့်စဉ် ကျန်ရစ်ခဲ့လေသည်။

လွန်ခဲ့သော ၁၀ နှစ်ကျော် ကာလကတော့ ရန်ကုန်မြို့ကြီးသည် အိပ်စရာ နေစရာ မရှားလှသေး။ ရန်ကုန်ဘူတာကြီးမှာ၊ သင်္ဘောဆိပ်မှာ ခရီးသွားမည့် သူများနှင့် ရောနှော၍ ဟန်ဆောင်ကာ အိပ်နိုင်သည်။ ဒါမှမဟုတ် မိုးလင်းဖွင့် သော လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ညလုံးပေါက် ထိုင်နိုင်သည်။ (သည် အလုပ်ကတော့ လက်ဖက်ရည် တစ်ခွက်ဖိုးနှင့် ဆေးပေါ့လိပ်ဖိုး ငွေတစ်ကျပ် တော့ အိတ်ထဲမှာ ရှိရသည်) မိုးလင်းတော့မှ အမျိုးသား စာကြည့်တိုက်ဖြစ် ဖြစ်၊ ပြန်ကြားရေး စာကြည့်တိုက်ဖြစ်ဖြစ် တစ်ခုခုဆီသွားပြီး စာအုပ်တစ်အုပ် ကို ရှေ့တွင် ဖြန့်ခင်းကာ ထိုင်လျက် ခိုးအိပ်နိုင်သည်။ သဘောကောင်းသော အလှည့်ကျ စာကြည့်တိုက်မှူးနှင့်ကြုံလျှင် စားပွဲပေါ် မှောက်အိပ်နိုင်သော အခွင့် အရေးပင် ရတတ်၏။ အခုတော့ ရန်ကုန်ဘူတာကြီးတွင် ခရီးသည်များ ညအိပ် နေရန် ခွင့်မပြုတော့။ မိုးအလင်းဖွင့်သော လက်ဖက်ရည်ဆိုင်များလည်း မရှိတော့။ သက်ဆိုင်ရာက ၁၁ နာရီထိုးသည်နှင့် ဆိုင်တိုင်း သိမ်းစေသည်။ စာကြည့် တိုက်များကလည်း နေ့ခင်းဘက် လာအိပ်သူများကို (စာဖတ်ခန်းထဲတွင် အိပ်

mgyoe.com

mgyoe.com SAMPLE BOOK
စက်ခြင်း မပြုရ) ဟူသော စာတန်းများ ချိတ်ဆွဲကာ ကန့်ကွက်တားမြစ်ကြသည်။ အိပ်စရာ ခက်ခဲသော တစ်ညက မရောက်တာကြာပြီဖြစ်သော ကမ်းနားလမ်း ဗောတံတားတစ်ခုမှာ သွားအိပ်ခဲ့မိသေး၏။ မိုးလင်းတော့ ဘယ်သူ ဖြုတ်သွားမှန်း မသိ။ သူ့မျက်မှန် မရှိတော့။ မျက်မှန်က ဟောင်ကောင် ကော်ကိုင်းမို့ တန်ဖိုးမရှိလှ။ အဝေးကြည့် မျက်မှန်မို့သာ သူ စာရေးစာဖတ် မထိခိုက်သည်။ သူလည်း ကမ်းနားလမ်းကို လန့်သွားသည်။

တစ်ညနေကလည်း သူ ဗောတံတားပေါ်မှာ ထိုင်ပြီး ဆေးလိပ်သောက်နေစဉ် အင်္ကျီကျွတ်နှင့် ဗလကောင်းကောင်း လူတစ်ယောက် အနားရောက်လာကာ 'ပေးစမ်း'ဟု တစ်ခွန်းတည်းပြောရင်း လက်ထဲက သောက်လက်စ ဆေးလိပ်ကို လုယူသွားတာ ခံရဖူး၏။ ကိုယ်ကလည်း တွေတွေငေးငေးသမားမို့ ရုတ်တရက် ဘာဖြစ်သွားမှန်း နားမလည်။ ပထမတော့ ဆေးလိပ် မီးညှိရအောင် တောင်းသည်ဟုပင် ထင်သေး၏။ နောက်မှ သူ အနိုင်ကျင့်ခံရတာပဲဟု သဘောပေါက်ပြီး ပြုံးရယ်မိ၏။ လောကမှာ အတိတ်ဘဝကုသိုလ်ကြောင့် ငွေရတဲ့လူကရ၊ ဉာဏ်ရတဲ့ လူကရ၊ ဗလရတဲ့လူက ရပေမဲ့ ကိုယ့်အစွမ်းအစရှိတာပေါ်မှာ အားကိုးပြီး တစ်ခုခု ချို့တဲ့သူကို အနိုင်မကျင့်သင့်ပါဘူး။ အမှန်တော့ ကမ်းနားလို နေရာမျိုးက သူတို့လို အေးအေးဆေးဆေးသမားတွေနှင့် မသင့်တော်။ သူ့ထက် ဗလကောင်းသော အင်္ကျီကျွတ်နှင့်လူက သူ့ကို ဘဝတူ ကလေကချေတစ်ယောက်လို့ပဲ မှတ်ပေလိမ့်မည်။

သူဟာ ကလေကချေတော့လည်း မဟုတ်ပါဘူး။ မျိုးရိုးကောင်း မိဘက ဆင်းသက်လာသူပါ။ လူတွေ အထင်ကြီးတယ်ဆိုတဲ့ အတန်းပညာကိုလည်း ကောင်းကောင်း သင်ခဲ့ဖူးတဲ့သူပါ။ ပြီးတော့ သူ့ခေါင်းထဲမှာလည်း အတန်းပညာထက် အဆပေါင်းများစွာ တန်ဖိုးရှိတယ်လို့ သူ ယူဆတဲ့ ပညာတွေနဲ့ ပြည့်တင်းနေတဲ့သူပါ။ အသည်းနှလုံးထဲမှာလည်း သူနေထိုင်တဲ့ ကမ္ဘာကြီးကို သူ တတ်တဲ့ အနုပညာနဲ့ ကောင်းမြတ်ပြည့်စုံအောင် သွန်းလုပ်ဖန်တီးချင်တဲ့ စေတနာတွေနဲ့ ဖိတ်လျှံနေတဲ့သူပါ။ အဲဒီလူကို နေစရာအိမ်ကလေးမျှ မရှိတာနဲ့တော့ ကလေကချေလို့တော့ မခေါ်သင့်ဘူးပေါ့။

သို့သော် ဘာပဲဖြစ်ဖြစ် လူတစ်ယောက်ဆိုတာကတော့ လူဆိုတဲ့ ဂုဏ်သိက္ခာကို လုံခြုံအောင် ထိန်းသိမ်းနိုင်လောက်ရုံ အိမ်ကလေးတစ်လုံး (သူ့ စိတ်ကူးထဲက အိမ်မျိုး ဖြစ်ရမည်) နှင့် ငွေသုံးသိန်းလောက်တော့ ရှိသင့်သည့်ဟု
mgyoe.com

mgyoe.com SAMPLE BOOK
ဝန်ခံပါသည်။ သူ့လို နေ့တိုင်း ကျောခင်းစရာ တစ်နေရာကိစ္စအတွက် နေဝင်မှာ စိုးရွံ့ပူပန်နေသော ဘဝကတော့ မကောင်းလှဘူးပေါ့။

အနည်းဆုံး တစ်လ ငါးဆယ်လောက် ပေးရတဲ့ ဘော်ဒါဆောင်က တစ်ယောက်ခန်းကလေး တစ်ခုကိုတော့ ပိုင်ဆိုင်သင့်ပါသည်။ လွန်ခဲ့သော အနည်းငယ် အဆင်ပြေသည့် နှစ်များကတော့ (စိတ်ဆင်းရဲ အမြဲခံနေရသော ဘဝတွင်) ကိုယ်ဆင်းရဲ မခံချင်သဖြင့် ကမာရွတ်၊ သို့မဟုတ် သမိုင်း၊ အင်းစိန် တစ်နေရာရာရှိ ဘော်ဒါဆောင်တစ်ခုခုမှာ အခန်းတစ်ခန်းတော့ ရအောင် ငှားနေတတ်ခဲ့သည်။

ကြိုတင်ငွေ နှစ်လခလောက် ပေးနိုင်လျှင် အခန်းတစ်ခန်း ရနိုင်သည်။ ပြီးတော့လည်း ထမင်းနပ်မှန်ရန် ခက်ခဲသောဘဝမှာ နောက်လ နောက်လ အတွက် အခန်းခများ သူ မရှင်းပေးနိုင်တော့။ သို့ဖြင့် ဘော်ဒါဆောင်တစ်ခုတွင် တတ်နိုင်သမျှ တွယ်ကပ်နေသော်လည်း လေးငါးလခန့်သာ လက်ခံကာ သူ ဆင်းပေးရလေ့ ရှိ၏။ တချို့ ဘော်ဒါဆောင်ပိုင်ရှင်များက ဆင်းမပေးလျှင် ရဲတိုင်မည်၊ ကောင်စီတိုင်မည်ဟု ခြိမ်းခြောက်၏။ တချို့ကတော့ သူ့ပစ္စည်းများကို အခန်းပြင်ထုတ်၍ ပုံထားပြီး အခန်းတံခါးကို သော့အသစ် လဲခတ်ကာ ပိတ်ထားလိုက်တတ်၏။

မိုးတိတ်သွား၏။ ညဥ့်လည်း ရင့်ရော်စ ပြုပြီ။ မိုးခိုသူများမှာ လိုရာသို့ အလျှိုလျှို ထွက်သွားကြသည်။ ဒီည သူ ဘယ်မှာ အိပ်ရမည်နည်း။ သူ့ အိတ်ထဲမှာ ငွေနှစ်ကျပ်လောက်ရှိရင်တော့ ကြည့်မြင်တိုင်ဘူတာဘက် သွားအိပ်မည်ဟု စိတ်ကူးသေး၏။ အိတ်ထဲမှာက ငွေနှစ်ကျပ် ပြည့်အောင် မရှိ။

ကြည့်မြင်တိုင်ဘူတာအနီးမှ အိမ်များသည် ထိုသို့ ညအိပ်မည့်သူများ အတွက် ဖျာငှားတတ်သည်။ ဖျာတစ်ချပ်ကို နှစ်ကျပ်ပေးရ၏။ စောစောသွားလျှင် ထိုဖျာငှားသော အိမ်များ၏ ဝရန်တာ၊ ဖိနပ်ချွတ်မှာ နေရာတစ်နေရာလောက် ရတတ်သည်။ ခုချိန်မှသွားလျှင်တော့ ဖျာကိုယူကာ ဘူတာစကြံပေါ် လွတ်ရာ ခင်း၍ အိပ်ရုံသာ ရှိသည်။ ညအိပ်ခရီးသည်များကို ရည်ရွယ်ငှားသော်လည်း ထိုနေရာတွင် ညအိပ်သူများမှာ ခရီးသွားများထက် ပျံကျများက များနေတတ်၏။

* * *

ရန်ကုန်မြို့ တိုက်ကြိုတိုက်ကြား လှေကားထစ်များ အောက်မှာကလည်း အရင်လို အိပ်ရတာ မလွတ်လပ်တော့။ တိုက်ရှင်က နှင်ချင်နှင်၏။ ရုံးတစ်ရုံး
mgyoe.com

mgyoe.com SAMPLE BOOK
ဖြစ်လျှင်လည်း ညစောင့်က နှင်၏။ ညစောင့်ကို ပိုက်ဆံပေးအိပ်လျှင်လည်း ဖြစ်ပြန်သည်။ သူ အခြေအနေသိပ်ဆိုးစဉ်က သူလည်း အိပ်ခဲ့ဖူး၏။ သို့သော် အခု အိပ်ဖို့ မစဉ်းစားရဲတော့။ သက်ဆိုင်ရာက တွေ့လျှင် မှောင်ရိပ်ခိုမှုနှင့် အရေးယူခံရလျှင် မလွယ်။ တကယ်တော့ တိုက်လှေကားထစ်အောက်မှာ အိပ်ဖို့ ကိစ္စကပင် ခက်ခဲသေး၏။ နေရာလွတ် မှန်သမျှ ၅ နာရီ၊ ၆ နာရီလောက် ကတည်းက နေရာဦးထားနှင့်သူတွေ ရှိနေတတ်၏။ ယောင်လည်လည်နှင့် ထို အနီးတစ်ဝိုက်တွင် ထိုင်နေတတ်သည်။ တချို့ကတော့ လူကိုယ်တိုင်ပင် မဟုတ်ဘဲ အုတ်နီခဲများပင် ချကာ ဦးထားတတ်၏။ ပြီးတော့ သူတို့ ဦးထားရသော နေရာ ကို ပြန်ရောင်းစားကြသည်။ မိုးကွယ်လေကွယ်၊ သက်ဆိုင်ရာကလည်း ဖြုန်းခနဲ လမ်းပေါ်က လှမ်းကြည့်ရုံနှင့် မတွေ့နိုင်သော နေရာမျိုးဆိုလျှင် နေရာကောင်းဟု ခေါ်ကာ သုံးကျပ်အထိ ပေးရတတ်၏။

လမ်းလျှောက်ရင်း ဒီတစ်ည သူ သွားရောက် အိပ်စက်နိုင်မည့် မိတ်ဆွေ သူငယ်ချင်းများ၏အမည်ကို ခေါင်းထဲမှ တန်းစီကြည့်နေမိသည်။ အိပ်၍ မဖြစ်နိုင်သောသူများကို သူ့ခေါင်းထဲက စာရင်းမှ ပယ်ဖျက်ပစ်၏။ သူတို့မှာ လည်း အကြောင်းပြစရာ ကိုယ်စီနှင့် ဖြစ်သည်။

'ကျွန်တော့်သမီးတွေ ကြီးပြီဗျာ။ လူစိမ်း ယောကျ်ားတစ်ယောက် အိမ်မှာ အိပ်တာကို လက်ခံဖို့ မသင့်လျော်တော့ဘူး'

ဟု သူငယ်ချင်းတစ်ယောက်က ထူးထူးခြားခြား ငြင်းဖူး၏။ ဒီတော့မှ သူကိုယ်တိုင်၏ အသက်လည်း ၄၀ ထဲ ရောက်နေပြီကို သတိထားမိ၏။ သူငယ်ချင်း၏ သမီးကလေးများမှာ သူ ဂရုမပြုမိခိုက်မှာပင် အပျိုကလေးများ ဖြစ်နေသည်ကို အံ့သြစွာ တွေ့ရ၏။ သူ အချိန်ပြည့် ထိုအိမ်တွင် အိပ်စားနေစဉ် က သူတို့လေးတွေမှာ သူ ခေါ်၍ နှပ်ညှစ်ပေးခဲ့ရသော ပီဘိ ကလေးငယ်များသာ ဖြစ်ခဲ့ကြသည်။

နောက်ဆုံးတော့ မြို့သစ်မှာ နေထိုင်သော မိတ်ဆွေတစ်ယောက်၏ နာမည်ကို သူ သွားအမှတ်ရသည်။ ထိုမိတ်ဆွေသည် ဆင်းရဲသော်လည်း သဒ္ဓါ တရားကောင်းကာ သူ့အပေါ်မှာလည်း အလေးအမြတ်ရှိသူ ဖြစ်၏။ အလှမ်း ဝေးသည်မို့ သူကသာ အရောက်အပေါက် နည်းနေခဲ့သည်။

မြို့သစ်သွား ဘတ်စ်ကားအိုကြီးတစ်စီးပေါ်တွင် ထိုင်လိုက်လာရင်း နွေ ကာလတစ်လျှောက်က ကားတစ်စီးထဲမှာ သူ လနှင့်ချီကာ အိပ်ခဲ့ဖူးတာ အမှတ်ရ
mgyoe.com

mgyoe.com SAMPLE BOOK

လာပြန်သည်။ ဆင်ခြေဖုံးက သူငယ်ချင်းတစ်ယောက်သည် ဓာတ်ဆီထုတ်ရောင်းစားရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရှစ်ထောင်ကျော်ပေးရသော ဘီးလိုမ့်နိုင်ရုံကားစုတ်ကလေးတစ်စီးကို ဝယ်ထားဖူး၏။ သူ့မှာက ထိုကားကို ထားရန်ဂိုဒေါင် မရှိ။ သူ့တို့မိသားစု ခုနစ်ယောက်ပင် ကားဂိုဒေါင်လောက်ရှိသည့် အိမ်ကလေးထဲတွင် နေထိုင်ကြသူများဖြစ်၏။ သည်တော့ ကားကို ဓာတ်ဆီထုတ်ချိန်မှ လွဲ၍ လမ်းဘေးတွင် အမြဲရပ်ထားရသည်။

'မင်း အိပ်စရာမရှိရင် ငါ့ကားထဲ လာအိပ်လေ'

ဟု သူငယ်ချင်းက ဖိတ်ခေါ်၏။ သူလည်း ညဘက် ကျောင်းစရာ တစ်နေရာ ပြေလည်သွား၏။ ကားရှင် သူငယ်ချင်းအဖို့လည်း ညဘက် သူ့ကားကိုစောင့်ပေးမည့်သူအား ပိုက်ဆံတစ်ပြားမှမကုန်ဘဲ အလကားရလိုက်၏။ တစ်ခုတော့ ရှိသည်။ ကားထဲမှာအိပ်ရတာ နွေမို့ လှောင်အိုက်လှသည်။ ကားတံခါးများကို ဖွင့်အိပ်တော့တည်း ခြင်က မတန်တဆ ကိုက်ခဲလာ၏။ ဆောင်းတွင်းကျလျှင်တော့ ကားထဲမှာ အိပ်ရတာ အဆင်ပြေလိမ့်မည်ဟု သည်းခံနေဆဲ။ နှစ်လွန် ကားများ ဖျက်သိမ်းမည့်သတင်းက ထွက်လာ၏။ သူ့သူငယ်ချင်းလည်း ကားကို ရရာဈေးနှင့် နယ်မှ ဆင်းဝယ်သူတစ်ယောက်ကို ရောင်းလိုက်လေသည်။

သို့သော် မိုးဖြိုင်ဖြိုင်ကျမလာမီ ကာလအထိတော့ သူ့အိပ်ရာထိုင်ခင်းကိစ္စ မှာ အခက်အခဲ သိပ်မရှိလှ။ ဤအချိန်များက ရန်ကုန်တွင် ပွဲလမ်းသဘင်ပြတ်သည်မရှိ။ ဘုရားပွဲ၊ ဇာတ်ပွဲ၊ မိုးအလင်းရုပ်ရှင်ရုံ စသဖြင့် ဆိုင်းသံ ဗုံသံနှင့် အသံချဲ့ စက်သံကိုသာ နားစွင့်နေဖို့ ရှိသည်။ ပြီးတော့ ပွဲခင်းထဲသွားကာ ပွဲဈေးတန်းမှ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည်တစ်ခွက် ဆေးပေါ့လိပ် တစ်လိပ်နှင့် ညဥ့်အတော်နက်သည်အထိ ထိုင်နေမည်။ များသောအားဖြင့် ၁၂ နာရီကျော်လျှင် ရုံဖွင့်တတ်၏။ ရုံဖွင့်လျှင် ရုံထဲဝင်ကာ နောက်ဆုံးမှ လွတ်ရာဖျာတစ်ချပ်အပေါ် ခွေခွေကလေး လှဲအိပ်လိုက်ရုံပင်။ ခွေခွေ မအိပ်၍တော့ မဖြစ်။ သိပ်မကျယ်သော ပွဲခင်းထဲမှာ ခြေဆန့်လက်ဆန့် လွတ်လွတ်လပ်လပ် အိပ်၍ မဖြစ်နိုင်။ အဲသလို ခွေခွေကွေးရင်း ဖိနပ်ကိုလည်း ချွတ်ကာ ရင်ခွင်ထဲပိုက်အိပ်ရ၏။ သို့မဟုတ်လျှင် မိုးလင်းကျ ဖိနပ်ပျောက်နေတတ်သည်။ သူ့ကိုတွေ့သည့် လူတချို့က ဇာတ်ရုံထဲ အသားလွတ် ဝင်အိပ်သည်ဟု မထင်ကြ။ ဇာတ်လာကြည့်ရင်း အိပ်ချင်စိတ်ကို မထိန်းနိုင်သူတစ်ယောက်ဟုသာ ယူဆကြသည်။ ဆိုင်းသံ တခြိမ်းခြိမ်းကို နားထောင်ရင်း အိပ်ရတာ တစ်မျိုးကောင်းသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သုံးကားပေါင်း မိုးလင်း ရုပ်ရှင်ရုံထဲ ဝင်အိပ်လည်း ရသည်။ အကြောင်းမသိသော မိတ်ဆွေတစ်ဦးက ပွဲခင်းတစ်နေရာဝယ် ဆုံမိုက် 'ဘယ်နေရာမှာ ဇာတ်ကက ခင်ဗျားကို အမြဲတွေ့တယ်။ တော်တော် ဇာတ်ဝါသနာပါတယ် ထင်တယ်' ဟု မှတ်ချက်ချဖူး၏။ သည်လိုနှင့် မိုးကျလာသည်။

ရန်ကုန်တွင် ပွဲလမ်းသဘင် မရှိတော့။ ဇာတ်များလည်း နယ်တက်သွားကြသည်။ သူလည်း အိပ်စက်နားနေရန် အခက်အခဲကြုံလာပြန်သည်။ သူ ဖြတ်သန်း သွားလာတတ်သော လမ်းတစ်နေရာရှိ ညောင်ပင်ကြီးတစ်ပင်အောက် အမြဲထိုင်နေသည့် အရူးတစ်ယောက် ရှိ၏။ မိုးကောင်ကင်နှင့် မြေကြီးအား အိမ်ပြုနေနိုင်သော ထိုအရူးဘဝကို အားကျချင်သလို ရှိမိဆဲ။ မိုးတွေ သည်း ထန်စွာရွာသည့် မိုးဦးကျတစ်ည၏ နောက်နေ့ နံနက်ခင်းဝယ် ထိုသူ၏တစ်ကိုယ်လုံး မိုးရေစက်များ နစ်ရွှဲလျက် မြက်ခင်းပေါ်၌ အေးစက်တောင့်တင်းစွာ အသက်ပျောက်နေရှာသည်ကို တွေ့ပြီး အကြီးအကျယ် တုန်လှုပ်ခဲ့ရ၏။

'မဖြစ်လို့ ပြောနေတာပါဗျာ' ဆိုသော သူ အားကိုးတကြီး လာခဲ့သည့် မိတ်ဆွေ၏စကားက သူ့အသည်းနှလုံးကို အေးစက်တောင့်တင်းစေသည်။

'ကျွန်တော်တို့ရုပ်ကွက်တွေမှာ ခဏခဏ သန်းခေါင်စာရင်းစစ်တယ်ဗျ။ ဧည့်စာရင်းတိုင်ဖို့ အချိန်ကလည်း လွန်နေပြီ။ တိုင်မယ်ဆိုဦး၊ ခင်ဗျားမှာက မှတ်ပုံတင် မရှိဘူး'

သူ မှတ်ပုံတင်ပျောက်နေတာ ကြာခဲ့ပြီ။

'ဒီလိုလုပ်ဗျာ။ ညဥ့်သိပ်နက်နေတော့ တခြားသွားလို့လည်း မဖြစ်တော့ဘူး။ ကျွန်တော် ခင်ဗျားတို့အိမ်မှာ ညမအိပ်ဘူး။ တစ်ညလုံး ပက်လက်ကုလားထိုင် တစ်လုံးနဲ့ ထိုင်စာဖတ်နေမယ်။ ကျွန်တော့်ကို မီးခွက်တစ်ခွက်သာ ထွန်းပေးထား'

'ဘာထူးမှာလဲဗျာ။ ကျွန်တော် တကယ်မဖြစ်လို့ ပြောနေတာပါ။ ဈေးလမ်းဆုံမှာ ကုန်စိမ်းကြိုတဲ့ကားတွေ စထွက်နေပြီ။ ခင်ဗျား လိုက်သွားရင် ရပါတယ်'

သူ့အိတ်ထဲကို ကျပ်တန်နွမ်းနွမ်းလေး သုံးလေးရွက် လုံးထွေး ထည့်ပေးရင်း မိတ်ဆွေလုပ်သူက ယဥ်ယဥ်ကျေးကျေး နှင်နေသည်။

'ကျွန်တော် လိုက်ပို့ရဦးမလား'

'နေပါစေဗျာ'

သူ အိမ်ပေါ်မှဆင်းကာ လမ်းမပေါ် ပြန်ရောက်ခဲ့သည်။ လမ်းဓာတ်မီးတိုင်

mgyoe.com

mgyoe.com SAMPLE BOOK

များ၏ ဝါကြင့်ကြင့် မီးရောင်ဖျော့ဖျော့က ညဥ့်အမှောင်ထုကို မထိုးဖောက်နိုင်။ မည်းမှောင် တိတ်ဆိတ်သော အိမ်တွေထဲမှာတော့ သူ့လို လူသားများ အိပ်စက်နေကြပေသည်။

သံသရာတွင် ခန္ဓာဆိုသော အိမ်ကလေး ရနေသရွေ့ အိမ်ကလေးကို ထားရန် အိမ်တစ်လုံးတော့ လိုပြန်သည်။ လူ့ဘုံ ဆိုတာကလည်း (တချို့ ကြီးတဲ့၊ တချို့ သေးတဲ့၊ တချို့ ခမ်းနားတဲ့၊ တချို့ နုံချာတဲ့) အဲသလို အိမ်တွေ စုဝေးနေသည့် အိမ်အကြီးကြီး တစ်လုံးမျှသာ ဖြစ်သည်။ ကျွန်တော်တို့ဟာ တစ်အိမ်တည်း နေတဲ့သူတွေပါ။

ဘယ်ဆီကမှန်း မသိ။ ပျံ့လွင့်လာသည့် ဆည်းလည်းသံသဲ့သဲ့ကို တိုးမျှင်းညင်သာစွာ ကြားရသည်။ အသံကြားရာအရပ်သို့ မျက်နှာမူလှည့်ကာ သူ လမ်းမပေါ်မှာပင် လက်အုပ်ချီ ကန်တော့မိ၏။

ဘုရားရဟန္တာ အရှင်သူမြတ်များလို ပါရမီဉာဏ် မရင့်သန်ဘဲ ခန္ဓာအိမ်ကို အဖန်ဖန် အကြိမ်ကြိမ် ဆောက်မိနေဆဲ ဘဝများမှာ သူ့အသည်းနှလုံးကို ဖြူစင်အောင် အားထုတ်ရမည်။ သံသရာ တစ်နေရာရာမှာတော့ ဤအသည်းနှလုံးနှင့် လျော်ညီသော ဖြူစင်သည့် အိမ်ကလေးတစ်လုံးကို တစ်ချိန်ချိန် သူ ရနိုင်ကောင်း ပါပေသည်ဟု မျှော်လင့်ယုံကြည်ရပေသည်။

*ဒဂုန် မဂ္ဂဇင်း*

*စက်တင်ဘာ၊ ၁၉၈၆။*

mgyoe.com

mgyoe.com SAMPLE BOOK

# ပိုက်ဆံနှင့် လူ

ပိုက်ဆံပေါ်မူတည်၍ အမှန်အမှား ဆုံးဖြတ်သော အလေ့အထကို ကျွန်တော်တို့ ငယ်စဉ်ကတည်းက သင်ကြားခဲ့ကြရ၏။ ထိုကိစ္စမှာ ခေါင်းပန်းလှည့်ခြင်း ဖြစ်သည်။ ခေါင်းပန်းလှည့်တိုင်း ဒိုင်လုပ်ရသူမှာ ကျွန်တော်တို့အထဲတွင် ပိုက်ဆံအပေါဆုံးဖြစ်သော ဖေသော် ဖြစ်သည်။ ဖေသော်သည် ကျွန်တော်နှင့် ညီအစ်ကို တစ်ဝမ်းကွဲတော်စပ်သူလည်း ဖြစ်၏။ သူတို့သည် မိဘအစဉ်အဆက် ချမ်းသာကြွယ်ဝခဲ့ကြသည်။ ကစားတိုင်းလည်း ပိုက်ဆံ အတတ်နိုင်ဆုံး ဖေသော် အနိုင်ရသည်က များသည်။ တစ်ခုတော့ ရှိသည်။ ဖေသော်သည် သူ အနိုင်ရသမျှ ပိုက်ဆံအားလုံးကို တစ်ပြားမကျန် ပြန်၍ မုန့်ဝယ်ကျွေးတတ်၏။ ထို့ ကြောင့် ဖေသော်ကို ခင်မင်သူ များသည်။

ကျွန်တော် လူပျိုပေါက်စအရွယ်တွင် အဘိုးဖြစ်သူက 'လောကမှာ အခက်ခဲဆုံး အလုပ်ဟာ ဘာလဲကွ' ဟု မေးဖူး၏။ စိတ်ကူးတည့်ရာ အမျိုးမျိုး ဖြေသော်လည်း အဖြေမှန်မရ။ နောက်ဆုံးမှ အဘိုးဖြစ်သူက ပြုံးကာ 'မင်း တစ်သက်လုံး မှတ်ထား။ လောကမှာ အခက်ခဲဆုံး အလုပ်က ပိုက်ဆံကို သုံးစွဲရတဲ့ အလုပ်ပဲ'ဟု ပြော၏။ သည်တုန်းက သဘောမပေါက်။ ပိုက်ဆံကို စကားကောင်းကောင်း မပြောတတ်သေးသော ကလေးတွေက အစ သုံးတတ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK
အဘိုး ကြောင်သည်ဟု ထင်ရသည်။ ပိုက်ဆံရှိလျှင် လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတွေနဲ့ ထိုင်လို့ရသည်။ ဂျင်းဘောင်းဘီ ဝယ်လို့ရသည်။ ရုပ်ရှင်ကြည့်လို့ရသည်။

ထိုမှ နောက် နှစ်နှစ်၊ သုံးနှစ်ကြာ၍ ရုပ်ကြမ်းဝါဒ စာပေလေး မတောက်တခေါက် လေ့လာမိသောအခါ ပိုက်ဆံအပေါ် အမြင်မှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။ အင်္ကျီအိတ်ထဲတွင် တစ်ထောင်တန် ထည့်ထားသောသူ တွေ့လျှင်ပင် ဤသူကား ဓနရှင်ပေါက်စပဲဟု မုန်းတီးစိတ် မွေးရ၏။ ထိုအချိန်ကစ၍ ဖေသော်နှင့် ကျွန်တော်လည်း ခပ်စိမ်းစိမ်း ဖြစ်သွားကြသည်။ အမှန်တော့ ကျွန်တော့်ဘက်က ဘူဇွာတွေပဲဟူသော အမြင်နှင့် ခပ်တန်းတန်း စတင် ဆက်ဆံခဲ့ခြင်း ဖြစ်သည်။ သူ့ဘက်ကမူ အခင်အမင်ပျက်ဟန် မတူ။ ကျွန်တော်ကတော့ ခါတိုင်းလို ကျောင်းသွားကျောင်းပြန်လည်း သူတို့ ကားကြုံကို မစီးတော့။ သူက ကျွန်တော်တို့နှင့် လာရောလျှင်လည်း ဝေးဝေးနေစမ်းကွာ၊ မင်းကိုယ်က ပေါင်ဒါစော် နံတယ်ဟု နှင်ပစ်တတ်ကြ၏။

ကျွန်တော်တို့ လူစုကမူ စာအုပ်ထူကြီးများကို ချိုင်းကြားမှာ ညှပ်။ ဆေးပေါ့လိပ်ကို လက်ကြားမှာ ညှပ်ကာ လမ်းဓာတ်မီးတိုင်အောက် ရပ်၍ မိုးအလင်း ငြင်းခုံ ဆွေးနွေးကြသည်။ တက်ထရွန်အင်္ကျီ အဟောင်းလေးများကို (ပစ္စည်းမဲ့ ဆန်အောင်) မီးဖောက်ဝတ်ကြ၏။ သူငယ်ချင်းတစ်ဦးကမူ ဟီးနိုးကားစီးလျှင် ဆိုဖာပေါ်၌ ဒီအတိုင်းမထိုင်။ အပေါ်မှ စက္ကူတစ်ရွက်ခင်းပြီးမှ ထိုင်၏။ (ဆိုဖာဆိုတာ ဓနရှင်အသုံးအဆောင်မို့ဟု အကြောင်းပြသည်) ပစ္စည်းမဲ့ဒေါသပေါက်ကွဲတယ်ဆိုကာ ရပ်ထားသော ကိုယ်ပိုင်ကားများကို တံတွေးနှင့် ခိုးထွေး၏။ မဖြီးသင်သော ဆံပင်ရှည် မရိုဖရဲနှင့်။ ပါဝါမပါသော မျက်မှန်ကို တပ်သူကတပ်၊ ခုံဖိနပ်စီးသဖြင့် ဖိနပ်ပေါက်သူက ပေါက်၊ အိမ်က အငေါက်ခံရသူ ခံရနှင့် ဘာတာဝန်မှ မရှိသော ကျောင်းသားဘဝတွင် လွတ်လပ်စွာ ခဏ ရူးသွပ်ခွင့် ရခဲ့ဖူးသည်။

ကျောင်းကထွက်၍ လက်တွေ့ဘဝနှင့် တကယ် ရင်ဆိုင်ရသောအခါ မှ့က်စ်၊ ကိန်းနှင့် အဒမ်စမစ်အကြောင်း များများသိရာကနေ၊ ပိုက်ဆံ အစစ်အကြောင်း နည်းနည်း သိလာရသည်။ ပိုက်ဆံဆိုတာ ငွေတွေ ကြေးတွေကို သွန်းလုပ် သုံးစွဲစဉ်က ငွေကြေး။ တစ်ခါကမူ ပိုက်ဆံဆိုသည်မှာ ဆိတ် တစ်ကောင်၊ ကျောက်ခဲတစ်ခဲ၊ ဆားတစ်ပုံ၊ ခရုခွံတစ်ခု ဖြစ်ခဲ့သော်လည်း သူ၏

mgyoe.com

mgyoe.com SAMPLE BOOK
အနှစ်သာရမှာ မပြောင်းလဲခဲ့။

လူသား၏ အကြီးမားဆုံးသော လိုအင်ဆန္ဒမှာ မိမိဘဝ လုံခြုံလိုမှု ဖြစ်သည်။ ဒီနေ့ခေတ်သည် တွေ့ရာဂူမှာ ခိုအောင်း၍ ကိုယ်တိုင် အမဲလိုက်စားနိုင်သောခေတ် မဟုတ်တော့။ အရာရာကို ပိုက်ဆံနှင့် ဝယ်ယူနေရသည်။ ဘဝလုံခြုံမှုအတွက် အဓိက လိုအပ်သောအရာမှာ ပိုက်ဆံဖြစ်လာသည်။ လူတိုင်း ပိုက်ဆံကို ရှာကြရသည်။ ကံ၊ ဉာဏ်၊ ဝီရိယ အကြောင်းသုံးပါးကို လိုက်ကာ နည်းနည်းရသူက ရ၍ များများရသူက ရသည်။

ကျွန်တော်တို့လည်း အစွန်းထွက်တန်ဖိုး သီအိုရီကို သိသလို ဆေးပေါ့လိပ်ထက် စီးကရက်က ပိုကောင်းကြောင်း သိလာကြသည်။ ခုံဖိနပ်ထက် ကတ္တီပါသည်းကြိုးဖိနပ်က ပိုကောင်းကြောင်း သိလာကြသည်။ ပြင်သစ်နှင့် အမေရိကန် ရုပ်ရှင်များ ပြသည့် ရုံများဆီသို့ ခြေဦးလှည့်နေမိပြန်သည်။ (ယခင်ကမူ ဤလို ကားမျိုးကို အပေါင်းအသင်းများ ဝေဖန်ခံရမည် စိုးသဖြင့် ခိုးကြောင်ခိုးဝှက် ကြည့်ခဲ့ရသည်)

ဥပဒေ၏ ပြင်ပများလည်း မဟုတ်။ သမ္မာအာဇီဝလည်း ကျမည်ဆိုလျှင် ပိုက်ဆံရှာရတာ ရှက်စရာဟု မယူဆတော့။ ဖေသော်နှင့်လည်း အရင်ကလို ခင်ခင်မင်မင် ပြန်ဆက်ဆံနိုင်ခဲ့၏။ သူလည်း အိမ်ထောင်ကျနေလေပြီ။ မိန်းကလေးဘက်က တိုက်နှစ်လုံး လက်ဖွဲ့သည်ဟု တစ်ဆင့် ကြားရသည်။ သူတို့ ဗိုလ်ချုပ်ဈေးထဲမှာ စိန်ရွှေရတနာဆိုင် ဖွင့်ထားသည်။ အပျင်းပြေသဘော တစ်ခါတလေ သူက ကားပွဲစား လုပ်သလိုလို ကြား၏။ တွေ့လျှင် သူသည် အမြဲ သွက်လက် ရွှင်ပျနေလေသည်။

စီးပွားရှာဖက်တစ်ဦးက မှော်ရုံတောထဲမှ သမင် လိုက်ရသလိုပါပဲဟု ညည်း၏။ ထိုမှော်ရုံတောထဲမှာ နည်းအမျိုးမျိုးနှင့် လမ်းပျောက်ကြသူများလည်း ရှိသည်။ ဆင်းရဲတဲ့ဒဏ်ကို ခံနိုင်ကြသူများမှာ ချမ်းသာတဲ့ဒဏ်ကို မခံနိုင်ကြ။ တစ်ရာ့ငါးဆယ်တန်နာရီ ဝယ်ပတ်ပြီး ဘယ်ဘက်လက်ကြီး တစ်ဖက်တည်း ကားလာတဲ့သူ။ အစိတ်တန် နေကာမျက်မှန်ကို တပ်ပြီး ကောင်းကင်ကြီးကို မော့ကြည့်ရင်း လျှောက်တဲ့သူတွေနှင့် လောကကြီးအတွင်းမှာ မတိုက်မိအောင် ရှောင်ရသည်။ တချို့ကတော့ လက်ထဲမှာရှိသော ပိုက်ဆံနှင့် စားစရာ ဝတ်စရာ လောက်သာမက အရက်ပုလင်း၊ ဖဲထုပ်၊ မိန်းမနှင့် အပါယ်လေးပါးပါ ဝယ်ကြသည်။ ဒီတော့မှ သူတို့ကို တအံ့တဩ ကြောက်လန့်သောစိတ်နှင့် ငေးမောကြည့်
mgyoe.com

mgyoe.com SAMPLE BOOK
ရင်း 'လောကမှာ အခက်ခဲဆုံး အလုပ်ဟာ ပိုက်ဆံသုံးရတာပဲ' ဆိုသည့် အဘိုး စကားကို သဘောပေါက်လာ၏။

အဲဒီအသိနှင့် ကိုယ့်ပိုက်ဆံကို စင်ကြယ်ဖြူသန့်စွာ သုံးစွဲမိဖို့ ဂရုထား တတ်လာ၏။ ပိုက်ဆံဆိုတာ ဒုစရိုက်နွံထဲ ဆင်းစရာ လှေကားထစ်များအစား သန့်ရှင်းသော ပီတိ၏ ပန်းပွင့်များသာ ဖြစ်သင့်၏။

Money is a kind of poetry. 'ပိုက်ဆံဆိုတာ ကဗျာတစ်မျိုးပါပဲ' ဆို သည့် အနောက်တိုင်း အဆိုတစ်ခုကို တွေ့ကာ သဘောကျမိ၏။ ပိုက်ဆံ မရှိ တာထက် ပိုက်ဆံရှိတာက ပိုကဗျာဆန်တာ အမှန်ပင်။

အိမ်ကလေးကို မီးခိုးနုနု ဆေးသုတ်မည်။ မှန်တံခါးတပ် ပြတင်းပေါက် ပေါင်များကတော့ အဖြူ။ ထိုပြတင်းပေါက်များတွင် ဖက်ဖူးရောင် ဓာခန်းဆီးများ လွင့်ပါးနေရမည်။ စာရေးစားပွဲပေါ်မှ ကြွေပန်းအိုးထဲမှာတော့ အီကေဘားနား နည်းဖြင့် ပြင်ဆင်ထားသော ခရမ်းရောင် သစ်ခွပွင့်တစ်မျိုးနှင့် စိမ်းမှောင်မှောင် ကျောက်ခက်ရွက်သေးလေးများ ရှိမည်။ ခြံစည်းရိုးကို နှင်းဆီအဝါများဖြင့် ခတ် မည်။ ကိုယ်က ရေမကူးတတ်သော်လည်း ခြံထဲမှာ ပြာလဲ့လဲ့ ရေကူးကန်တစ်ခု ရှိစေချင်သေးသည်။ လဝါသော ညများတွင် မီးမှိတ်ထားသော ဝရန်တာမှာ ထိုင်ရင်း နားထောင်ဖို့ ဗီသိုဗင်နှင့် ချိုက်ကော့စကီးတို့ရဲ့ ဓာတ်ပြားတွေလည်း ရှိဦးမှပေါ့။ ဖျော်ရည်ပုလင်းတွေ သုံးဆယ့်ငါးကျပ်အထိ ဈေးတက်နေသည်။ ရေခဲသေတ္တာထဲမှာ နှစ်ဒါဇင်လောက် သိုလှောင်ထားသင့်၏။ ပျင်းလျှင် အလန် ဂင်းစ်ဘတ်၏ ကဗျာစာအုပ်ဖြစ်ဖြစ်၊ ၇၆ ခုနှစ်က ဆုံးသွားတဲ့ စာရေးဆရာမ ကာဆွန်မက္ကောလားရဲ့ ဝတ္ထုတစ်ပုဒ်ပဲဖြစ်ဖြစ် စာအုပ်စင်ဖြူဖြူထဲက ယူဖတ် ချင် ဖတ်၊ ပီတာဝိုင်ယာရဲ့ ရုပ်ရှင်ကားတစ်ခွေကို ဗီဒီယိုစက်ထဲ ထည့်ကြည့်ချင် ကြည့်။ သို့သော် ထိုကိစ္စအားလုံးမှာ ပိုက်ဆံရှိမှ ဖြစ်နိုင်လေသည်။

အခုတော့ မှော်ရုံတောထဲမှာ သမင်လိုက်ရင်းနှင့်ပင် ထိုသမင်သည် ဘီလူးက အယောင်ဆောင်ထားသော သမင် ဖြစ်ကြောင်းလည်း သိမြင်ခဲ့ပြီးလေပြီ။ ပိုက်ဆံနှင့် မိမိသမိုင်း၏ အပြန်အလှန် ဖြတ်သန်းမှုအရ ဉာဏ်နှင့် ဝီရိယ မပေါ့ သော်လည်း ချမ်းသာကြွယ်ဝဖို့ ဆိုတာကတော့ ကံအကြောင်းနှင့်သာ ဆိုင်သည်ဟု ရင်ထဲက လောဘအမောကို နည်းမှန်လမ်းမှန် ရှောင့်ရဲ လျှော့ဖြေနိုင်ခဲ့သည်။

တစ်နေ့တော့ ပပဝင်း ရုပ်ရှင်ရုံမှာ ရုပ်ရှင်ကြည့်ရန် စောင့်စားနေခိုက် ကြိုတင်လက်မှတ် လာဝယ်သော ဖေသော်နှင့် တွေ့၏။ သူ စီးလာသော အစိမ်းနု

mgyoe.com

mgyoe.com SAMPLE BOOK
ရောင် လင်ဆာကားသစ်မှာ မျက်စိကျိန်းလောက်အောင် တောက်ပြောင်နေသည်။ သူက တစ်ခုခု သောက်ရအောင် ပြောသဖြင့် အနီးမှ လက်ဖွေးစင်ကဖေးသို့ ရောက်သွားကြသည်။ ကျွန်တော်က ...

'ရှစ်မိုင်မှာ မင်းတို့ တိုက်သစ်တစ်လုံး ဆောက်နေတယ်ဆို'

'ဟုတ်တယ်ကွ။ ခြံက ဒီအတိုင်းပစ်ထားတာ ကြာပြီ။ တိုက်ဆောက်ပြီး အငှားထားမလားလို့'

'မင်းကလည်း လောဘကြီးလှချည်လား'

ကျွန်တော် နောက်နေမှန်း သူသိ၏။ ပြုံးကာ ...

'အဲဒီက ရတဲ့ငွေက လှူဖို့ပါကွာ'ဟု ဆိုသည်။ သူတို့ လင်မယားမှာ သားသမီး မပွားစီး။ တခြား ထောက်ပံ့ရမည့်လူလည်း မရှိ။

'မင်းတို့ကော အဆင်ပြေရဲ့လား'

'သင့်ရုံပဲ'

'ကောင်းပါတယ်။ ပိုက်ဆံကိုတော့ မှန်တဲ့နည်းနဲ့ ရအောင်ရှာကွာ၊ ပိုက်ဆံရှိတော့ လောဘ၊ ဒေါသ၊ မောဟ ကင်းတာပေါ့'

'ဟင် ... ဘယ်လိုကွ ...'

သူ့စကားက ကျွန်တော့်အတွက် အထူးအဆန်း ဖြစ်နေသည်။

'ဒီလိုလေကွာ၊ ဘုရားကို သိကြားက တစ်ခါက 'သတ္တဝါတွေရဲ့ အပါယ်ကျရာ အကြောင်းတရားဟာ ဘာပါလဲဘုရား'လို့ မေးလျှောက်ဖူးတယ်။ ဘုရားရှင်က ဣဿာမစ္ဆရိယဆိုတဲ့ ဝန်တိုငြူစူတဲ့စိတ်ပဲလို့ ဖြေတယ်တဲ့။ မင်း တွေးကြည့်လေ။ လူတိုင်းဟာ လိုသမျှသာ ရနေရင် ဘယ်သူ့ကိုမှ ငြူစူတဲ့စိတ် မွေးကြမှာ မဟုတ်ဘူး"

'အင်း ... ရေးတေးတေးတော့ ရှိတယ်'

'အိမ်မရှိတဲ့လူက အိမ် ရှိချင်တယ်။ အိမ် ရှိတဲ့လူကို မနာလိုဖြစ်တယ်။ ငြူစူစိတ် မွေးတယ်။ အိမ် ရှိတဲ့လူကလည်း တိုက်ရှိတဲ့လူအပေါ်၊ တိုက်ရှိတဲ့လူကလည်း တိုက်အပြင် ကားရှိတဲ့လူအပေါ် မနာလို ငြူစူစိတ် ဖြစ်တယ်။ လူတိုင်းသာ တိုက်ရယ်၊ ကားရယ် ရှိမယ်ဆိုရင် အဲဒါနဲ့ပတ်သက်ပြီး ဖြစ်ပေါ်နိုင်တဲ့ မနာလို ဝန်တိုစိတ်မျိုးလောက်ကိုတော့ သူတို့ဟာ ပယ်သတ်နိုင်ပြီးသား ဖြစ်လိမ့်မယ် ထင်တယ်။ အဲဒါက ပိုက်ဆံနဲ့ လောဘ၊ ဒေါသ၊ မောဟကို ပယ်တဲ့နည်းပေါ့'

mgyoe.com

mgyoe.com SAMPLE BOOK

'မင်း ဆေးမြီးတို မဆိုးဘူး'

လမ်းပေါ်ပြန်ရောက်သောအခါ တံတွေးတစ်ချက် ထွေးလိုက်၏။ အမှတ်တမဲ့ ဖြစ်သော်လည်း ကျွန်တော်က သူနှင့်ပတ်သက်သော ငယ်စဉ်က ကိစ္စလေးတစ်ခုကို ချက်ချင်း ပြန်အမှတ်ရမိ၏။

ကျောင်းသားဘဝက တံတွေး ထွေးလျှင် ကျွန်တော်တို့အားလုံး 'ထွီ' ဟု မြည်သော်လည်း ဖေသော်က 'ထွမ်' ဟု တမင်မြည်သံပြုကာ ထွေးတတ်၏။ သူက 'တို့က တိုက်ထဲမှာ ထွေးနေကျမို့ လိုဏ်သံပါနေတာကွ' ဟု နောက်၏။ ပိုက်ဆံရှိလျှင် တံတွေးထွေးသံပင် ကွာခြားတတ်ကြောင်း ထိုစဉ်ကတည်းက ကျွန်တော် သိခဲ့ဖို့ ကောင်းပါသည်။

*ဒဂုန် မဂ္ဂဇင်း*

*ဇန်နဝါရီ၊ ၁၉၈၇။*

mgyoe.com

mgyoe.com SAMPLE BOOK

# တိမ်နှင့် လူ

ငယ်စဉ်က မကြာခဏပင် ကောင်းကင်သို့ ပျံတက်လိုသောစိတ် ဖြစ်ပေါ်ခဲ့ဖူးသည်။ အခြားဆန္ဒ ရှိလှသောကြောင့် မဟုတ်။ တိမ်ကို ကိုင်ကြည့်လိုမှု တစ်ခုကြောင့် ဖြစ်သည်။ အပြာနုရောင် မိုးပြင်မှာ ဆွတ်ဖြူသည့် တိမ်စိုင်တို့ ပွတ်ရှပ် မျောလွင့်နေပုံကို သစ်ပင်ခွကြားပေါ် တက်ထိုင်၍ လည်းကောင်း၊ အိမ်ခေါင်မိုး သွပ်ပြားပေါ် ပက်လက်လှန် လှဲ၍လည်းကောင်း တမက်တမော ကြည့်ဖူးသည်။ ဤဆွတ်ဖြူနုအိသည့် တိမ်တိုက်တို့အပေါ်သာ ထိုင်လိုက်သွားရလျှင် ကြားဖူးသော ပုံပြင်တွေထဲက ကော်ဇောပျံ စီးရတာမျိုးထက် သာလိမ့်မည်ဟု တွေးမိ၏။ ကလေးသာသာ လူပျိုပေါက်ဘဝ စိတ်ကူးနှင့် ထိုတိမ်တိုက်တို့ အထဲတွင် တိုးဝှေ့ လူးလှိမ့်ချင်သည်။ ပျော်မြူး ခုန်ပေါက်ချင်သည်။

သူငယ်ချင်း မိုးကျော်ဆီက ဆေးရောင်စုံ ရုပ်ပြစာအုပ်ထဲတွင် အတောင်ပေါက်နေသော လူများ၏ပုံကို တွေ့ရသောအခါ သူ တအံ့တသြ သဘောကျမိပြန်သည်။ ရုပ်ပြစာအုပ်ကို နိုင်ငံခြားမှ ပြန်လာသည့် မိုးကျော်အဖေ ယူလာခဲ့ခြင်း ဖြစ်သည်။ သူ့ဘဝတွင် တိမ်တွေအကြောင်းကို ပထမဆုံး ပြောနိုင်သူမှာလည်း မိုးကျော်ပင် ဖြစ်၏။ ကျောင်းပိတ်ရက်တွင် မိုးကျော်သည် သူ့အဘိုးနှင့် အဘွားရှိရာ မန္တလေးသို့ လေယာဉ်ပျံဖြင့် သွားလည်ခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

'တို့စီးတဲ့ လေယာဉ်ပျံက တိမ်တွေထဲကို ဖောက်ဝင်သွားတယ်'

သူ ရင်တွေ ခုန်နေသည်။ သူတို့အထဲတွင် မိုးကျော်သည် တိမ်တွေထဲသို့ ဦးဆုံးရောက်ခဲ့သော သူရဲကောင်းဖြစ်သည်။

'မင်း အဲဒီတိမ်တွေကို ကိုင်မကြည့်ခဲ့ဘူးလား'

သူ့မေးခွန်းကို ကြားသောအခါ မိုးကျော်က အားရပါးရ ရယ်၏။ သူက လေယာဉ်ပျံ၏ ပြတင်းပေါက်များသည် ဘတ်စ်ကား ပြတင်းပေါက်များလို ဖွင့်ရပိတ်ရ လွယ်လိမ့်မည်ဟု ထင်မှတ်ခဲ့၏။

'တိမ်ဆိုတာ မီးခိုးလိုပါပဲကွာ'

မိုးကျော်သည် တိမ်များကို စိတ်ဝင်စားသူ မဟုတ်ချေ။ သူ့မိဘများသည် ချမ်းသာသော အရာရှိများ ဖြစ်သည်။ သူ့ဆီတွင် နိုင်ငံခြားဖြစ် ကစားစရာများ၊ နိုင်ငံခြားဖြစ် ဆေးရောင်စုံ ရုပ်ပြစာအုပ်များ များစွာရှိသည်။ မိုးကျော်သည် တိမ်များကိုသာ မဟုတ်၊ ဘာကိုမျှ စိတ်ဝင်စားသူ မဟုတ်ချေ။ နောက်ဆုံး သူ့ကို စိတ်ဝင်စားနေသည်ဆိုသော အလှဆုံးဖြစ်သည့် ဖြူဖြူလွင်ကိုပင် စိတ်ဝင်စားသူ မဟုတ်ချေ။

'မင်း ကြီးလာရင် ဘာလုပ်မလဲ' ဟု မိုးကျော်ကို မေးလျှင် ...

'ဘာမှမလုပ်ဘူး' ဟု ဖြေတတ်သူသာ ဖြစ်သည်။

သူကတော့ ရည်ရွယ်ချက် ထားခဲ့ရသည်။ သူတို့ဘဝက နိမ့်ကျသည်။ သူတို့အဖေ၏ အဖေများ ဘဝကလည်း နိမ့်ကျခဲ့သည်။ အဖေက အထက်တန်းစာရေး၊ မောင်နှမ လေးဦးထဲတွင် သူက အကြီးဆုံး။ ကန်စွန်းရွက်ကြော်နှင့် ပဲဟင်းကို တစ်လှည့်စီ စားနေရသောဘဝမှ တစ်နေ့ ကျွတ်လွတ်မည်ဟု သူ အားခဲ မျှော်မှန်းခဲ့သည်။ သူ ပညာတတ်အောင် သင်မည်။ သူသည် အတန်းထဲတွင် အဆင့်သုံးထက် လျော့ရလေ့ မရှိခဲ့။ ဆေးတက္ကသိုလ် ဝင်ခွင့်ရအောင် ကြိုးစားမည်။ အဖေက 'မင်းသာ ကြိုးစား၊ ငါတို့ ငါးပိရည်နဲ့စားပြီး ထားပေးမယ်' ဟု ပြော၏။ သူ အောင်မြင်သော ဆရာဝန်တစ်ယောက် ဖြစ်ရမည်။ သူတို့ ငှားရမ်းနေကြသည့် ဤပိတ်မှောင် မွန်းကျပ် နံဟောင်သော အခန်းကျဉ်းကလေးထဲမှ သူ့မိသားစုကို (မိုးကျော်တို့လို လှပသော နှစ်ထပ်တိုက်တစ်လုံး မဟုတ်တောင်မှ) ယခုထက် ပို၍ သက်သောင့်သက်သာရှိသော အိမ်ကလေး တစ်လုံးဆီသို့ ခေါ်ဆောင်သွားချင်သည်။ ထိုအိမ်သည် အလင်းရောင်နှင့် လေကောင်းစွာရရုံမက တိမ်များကို လွတ်လွတ်လပ်လပ် ကြည့်မြင်နိုင်သော ပြတင်း

mgyoe.com

mgyoe.com SAMPLE BOOK
ပေါက်လည်း ရှိရမည်။

နေဝင်လုနီးပါးတွင် မှျော်လင့်ချက် တိမ်တောင်များ ရွှေရောင်တောက်ပနေခဲ့သည်။ ရုတ်တရက် ထွက်ပေါ်လာ အဖေ၏ ချောင်းဆိုးသံက တိမ်များကို လွင့်ရှဲသွားစေခဲ့သည်။ အဆုတ်ရောဂါဟု သိရ၏။ သွေးစ စင်သော တိမ်များမှာ ရုတ်ခြည်း နီပုပ်၍ သွားလေသည်။

အဖေ ဆေးပင်စင် ယူရသည်။ သူ ဆယ်တန်းကို အပြင်မှ ဖြေသည်။ ကံကောင်းထောက်မသဖြင့် အောက်တန်းစာရေးလေး တစ်နေရာရ၏။ ကျောင်းနေဆဲ သူ့အောက်မှ ကလေးများ ပညာသင်ကြားရေး ဖရိုဖရဲမဖြစ်အောင် မနည်းစီမံရသည်။ အဖေ့အလုပ်ထဲမှရသော စုငွေဖြင့် အမေက အိမ်ဆိုင်ကလေး ဖွင့်၏။ သူ၏အခန်းမှာ ပိတ်မှောင်မွန်းကျပ် နံဟောင်မြဲ ဖြစ်သည်။ သူလည်း တိမ်တွေကို မေ့လျော့သွား၏။

ကျောင်းနေစဉ် ကိုယ့်ဘက်က ရာခိုင်နှုန်းပြည့် သေချာစွာ သူနှင့်မှ အိမ်ထောင်ပြုမည်ဟု ကြိတ်ရည်မှန်းထားခဲ့သော တစ်ဖက်သတ် ချစ်သူနှင့်လည်း ဝမ်းနည်းစွာ အေးစက် လွင့်ဝေးခဲ့ရလေပြီ။ တစ်ခါတစ်ရံ လမ်းဘေးမှာ ဘယာကြော်သုပ် စားနေစဉ် ဖြတ်သန်းသွားသော ကားပေါ်၌ သူ ပါသွားသည်ကို လျှပ်ပြက်သလို မြင်လိုက်ရခြင်းမျိုးကလွဲ၍ ကြုံကြိုက်ခွင့်မသာတော့ပြီ ဖြစ်၏။ ရင်ထဲက နှလုံးလှုပ်ခုန် ပူနွေးစက သူ တမေ့တမော ကြည့်ခဲ့ဖူးသော တိမ်ကလေး တစ်စိုင်ပဲ ဆိုပါစို့။ အခုတော့ ရုံးချိန်မီရန် ခပ်သုတ်သုတ် သွားနေရသောအခါ ခလုတ်တိုက် မလဲအောင် မြေကြီးကိုသာ ငုံ့ကြည့်နေရတော့၏။ သို့ဖြင့် ညိုညိုနှင့် တွေ့ခဲ့သည်။

ညိုညိုသည် သူနှင့် တစ်ဌာနတည်းမှာ လုပ်ကိုင်နေသော အကူစာရေးမလေး ဖြစ်သည်။ ညိုညိုသည် ပြုံးလိုက်လျှင် အနည်းငယ် ချစ်စရာကောင်းသည်က လွဲ၍ သာမန်အရပ်သူ ရုပ်ရည်ရှိသူသာ ဖြစ်သည်။ သူတို့လိုပင် ညိုညိုတို့သည်လည်း နိမ့်ကျသည်။ သူတို့လိုပင် ညိုညိုတို့သည်လည်း ပိတ်မှောင်မွန်းကျပ် နံဟောင်သော အခန်းကျဉ်းတစ်ခန်းကို ငှားရမ်းကာ နေထိုင်ကြသည်။ ညိုညိုနှင့် သူသည် စာပေးစာယူ အနီးကပ်သင်တန်းကို အတူတူတက်ရင်းက ချစ်သူများ ဘဝသို့ ရောက်သွားကြ၏။ ထူးခြားသည်မှာ ညိုညိုသည်လည်း သူကဲ့သို့ပင် ငယ်စဉ်က တိမ်များကိုကြည့်ကာ တမေ့တမော ရှိခဲ့ဖူးသူဟု ဆို၏။ ယခုတော့ ထိုအကြောင်းကို ပြန်ပြောကာ သူတို့ ပြိုင်တူရယ်မောကြသည်။
mgyoe.com

mgyoe.com
SAMPLE BOOK

'ကျွန်တော်ကတော့ ကြီးလာရင် ဆရာဝန် လုပ်မယ်'

ဟု ပညာချွန်သည့် ရှစ်တန်းကျောင်းသား သူ့ညီအငယ်ဆုံး၏ စကားကို ကြားသောအခါ သူ မရယ်နိုင်တော့ပါ။ သူ့ညီ ခေါင်းထဲမှ ရွှေရောင်တိမ်တိုက် တစ်ခုကို သူ မမြင်သော်လည်း သိနေမိသည်။ အဖေ ဆုံးသွားခဲ့ပြီ။ ငယ်စဉ်က ကျောင်းအုပ်ဆရာမကြီး လုပ်မယ်ဟု ပြောခဲ့ဖူးသော သူ့ညီမမှာ ဂုန်နီစက်ရုံတွင် အလုပ်သမ ဖြစ်နေ၏။ အမေ့ဈေးဆိုင် ပြုတ်သွားခဲ့သည်။ သူတို့ အခန်းကျဉ်း ကလေးထဲမှာ ပိတ်မှောင်မွန်းကျပ် နံဟောင်မြဲ ဖြစ်၏။ အမေက ချောင်းဆိုးပြန် သည်။

အမေ့အတွက် မြို့ထဲမှာ ဆေးရှာဝယ်နေစဉ် မတွေ့တာ ကြာပြီဖြစ်သော မိုးကျော်နှင့် တွေ့သည်။ သူတို့ မတွေ့ဖြစ်သည်မှာ ခုနစ်နှစ်ခန့် ရှိပြီ။ မိုးကျော် သည် တောင်တန်းဒေသတစ်ခုတွင် အရာရှိကြီးတစ်ဦး ဖြစ်နေလေသည်။

'ငါ လက်ထပ်တာရော သိလား'

သူ ခေါင်းညိတ်ပြလိုက်၏။ မိုးကျော်နှင့် ဖြူဖြူလွင်တို့ အင်းလျားလိတ် ဟိုတယ်တွင် လက်ထပ်ကြသည့်သတင်းကို လွန်ခဲ့သော သုံးနှစ်ခန့်က သတင်းစာ ထဲတွင် သူ ဖတ်လိုက်ရ၏။ ထိုနေ့က သူ အနည်းငယ် ဝမ်းနည်းမိကြောင်း ဝန်ခံရပေမည်။ ဖြူဖြူလွင် ဆိုသည်မှာ သူ ကျောင်းနေစဉ်က တစ်ဖက်သတ် ခိုးချစ်ခဲ့ဖူးသူ ဖြစ်၏။ သူတို့ကို နှစ်ဖက်မိဘက ပေးစားတာဟု ဆိုသည်။

'မင်းရော ...'

သူက ခေါင်းခါပြ၏။ ညိုညိုနှင့် သူသည် ယနေ့ထက်တိုင် လက်မထပ် ဖြစ်ကြသေးချေ။ မကြာခင်က အထက်တန်းစာရေး ရာထူးအတွက် ရုံးတွင်း စာမေးပွဲကို သူဖြေထားခဲ့၏။ စောင့်စားမျှော်လင့်နေသလို အောင်စာရင်းထဲတွင် သူ့နာမည် ပါလာခဲ့လျှင် သူနှင့် ညိုညိုတို့ နှစ်ယောက်တည်း နေထိုင်ရန် အလို ရှိနေသည့် နောက်ထပ် မွန်းကျပ်နံဟောင်သော အခန်းကျဉ်းကလေးတစ်ခန်း ငှားရမ်းရန်ကိစ္စမှာ ယခုထက် ပို၍ နီးစပ်သွားနိုင်ပေလိမ့်မည်။

'မင်းကို ငါ သတိရတာ တစ်ခုရှိတယ်'

'ဘာလဲ'ဟု သူက မေး၏။ မိုးကျော်က ...

'တို့ဆီမှာ ပြတင်းပေါက်တံခါးကိုဖွင့်ရင် တိမ်တွေက အိမ်ထဲ ဝင်လာတယ် ကွ'

mgyoe.com

mgyoe.com SAMPLE BOOK

ငေးငိုင်နေသော သူ့ကို နှုတ်ဆက်၍ မိုးကျော် ထွက်သွားသောအခါ သူ့ခေါင်းထဲကို အတွေးတစ်ခု ဝင်ရောက်လာလေသည်။ မိုးကျော်တို့ အရပ်တွင် တောင်တို့သည်ပင် မြင့်လွန်းနေသလား၊ တိမ်တို့သည်ပင် နိမ့်လွန်းနေလေသလား။

*ဒဂုန် မဂ္ဂဇင်း*

*ဖေဖော်ဝါရီ၊ ၁၉၈၇။*

mgyoe.com

mgyoe.com SAMPLE BOOK

# မှန်နှင့် လူ

ကွေ့ကွေ့ကောက်ကောက် ပျံသန်းတတ်သော လိပ်ပြာ၌ လှပသည့် အတောင်ပံများ ရှိသည်။ အဲဒီစိတ်ကူးကလေး ကောင်းသည်။ ကဗျာစပ်ဦးမှပဲ သူ တွေးမိသည်။ လိပ်ပြာက သူ့ဘေးမှ အဝေးကို ခွာသွားသည်။

ဆိုင်ထဲကို သူ လှမ်းကြည့်လိုက်၏။ ထုံးစံအတိုင်း လူတော်တော်စုံနေလေပြီ။ 'ကြယ်နီကဖီး' ဆိုသည့် ဆေးပြယ်စပြုကာ ရွှံ့စောင်းစောင်းဖြစ်နေသော ဆိုင်းဘုတ်၏အောက်ရှိ ထိုင်နေသော ထိပ်စားပွဲဝိုင်းမှာပင် သူတို့ ထိုင်နေကြသည်။ တက္ကသိုလ်က ကျူတာပေါက်စ နှစ်ယောက်၊ ရှေ့နေလေး တစ်ယောက်၊ ဝေဖန်ရေးဆရာ တစ်ဦး၊ ကျူရှင်ဆရာ တစ်ယောက်၊ မဟာဝိဇ္ဇာ တက်နေသော ကျောင်းသားတစ်ယောက် သူတို့အားလုံးမှာ ကဗျာဆရာများ ဖြစ်ကြသည်။

သူ ဆိုင်ဘက်ကို လှမ်းဝင်လာတာတွေ့တော့ ဆိုင်ထဲမရောက်မီ ကျူတာပေါက်စလေး နှစ်ယောက်က ကပျာကသီ ထိုင်ရာမှထကာ သူ့ထက်ငါ ဦးအောင် ခုံလွတ်တစ်လုံးကို ဆွဲပေး၏။ ဒီလောက်တော့ ရှိရမှာပေါ့။ သူက သူတို့ထက် အသက်လည်းကြီး၊ ဝါလည်းကြီးသော ကဗျာဆရာကြီးတစ်ဦး မဟုတ်လား။ ပြီးတော့ သူတို့၏ ရှေ့ဆောင် သဘောတရားရေး ဆရာကြီးဆိုလည်း ဟုတ်သည်။ ထိုင်စမှာပင် အေ့ခနဲ သူ လေချဉ်တစ်ချက် တက်လိုက်၏။ ဗိုက်ကား

mgyoe.com

mgyoe.com SAMPLE BOOK
အောင် စားလာသော ဒံပေါက်ထမင်း ထောပတ်နံ့က နှာခေါင်းထဲမှာ သင်းလာသည်။ တခြားလူတွေများ ဤအနံ့ ရသွားမလားလို့ သူ မလုံမလဲ ဖြစ်သွားသေးသည်။ တော်သေးသည်။ ကျန်တဲ့သူတွေကလည်း ဒူးယားကိုယ်စီ ရှိုက်ဖွာနေကြသဖြင့် သတိပြုမိပုံ မပေါ်။

'ဆရာ ... ဘာလဲ၊ လက်ဖက်ရည်ပဲလား'

ရှေ့နေကလေး လောကွတ်ပြုသည်။ သူ ခေါင်းညိတ်ပြလိုက်၏။ အနားတွင် ရပ်စောင့်နေရာက ပြန်ထွက်သွားသော စားပွဲထိုးလေးကို စပါယ်ရှယ်ဟုတော့ လှမ်းပြောလိုက်သေးသည်။ ပြီးတော့ သူ့လက်က တိုက်ပုံအင်္ကျီအိတ်ထဲမှ ဒူးယားဘူးဆီ ရောက်သွား၏။ သို့သော် ချက်ချင်းပင် သတိတရားဝင်ကာ သူ့လက်ကို ပြန်ရုပ်လိုက်သည်။ ဒီလူအုပ်ထဲမှာ စီးကရက်ဘူးကို ထုတ်လို့ ဘယ်ဖြစ်မလဲ။ ခြအုပ်ထဲ ထင်းရှူးသေတ္တာ ချပေးလိုက်သလို ဖြစ်သွားမည်။ ထို့ကြောင့် သူနှင့် ခပ်လှမ်းလှမ်းမှာရှိသော စားပွဲတွင် တင်ထားသည့် သတ္တုခွက် ပက်လက်ကလေးထဲက ဒူးယားတစ်လိပ်ကို ထဆွဲလိုက်ရသည်။

သူ့ဘေးမှာ မဟာဝိဇ္ဇာကျောင်းသားက အကောင်းစား ရွှေရောင်ဓာတ်ငွေ့မီးခြစ်ကို ထုတ်ကာ ညှိပေး၏။ ဒီကောင်က အင်းလျားလမ်းမှာနေသည့် သူဌေးသား၊ အရက်သမား၊ လူပွေ။ ပိုက်ဆံရှိတာအပြင် ဘာဂုဏ်မှ မရှိသဖြင့် လူလေးစားခံရအောင် ပြည်သူ့ကဗျာဆရာ ယောင်ဆောင်နေခြင်းဖြစ်၏။ မော်လီဆိုသည့် ခပ်ပျက်ပျက် ကောင်မလေးတစ်ယောက်နှင့်လည်း ငြိစွန်းနေသည်။ သူတို့က ဝိုင်းကန့်ကွက်တော့ ဒီကောင်မလေးကို သူ ကြိုက်ချင်လို့ ကြိုက်တာ မဟုတ်ပါဘူး။ ဒီကောင်မလေးရဲ့နာမည်မှာ သူ ကြည်ညိုတဲ့ လူကြီးနှစ်ယောက်ရဲ့ အဖျားဆွတ် စကားလုံးတွေ ပါနေလို့ပါဟု ဆင်ခြေပေး အကြောင်းပြသည်။ တော်တော် ရယ်ဖို့ကောင်းတဲ့ကောင်။

'ဆရာ ... ဘယ်က လှည့်လာလဲ'

ကျူတာပေါက်စ တစ်ယောက်က မေးသည်။ အမှန်အတိုင်း သူ ဘဏ်က ငွေသွင်းပြန်လာတာလို့တော့ ဘယ်ပြောလို့ကောင်းမလဲ။ သူလည်း ပြည်သူ့ ကဗျာ၏ ဆရာတစ်ယောက်ပဲဟာ။

'ကိုယ့်လူတို့ဆီ တမင်လာတာပေါ့။ ဒီကို မရောက်တာ သုံးရက်လောက် ရှိပြီ မဟုတ်လား'

ထို ကျူတာပေါက်စရှေ့မှာ စာအုပ်တစ်အုပ် ချထားတာ တွေ့ရ၏။ သူ

mgyoe.com

mgyoe.com SAMPLE BOOK
လှမ်းကာ အကဲခတ်လိုက်တော့ အင်္ဂလိပ်လိုရေးထားသည့် အနုဖစ်ရှာ၏ ရသဗေဒ စာအုပ် ဖြစ်နေသည်။ အလကား ဟန်ရေးပြထားတာ။ ဒီကောင် အင်္ဂလိပ်လို ကောင်းကောင်းမဖတ်တတ်တာ သူ သိသားပဲ။ သူလည်း မဖတ်တတ်။

သူတို့ ယခုလထုတ် မဂ္ဂဇင်းများမှ ကဗျာများကို ဝေဖန်ဆွေးနွေးကြသည်။

သူတို့အားလုံးက တိုးတက်သောအမြင် ရှိသည့်သူတွေ။ တစ်ယောက်က မျက်မှန်ကိုချွတ်ကာ လုံချည်အောက်နားစနှင့် သုတ်နေသည်။

'ကဗျာဆရာဆိုတာ ပြည်သူ့ဘဝကို အမြဲထင်ဟပ်နေရမယ်'

ထိုစကားကို ပြောလိုက်သော ကျူရှင်ဆရာ၏ မျက်နှာမည်းမည်းမှာ ပေါင်ဒါအဖွေးသားနှင့် ဖြစ်နေသည်။ အိမ်ကမိန်းမ ဆွတ်ပေးလိုက်ဟန်တူသော ရေမွှေးနံ့ကလည်း သင်းနေသေး၏။ သူ့ဗိုက်ထဲက ကြိတ်ပြုံးမိသည်။ အဲဒီဘောကြ ရှေ့နေကလည်း ဘာထူးလဲ။ အမောက်ကောက်ကောက် ထောင်ထောင်နှင့် စစ်ပြီးခေတ် ပြဇာတ်မင်းသားပုံ ပေါက်နေသည်။

'ဒူးယားနှစ်ပွဲ' တစ်ယောက်က လှမ်းခေါ်သံကြားရ၏။ ဆိုင်ရှင်ကိုယ်တိုင် လာပို့သည်။ ဆိုင်ရှင်က သဘောကောင်းသည်။ မျက်လုံးပြူးပြူးနှင့် ကွယ်လွန်သူ ရုပ်ရှင် လူရွှင်တော် ဦးကြယ်နီနှင့် တော်တော်တူ၏။ လူတိုင်းက သူ့ကို နာမည်ရင်း မခေါ်ကြတော့ဘဲ ဤနာမည်ကိုသာ ခေါ်ကြသည်။ သူ့ဆိုင်လည်း ကြယ်နီကဖီးဟု တွင်သွားကြသည်။ သူကတော့ မြန်မာပြည်ပေါ်က ကြယ်နီဟု နောက်ခေါ်လေ့ ရှိ၏။ သူတို့ လေပစ်ခဲ့သမျှ အချိန်ဘယ်လောက် ကြာကြာ ထိုင်ထိုင် ငြူစူသည်ဟူ၍ မရှိ။

'ဒီကဗျာဆရာကြီးတွေက ကိုယ်တို့လောက် ဘယ်တိုးတက်မလဲ။ သူတို့ ကဗျာတွေ ရေးနေတုန်းက နဂါးနီစာအုပ်တိုက်မှ မပေါ်သေးတာ။ မောင်ရင်တို့လည်း ကြိုးစားကြ။ ကဗျာဆရာဆိုတာ ပြည်သူက ပေးတဲ့ဘွဲ့။ ဝက်သတ်လိုင်စင် ထုတ်ပေးသလို အချင်းချင်း လိုင်စင်ထုတ်ပေးလို့ ရတာမဟုတ်ဘူး'

သူ့စကားအဆုံးမှာ တောင်ပိန္နဲသီးတစ်လုံး မြေပေါ်ကို ပြုတ်ကျရာ မြင်မကောင်း ရှုမကောင်း ဖြစ်သွားသည်။ သူတို့စကားဝိုင်းမှာ အားကောင်းနေဆဲ။ စားပွဲခုံမှာ ဒူးယားငွေ့များအကြားတွင် ယိမ်းလှုပ်နေသည်။ ထုံးစံအတိုင်း သူတို့ ပြောကြသည်မှာ ...

'အရင်းရှင် လူ့ဘောင်ကဗျာ၊ တော်လှန်ရေး၊ ကျေးလက်ပြည်သူ၊ အမျိုးသားရေး၊ ပြည်သူ၊ မြေရှင်ပဒေသရာဇ်၊ ကားလ်မာ့က်စ်၊ ဖောက်ပြန်ရေးသမား၊

mgyoe.com

mgyoe.com SAMPLE BOOK

အနုပညာ၊ လူနေမှုစနစ်၊ ကျေးလက်အသံ၊ ဝမ်းတစ်ထွာ၊ တိုးတက်သော လက္ခဏာ ...'

'အားလုံး ခဏာလောက် ခင်ဗျာ'

သူတို့ဘေးတွင် လာရပ်ရင်း ပြောလိုက်သော စားပွဲထိုးလေး အသံကြောင့် သူတို့စကားဝိုင်း တန့်သွားသည်။

'အရင်းရှင် လူ့ဘောင်ကဗျာ၊ တော်လှန်ရေး၊ ကျေးလက်ပြည်သူ၊ အမျိုးသားရေး၊ ပြည်သူ၊ မြေရှင်ပဒေသရာဇ်၊ ကားလ်မာ့က်စ်၊ ဖောက်ပြန်ရေးသမား၊ အနုပညာ၊ လူနေမှုစနစ်၊ ကျေးလက်အသံ၊ ဝမ်းတစ်ထွာ၊ တိုးတက်သော လက္ခဏာ ...'

'ဟာ ... ဆရာတို့ဝိုင်း ညစ်ပတ်နေပြီ'

စားပွဲထိုးလေးက သူတို့ဘေး ရောက်လာကာ ပြောပြန်၏။ သူတို့စကားဝိုင်း သုံးခါလောက် ညစ်ပတ်ပြီးသောအခါ ...

'၄ နာရီ ထိုးတော့မယ် ကိုယ် ပြန်မှပဲ'

လူက နှုတ်ကပြောရင်း သူ့ပိုက်ဆံမှန်သမျှ အတွင်းရှပ်အင်္ကျီအိတ်ထဲမှာ ရှိနေတာကို သိလျက်သားနှင့် တိုက်ပုံအင်္ကျီ အပြင်အိတ်ထဲသို့ ပိုက်ဆံယူလာသည့် ဟန်ဖြင့် တမင်နှိုက်လိုက်၏။ နောက်တော့ ပိုက်ဆံမတွေ့သေးသည့် ဟန်နှင့် ထို လက်ကို ပြန်နုတ်ကာ တိုက်ပုံအင်္ကျီအပေါ်အိတ်ကို စမ်းပြန်သည်။ ရှေ့နေကလေးက သူ အမူအရာလုပ်နေသည်ကို တကယ်ထင်ကာ တောင်းတောင်းပန်ပန် ပြောသည်။

'ဟာ ... မဟုတ်တာ ဆရာ၊ သွားပါ။ ကျွန်တော်တို့ ရှင်းလိုက်ပါ့မယ်'

သူ နှုတ်ဆက်ကာ ထွက်ခွာလာခဲ့သည်။ ဆိုင်ထဲက လူများ လှမ်းမမြင်နိုင်လောက်သည့် နေရာအထိ သူလျှောက်လာပြီးမှ အငှားကားတစ်စီးကို တားရ၏။ အိမ်က ကားဟောင်းကို ကားသစ်လဲရန် ရောင်းထားကာ ကားသစ် ကောင်းကောင်းတစ်စီး ရှာနေခိုက် ဒီလောက်တော့ ဒုက္ခခံရပေမည်။

သူ စီးလာသော အငှားလေးဘီးကားလေးသည် လိုင်းကားအတော်များများကို အေးအေးလူလူ ဖြတ်ကျော်လာကာ နှစ်ထပ်တိုက်တစ်လုံးရှေ့တွင် ထိုးရပ်လိုက်၏။

သူ တိုက်ထဲရောက်တော့ မိန်းမနှင့်ပင် စကားမပြောနိုင်သေးဘဲ ရေခဲသေတ္တာဆီသို့ ခပ်သွက်သွက် လျှောက်သွားရသည်။ ပစ္စည်းမဲ့စကား ပြောရတာ

mgyoe.com

mgyoe.com
SAMPLE BOOK
မြိန်ရေရှက်ရေတော့ အရှိသား။ ဒါပေမဲ့ အာခြောက်တာက ခက်သည်။

ရေခဲသေတ္တာတံခါးကို ဆွဲဖွင့်ကာ အထဲမှ နို့အေးပုလင်းတစ်လုံးကို သူ ဆွဲထုတ်ယူလိုက်၏။ ထိုအချိန်မှာပင် ရေခဲသေတ္တာဘေး နံရံတွင် ချိတ်ဆွဲထားသော မှန်တစ်ချပ်ထဲမှာ တစ်ခါမှ မမြင်ဖူးသော သူ့ပုံရိပ်ကို သူ ရုတ်တရက် မြင်လိုက်ရသည်။ မှန်ထဲတွင် နို့အေးပုလင်းကို ကိုင်ထားသော သူ့လက်ဝဲလက်မှာ လက်ယာလက် ဖြစ်နေလေသည်။

*ဒဂုန် မဂ္ဂဇင်း*

*မေ၊ ၁၉၈၇။*

mgyoe.com

mgyoe.com SAMPLE BOOK

# စာအုပ်နှင့် လူ

သူ့ပုံပန်းက အငြိမ်းစား ပါမောက္ခကြီးတစ်ဦးအသွင်နှင့် တူ၏။ ဖွေးဖွေးဖြူ၍ ဖြီးသင်လေ့ ရှိဟန်မတူသော ဆံပင်များက ကုပ်ထိလုနီး ရှည်လျားစွာ ပြန့်ကျနေသည်။ ရှုံ့တွတွ သူ့မျက်နှာ နီစပ်စပ်ပေါ်တွင်လည်း မှဲ့ခြောက်နှင့် အရေးအကြောင်း အတွန့်များ ပြည့်နှက်နေ၏။ သူ့နှာခေါင်း ချွန်ချွန်ပေါ်တွင် အမြဲ ရှိနေတတ်သည့် အဝေးအနီး ကြည့်နိုင်သော အနက်ရောင် ကော်ကိုင်း မျက်မှန်သည်လည်း သူ့နည်းတူ အိုမင်းနေလေပြီ။ သူ့ခေါင်းကို စွပ်ထားရာတွင် မြဲမြံစေရန် ထိုမျက်မှန်၏ ကားနေသော ကိုင်းနှစ်ဖက်အဖျားကို သားရေကြိုးနှင့် ချည်နှောင် ဆက်သွယ်ထား၏။

အစိမ်းရောင် ဘန်ကောက်လုံချည်တစ်ထည်နှင့် အရောင် လွင့်ပြယ်စပြုနေသော တိုက်ပုံအင်္ကျီအနက်ကြီး တစ်ထည်တို့မှာ သူဝတ်နေကျ အဆင်အယင်များ ဖြစ်၏။ ကိုင်းနေသော သူ့ခါးကြောင့် ရှေ့ကို ငိုက်တွဲကျနေသည့် တိုက်ပုံအင်္ကျီ အနက်ကြီးမှာ သူ့ကိုယ်နှင့်စာလျှင် အတော်ပင် ဖားလျား ပွယောင်းနေသည်ဟု ထင်စရာရှိ၏။ သူ့ပခုံးပေါ်မှာ လွယ်လာတတ်သော တွဲအိနေသည့် လွယ်အိတ်အနက်ကြီး၏ အလေးချိန်ကြောင့်လည်း သူ့ခါးမှာ ပို၍ ပိုကိုင်းနေသယောင် ရှိ၏။ ခါးကိုင်းကိုင်းဖြင့် ထိုလွယ်အိတ်အနက်ကြီးအား တနင့်တပိုး ထမ်းလွယ်ကာ

mgyoe.com

mgyoe.com SAMPLE BOOK

ပန်းဆိုးတန်းလမ်းထဲကို တရွရွ ဖြည်းညင်းစွာ လျှောက်လှမ်း ဝင်လာသည်ကို မြင်လျှင် ပန်းဆိုးတန်းလမ်းထဲရှိ စာအုပ်သည်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ စမြဲပင်။

သူ့အမည်မှာ ဦးဘအို ဖြစ်သည်။ သို့သော် သူ့အမည်ကို ပန်းဆိုးတန်းလမ်း ထဲရှိ ဘယ်စာအုပ်သည်ကမှ မသိ။ အားလုံးက တညီတညွတ်တည်း 'ဆရာကြီး' ဟုသာ ရိုသေစွာ ခေါ်ဝေါ် ဆက်ဆံလေ့ ရှိကြသည်။ သူတို့အားလုံးက ဤ လူကြီးသည် တက္ကသိုလ်တစ်ခုခုမှ အငြိမ်းစား ပါမောက္ခအိုကြီးတစ်ယောက်၊ သို့မဟုတ် စီးပွားပျက်သွားရှာသော စာပေမြတ်နိုးသည့် သူဌေးဟောင်းကြီး တစ်ယောက် ဖြစ်မည်ဟုသာ အတွေးကိုယ်စီနှင့် လက်ခံထားကြ၏။ သူ ဘယ်မှာ နေသည်၊ သူ့မိသားစု ရှိ၊ မရှိဆိုတာ ဘဝဇာတ်ကြောင်းကို မည်သူကမှ မသိ။ သူတို့ သိသည်က ဦးဘအို၏လွယ်အိတ်ထဲတွင် အဖိုးတန် ရှားပါးသောစာအုပ် များ ပါလာတတ်သည် ဆိုသော အချက်သာ ဖြစ်၏။

ပန်းဆိုးတန်း၊ ၃၇ လမ်း တစ်ဝိုက်သည် စာအုပ်ဟောင်း ရောင်းဝယ်သူ များ၊ စာကြမ်းပိုးများ လေ့လာကျက်စားရာ ဒေသဖြစ်၏။ ထိုတစ်ဝိုက်က စာအုပ်သည်များသည် စာအုပ်ရောင်းလည်း ရောင်း၏။ ဝယ်လည်း ဝယ်၏။ ဦးဘအိုသည် သူတို့၏ ဖောက်သည်တစ်ဦး ဖြစ်၏။ အဝယ်သမား ဖောက်သည် မဟုတ်။ အရောင်းသမားဖောက်သည် ဖြစ်သည်။

အနှစ်နှစ် အလလက စုဆောင်ထားသမျှကို အကြောင်းအမျိုးမျိုးကြောင့် လာရောင်းကြသူတွေ လက်ထဲဝယ် အင်္ဂလိပ်၊ မြန်မာ စာအုပ်ကောင်းများ ပါလာ တတ်၏။ အင်မတန် ချိုသာသော ဈေးနှုန်းဖြင့် ဝယ်ယူရသော စာအုပ်များကို ပြန်ရောင်းသောအခါ သူတို့ နင့်ခနဲ အမြတ်ရလေ့ရှိသည်။ အခုတလော အထူး သဖြင့် အင်္ဂလိပ်လို ရေးထားသော ကမ္ဘာ့ ဂန္ထဝင်စာအုပ်များမှာ အဝယ်လိုက်နေ သည်။ လွန်ခဲ့သော ၁၀ နှစ်ခန့်က အစိုးရစာအုပ်ဆိုင်များမှ နှစ်ကျပ်ခွဲ၊ သုံးကျပ်နှင့် ဝယ်ခဲ့ရသော စာအုပ်များမှာ ယခုဈေးကွက်တွင် နှစ်ဆယ်၊ အစိတ် ဖြစ်နေသည်။ ကမူး၊ ဆတ်၊ ဂျိုက်စ်၊ ကာ့ဖ်ကာ စသူတို့၏ စာအုပ်မျိုးဆိုလျှင် ထို့ထက် ဈေး ခေါ်ရ၏။ လေးငါးဆယ် ဆိုလည်း ဝယ်မည့်သူ မနည်း။

စာရူးပေရူးကလေးများသည် ထိုဆိုင်များရှိရာသို့ ချောင်းပေါက်မတတ် ရောက်လာကာ ကမ္ဘာ့ ဂန္ထဝင်တွင် ဖတ်ရ ခက်ခဲသည်ဆိုသော၊ နာမည်ကြီးပေ့ ဆိုသော၊ အနုပညာမြောက်လှသည်ဆိုသော စာအုပ်များကို ကြားဖူးနားဝလောက်

mgyoe.com

mgyoe.com SAMPLE BOOK
ဖြင့် တဖွဖွ မေးကြ ဝယ်ကြသည်။ ထိုစာရှူးပေရှူးလေးများထဲတွင် တက္ကသိုလ်မှ ဆရာပေါက်စကလေးများ၊ ကိုယ့်ကို ကမ္ဘာ့စာပေနှင့် အကျွမ်းတဝင်ရှိသည်ဟု အထင်ခံချင်နေရှာသော ပိုက်ဆံရှိ သားသမီးများ၊ စာရေးဆရာ၊ ကဗျာဆရာ ပေါက်စကလေးများ စသဖြင့် လူစုံပါ၏။ ထိုအထဲမှ အတော်များများမှာ စာအုပ်နာမည်လောက်ပင် အတော်ကြိုးစား ဖတ်ရမည့်သူတွေ ဖြစ်သည်။ သို့သော် ဟန်လုပ်ကာ အလုအယက် ဝယ်ကြသည်။ မဂ္ဂဇင်းတစ်စောင်မှာ ဂျိမ်းဂျွိုက်စ် အကြောင်း ပါလာလျှင် ဂျိမ်းဂျွိုက်စ်စာအုပ် လာမေး၏။ သောမတ်မန်းအကြောင်း ပါလာလျှင် သောမတ်မန်း စာအုပ်ကို လာမေး၏။ ဗာဂျီးနီးယားဝုဖ်အကြောင်း ပါလာလျှင်၊ ကာ့ဖ်ကာအကြောင်း ပါလာလျှင် မြန်မာလို ဆောင်းပါးကိုဖတ်ကာ အဲဒီစာအုပ်တွေ မရှိဘူးလားဟု အင်္ဂလိပ်လိုစာအုပ်ကို သူတို့ လာမေးတတ်ကြ၏။

စာအုပ်သည်များအဖို့ ထိုလူစုမှာ အမြတ်အစွန်းကြီးကြီး ရနိုင်သော ပုံသေဖောက်သည်များ ဖြစ်၏။ ထို ချည်ပြီးတုပ်ပြီး ဝယ်သူများကို အရှည်သဖြင့် ဆွဲဆောင်ထားနိုင်ရန်အတွက် သူတို့စာအုပ်များကို ကြိုးစား ရှာဖွေကြရသည်။ စာအုပ်ကောင်းများကလည်း ရှားပါးတန်သလောက် ရှားပါးနေ၏။ ထိုအခြေအနေမျိုးတွင် ဦးဘအိုမှာ သူတို့အတွက် တန်ဖိုးရှိလှသော အထောက်အပံ့ကောင်းကြီး တစ်ယောက် ဖြစ်နေလေသည်။

ထို့ကြောင့် ဦးဘအို ပန်းဆိုးတန်း၊ ၃၇ လမ်း စာအုပ်တန်းဘက်သို့ ရောက်လာလျှင် အားလုံးလိုလိုက ပျူပျူငှာငှာ ကြိုဆိုလေ့ရှိကြ၏။ ဦးဘအို လာတိုင်းလည်း သူ လွယ်လာသည့် လွယ်အိတ်ကြီးနှင့်တစ်လုံး စာအုပ်ကောင်းများ အပြည့်အသိပ် ပါလာတတ်၏။ မြန်မာစာအုပ်များ မဟုတ်။ တန်ဖိုးရှိ အင်္ဂလိပ်စာအုပ်များ ဖြစ်သည်။

ဒီနေ့လည်း ဦးဘအိုသည် သူ့ဆီမှ စာအုပ်ဝယ်နေကျ ပန်းဆိုးတန်းက ကိုတင်အိ ဆိုင်မှာ ရောက်နေ၏။ ကိုတင်အိ ဆိုသူက ဈေးနှိမ်ပေးလေ့ မရှိ။ အရောင်းအဝယ်ဖြစ်ပြီးလျှင် လက်ဖက်ရည်တွေ၊ ဘာတွေ တိုက်သေးသည်။ သူနှင့် လူချင်းလည်း အတန်အသင့် ရင်းနှီးနေ၏။ ဦးဘအို လွယ်အိတ်အနက်ကြီးထဲမှ စာအုပ်များကို ကိုတင်အိက အပြင်မှာ တစ်အုပ်ချင်းထုတ်ကာ ပုံရင်းက ...

'ဂျွန်ကိ၊ ရှယ်လီ၊ ဝီလျံဘလိတ်၊ ဒီအပတ် ဆရာကြီးစာအုပ်တွေက ရိုမန်တစ် ကဗျာစာအုပ်တွေချည်းပါလား။ ကဗျာစာအုပ်ဆိုရင်လည်း ဟိုတစ်ခေါက်
mgyoe.com

mgyoe.com SAMPLE BOOK
ကလို ရစ်ချက်ဝက်ဘာ၊ ရောဘတ်လိုဝယ်တို့၊ ပရဲဇတ်တို့လို မော်ဒန်ဆရာတွေ ဟာ ယူလာပါ။ ဒါက ဒစ်ကင်း၊ ဒါက ရောဘတ်ဖရော့၊ ဟာ ... သောမတ်ဟာဒီ ဝတ္ထုတွေ တော်တော်များပါလား။ ပါးလ်အက်စ်ဘတ် စာအုပ်တွေလည်း ပါတယ်။ သူတို့က လူသိပ်မဖတ်တော့ဘူး ဆရာကြီးရဲ့ ခေတ်ကုန်နေပြီ'

ဦးဘအိုက ကိုတင်အိ ပြောသမျှ ခေါင်းသာ ညိတ်ပြ၏။ ထောက်ခံ သည့် သဘောဖြင့်တော့ ဟုတ်ဟန်မတူ။ သူခေါင်းညိတ်နေပုံက 'လောကကြီး အကြောင်း အားလုံး ငါသိပါတယ်'ဆိုသည့် ပညာရှိကြီးတစ်ဦး တစ်ကိုယ်တည်း နှလုံးသွင်းနေပုံနှင့်သာ တူ၏။

'တော်သေးတယ် ဆရာကြီးရေ၊ ကမူးရဲ့ အောက်ဆိုဒ်ဒါ စာအုပ်ကလေး ရယ်၊ နာဘိုကော့ဗ်နဲ့ ဆောဘဲလ်လိုးရဲ့ ဝတ္ထုတိုပေါင်းချုပ် စာအုပ်ကလေးတွေ ရယ် ပါလာပေလို့။ ဂျက်ကာရိုယက်၊ သောမတ်ပင်ချွန်း၊ စူဆန်ဆွန်တက်။ ဒါက ဂျိုက်စ်ကာရိုးအုတ်။ သူတို့စာအုပ်အကြောင်းတော့ ကျွန်တော်လည်း ကောင်းကောင်း မသိဘူး'

ဦးဘအိုက ခေါင်းညိတ်ပြန်၏။ ဒီအဘိုးကြီးက စကားနည်းသည်။ ပညာ ရှိဆိုတာ မတီးလျှင် မမြည်တဲ့ စည်နဲ့တူတယ်ဆိုတဲ့ စကားရှိသားပဲ။ တစ်လကို နှစ်ခေါက်၊ သုံးခေါက် ထိုလူကြီး သူတို့ဆီကို စာအုပ်တွေ လာရောင်းနေခဲ့သည်မှာ တစ်နှစ်ကျော်ခန့် ရှိပြီ။ သူ ရောင်းပြီးခဲ့သည့်စာအုပ်များကို ရေတွက်ကြည့်မည် ဆိုလျှင်တောင် အရေအတွက်အားဖြင့် နည်းမည် မဟုတ်တော့။ နောက် ရောင်းဖို့ အများကြီး ကျန်သေးတယ်ဟု ပြောဖူးသေး၏။ ဒီလောက်များတဲ့ စာအုပ် တွေကို ဖတ်မှတ် လေ့လာထားခဲ့ပြီးပြီ ဆိုတော့လည်း ဆရာကြီး ဤမျှ တည် ငြိမ်မှု ရှိနေသည်ကို ဆန်းသည်ဟု မဆိုသာ။ တစ်ခါတလေ သူတို့က စာအုပ် တွေအကြောင်း ပြောလျှင်လည်း အပြုံးဖြင့်သာ နားထောင်နေတတ်သည်။ အပြန်အလှန် လက်ခံ ဆွေးနွေးရလောက်အောင် သူတို့မှာ အရည်အချင်းမရှိ ဟု ယူဆလေသလား မသိ။

'ဆရာကြီး၊ သောမတ်မန်းရဲ့ 'မက်ဂျစ်မောင်းတိန်း' မရှိဘူးလား၊ ဒီဘိုးဗွား ရဲ့ 'အောအက်အင်ဒန်း'ရော၊ ဆင်ကလဲလွီ စာအုပ်တွေရောပေါ့၊ ယူလာခဲ့ပါ။ အထူးသဖြင့် ကာ့ဖ်ကာရဲ့ ရဲတိုက် စာအုပ်ရှိရင် လိုချင်တယ်။ ဈေးကောင်း ရမယ် ဆရာကြီး။ အဲဒီစာအုပ်ကိုတော့ ကျွန်တော့်ကို အော်ဒါမှာထားတာပဲ သုံးလေးဦး ရှိတယ်'
mgyoe.com

mgyoe.com SAMPLE BOOK

ဦးဘအိုက ခေါင်းညိတ်ပြန်သည်။

ဦးဘအို အိမ်ပြန်ရောက်တော့ မောမောဖြင့် လွယ်အိတ်ကို ကြမ်းပြင်ပေါ် ချသည်။ အိမ်က ထွက်သွားစဉ်က စာအုပ်များဖြင့် ပြည့်နေသော လွယ်အိတ်ကြီးမှာ အိမ်ကိုပြန်လာတော့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့ဖြင့် ပြည့်လာ၏။

သူ့အိမ်က ဆယ်မိုင်ကုန်းမှာ ရှိသည်။ ဓနိမိုး ထရံကာ အိမ်ခပ်သေးသေးသာ ဖြစ်သည်။ အိမ်ပေါ်မှာ တန်ဖိုးကြီးသော ပရိဘောဂဟူ၍ မရှိ။ ဖရိုဖရဲဖြစ်နေသော စာအုပ်ပုံကြီးတစ်ပုံတော့ ရှိ၏။

စာအုပ်ပုံကြီးကို မြင်တော့ ကွယ်လွန်သူ သူ့ဆရာ ဦးအောင်ဆက်ကို ဦးဘအို သတိရလာသည်။ ဦးအောင်ဆက်သည် ရန်ကုန်တက္ကသိုလ် ဌာနတစ်ခုမှ ပါမောက္ခကြီးတစ်ဦး ဖြစ်သည်။ သူ့ဘဝကို စာပေလေ့လာခြင်း၌သာ ထာဝရ မြှုပ်နှံထားခဲ့သော လူပျိုကြီးတစ်ဦးလည်း ဖြစ်သည်။ ဦးအောင်ဆက် တာဝန်ထမ်းဆောင်နေစဉ်ကတော့ တက္ကသိုလ်ကပေးသော အိမ်တစ်ဆောင်တွင် နေ၏။ ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက်ဖြစ်သော ဦးအောင်ဆက်အဖို့ အိမ်ထောင်ထိန်းသိမ်းရန် လူတစ်ဦး လိုနေသည်။ ထမင်းချက်၊ အဝတ်လျှော်က အစ တာဝန်ယူနိုင်မည့်သူ ဖြစ်ရမည်။ သို့သော် သူက လူလွတ်တစ်ဦးဆိုတော့ မိန်းမအဖော်နှင့်လည်း မသင့်တော်ပြန်ချေ။ သို့ဖြင့် မိတ်ဆွေတစ်ယောက်၏ ဆက်စပ်ပေးမှုနှင့် သူ့ဆီကို ဦးဘအို ရောက်လာသည်။

ဦးဘအိုကလည်း တောက တက်လာသော တစ်ကောင်ကြွက်တစ်ယောက်ဖြစ်၏။ တခြားအလုပ် မရခင်စပ်ကြား ခဏခိုနားမည်ဆိုသော ရည်ရွယ်ချက်ဖြင့် ဦးအောင်ဆက်ထံ ရောက်ခဲ့သော ဦးဘအိုမှာ မထင်မှတ်ဘဲ အနှစ် ၄၀ ကျော် ဦးအောင်ဆက် သေဆုံးချိန်အထိ အတူနေဖြစ်ခဲ့လေတော့သည်။

တက္ကသိုလ်ကျောင်းတော်ကြီးမှ ဦးအောင်ဆက် အငြိမ်းစားယူသောအခါ သူတို့ ဆရာတပည့်နှစ်ဦး ဤဆယ်မိုင်ကုန်းမှာ အိမ်ကလေးတစ်လုံး ဆောက်၍ ပြောင်းရွှေ့နေကြသည်။ ဦးအောင်ဆက်၏ အငြိမ်းစား လစာငွေမှာ အသုံးအဖြုန်း မရှိသော ဆရာတပည့် နှစ်ယောက်၏ စားဝတ်နေရေးအမှုအတွက် ဖူလုံ၏။ ဦးအောင်ဆက်မှာ စုဆောင်းပြီး ငွေကြေးဟူ၍ မည်မည်ရရ မရှိ။ တစ်သက်လုံး သူ ရခဲ့သမျှမှာ စာအုပ်ဝယ်ခြမ်းခြင်းဖြင့် ကုန်ခန်းခဲ့သည်။ သူ ချမ်းသာသမျှမှာ လည်း စာအုပ်သာ ဖြစ်၏။

mgyoe.com

mgyoe.com
SAMPLE BOOK

လွန်ခဲ့သော တစ်နှစ်ကျော်ခန့်ကတော့ ဦးဘအိုထက် ၁၀ နှစ်ကြီးသော ဦးအောင်ဆက် သေဆုံးသွားလေသည်။ သူ့အတွက် ဦးအောင်ဆက် ချန်ရစ်ခဲ့သော အမွေပစ္စည်းမှာ များပြောင်လှစွာသော စာအုပ်များသာ ဖြစ်၏။

လက်ထဲမှာရှိသမျှ ငွေကြေးကလေး ကုန်ခန်းသွားသောအခါ အိုမင်းမစွမ်း ရှိပြီဖြစ်သော ဦးဘအိုသည် စားဝတ်နေရေး အခက်အခဲ ကြုံလာသည်။ ယခုလို အခါမျိုးတွင် သူ့၌ လုပ်ကိုင်စားနိုင်သော ခွန်အားလည်း မရှိတော့။ ရောင်းချ စားစရာ ငွေကြေးလည်း မရှိ။ သို့ဖြင့် တစ်နေ့ ပန်းဆိုးတန်းဘက် ရောက်ခိုက် အင်္ဂလိပ်စာအုပ်များ ရောင်းနေသော စာအုပ်ဆိုင်တစ်ဆိုင်သို့ဝင်ကာ 'ဒီလို စာအုပ်တွေ ရောင်းရင် ဝယ်သလား'ဟု မေးမိ၏။ ဆိုင်ရှင်က 'ယူခဲ့ပါ ဆရာကြီး။ ကျွန်တော် ကြည့်ပေးပါမယ်'ဟု ဆိုသည်။

သည်လိုနှင့် နောက်နေ့တွင် စာအုပ်များကို လွယ်အိတ်တစ်လုံးနှင့် ထည့် ယူလာကာ သူပြ၏။ ဆိုင်ရှင်က ဝမ်းသာအားရ ဝယ်၏။ ဆိုင်ရှင်ထံမှ သူ ဘယ်လိုမှ ထင်မှတ်မထားသော ငွေကြေးကိုရသဖြင့် ဦးဘအို အံ့အားသင့်နေ သည်။ သူ ယူလာသော စာအုပ် ၂၀ ကို တစ်အုပ် ၅ ကျပ်နှုန်းဖြင့် ရှင်းပေး၏။ တစ်ကြိမ်က သူ ပိုက်ဆံပြတ်ခိုက် ရပ်ကွက်ထဲတွင် စက္ကူ လည်ဝယ်သည့်သူ တစ်ဦးကို ခေါ်ရောင်းဖူး၏။ တစ်ပိဿာ သုံးကျပ်ခွဲပဲ ရခဲ့သည်။ ဆိုင်ရှင်က နောက်ရှိရင်လည်း ယူလာခဲ့ပါဦးဟု မှာသည်။ သို့ဖြင့် ဦးဘအိုသည် ဈေးသုံး လိုတိုင်း ပန်းဆိုးတန်းကို လွယ်အိတ်တစ်လုံးနှင့် ရောက်လာကာ စာအုပ်ရောင်းသူ ဖြစ်လာသည်။ သို့သော် တစ်လကို နှစ်ကြိမ်၊ သုံးကြိမ်ထက် သူ ပိုမရောင်း။ သူ့မှာ ဒီထက် ငွေပို မလိုသောကြောင့် ဖြစ်သည်။

အခုတော့ သူ့ဆရာပေးခဲ့သော အမွေအနှစ်များဖြင့် သူ ကြီးပွားနေသည်ဟု ဆိုနိုင်သည်။ စာအုပ်များသာမက သူ့ဆရာ ကျန်ခဲ့သည့် အဝတ်အစားအဟောင်း များမှာလည်း သူ့အဝတ်အစား ဖြစ်ခဲ့သည်။ တိုက်ပုံအင်္ကျီကတော့ သူနှင့် နည်းနည်း ပွနေသည်။ သို့သော် ဝတ်ဖို့ ပြင်မနေနိုင်။ ပြီးတော့ သူ့ဆရာ ကျန် ခဲ့သည့် မျက်မှန်။ မျက်မှန်က အိုဟောင်းနေသော်လည်း သူ့အတွက် စပါးလုံး ရွေးရာတွင် ကောင်းကောင်း အသုံးဝင်နေသေး၏။ စာအုပ်စင်များကိုတော့ သူ ခွဲခြမ်းကာ ထင်းစိုက်ပစ်ခဲ့သည်။ သူက ပါမောက္ခတစ်ယောက်မှ မဟုတ်တာ။ ခမ်းခမ်းနားနား စာအုပ်စင်တွေ၊ ဘာတွေလည်း မလိုလှပါဘူးဟု တွေးမိသည်။ စာအုပ်တွေကို ခုလို ကြမ်းပြင်ပေါ်တွင် စုပုံထားလည်း ရတာပဲဟာ။

mgyoe.com

mgyoe.com SAMPLE BOOK

စာအုပ်များမှာ အစီအရီရော ဖရိုဖရဲပါ အပြိုပြိုအလဲလဲ ထွေးသီထပ်တင်နေသည်။ ကမူး၏ ပလိပ် ဝတ္ထုစာအုပ်မှာ ကြွက်ကိုက်ထားသဖြင့် စုတ်ပြတ်နေ၏။ တော်စတွိုင်း၏ အင်ညာကရီနီနာ ခြေရင်းတွင် ဂျိုးဇက်ကွန်းရဒ်၏ လော့ဒ်ဂျင် လဲကျနေသည်။ အရင်းကျမ်းမှာ ခြများစားလျက် ရှိသည်။ ဟင်နရီဂျိမ်း၏ ချိုးငှက် အတောင်ပံများမှာ ဂျက်လန်ဒန်၏ သံဖနောင့်အောက် ရောက်နေ၏။ မားကွပ်၏ အထီးကျန် နှစ်တစ်ရာမှာ ပင့်ကူမျှင်များ ငြိတွယ်နေ၏။ ရုဖ်အယ့်လီဆင်၏ ကိုယ်ပျောက်သူမှာ ပိုးဟပ်ချေးများ စွန်းကွက်နေသည်။ ဗာဂျီးနီးယားဝုဖ်၏ လှိုင်းများအပေါ်တွင် ဂျိမ်းဂျွိုက်စ်၏ ယူလီစီး ရောက်နေ၏။ ဒီအိတ်ချ်လောရင့်၏ လေဒီချက်တာလီ ချစ်သူမှာ မျက်နှာဖုံး မရှိတော့။ ကဝါဘာတား၏ နှင်းပွင့်တိုင်းပြည်မှာ ဖုန်အလိမ်းလိမ်း တက်နေသည်။ နှုတ်ခမ်းမွေး တထောင်ထောင်နှင့် ပိုးဟပ်တချို့က စာအုပ်ပုံထဲမှ ထွက်လာကာ ဦးဘအိုကို ငေးကြည့်ကြ၏။ ထိုအထဲမှ တစ်ကောင်ကို ဦးဘအိုက ချစ်စနိုးဖြင့် ကောက်ယူလိုက်ကာ 'မင်းတို့လည်း စာအုပ်တွေကို စားပြီး အသက်ရှင်နေရတဲ့ ကောင်တွေ၊ ငါနဲ့ ဘဝတူပေါ့ကွာ'ဟု ဆိုသည်။ ဦးဘအိုသည် ထိုအကောင်များကို မောင်းပစ်လေ့ မရှိချေ။

မှောင်စပျိုးပြီဖြစ်သဖြင့် ဦးဘအို မီးအိမ်ကို ထွန်းညှိနေဆဲမှာ တိုက်ခတ်လိုက်သော လေအေးတစ်ချက်က စုတ်ပြဲနေသော ဝါးထရံအပေါက်မှ တိုးဝှေ့စိမ့်ယိုဝင်လာ၏။ ဤထရံကို သူ အသစ်ပြန်မလဲနိုင်သေးခင် လေလုံအောင် ထရံအပေါက်များကို စက္ကူနှင့်ကပ်ကာ ပိတ်ဖို့ ကိစ္စကို သတိရလာ၏။ ထို့ကြောင့် စာအုပ်ပုံထဲက လက်လှမ်းမီရာ စာအုပ်တစ်အုပ်ကို ဆွဲယူလိုက်ကာ စာရွက်များကို တစ်ရွက်စီ ဖြုတ်၍ ထမင်းလုံးကော်နှင့် သုတ်ရင်း ထရံမှာ ကပ်နေမိ၏။

ထိုကဲ့သို့ သူ ဆုတ်ဖြဲ၍ ထရံပေါက်ကို ကပ်ပစ်လိုက်သော စာအုပ်မှာ စာအုပ်သည်များက လိုချင်တပ်မက်စွာ တဖွဖွ မှာကြားနေသည့် ကာ့ဖ်ကာ၏ ရဲတိုက်စာအုပ် ဖြစ်ကြောင်းကိုမူ ဘယ်တုန်းကမှ စာမသင်ဖူးသဖြင့် အင်္ဂလိပ်လို ဝေး၍ မြန်မာလိုပင် တစ်လုံးမှ မတတ်ရှာသော ဦးဘအိုတစ်ယောက် သိနိုင်ရှာလိမ့်မည် မဟုတ်ပါချေ။

*ဒဂုန် မဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၈၇။*

mgyoe.com

mgyoe.com SAMPLE BOOK

## နေကာမျက်မှန်နှင့် လူ

မျက်လုံးများသည် အသည်းနှလုံး၏ ပြတင်းပေါက်များဟုဆိုလျှင် နေကာမျက်မှန်များသည် ပြတင်းပေါက်များကို ပိတ်သည့် တံခါးများနှင့် တူပေမည်။

မျက်လုံးများသည် အတွင်းစိတ်အာရုံကို ထင်ဟပ် ဖော်ပြလေ့ရှိသည်ဟု အများကပင် လက်ခံကြသည်။ မျက်လုံးများကို နေကာမျက်မှန် မည်းမည်းနှင့် ဖုံးကွယ်ထားခြင်းဖြင့် မိမိ၏စိတ်အာရုံခံစားမှုကို တစ်ဖက်လူ မရိပ်စားမိအောင် အတော်အသင့် သိုဝှက်ထားနိုင်သည်ဆိုသော အယူအဆမှာ မှန်နိုင်ရာသည်။

ဒီလိုဆိုလျှင် လူတိုင်းမှာ နေကာမျက်မှန်တစ်လက်တော့ ရှိနေဖို့ သင့်လေသည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်း၏အတွင်းမှာ တခြားသူများ မသိသင့်သော၊ မသိစေချင်သော၊ သိရန် မသင့်လျော်သော အာရုံခံစားမှုများ အခါမလင့် ကာလကြိုးကြား ကြုံကြိုက်ဖြစ်ထွန်းနေလေ့ ရှိသောကြောင့် ဖြစ်သည်။ မျက်လုံးများထဲမှာ ဖိတ်လျှံကျနေသော လောဘ၊ ဒေါသ၊ မာန်မာန၊ ဝမ်းနည်းကြေကွဲမှု၊ ဝန်တိုမစ္ဆရိယ အားလုံးကို သိမ်းဆည်း တန့်ဆည်ထားရန် မည်သည့်နေကာမျက်မှန် တစ်လက်ကမဆို အလွယ်တကူ အသုံးတဝင် စွမ်းဆောင်နိုင်ပါသည်။

ဒါကြောင့်ပဲ ထင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရုံးခန်းတစ်ခုမှာ၊ စားသောက်ဆိုင်မှာ၊ ပင်လယ်ကမ်းခြေမှာ၊ လေယာဉ်ပျံပေါ်မှာ၊ ရုပ်ရှင်ရုံထဲမှာ စသဖြင့် နေရာများစွာမှာ နေကာမျက်မှန်နှင့် လူများကို မကြာခဏ တွေ့မြင်နေရလေ့ ရှိသည်။

နေကာမျက်မှန် တစ်လက်အတွက် သုံးစွဲရမည့် ကုန်ကျစရိတ်ကို တွန့်တို မနေသင့်ပါ။

ပင်လယ်ကမ်းခြေမှာ ဇနီးဖြစ်သူကို အနားတွင် ထား၍ နေစာလှုံရင်း တခြား မိန်းကလေးများကို နေကာမျက်မှန်အောက်ကနေပြီး မျက်လုံးကစားခွင့် ရနိုင်ပါသည်။ ရုံးခန်းတစ်ခုမှာ အဆင်မပြေမှုတစ်ခုအတွက် ထွက်ပေါ်လာသော မျက်လုံးပေါ်မှ သင့်ဒေါသရိပ်ကို နေကာမျက်မှန်က အကာအကွယ် ပေးထားပါလိမ့်မယ်။ နေကာမျက်မှန်တစ်လက်သည် လေယာဉ်ပျံပေါ်မှာ တွေ့ဆုံရသည့် ကိုယ်မခေါ်ချင်သော မိတ်ဟောင်းတစ်ဦးကို မမြင်ချင်ယောင်ဆောင်နေဖို့အတွက်တော့ အနည်းဆုံး အသုံးဝင်ပါလိမ့်မည်။ သူ့စိတ်လှုပ်ရှားမှုကို မပေါ်လွင်စေချင်သော ဝတ္ထုစာအုပ်ထဲမှ ကြေးစား လူသတ်သမားများသည်လည်း နေကာမျက်မှန်ကို အသုံးပြုလေ့ ရှိပါသည်။

နေကာမျက်မှန်တစ်လက်ရဲ့ အသုံးဝင်ပုံများကတော့ ကန့်သတ်ပြောဆိုရန်ပင် ခက်ခဲသည်ဟု ထင်ရဖွယ်ရှိပါသည်။ သရုပ်ဆောင်ပညာ မကျွမ်းကျင်သော မင်းသားတစ်ယောက်အဖို့ အမူအရာ မလုပ်တတ်သော သူ့မျက်လုံးကို ပိတ်ကားပေါ်၌ နေကာမျက်မှန်တစ်လက်နှင့် ဖုံးကွယ်ထားနိုင်ပါသည်။ အသုဘ အခမ်းအနားမှာတော့ မျက်ရည်ဝဲနေသော မျက်လုံးများ (သို့မဟုတ် ငိုထားလွန်းသဖြင့် နီရဲနေသော မျက်လုံးများ) ကို အကောင်းစား နေကာမျက်မှန်များဖြင့် ဖုံးကွယ်ထားသည်ကို တွေ့ရတတ်ပါသည်။

ပုထုဇဉ်တို့၏ ချွတ်ယွင်းချက် အတော်များများကို ဝှက်ကွယ်ဟန်ဆောင်ရန် ကြိုးစားရာ၌ နေကာမျက်မှန်သည်လည်း အသုံးတည့်လှသော ပစ္စည်းတစ်ခုဖြစ်ကြောင်း မငြင်းနိုင်ကြပါ။

ဝန်ခံရလျှင် မရိုးမသား လုပ်လိုသောအခါများ၌ အသုံးပြုရန် ကျွန်တော့်ထံမှာလည်း နေကာမျက်မှန်တစ်လက် ရှိနေသည်မှာ မှန်ပါသည်။

ထိုနေကာမျက်မှန်ကို ကျွန်တော့်မျက်နှာပေါ်တွင် တပ်ဆင်လိုက်ခြင်းအားဖြင့် ကျွန်တော့်ရုပ်သွင်သည် အသင့်အတင့် ပြောင်းသွားလေ့ ရှိပါသည်။ ဟန်ပန်ပိုကျလာသည်ဟု ထင်ရပါသည်။ မြင်နေကျ လောကမှာလည်း ခါတိုင်းနှင့်

mgyoe.com

mgyoe.com SAMPLE BOOK
မတူဘဲ ပြောင်းလဲ စိမ်းစိုနေပါသည်။ ကျွန်တော့်ခေါင်းပေါ်ကို မော့ကြည့်လိုက်တိုင်း အစိမ်းရောင်တိမ်တစ်စိုင်ကို မပြောင်းမလဲ တွေ့နိုင်ပါသည်။ လယ်ကွင်းပြင်များလည်း အကယ်စင်စစ် ခြောက်သွေ့သည့်တိုင် အမြင်မှာ စိမ်းလဲ့နေပါသည်။ တိုက်ခတ်နေသော လေသည်ပင် အစိမ်းရည် စွတ်စိုနေသလို ထင်ရ၏။

အန္တရာယ်ဖြစ်နိုင်သော ခရမ်းလွန်ရောင်ခြည်များ မျက်လုံးထဲကို လိုအပ်သည်ထက် ပို၍ မဝင်အောင်လည်း နေကာမျက်မှန်က ကာဆီးပေးထားပါသည်။ နေကာမျက်မှန်တစ်လက်ကို တပ်လိုက်ရခြင်းအားဖြင့် ထွက်ပေါ်လာသော စိတ်လုံသလို ခံစားရမှုမျိုးကိုတော့ ကျွန်တော် စွဲလမ်း၍ပင် နေပါသည်။ တစ်ခါတစ်ရံ ဆွေးနွေးဖက်အပေါ် အထင်သေးသော မျက်လုံးများဖြင့် စိုက်ကြည့်လေ့ ရှိတတ်သည့် ကျွန်တော့်အမူအကျင့်ကိုလည်း နေကာမျက်မှန်က ကောင်းစွာ ဖုံးဖိပေးနိုင်ပါသည်။

မည်သို့ဆိုစေ လောကမှာ နေကာမျက်မှန်တစ်လက် ရှိနေခြင်းအတွက် လူတွေ၏ အကုသိုလ်မှုတွေ အတော်အသင့် လုံခြုံမှု ရနေပါသည်။ အမှန်တော့ နေကာမျက်မှန်တစ်လက်ဆိုသည်မှာ လူတွေ၏မိုက်မဲမှုဆိုသော အမှောင်ထုကို မျက်လုံးအရွယ်အစားနှင့် လျော်ညီအောင် လှီးဖြတ်၍ မျက်လုံးရှေ့မှာ တွယ်ဆက်တပ်ဆင်ထားသော အဝိဇ္ဇာအတု သေးသေးလေးနှစ်ခုဟု ထင်ပါသည်။

သို့သော် ... နေကာမျက်မှန် တပ်ဆင်ထားသော်လည်း အဖြူစင်ဆုံးဟု ဆိုရမည့် လူတစ်ဦးကိုတော့ ခြွင်းချက်အနေဖြင့် ကျွန်တော် တွေ့ဖူးပါသည်။ လွန်ခဲ့သောအပတ်က ဖြစ်သည်။ ကားများ ရှုပ်ထွေးစည်ကားလှသော လမ်းမကြီးတစ်ခု၏ ပလက်ဖောင်းပေါ်၌ လမ်းဖြတ်ကူးရန် ကျွန်တော် ရပ်စောင့်နေခိုက်ဖြစ်၏။ (ကျွန်တော့်မျက်နှာ၌ နေကာမျက်မှန်တစ်လက် တပ်ဆင်ထားပါသည်)

ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ပလက်ဖောင်းပေါ်၌လည်း လမ်းဖြတ်ကူးရန် ထိုသူ ရပ်စောင့်နေပါသည်။ သူ့ကို ကျွန်တော် သတိပြုမိသည်မှာ သူသည် နေကာမျက်မှန်တစ်လက်ကို တပ်ဆင်ထားခြင်းကြောင့် ဖြစ်ပါသည်။ သူ၏ နေကာမျက်မှန်မှာ အကောင်းစားကြီးတော့ မဟုတ်ပါ။ သို့သော် သူ့မျက်နှာနှင့်တော့ လိုက်ဖက်သည်ဟု ထင်ပါသည်။

သူ့ကို ကြာရှည် အကဲခတ်ခွင့်မရ။ ကားများက ရပ်သွား၏။ ကျွန်တော် လမ်းပေါ် ဆင်းလိုက်သည်။ သူလည်း လမ်းပေါ် ဆင်းလိုက်သည်ကို တွေ့ရ၏။ ထိုအခိုက်မှာပင် သူ့ဘေး လမ်းချိုး အကွေ့လေးထဲမှ ရုတ်တရက် အရှိန်ဖြင့်
mgyoe.com

mgyoe.com SAMPLE BOOK
ထွက်လာသော ကားငယ်တစ်စင်းက သူ့ကို ဝင်တိုက်မိလေသည်။ (မီးပွိုင့်ကြောင့် ပင်မယာဉ်ကြောကြီး ရပ်တန့်နေသော်လည်း ထိုယာဉ်ထွက်လာရာ လမ်းသွယ်ကလေးမှာ ပွင့်နေပါသည်)

သူ လွင့်စဉ်သွား၏။ လူတွေ ဝိုင်းအုံလာသည်။ သူနှင့် နေကာမျက်မှန်သည် တကွဲတပြားစီ ဖြစ်သွား၏။ သူ ခုနက တပ်ဆင်ခဲ့သော နေကာမျက်မှန်မှာ ကားဘီးအောက်တွင် ကွဲကြေ ကျိုးပိနေသည်။ သူကတော့ လမ်းမပေါ်မှာ မလှုပ်မယှက် ပက်လက်လဲနေ၏။ အနားကို ကျွန်တော် တိုးကပ်သွားသည်။

'နေကာမျက်မှန်ကြီး တပ်ပြီး ဟန်လုပ်လာတာကိုး။ ကားတစ်စီးလုံးတောင် မမြင်ဘူး'

ကားပေါ်မှ ဆင်းလာသူတစ်ဦး၏ အပြစ်တင်သံကို ကြားရသည်။ လဲကျနေသော သူ့အနီးမှ ဒူးထောက်ထိုင်နေသည့် သူ့အဖော်ဖြစ်ဟန်တူသူ၏ နောက်လှည့်ကြည့်ရင်း ပြောလိုက်သောစကားက ထိုသူ့ကိုသာမက ကျွန်တော့်ကိုပါ ဆွံ့အ တွေဝေသွားစေပါသည်။

'သေသေချာချာလည်း ကြည့်ကြစမ်းပါဦးဗျာ။ ဒီလူ့ မျက်လုံးနှစ်လုံးဟာ မြင်တာမဟုတ်ဘူး။ အစားထည့်ထားတဲ့ ကျောက်မျက်လုံးတွေဗျ'

*ဒဂုန် မဂ္ဂဇင်း*

*ဖေဖော်ဝါရီ၊ ၁၉၈၇။*

mgyoe.com

mgyoe.com SAMPLE BOOK

## ပန်းပွင့်နှင့် လူ

သူ ... ဆယ်တန်းဖြေသည့် နှစ်မှာပင် ဦးလေး၏ဇနီး ဆုံးပါးသွားသည်။ ဦးလေးသည် ပို၍ စကားနည်းကာ ပို၍ ဆေးတံသောက်လာသည်။ မင်းဝေလည်း ဆယ်တန်းအောင်၍ တက္ကသိုလ် ရောက်လာသည်။ ဒဿနိကဗေဒ ယူသည်။ တတိယနှစ်ဝက်အရောက်တွင် သူ့သဘောနှင့်သူ ကျောင်းထွက်ပစ်လိုက်၏။ ဦးလေးကိုတော့ 'ကျောင်းမနေချင်တော့ဘူး'ဟု အကြောင်းပြသည်။

သို့ဖြင့် ... ဘဝတွင်။

မော်တော်ဆိုင်ကယ်တစ်စီးနှင့် သူ့အလိုပါသော ကောင်မလေးများကို တစ်ယောက်ပြီးတစ်ယောက် နောက်က တင်စီးကာ မြို့အနှံ့လည်၏။ ဟိုတယ်မျိုးစုံမှာ အကောင်းစား အရက်မျိုးစုံကို သောက်ဖူး၏။ တစ်နေ့တည်း လေးပွဲဆက်ရုပ်ရှင်ကြည့်၏။ တစ်ခါတစ်ရံတော့ တစ်ပတ်လုံး အပြင်မထွက်ဘဲ အခန်းအောင်းကာ စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ပြောင်းဖတ်နေသည်။ တစ်အုပ်မကုန်ခင် နောက်တစ်အုပ် ဖတ်၏။ (ပျော်ဖတ်စာအုပ်များ မဟုတ်ပါ) ဘယ်စာအုပ်ကမှ အဆုံးထိ ဖတ်ဖြစ်အောင် သူ့ကို မဆွဲဆောင်နိုင်။ သူ့ခုတင် ဘေးပတ်ပတ်လည် ကြမ်းပြင်ပေါ်တွင် လွှင့်ပစ်ထားသော စာအုပ်များနှင့် စီးကရက်တိုများ ပြန့်ကျဲ ပွရှုပ်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ တစ်ခုခုကို ရှာနေမှန်းတော့ သူ့ကိုယ်သူ သိသည်။ သို့သော် ... ဘာကို ရှာနေမှန်းတော့ မသဲကွဲ။ သေချာတာတစ်ခုတော့ ရှိသည်။ သူ ရှာဖွေနေသော အရာသည် သူ တွဲခဲ့သော ကောင်မလေးတွေဆီမှာလည်း မရှိ။ ရောင်စုံ အရက်ထဲမှာ လည်းမရှိ။ ရုပ်ရှင်ရုံထဲမှာလည်း မရှိ။ နောက်ဆုံး စာအုပ်များထဲတွင် ရှိမည်ဟု ထင်ရသော်လည်း မရှိ။ သို့ဖြင့် သူ ဘာမှမလုပ်ဘဲ နေပြန်သည်။ အရက်နှင့် စီးကရက် မသောက်တော့ဘဲ၊ ရုပ်ရှင်မကြည့်ဘဲ၊ ကောင်မလေးတွေနှင့် မတွဲဘဲ၊ နောက်ဆုံး စာပင် မဖတ်ဘဲ နေသည်။

သူ့ဦးလေးက 'မင်း ဘာလုပ်ချင်သလဲ'ဟု မေးသည်။

'ကျွန်တော် ပျော်ရွှင်ချင်တယ် ထင်တာပဲ'ဟု သူက မသေမချာ ဖြေ၏။ သူ့ဦးလေးက ဆေးတံကို ကိုက်ကာ အတော်ကြာအောင် ငြိမ်သက်နေပြီးမှ ...

'ပျော်ရွှင်မှု ... ဟုတ်လား' ဟု အခုမှ မိုးပေါ်က ကျလာသော စကားလုံး တစ်လုံးကို တွေ့လိုက်ရသလို အထိတ်တလန့် ရေရွတ်ရင်း 'မင်း ပြောမှ ငါ သတိထားမိတယ်၊ ငါတော့ အဲဒါကို မရှာခဲ့ပါဘူးကွာ' ဆိုသည်။

အတန်ကြာအောင် ဆိတ်ငြိမ်စွာ တွေးတောဟန်ပြုနေပြီးမှ ...

'ငါ ... စာသင်တယ်၊ မိန်းမယူတယ်၊ တစ်ခါတလေ ရယ်မောတယ်၊ ကလေးတစ်ယောက် ရခဲ့တယ်။ မျက်စိမှုန်လာတယ်၊ ထမင်းစားကောင်းတဲ့အခါ ကျေနပ်တယ်။ အဲဒါပါပဲ။ တကယ်တော့ ဘဝဆိုတာ ဒီလောက်ပါပဲကွာ' ဟု ပြောရင်း မီးသေနေသော ဆေးတံကို မီးညှိသည်။ တစ်ဖွာ၊ နှစ်ဖွာ ရှိုက်လိုက်ပြီးမှ ... လေသံခပ်တိုးတိုးဖြင့် ...

'မင်း အခု အဲဒါကို တွေ့ပြီလား'

ဦးလေးသည် ပျော်ရွှင်မှုဆိုသော စကားလုံးကို နှုတ်မှထွက်ရမှာ ဝန်လေးဟန် ရှိသည်။ ဦးလေးအကြောင်း သူ ကောင်းကောင်း သိသည်။ ဦးလေးသည် အသက် ၆၀ နီးနေပြီ ဖြစ်သည့်တိုင် လက်ဖက်ရည်ဆိုင်တွင် တစ်ခါမှ ထိုင်သောက်ဖူးသူ မဟုတ်ချေ။ မင်းဝေက ...

'တခြားသူတွေအတွက် ပျော်စရာလို့ ဆိုကြတဲ့ ကိစ္စတွေ အားလုံးလိုကို ကျွန်တော် အကုန်လျှောက်လုပ်ကြည့်တယ်။ ပျော်သလိုလို ရှိတယ်လို့တော့ ထင်စရာပဲ။ ဒါပေမဲ့ အဲဒါဟာလည်း ကျွန်တော် လိုချင်တာ မဟုတ်ဘူးဆိုတာ သိလာပြန်တယ်'

'ဆေးပညာရှုထောင့်က ပြောရရင် အကောင်းဆုံးကတော့ မင်းစိတ်ရောဂါ

mgyoe.com

mgyoe.com
SAMPLE BOOK

ကု ဆရာဝန်တစ်ယောက်နဲ့ တိုင်ပင်ကြည့်သင့်တယ် ထင်တာပဲ'

ဦးလေးက အတည်ပြောခြင်း ဖြစ်ဟန်တူသော်လည်း သူက ပြုံးနေခဲ့သည်။ ဤကိစ္စကိုပင် သူ့မိတ်ဆွေ ဘုန်းမြင့်နှင့် ဆွေးနွေးမိတော့ ...

'ပျော်စရာရှာတယ်ဆိုတာ လူပေါ့လူသွမ်းတွေ အလုပ်ပါဗျာ။ ပျော်ရွှင်ခြင်းဆိုတာ ကျွန်တော့်အတွက်တော့ အဓိပ္ပာယ်မရှိလှပါဘူး။ လေးနက်တဲ့ ခံစားမှုတစ်ခုလည်း မဟုတ်ဘူး။ အနှစ်သာရလည်း ကင်းမဲ့ပါတယ်။ ပျော်ရွှင်ခြင်းဆိုတာ အေးစက်တယ်။ ဒါပေမဲ့ ခင်ဗျားကို လောင်ကျွမ်းမယ်။ ကျွန်တော်ကတော့ လူတွေဟာ ငြိမ်သက်တည်ကြည်မှုကိုသာ ရှာဖွေသင့်တယ် ထင်ပါတယ်'

အဲဒီကိစ္စများမှာ သူ ကျောင်းကထွက်ပြီးစ ကာလများက ဖြစ်ခဲ့သည်။ သည်တုန်းက သူလည်း ယခုနေထိုင်သော လေးထပ်တိုက် ခေါင်မိုးပေါ်မှ အခန်းကလေးသို့ မရောက်သေး။ ဦးလေးတို့နှင့်အတူ ပါရမီက တစ်ထပ်တိုက်ကလေးမှာပင် နေထိုင်နေသေးသည်။ သူ့အစ်ကို (ဝမ်းကွဲ) အောင်ဖေညွန့်ကတော့ 'မင်းစိတ်လေနေတယ် ထင်တယ်။ အလုပ်တစ်ခု ဝင်လုပ်ကွာ' ဟု ပြောရင်း သူအလုပ်လုပ်နေသော မြို့လယ် ရုံးကြီးတစ်ရုံးတွင် အလုပ်သွင်းပေးခဲ့၏။ အလုပ်ဝင်ပြီး တစ်နှစ်မပြည့်မီ အလုပ်ကို မငြီးငွေ့ဘဲ စာရေးဘဝကို ငြီးငွေ့လာကာ ခွင့်လည်း မတင်၊ အလုပ်လည်း မဆင်းဘဲ နေလိုက်သဖြင့် သူ အလုပ်ပြုတ်သွားသည်။ ဤကိစ္စအတွက် သူ့အစ်ကိုက သူ့ကို စိတ်ခုကာ တစ်လခန့် မခေါ်မပြောဘဲ နေလေသည်။

သူ့ဦးလေးကတော့ ဆေးတံတစ်အိုးပြီးတစ်အိုး ဖွာကာနေသည် သို့မဟုတ် ဆေးပညာစာအုပ်အထူကြီးတစ်ခုကို တစ်နေ့လုံး မပျင်းမရိ ထိုင်ဖတ်နေသည်။

စိတ်ပြေသွားသောအခါ သူ့အစ်ကိုက အလှမ်းဝေးသော သူတို့အမျိုးထဲမှ ဘွဲ့ရ မိန်းကလေးတစ်ဦးနှင့် သူ့ကို ပေးစားရန် ကြံစည်သည်။ ထိုမိန်းကလေးကို သူ ၅ နှစ်သမီး အရွယ်ကတည်းက စသိခဲ့၏။ အိမ်မြှောင်ကို မြင်ရုံနှင့် ဆရာဝန်ခေါ်ကုရသော၊ သစ်ရွက်လေတိုးတိုင်း လန့်ဖျပ်နေတတ်သည့် ဖြူရော်ရော်ပိန်ကပ်ကပ် ကောင်မလေး ဖြစ်သည်။ သူ့အစ်ကိုစကား ဆုံးသည်နှင့် ဟက်ဟက်ပက်ပက် မရယ်စဖူး ရယ်သည်။ သူ့အစ်ကိုက မျက်နှာကြီး နီကာ စိတ်ဆိုး၏။ ဦးလေးကတော့ တစ်ချက်ငဲ့စောင်းကြည့်ကာ 'သူများ သားသမီးကို ဒုက္ခမပေးပါနဲ့ကွာ' ဟု မှန်ကန်သော မှတ်ချက်ချ၏။

သုံးရာသီလုံး ဆွယ်တာမချွတ်ရသော ထိုသတို့သမီးလောင်းကို သူ မယူ